
မိကိုဇူးဇင် ၏မျိုးဆက်သွေး
ရင်ဖြတ်ခိုး
နှလုံးသားမျက်ရည်ထဲကနှင်းဆီ

စာမူခွင့်ပြုချက်အမှတ် - (၅၈၀၀၆၈၈၆၀၈)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - (၅၀၁၀၁၀၀၆၀၈)

ပထမအကြိမ်၊ ၂၀၀၆ - ခုနှစ်၊ စက်တင်ဘာလ

အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၁၀၀ ကျပ်

မျက်နှာဖုံးသရုပ်ဖော် - ဝင်းချို သိန်းရွှေကြည်

ကွန်ပျူတာစာစီ - "စံ" ကွန်ပျူတာ

ထုတ်ဝေသူ - ဦးကိုကိုမြင့် (သိန်းမင်းစာပေ)

အမှတ် (၆၃)၊ သြဘာလမ်း၊

ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်။

မျက်နှာဖုံးပုံနှိပ် - ဦးတိုးဝင်း (၀၂၄၃၁)

နေလရောင်အော့(ဖ်)ဆက်

အမှတ် (၉၆ - ခ)၊ (၁၁)လမ်း၊

လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် - ဦးတင်မင်းလှ (လင်းလက်အိမ်အော့(ဖ်)

၂၂၂၊ (၃၅)လမ်း၊ ကျောက်တံတား၊ ရန်

စာအုပ်ချုပ် - ကိုတင်အေး (လှိုင်)

## တို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အချာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ကိုယ့်အနားကို ရောက်ဖို့ မင်းဘက်က စပြီး ကြိုးစားခဲ့တာပါ … ။

မင်းမှာ … ဘယ်လိုအကြောင်းပြချက်တွေ၊ လှို့ဝှက်မှုတွေနဲ့ပဲဖြစ်ဖြစ် … ကိုယ်နဲ့အနီးစပ်ဆုံးကိုတော့ မင်း ရောက်ခဲ့ဖူးတယ်လေ။

ပြီးတော့ …

မင်းကြောင့်ကိုယ် … ပျော်ရွှင်ခဲ့ရတယ်။ ကိုယ့် ရင်ခုန်သံတွေကို ပြန်ကြားယောင်ရတဲ့အထိပါပဲ။ ကိုယ်သိပ်ကျေနပ်တယ် … ပြီးတော့ မင်းကို လည်း ကျေးဇူးတင်တယ်။

ဒါပေမဲ့ …

မင်းပေးဆပ်ခဲ့သလောက် … မင်း ပြန်တောင်းတဲ့လျော်ကြေးက သိပ်ကိုကြီးမားလွန်းလှတယ် … အဖြူရောင်ရယ်။

ကြယ်တံခွန်







## အခန်း ( ၁ )

ကျွန်မဘဝမှာ ဒီနေ့လောက် စိတ်လှုပ်ရှားမိတာ ...ရှိတော့ပြီ။ မျက်ဝန်းအိမ်ထဲ ... တိုးဝင်လာတဲ့ ... အဖြူရောင် ...ားကြီးကြောင့် ရင်ခုန်သံတို့ ပေါက်ကွဲထွက်မတတ်။ ရူးရူးစိုက် ...ိုက် ကြည့်နေမိသော မျက်ဝန်းအစုံကို မလွဲဖယ်ရဲ။ မျက်တောင် ...လေးတစ်ဖျပ်ခတ်သွားမှာတောင် ကျွန်မ စိုးရိမ်နေမိသည်။

"ဟော ... သူ ဆင်းလာပြီ ..."

နံ့ဘေးမှ ခပ်တိုးတိုးသတိပေးသံအဆုံးတွင် ကျွန်မရဲ့ ...လုံးသွေးတွေ ရပ်တန့်သွားရပြီ။ အသက်ရှူသံတွေ တိတ်ဆိတ် ...သွားရပြီ။ ကျွန်မတို့မိသားစုရဲ့ဘဝ, ကျွန်မတို့မိသားစုရဲ့ အသည်း ...လုံးတွေကို အပိုင်းပိုင်းအစစ ဖြစ်သွားအောင် အရက်စက်ဆုံး

ဖန်တီးပစ်ခဲ့တဲ့လူတစ်ယောက်ကို သိပ်မကြာခင်လေးမှာ ... ကျွန်
တွေ့ရတော့မယ်လေ။

"ကြောက်နေပြီလား ... အဖြူရောင်"

နားလည်မှုအရှိဆုံးနဲ့ ကိုယ်ချင်းစာနာသောမေးခွ
ပေမယ့် ... အခုလိုအချိန်မျိုးမှာ မေးတဲ့အတွက် ရင်ထဲမှာနည်းနည်
တော့ အောင့်သက်သက်ဖြစ်သွား၏။ နှုတ်ကပြန်မဖြေသော်လည်
အစိမ်းရင့်ရောင်ပြောင်းနေသော ကျွန်မမျက်ဝန်းများကို ကြည့်ခြ
အားဖြင့် သဘောပေါက်လောက်ပြီ။

"ကြယ်တံခွန်ဆိုတာ ... သူပဲ ... အဖြူရောင် ... "

အနောက်တိုင်းဝတ်စုံကို သေချာကျနစွာဝတ်ဆ
ထားသော ယောကျ်ားတစ်ယောက်၊နေကာမျက်မှန်အနက်ကိုတပ
ထားသဖြင့် သူ့မျက်ဝန်းတွေကိုတော့ အကောင်းဆုံးကာကွယ်ထာ
လေ၏။ 'သူဟာ မျက်မှန်တပ်ရတာကို လုံးဝ မနှစ်သက်ဘူး' ဆိုတ
မမ ပြောခဲ့ဖူးတဲ့ စကားတစ်ခွန်းကြောင့် ... ကျွန်မ နှာခေါင်းလေ
ရှုံ့ကာ နှုတ်ခမ်းကလေးမဲ့သွားရ၏။ ဒီယောကျ်ားရဲ့ ပြောင်းလဲမှ
အတော်လေးမြန်ဆန်တာပါလားဆိုတဲ့ အတွေးကြောင့် ရင်ထဲမှာ
ပိုနာကျင်ရသည်။

"တော်တော်လေးကြည့်ကောင်းတဲ့ ... ယောကျ်ားတစ်
ယောက်ပဲနော် ... "

ဒါတော့ ... အမှန်ပဲ။





ကျွန်မ ဝန်မခံလို့မရအောင် ... ထိုယောကျ်ားရဲ့
မောခန့်ညားမှုက အပြည့်အဝရှိနေ၏။ ဒါပေမဲ့ ... ရှင့်နှလုံးသား
က ရက်စက်လွန်းအားကြီးတယ်။ ရှင့်ခန္ဓာကိုယ်မှာ စီးဆင်း
ပတ်နေတဲ့သွေးတွေက ညစ်ထေးလွန်းတယ်။ အပြစ်မရှိတဲ့
တစ်ယောက်ရဲ့ နှလုံးသားတွေကို ဆက်လက်ရှင်သန်ခြင်းမရ
အောင် ... ရှင်ပြုစားရက်တယ် ကြယ်တံခွန်။

ရှင်နဲ့ကျွန်မ ပထမဆုံးစတင်ဆုံတွေ့ခြင်းဆိုပေမယ့်
ကို ကျွန်မသိပ်မုန်းတယ်။ ရှင့်မျက်နှာကို ဓားထက်ထက်နဲ့ မွှန်း
တဲ့အထိကို ကျွန်မစိတ်တွေပေါက်ကွဲရတယ်သိလား။

"မင်း ... ဘာလုပ်မလဲ အဖြူရောင် ... "

"ကျွန်မ ... သူ့အနားရောက်အောင် အရင်ဆုံးကြိုးစားရမယ်
ယမုံ ... "

"သိပ်ဟုတ်တာပေါ့ ... အဖြူရောင်ရယ် ... "

"ဒါပေမဲ့ ... သိပ်တော့မလွယ်လောက်ဘူးထင်တယ် ...
သူ့သတင်းကို ကိုယ်စုံစမ်းမိသလောက် ပြောရရင်တော့ ...
သူက မိန်းမတွေနဲ့ ခပ်ကင်းကင်းနေသတဲ့ ... "

ကျွန်မနှုတ်ခမ်းသားလေးပေါ် မဲ့ပြုံးကလေးက ဖြတ်
ပြေးသွားရ၏။

အခု ... ။

မိန်းမတွေနဲ့ ခပ်ကင်းကင်းနေသတဲ့လား ... ။

ရင်ထဲမှာ ... အစိုင်အခဲတို့ ပိုပြီးကြီးထွားလာကြ
သည်။ အိတ်ထဲမှဓာတ်ပုံကလေးတစ်ပုံကို အသာထုတ်ပြီး ခပ်စူးစူး
ရဲရဲကလေး စိုက်ကြည့်လိုက်တော့ ကြယ်တံခွန်ဆိုတဲ့ ယောကျ်ား
တစ်ယောက်ရဲ့ ချောမွေ့သောအပြုံးကို တွေ့လိုက်ရပြန်တော့ ...

တောက် ... ။

ခပ်ပြင်းပြင်းတက်ခေါက်သံနှင့်အတူ။

လက်ချောင်းသွယ်သွယ်လေးရဲ့ လှုပ်ရှားမှုအောက်
မှာ အစိပ်စိပ်အမွှာမွှာဆုတ်ပြဲသွားသော ဓာတ်ပုံကလေး။ ပြီးတော့
နာနာကျင်ကျင်ကလေး စိုက်ကြည့်ပြီး ... "ရှင် ... တစ်နေ့နေ့
တစ်ချိန်ချိန်ကျရင် ... အဲ့ဒီလိုပဲဖြစ်ရစေမယ် ... "ဟု ကြိမ်းဝါးလိုက်မိ
တော့သည်။







ကားလက်ကိုင်းမှန်ကလေးတွင် ချည်နှောင်ထား
သော နှင်းဆီလေးတစ်ပွင့်ကို ခပ်ဝေးဝေးမှလမ်းလျှောက်ရင်း ...
တွေ့လိုက်ရသဖြင့် ခြေလှမ်းတွေမြန်ဆန်သွားတာ အမှန်ပါပဲ။

ကျွန်တော့်ကားဆီအရောက်သွားမိတော့ ... ထို
င်းဆီအနီရဲရဲကလေးမှာ ဆူးတွေကအပြည့်နှင့် ဖြစ်နေပြီး ...
နှင်းဆီကို ချည်ထားသောအရာမှာ ပဝါအဖြူစွပ်စွပ်ကလေး
ထည်သာ ဖြစ်နေခဲ့သည်။

ထိုပဝါလေးကို အသာဖြေလိုက်ပြီး ... နှင်းဆီပွင့်
လေးကို ကားဘောနက်ပေါ် ပစ်တင်ကာ လက်ကိုင်ပဝါကလေး
ဖြန့်ကြည့်လိုက်တော့ အင်္ဂလိပ်လိုစာတန်းကလေးထိုးထားသော
နက်ရောင်စာသားတွေ 'White' ဝှိုက်တဲ့ ... ။

ဝိုက်ဆိုတာ ...

အဖြူရောင်ပဲ။

ဘာသဘောပါလိမ့် ... ကျွန်တော့်ကားမှာ အခုလို အူကြောင်ကြောင်လုပ်ခံရတာ ... ဒါပထမဆုံးအကြိမ်ပဲ။ ဘေးပတ် ပတ်လည်ကို ဝေ့ဝဲကြည့်မိတော့လည်း လူရိပ်ယောင်ပင်မတွေ့ရ

တစ်ယောက်ယောက် နောက်ပြောင်တာပဲဖြစ်မယ်။ ကျွန်တော် စဉ်းစားမိသလောက် ကျွန်တော့်သူငယ်ချင်းများထဲတွင် လည်း အခုလို ကလေးဆန်ဆန်နောက်တတ်တဲ့သူ မရှိသလောက် ပဲ။ အားလုံးက ပညာတတ်ပြီး ... စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ ပဲ။ အားအားလျားလျားဘယ်သူကများ လာချည်သွားပါလိမ့်နော်။

ဘောင်းဘီအိတ်ထဲမှ ကားသော့ကိုနှိုက်ယူလိုက်ပြီး ကားတံခါးကိုဆွဲဖွင့်လိုက်သည်။ ဒါဟာ ... အရေးမပါတဲ့ကိစ္စတစ်ခု ပဲ။ အဓိပ္ပာယ်မရှိတဲ့ကိစ္စတစ်ခုနှင့် ကျွန်တော့်ရဲ့တန်ဖိုးရှိတဲ့ဦးနှောက် တွေကို အစားမခံနိုင်ပါဘူး ... ။ လက်ထဲမှလက်ကိုင်ပဝါလေးကို လွှင့်ပစ်မည်လုပ်ပြီးမှ ... မပစ်တော့ဘဲ ကားပေါ်တက်ခဲ့ကာ ... လက်ကိုင်ပဝါလေးကိုတော့ ဒီအတိုင်းပစ်တင်ထားလိုက်သည်။ ကားသော့ကိုလှည့်ဖွင့် ကားစက်ကိုနှိုးပြီး ဝေါခနဲမောင်းထွက်ခဲ့မိ တော့သည်။

စောစောကပစ်တင်မိခဲ့သော နှင်းဆီပန်းကလေး လွင့်ခနဲပြုတ်ကျသွားတာသိလိုက်ပေမယ့် စိတ်ထဲကျန်မနေခဲ့ပါ။





တော့ ... ကျွန်တော့်ရဲ့ ထိုသို့အမှတ်တမဲ့လုပ်ရပ်အတွက်လည်း သည်တွေးတောနေဖို့ စိတ်ကူးမရခဲ့ပါချေ။

သို့သော် ...

ထိုလုပ်ရပ်ကို ... မမှိတ်မသုန်စောင့်ကြည့်နေခဲ့သော န်းတစ်စုံကိုတော့ သူဘယ်လိုမှ သတိထားမိမှာမဟုတ်ပါ။ တစ်ခုမှ အလေးအနက်မထားတတ်သော သူ့စရိုက်သည် ရစ်လမ်းမပေါ်တွင် အဆမတန်သော သူ့ရဲ့ကားဘီးကြီးရဲ့ ချမှုအောက် ... ပြားပြားဝပ်ခဲ့ရသော နှင်းဆီပွင့်အနီရဲရဲကလေး ကြည့်ခြင်းအားဖြင့် သိနေရသည်။

ပထမ ...

သူ လက်ကိုင်ပဝါလေးကို လွှင့်ပစ်မည့်ဟန်လုပ်တာ ပြီး ... နောက်တော့ သူမပစ်ဘဲ ပြန်သိမ်းသွားတာတွေရ၏။ ပြောပြော ... ဒီပစ္စည်းလေးဟာ ... သူ့စိတ်ထဲ တစ်စွန်းတစ်စ တွဲခိုသွားပြီဖြစ်သည်၊ ကျေနပ်စွာ တစ်ချက်ပြုံးလိုက်ပြီး လမ်း တယ်လီဖုန်းလေးတစ်ခုဆီသို့သွားကာ သွယ်ပျောင်းသော ကလေးများဖြင့် နံပါတ်ကလေးများကို နှိပ်လိုက်သည်။

ကျွန်မ လုပ်ရမှာက ...

အခုလို သူစိတ်ဝင်တစားရှိတဲ့အချိန်မှာ ... ပိုပြီး င်စားလာဖို့ပါပဲ ... ။ ကဲ ... ရှင့်ဘက်က အသင့်ပြင်ထားတော့ တံခွန်ရေ ... ။ အဖြူရောင်ဆိုတဲ့ ကျွန်မက ... ရှင့်ကို အိပ်မက်

လုလုလေးတွေ မက်ပေးဖို့ ကြိုးစားနေပြီဆိုတာ ... ရှင်တွေးမိမှာ မဟုတ်ဘူးနော်။

"ဟယ်လို ... "

တစ်ဘက်မှ ဖုန်းထူးသံကြားရ၏။

"ကျွန်မ ... ဝိုက်ပါ"

"ဗျာ ... "

"ရှင့်ကားမှာ ... နှင်းဆီတစ်ပွင့်နဲ့ လက်ကိုင်ပဝါလေးတစ် ထည် ချည်ထားခဲ့တဲ့သူလေ ... ရှင် လွယ်လွယ်နဲ့မေ့တတ် သလား ... "

တစ်ဘက်က စူးရှရှအသံလေးကြောင့် ကျွန်တော့် မျက်မှောင်ကလေး ကျုံ့တက်သွားအောင်အထိပင် ... ။ စောစော က ကျွန်တော့်ကားကို နောက်ပြောင်ခဲ့တဲ့ကိစ္စ ... ဒါကို ကျွန်တော် က ယောကျ်ားတစ်ယောက်ရဲ့ လက်ချက်လို့ တွေးထားတာ ... အခုတော့ တရားခံက မိန်းကလေးဖြစ်နေသည်ကို။ မိန်းကလေး ဘက်က ဓာတ်လမ်းရှာပြီထင်တယ် ... ။

"မှတ်မိတာပေါ့ ... လောလောလတ်လတ်ကြီး ဖြစ်တဲ့ကိစ္စ ပဲဟာ ... ဘယ်မေ့မှာလဲ ... နေပါဦး ... မင်းဘာသဘော နဲ့ အခုလိုလုပ်တာလဲ ... ငါထင်တာက ... ကောင်လေး တစ်ယောက်ယောက်များ ကားမှားပြီး ...သူ့ကောင်မလေး အတွက် လုပ်သွားတယ်ထင်တာ ... မင်း တော်တော်လည်





အားတာပဲလား ... ငါ့ကားကို ဘာအကြောင်းနဲ့ အခုလို လုပ်ရတာလဲ ... "

သူ့လေသံက နည်းနည်းတော့ တင်းမာ၏။ သို့သော် ...ငွေမရှိပါ။

"ရှင်တွေးတဲ့အတိုင်းလည်း မှန်နေတာပဲ ... လွဲတာက ကောင်လေးနဲ့ ကောင်မလေးရဲ့နေရာပဲ ... အကြောင်းပြ ချက်ကတော့ နောက်မှပဲ ပြောပြတော့မယ် ... "

"မင်း ဘယ်သူလဲ ... ဘယ်ကလဲ ... "

"ဝိုက်လေ ... "

"အဲ့ဒါတော့ ... မင်းပြောလို့သိပြီလေ ... "

"ဒါဆို ... ရှင် ဘာထပ်သိချင်တာလဲ ... "

"ငါမေးနေတာက ... မင်းဘယ်ကလဲ ... ဘာလုပ်သလဲ... ဘာရည်ရွယ်ချက်နဲ့ အခုလိုလုပ်ရတာလဲ ... အခုလုပ်ရပ် ဟာ ... မိန်းမတစ်ယောက်ရဲ့ဂုဏ်သိက္ခာကို ဘယ်အတိုင်း အတာအထိ ထိခိုက်တယ်ဆိုတာ မင်းတွေးမိရဲ့လား ... မင်းရဲ့ အဓိပ္ပာယ်မရှိတဲ့လုပ်ရပ်ဟာ ... ကိုယ့်စိတ်တွေကို ရှုပ်ထွေးသွားစေတယ်ကွ ... "

လေသံခပ်မာမာနှင့် လူကြီးတစ်ယောက်ပုံစံနှင့် ...နံတော် ဖိဟောက်လိုက်မိသည်။ တစ်ဘက်ကကောင်မလေး ... ...သံတိတ်နေ၏။ သို့သော် ... ကျွန်တော်ပြောတဲ့စကားကိုတော့

ကြားမှာပါပဲ။

"မင်း ... ဂျစ်ပစီလား ... ဝှိုက် ... "

"တောက် ... ရှင် မိန်းမတွေကို တော်တော်အထင်သေ
တာပဲ ... "

"မင်းတို့မိန်းမတွေကရော ... အထင်ကြီးအောင်နေလို့
လား ... "

"ရှင် ... ရှင် ... "

"အခု ... မင်းရဲ့လုပ်ရပ်ကိုပဲ ကြည့်လေ ... ဒါဟာ
ယောကျ်ားတစ်ယောက်အမြင်မှာတော့ ... အထင်သေ
စရာပါပဲ ... ပြီးတော့ ... အခုလိုလုပ်ရဲတဲ့ မင်းကိုလည်
အံ့သြတယ် ... "

"ထားပါတော့ ... ရှင့်စိတ်ထဲမှာ ဘယ်လိုပဲရှိရှိ ကျွန်မ ဂ
မစိုက်ပါဘူး ... အရေးကြီးတာက ကျွန်မရဲ့လုပ်ရပ် အ
သတ်နိုင်ဖို့ပဲ ... "

"ဘာလဲကွ ... မင်း ဘာကိုဆိုလိုတာလဲ ... "

"ဒီနေ့ကစပြီး ... နောက်ထပ်ခြောက်ရက်တိတိ ရှင့်ဆီ
နှင်းဆီတစ်ပွင့်နဲ့ လက်ကိုင်ပုဝါတစ်ထည် ပို့နိုင်ဖို့လေ
ဒါဟာ ... ကျွန်မလုပ်ရမယ့်အဓိကအချက်ပဲ ... ရှင့်ကို အ
ပေးတာနော် ... ခွင့်တောင်းနေတာ မဟုတ်ဘူး ... "

"အောင်မာ ... မင်းကများ ...





"လေသံကရင့်လိုက်တာ ... မင်းလုပ်ချင်တိုင်း လုပ်လို့ရ
မလားကွ ... ငါက ကလေးမှမဟုတ်တာ ... ပြီးတော့ ...
အခုလို ရှုပ်ရှုပ်ယှက်ယှက်တွေလည်း ငါစိတ်မဝင်စားဘူး ...
မင်းရဲ့စိတ်ကူးတွေကို စွန့်လိုက်တော့ ... ငါ လုံးဝလက်မခံ
နိုင်ဘူး ... "

"ရှင်လက်မခံလည်း ဘာအရေးလဲ ... အဓိကက ရှင့်စိတ်
ရှင့်နှလုံးသားတွေထဲကို နှင်းဆီပွင့်လေး ရောက်နေစေဖို့ပဲ
ဟာ ... ရှင်က မလုပ်ရဘူးလို့ တားဆီးချင်လေ ကျွန်မက
ဆက်ပြီးလုပ်ချင်လေပါပဲ ... ရှင် အခုမှ ငြင်းပယ်ဖို့ မကြိုးစား
နဲ့တော့ ကြယ်တံခွန် ...

"ရှင်စောင့်မျှော်နေနော် ... ကျွန်မ ရှင့်ဆီရောက်အောင်ကို
ပို့မှာ ... "

"ဟော့ ... မင်း ... ငါပြောတာ သဘောမပေါက်ဘူးလား"

တစ်ဘက်မှဖုန်းချလိုက်သံ ကြားရသော်လည်း ...
...တော့်စကားသံက မပြတ်သေးပါ။ တော်တော်အလိုက်ကန်းဆိုး
...တဲ့ကောင်မလေးတစ်ယောက်ပဲ ... ။ ဘယ်လိုရည်ရွယ်ချက်
...ကြောင့်များ အခုလိုလုပ်ရပ်ကို အရှက်မဲ့စွာလုပ်ဖို့ စိတ်ကူးရတာလဲ။
စဉ်းစားရခက်တာပဲ ... ။

ဒီကောင်မလေးဘယ်ကလဲ ... သေချာတာကတော့
...တော့်ကို အတော်လေးသိနေခြင်းပဲ။ လူတစ်ယောက်ရဲ့လက်

ကိုင်ဖွန်းကို ထိုလူမပေးဘဲသိနေခြင်းဟာ ... သိပ်ကိုထူးခြားလွန်းတဲ့ အချက်ပဲ။ ဒီကောင်မလေးကို ... ကျွန်တော် ရင်းနှီးဖူးရဲ့လား။

ကောင်မလေးက ကျွန်တော်တို့စီးပွားရေးလုပ်ငန်း ရှင်တစ်ယောက်ယောက်နဲ့များ သိကျွမ်းနေမလား။ ဒါဆိုရင်တော့ ကျွန်တော့်လက်ကိုင်ဖုန်းနံပါတ်ကို သိနိုင်တာပဲ။ ဒါကြောင့်လည်း ... အလွယ်တကူရောက်လာတာပေါ့။

ဂွိုက် ... ဂွိုက်။

မင်း တော်တော်ပဟေဠိလုပ်တာပဲ။

အဟွန်း ...

မင်းမသိသေးတဲ့အချက်တစ်ခုရှိသေးတယ်။ အဲဒါ ကြယ်တံခွန်ဆိုတဲ့ ယောက်ျားဟာ ... ဘယ်မိန်းကလေးနဲ့မှ အရောတဝင်မနေတတ်သလို ... ဘယ်လိုမှလဲ အထင်မကြီးတတ်တာကို ပဲလေ။

မင်းကပဲ ငါ့ဆီလာပတ်သက်ချင်ရသေးတယ်။ ဒီလို နည်းနဲ့တော့ ... မင်း ငါ့အနားကို ရောက်နိုင်ဦးမှာ မဟုတ်ဘူး။ ဘာ့ကြောင့်လဲဆိုတော့ ... မင်းရဲ့မိန်းမမပီသတဲ့ ခပ်ပေါ့ပေါ့လုပ် တတ်တဲ့ အကျင့်ကိုအထင်သေးလို့ပဲလေ။

တကယ်ဆို ...

အခုလိုယောက်ျားလေးတစ်ယောက်ကို လက်ကိုင် ပဝါနဲ့ နှင်းဆီပန်းကလေးတစ်ပွင့် ရအောင်ပေးတာ မင်းကျမှပဲ တွေ့





...ဘယ်။ တကယ်တော့ ... မင်းရဲ့စိတ်ကူးယဉ်မှုက သိပ်ပြီး ...လွန်းတယ်။ ကိုယ် ရုပ်ရှင်တွေထဲမှာ ကြည့်ဖူးပါရဲ့ ... ။ ...င်လေးက ကောင်မလေးမသိအောင် ပန်းပွင့်ကလေးတွေကို ...ျုံးခုံနဲ့ ရောက်အောင်ပေးခဲ့တာ။

ဒါက ...

မိန်းကလေးလေ။

ပြီးတော့ စိတ်လည်းတအားနုတာ ... ဒီပန်းလေး ...နဲ့ စိတ်ကူးယဉ်ပြီး ရူးသွပ်နေမှာပေါ့ ... နောက်ဆုံးတော့ ...ည်းစားတွေ ဖြစ်သွားကြရော ... ။

ဟား ... ဟား ... ဟား ... ။

မင်းက ဒီနည်းနဲ့ ငါ့အနားကို ရောက်နိုင်အောင် လုပ် ...ဆိုရင်တော့ ... မင်းရဲ့လုပ်ရပ်တွေ မှားယွင်းနေပြီ ဂွိုက်ရဲ့။ ...မတွေကို မချစ်ချင်သေးဘူး။ ငါနှလုံးသားတွေဟာ ကျောက် ...တစ်ခုလို မာကျောနေတယ်။ မင်း မသိတဲ့အချက်တွေ အတော် ...း ငါနောက်တစ်ခါကျရင် မင်းကိုအသိပေးမှာပေါ့။ ဒါမှ ... ...ည်း နောက်ဆုတ်သင့်ရင် ဆုတ်သွားမှာပေါ့။

ထိုကိစ္စသည် ကျွန်တော်အိမ်သို့ ပြန်ရောက်ချိန်တွင် ... ... အားလုံးကိုမေ့ပျောက်သွားခဲ့သည်။ အလုပ်မှာနွမ်းနယ် ...သောစိတ်ကို ဖြေဖျောက်သောအနေဖြင့် ရေကူးကန်ထဲတွင် ...ည်းဆုံးနာရီဝက်လောက်စိမ်ပြီး ရေကူးပစ်လိုက်သည်။

ပြီးမှ ...

... ဘုန်းခေါင်ပေါ်ရှိ ဒရင်းဘတ်တွင်အသာလှဲရင်း အိချို့ရှည့်ဘူးကလေးကို အသာဖောက်ကာ မော့သောက်လိုက်၏ စိတ်တွေကကြည်လင်ပြီး လန်းဆန်းလို့လာသည်။

မျက်ဝန်းကလေးတွေကို အသာမှိုးကာ စိတ်အေး လက်အေး အနားယူမည်လုပ်စဉ် ... ။

"ဆရာ ... ဆရာ့ဖုန်းလာနေပါတယ် ... အမျိုးသမီး တစ်ယောက်ပဲ ... ကျွန်တော်က ဆရာအနားယူနေတယ်လို့ ပြောတာလည်း မရဘူးဆရာရဲ့ ... အရေးကြီးတဲ့ကိစ္စ ပြော စရာရှိလို့တဲ့ ... အတင်းပဲ ... "

"အဲ့ ... မင်းနဲ့ပြောလို့ မပြီးနိုင်ဘူးလား ... ငါ စိတ်တွေ အရှုပ်ခံနေပြီ ... "

"မှာတ် ... မှာတ်ကဲ့ပါ ဆရာ ... "

မောင်သောင်းဆိုတဲ့ကောင် တော်တော်ညံ့တာပဲ ကျွန်တော် အခုလိုအနားယူနေချိန်တွင် ဘယ်သူကိုမှ လက်ခံတွေ့ ဆုံခြင်းမရှိသလို ဖုန်းလာလျှင်လည်း လက်ခံစကားပြောလေ့မရှိ တာသိလျက် ... ဖုန်းဖောက်ကာ လာပြီးပြောနေသေး၏။

"ဘယ်သူကဖုန်းပဲဖြစ်ဖြစ် ... ငါကွာ မကိုင်ဘူးလို့ပြော လိုက်ကွာ ... သွားလား ... "

"မှာတ်ကဲ့ ... ဆရာ ... "





တကယ်တမ်းကျတော့ ... မောင်သောင်း ဆရာ့ကို ...ကြောက်ပါသည်။ တစ်ခါက်မှအမျိုးသမီး၏အသံနားခံကာ အထပ်... တောင်းပန်မှုကြောင့်သော ဆရာ့ရဲ့ ညွှန်ကြားချက်ကို အရဲစွန့်ချိုး ...လိုက်ရခြင်းပင်။ သူက လက်မခံတော့ဘူး ဘာတစ်ခုနိုင် ... ... ။ သူက အလုပ်ရှင်သူဌေး ကိုယ်က သူ့ရဲ့အလုပ်သမား၊ ...ကျေးဇူးရှင်လည်းဖြစ်ပြန်တော့ ... နေခက်ဆုံး ဆရာခိုင်းသလို ...းဆက်တဲ့ကောင်မလေးကို အပြတ်ပြောလိုက်ရတော့တာ ...

"မောင်သောင်း ... "

"ဗျာ ... ဆရာ ... "

ဖုန်းခလုတ်ကိုပိတ်ပြီး ပြန်အလှည့် ... ဆရာ့ခေါ်သံ ... မောင်သောင်း လှည့်ကြည့်ကာ ... ပြန်ထူးလိုက်ခဲ့၏။

"စောစောကဆက်တာ ... ဘယ်သူလဲ ... "

"ဗျာ ... "

"မင်းက ငါ့စည်းကမ်းကိုတောင် ချိုးဖောက်ပြီးပြောရလောက်အောင် တစ်ဘက်လူက စွမ်းဆောင်နိုင်တယ်ဆိုတော့ ... ဒီလူဟာ တော်ရုံလူမဖြစ်လောက်ဘူး ... ပြောစမ်းပါဦး ... သူကဘယ်သူလဲ ... "

"ကျွန် ... ကျွန်တော်မသိဘူး ဆရာ ... ဒါ ... ဒါပေမဲ့ ... အသနားခံပြီး တောင်းပန်လွန်းလို့ ... "

"ဘာရယ် ... အသနားခံတောင်းပန်တယ် ... ဟုတ်လာ

"ဟုတ် ... ဆရာက သူ့ကိုသိပြီးသားပါတဲ့ ... သူ့နာမ

ပြောလိုက်ရင်ဖြစ်တယ်ဆိုလို့ပါ ... ပြီးတော့ သူ့မှာအရမ်း

အရေးကြီးနေတဲ့ကိစ္စလည်း ရှိနေပုံရလို့ ..."

မောင်သောင်းစကားကြောင့် နည်းနည်းခေါင်း

သွားရသည်။ မျက်မှောင်လေးကျုံ့ရင်း စဉ်းစားသလိုရှိပြီးမှ ...

"သူ့ ... သူ့နာမည်ကို ဘယ်လိုပြောသွားလဲ ..."

"ဝိုက်တဲ့ ... ဆရာ ..."

"ဘာကွ ..."

အောင်မလေး ... ။

လန့်လိုက်တာ ... ဆရာအော်သံကြီးက ကြော

စရာကောင်းလောက်အောင် ဟိန်းတက်သွားသည်။ နီရဲစိုတော

နေတဲ့မျက်ဝန်းတွေ ... တအံ့တသြနဲ့ ကျွန်တော့်မျက်နှာကို

ကြည့်နေတဲ့ဆရာ့ပုံစံ။

ထူးဆန်းလိုက်တာ ... ။

ဒါ့ကြောင့်လည်း ဝိုက်ဆိုတဲ့အမျိုးသမီးက အ

ပြောသွားတာကို ... အခုပဲကြည့်လေ ... ဆရာဟာ ဒီအမျိုးသ

နာမည်ကြားလိုက်တာနဲ့တင် ဟန်မဆောင်နိုင်လောက်အောင်

အမူအရာက ပျက်နေပြီလေ။

သို့သော် ...





သူက ဆရာသမား ... ကိုယ်ကတပည့်မို့ ... ဝေဖန်

ဝင်ရောက်ပြောဆိုခွင့်မရှိ ... ဒီတော့ ချာခနဲနေအောင် လှည့်

ခဲ့ရပြီပေါ့လေ။



## အခန်း ( ၂ )

ဒုတိယမြောက်နေ့ ... ။

"တောက် ... ဒီမိန်းမတော့ လုပ်ချသွားပြန်ပြီကွာ ... "

အရုဏ်တက်အလှတရားတို့ လွှင့်စင်ပျောက်ကွယ်သွားရပြီ။ မနက်ခင်းအလှက နီရဲရဲဆူးတွေနဲ့ပြည့်သိပ်နေသော နှင်းဆီတစ်ပွင့်ကို မြင်လိုက်ရချိန်တွင် ... ဒေါသသွေးတွေ ဆူပွက်သွားရတော့သည်။

"မောင်သောင်း ... မောင်သောင်း ... မောင်သောင်း"

ပါးစပ်က အဆက်မပြတ်အော်ခေါ်မိတဲ့နာမည်က ကျွန်တော်နဲ့အတူနေ တပည့်လေးရဲ့နာမည်။ ဒီကောင်ဒီလောက် ညံ့ဖျင်းမှန်းအခုမှပဲ သိရတော့တယ်။ ကြည့်စမ်း ... နံရံမှာကပ်ထား





ပါအဖြူကလေးက ကျွန်တော့်ကို လှောင်ပြောင်လို့နေ၏။

"မောင်သောင်း ... "

"ဗျာ ... ဆရာ ... လာပါပြီခင်ဗျာ ... "

"လာစမ်း ... လာစမ်း ... ဒီမှာကြည့်စမ်း ... ဒီမှာကြည့်စမ်းကွာ ... "

ဒေါသတကြီး နံရံဆီသို့တစ်လှည့် ... စားပွဲတင် းဆီတစ်လှည့် လက်ညှိုးကိုခပ်ဆတ်ဆတ်ညွှန်ပြရင်း ... ဆရာ တွေ ရဲတွတ်နေ၏။

"ဘာ ... ဘာဖြစ်လို့လဲ ဆရာ ... "

"ဘာဖြစ်ရမှာလဲကွ ... ဒီမှာ မင်း မမြင်ဘူးလား ... ဝါ နှင်းဆီကို သိပ်မုန်းမုန်းသိရက်နဲ့ ... မင်း တမင်လာထားတာ မဟုတ်လား ... နံရံမှာကပ်ထားတာလည်း ... မင်း လက်ချက်ပဲမဟုတ်လား ... ဒီမိန်းမ မင်းဆီကိုဘယ်လို မျက်နှာငယ်နဲ့ တောင်းဆိုသွားလို့ ... အခုလို လုပ်ရတာလဲ ဟင် ... ပြောစမ်း မောင်သောင်း ... "

"ဟာ ... ဆရာ ... ဘာတွေပြောနေတာလဲ ... ကျွန်တော် ဘာမှမသိဘူး ဆရာ ... ဒါတွေလည်း ကျွန်တော် လုပ်ထားတာ မဟုတ်ဘူး ... မနက်က ... နွားနို့လာပို့လို့ ဆရာ သောက်ရအောင် သွားကျိုနေတာပါ ဆရာ ... ကျွန်တော် တကယ်ပြောတာပါ ... "

"မဖြစ်နိုင်ဘူး … မင်းညာတာ … ဒီအိမ်ထဲမှာ မင်း
နှစ်ယောက်တည်းပဲရှိတာ … ငါ့အိပ်ခန်းထဲအထိ ဘယ်
စိမ်းက ဝင်နိုင်မှာလဲ … အဓိပ္ပာယ်မရှိတာ မင်းမပြော
"တကယ်ပြောတာပါ ဆရာရယ် … ကျွန်တော် မညာ
ဘူး … အခုကိစ္စကို သိလည်းမသိဘူး ဆရာ … ကျွန်တေ
တောင် အခုမှ ဒါတွေကို မြင်တာပါ … ယုံပါဆရာရယ်
ဆရာ နှင်းဆီပန်းကို လုံးဝမကြိုက်တာ ကျွန်တော်သိသ
ပဲ … ဆရာစိတ်ညစ်အောင် ကျွန်တော် မလုပ်ရဲပါဘူး ဆ
ရယ် … "

ဟုတ်သားပဲ …

မောင်သောင်း လုပ်ရဲမှာမဟုတ်။

ကိုယ့်အလုပ်ရှင်ကို ပြဿနာအတက်ခံပြီး … မေ
သောင်း ဘယ်လုပ်ရဲမှာလဲ။ ထူးဆန်းလိုက်တာ … ကျွန်တော့်
အိပ်ခန်းထဲအထိ ဒီပစ္စည်းတွေ ရောက်အောင်ထားနိုင်တဲ့အစွမ်းအ
က သိပ်တော့မသေးလှပေ။

ဝိုက်။

မင်း အာဂမိန်းမပဲ … ။

မင်းကို အထင်သေးလို့မရတော့ဘူး။

ငါ့အိပ်ခန်းထဲအထိ ဝင်လာနိုင်တဲ့ မင်းကို ငါ မအံ့ဩ
လို့ မဖြစ်တော့ဘူး။ တော်ရုံသတ္တိနဲ့ ဒီအလုပ်မျိုး လုပ်နိုင်မှာမဟုတ်





ါမသိတာက … မင်း ဘာရည်ရွယ်ချက်နဲ့များ အခုလိုလုပ်နေ
သိတာပဲ။

တူ … တူ။

တူ … ။

လက်ကိုင်ဖုန်းမြည်သံကြောင့် … ကျွန်တော်ကောက်
လိုက်သည်။ နားထဲသို့ စူးနစ်ဝင်ရောက်လာသော အသံစူးစူး
လေးကြောင့် … ဒေါသတွေက ပေါက်ကွဲလွင့်စင်မတတ် …
ထဲမှာကိုင်ထားသောဖုန်းကို နံရံဆီပေါက်မခွဲမိအောင် မနည်း
ချုပ်လိုက်ရသည်။

"မင်္ဂလာပါ … ဦးကြွယ်တံခွန် … အိပ်ရာက နိုးနိုးချင်း …
စိတ်တွေမှုကြည်လင်ပါရဲ့လား … "

ခနဲ့တဲ့တဲ့လေသံကြောင့် … သူမကိုဆဲရေးလိုက်ချင်
။

"မင်း တော်တော်လွန်နေပြီ … ဝိုက် … ငါ့အခန်းထဲဝင်ပြီး
လုပ်တဲ့အထိ မင်းရဲ့လုပ်ရပ်ဟာ … မိန်းမ,မဆန်တော့ဘူး
ကွ … မင်း တော်တော်အောက်တန်းကျတဲ့ အတတ်လည်း
တတ်တာပဲနော် … "

"ဘာရှင့် … ရှင်က ကျွန်မကို ဘာစကားပြောတာလဲ"

"မင်းသော့ဝိဇ္ဇာလား … ငါ့အခန်းထဲထိ မင်းဘယ်လိုဖွင့်ပြီး
ဝင်လာသလဲ … ပြောစမ်း … ငါ့အခန်းထဲကဘာပစ္စည်းတွေ

နိုးသွားသေးလဲ ... ”

“ရှင် ... ရှင်နော် ... လူကိုများ သူခိုးလို့စွပ်စွဲသေးတယ် ... ကျွန်မမှာ ဘာသော့မှမရှိသလို ... ဘာပညာမှလည်းမတတ်ဘူး ... ရှင်တို့ ဆရာတပည့်တွေ အသုံးမကျတာ သိရဲ့လား ကျွန်မ နွားနို့ပို့တော့ ... ရှင့်တပည့်က အိမ်တံခါးဖွင့်ပြီး လာယူတယ် ... ပြီးတော့ ပြန်ဝင်သွားတယ် ... တံခါးပွင့်လျက် ကျွန်မ ဧည့်ခန်းထဲမှာထားခဲ့ဖို့ စိတ်ကူးသေးတယ် ... ဒါပေမဲ့ ... ရှင်က နှင်းဆီနံ့ကိုသိပ်ကြိုက်တာ သတိရလို့ ... အိပ်ရာကနိုးနိုးချင်း လန်းဆန်းပါစေဆိုတဲ့စိတ်နဲ့ ရှင့်အခန်းထဲထိဝင်ပြီး ထားပေးခဲ့တာ ... ရှင် ဘာလို့ တံခါးလော့ခ်ကို မချထားရတာလဲ ... ”

“သွားစမ်းပါကွာ ... ငါ ဘာနှင်းဆီနံ့မှမကြိုက်ဘူး ... နှင်းဆီဆို မုန်းလွန်းလို့ ... ”

“ဟွန်း ... အပြောင်းအလဲကလည်း မြန်ပ့ါ ... ”

“ဘာကွ ... ”

“ဘာမှမဟုတ်ပါဘူး ... ဒါပဲနော် ... မနက်ဖြန် ကျွန်မ ဘယ်လိုပုံစံမျိုးနဲ့ ရှင့်ဆီအရောက်ပို့မလဲလို့ တွေးကြည့်ရင်းနဲ့ စောင့်မျှော်နေဦးနော် ... ဘိုင့် ... ဘိုင် ... ”

တစ်ဘက်ကဖုန်းချသွားပေမယ့် ... ကျွန်တော် ကိုင်ထားမိဆဲ။





ဒီမိန်းမ ဘယ်လိုမိန်းမပါလိမ့် ... ။

သူမကိုပဲ ဒီကစောင့်မျှော်ရဦးမယ်။ ဟွန်း ... မျှော်...ရာလား။ ဒီကထွက်နေတဲ့ဒေါသတွေတောင် ဘယ်ရောက်...ပြီလဲ မသိတော့ပါဘူး ... ။ တော်တော်ရှုပ်တဲ့မိန်းမ ... ။ ...ားအိမ်ထဲခိုးဝင်တဲ့သူမက အပြစ်မဖြစ်ဘဲ ... ကိုယ့်အိမ်ကိုဂရု...ားမိတဲ့ ကျွန်တော်တို့ကပဲ အပြစ်ဖြစ်ရသေးတယ်။

“ဆရာ ... အခုဖုန်းဆက်တာ ... ဝိုက်လားဟင် ... ”

“အေး ... ဟုတ်တယ် ... မင်းကြောင့်လေ ... မင်းပေ့ါလျော့လို့ ... တံခါးကိုဖွင့်ပြီး ပြန်မပိတ်လို့ ဒီမိန်းမဝင်လို့ရသွားတာပေ့ါ ... တောက် ... ”

“ကျွန် ... ကျွန်တော် ... တောင်းပန်ပါတယ်ဆရာရယ် ... ကျွန်တော့်အမှားပါ ... ဆရာ့ကို စိတ်တွေရှုပ်ထွေးစေရလို့ ... ကျွန်တော့်ကိုအပြစ်ပေးပါဆရာ ... ကျွန်တော်ခံယူပ့ါမယ်”

“နေပါစေတော့ကွာ ... ပြောရင် ငါ့အမှားလည်းပါတာပဲ ... သွားတော့ ... သွားတော့ ... မနက်စာပြင်ဆင်ထား ... ငါ ဒီနေ့ အလုပ်ကိုစောစောသွားရမယ် ... နောက်တစ်ခါ ဒါမျိုး မဖြစ်အောင်သာ သတိထားပေ့ါကွာ ... ”

“ဟုတ်ကဲ့ ... ဆရာ ... ကျွန်တော်လက်ထက်မှာ ဝိုက်ဆိုတဲ့ မိန်းမအတွက် ဒုတိယအကြိမ်ဆိုတာ ... ဘယ်တော့မှမရှိစေရပါဘူး ... ”

"အေးကွာ ... သွားတော့ ... သွားတော့ ... ငါ ရေချိုးလိုက်ဦးမယ် ... အာရုံစားတာတော့အမှန်ပဲ ... "

ပြောပြီး ရေချိုးခန်းထဲသို့ဝင်ရန် ခြေလှမ်းပြင်လိုက်ချိန်တွင် ... မောင်သောင်းသည် အတွင်းပိုင်းမှ တံခါးလော့ခ်ကိုဖိနှိပ်ပြီး အပြင်ဘက်မှ ဆွဲပိတ်သွားတော့၏။ ဒီကောင် ... တော်တော်လေးမှတ်သွားပြီ ... ။ ကျွန်တော် တစ်ချက်ပြုံးမိသွားသည်။ ဘာပဲပြောပြော ... ပေါ့လျော့စွာနေတတ်သော ကျွန်တော်တို့နှစ်ယောက်ကို ကောင်းကောင်းကြီးပညာပေးသွားလေခြင်းပင်။

တံခါးကိုလော့ခ်ချပြီးမှ စိတ်ချလက်ချ ကျွန်တော်ရေချိုးနိုင်တော့တယ် ... ပြန်တွေးပြီး ရယ်တော့ရယ်ချင်သားပဲ။







"အခြေအနေ ဘယ်လိုလဲ ဝိုက် ... "

အေးဆေးသောလေသံကလေးကို ... အပြုံးနုနု ...နှင့်ပဲ အဖြေပေးမိသည်။ ယမုံကတော့ ... ကျေနပ်စွာခေါင်း ...ဘ်ခနဲညိတ်ပြပြီး ...

"မင်းလုပ်နိုင်မယ်ဆိုတာ ... ကိုယ်သိပြီးသားပါ ... ဒါနဲ့ ... အဖြူရောင် ... မင်းကို သူတော်တော်တော့ စိတ်ဆိုးနေမှာပဲနော် ... အခုလို မင်းရဲ့တစ်ဖက်သတ် လုပ်ရပ်အပေါ် သူသိပ်ပြီးအခံရခက်နေမှာပဲကွ ... ဘယ်လိုလဲ ... သူ့ရဲ့ဆက်ဆံရေးက ... "

"ဆက်ဆံရေးကတော့ ... သိပ်မဆိုးဘူးကွ ... ဝိုက်ဆိုတဲ့နာမည်ကြားလိုက်တာနဲ့ကို ထပြီးပေါက်ကွဲတော့တာပဲ ... အဟား ... ဟား ... ဟား ... "

"အို ... ဒီလောက်တောင် အခြေအနေတွေ တိုးတက်
တယ်လား ... "

ယမုံရဲ့ခပ်ရွဲ့ရွဲ့စကားသံကလေးအဆုံး နှစ်ယောက်သား ရယ်မိကြတော့သည်။ ဘာပဲပြောပြော ... ကျွန်မ ကျေနပ်တ သိလား။ ရှင် အခုလိုစိတ်တွေ ရှုပ်ထွေးနေလေ ... ကျွန်မက ပျေ လေပဲ။ ရှင့်ကြောင့် ကျွန်မတို့ပေးဆပ်ခဲ့ရတာ။ စိတ်သောကတွေ ရောက်ခဲ့ရတာထက်စာရင် အခု ကျွန်မပေးတဲ့ဒုက္ခက သိပ်ကိုသေ နုတ်လွန်းပါသေးတယ်ရှင်။

အတိတ်ကအရိပ်တွေ ပြန်ပြေးမြင်ယောင်မိတော့ လည်း ဒေါသသွေးတွေက ဆူပွက်လာပြန်၏။

"အတိတ်ကို ... ပြန်သတိရပြန်ပြီလား ... အဖြူရောင် မင်းရဲ့မျက်ဝန်းလေးတွေ အရောင်ပြောင်းသွားတာ ကိုယ်မြင်လိုက်ရတယ် ... စိတ်တွေကို လွှတ်မထားမိစေနဲ့ အဖြူရောင် ... ဒီအချိန်မှာ မင်း ဟန်ဆောင်ကောင်းရ မယ်လို့ ပြောထားတာ မေ့မပစ်ပါနဲ့ဦးကွာ ... "

"ဆောရီး ... ယမုံရယ် ... အဖြူရောင်ဆိုတဲ့ ကိုယ့်ဘဝဟာ ဘယ်လိုကြမ္မာဆိုးတွေကြောင့်များ မှောင်မိုက်နေရတာလဲ မသိတော့ပါဘူးကွာ ... ကိုယ်လေ ... သိပ်ဝမ်းနည်းတာ ပဲ ... တစ်ခါမှ ... ကိုယ်ဟာ တစ်ချိန်ချိန်မှာ အထီးကျ ဆန်ပြီးနေခဲ့ရလိမ့်မယ်လို့ တွေးမထားခဲ့မိဘူး ယမုံရယ် ...





ပြန်တွေးတွေးမိတိုင်းလည်း ... ကြယ်တံခွန်ဆိုတဲ့လူကို အချက်ပေါင်းများစွာ ဓားနဲ့ထိုးစိုက်ပြီး သတ်ပစ်ချင်တော့ တာပါပဲ ... "

"ကိုယ်နားလည်ပေးလို့ရပါတယ် ... အဖြူရောင်ရယ် ... မင်းနေရာမှာ ကိုယ်ဆိုရင် ဒီလိုပဲ လုပ်ဖြစ်လိမ့်မယ်ထင်ပါ တယ် ... မင်းရဲ့ကြေကွဲမှုတွေကို သိလိုက်ရပြီးနောက်မှာ ကိုယ်တောင် ခံစားခဲ့ရသေးတာပဲလေ ... "

ကျွန်မရဲ့သက်ပြင်းရှည်ရှည်ရှိုက်သံကို ယမုံကြားမှာ

ရင်ထဲကမွန်းကြပ်ပိတ်ဆို့နေသော နှလုံးသားတစ်ခု လည်ရှင်သန် လန်းဆန်းနေဖို့ဆိုတာ တော်တော်လေးမလွယ်ကူ ားနော်။ စားပွဲပေါ်မှ အအေးခွက်ကလေးကို ကောက်ယူမော့ က်ပေမယ့် ... ရင်ထဲမှာ အေးချမ်းမသွားတာတော့ အမှန်ပါပဲ။

ယခု ... ကျွန်မလုပ်နေသောရည်ရွယ်ချက်။

အောင်မြင်ပါ့မလား ... ။

နောက်ထပ်ငါးရက်တိတိ ... သူ့ဆီ ကျွန်မအရောက် ပါ့မလား။ သေချာတာကတော့ သူ့အိမ်ထဲ ဒုတိယအကြိမ် ဖို့ဆိုတာ လုံးဝလွယ်ကူမှာမဟုတ်တော့ဘူး။ သူ သတိရှိသွားပြီ

လေ ... ။ နေရာတိုင်း အချိန်တိုင်းမှာ ကျွန်မကို ချောင်းပြီးဖမ်း
သူ ကြိုးစားတော့မှာပဲ။

မနက်က နွားနို့ပို့နေကျ လူကြီးဆီက မနည်းအ
အညီဟောင်းလိုက်ရတာ ... ။ ပထမစိတ်ကူးအရ သူ့ရဲ့ဧည့်ခန်း
မှာထားခဲ့ဖို့ပါပဲ ... ။ မီးဖိုချောင်ဘက်က သူတပည့်မောင်သော
ရဲ့ သီချင်းသံသဲ့သဲ့ကြားရတော့ ... အပေါ်ထပ်ဆက်တက်ဖို့ အ
ရခဲ့တယ်လေ။

သူအိပ်ရာကထတော့ တော်တော်လေးအုံ့သ
တုန်လှုပ်သွားမှာပဲ။ အသင့်ဆောင်ယူလာတဲ့ တိပ်ကလေးနဲ့ နံ
လက်ကိုင်ပဝါလေး ဖြန့်ကပ်ပြီး ... သူ့ပန်းအိုးလေးထဲမှာ ထိုးစို
ထားတဲ့ ပိန်းပန်းလေးအစား နှင်းဆီအနီရဲရဲကလေးကို ထိုးစိုက်ထ
ခဲ့တယ်လေ။

ဘယ်လောက်ထိ စိတ်ချရတဲ့ တပည့်လည်းဆို
အခုအချိန် သူ့ဆရာကို လုပ်ကြံသတ်ဖြတ်သွားရင်တောင် သိ
မဟုတ်။ မောင်သောင်းကတော့ မီးဖိုချောင်ထဲမှာ သီချင်းလေ
တအေးအေးနဲ့ငြိမ့်လို့။

ကျွန်မ ပြန်ထွက်သွားသည့်တိုင် ဘယ်သူကမှ ရိ
ခြင်းမရှိ။





အေးဆေးမှ အေးဆေး ... ။

ပြီးတော့ ... ။

သူ နိုးလောက်ပြီလို့ထင်တဲ့အချိန်ကျမှ ... ဖုန်းကို
မ်းဆက်ပြီး အသိပေးလိုက်တာလေ။ ဒေါသတွေထွက်နေတဲ့ သူ့
သံကို ဖုန်းခွက်ထဲက ဆောင့်ဆောင့်အောင့်အောင့်ကြီး ကြား
ရချိန်တွင် ... ကျွန်မနှုတ်ခမ်းသားလေးတွေ ပြုံးလို့သွားခဲ့တာ
သာသိရင် ... တော်တော်ခံရခက်မှာပဲ။

ကြယ်တံခွန် ... ။

သိပ်ကိုလှပပြီး ... အလွန်လည်းချစ်ဖို့ကောင်းတဲ့
ည်လေးတစ်ခုပါပဲ။ နူးညံ့ပြီး ချောမွေ့နေတဲ့ ရှင့်ရုပ်ရည်နဲ့ ညို့
ဝန်းတစ်စုံကလည်း မိန်းကလေးအတော်များများကို လှည့်စား
အပြည့်နဲ့ဆိုတော့ ... ။ မမလို စိတ်သဘောထားပြည့်ဝပြီး...
ေးချမ်းတည်ငြိမ်လွန်းတဲ့ မိန်းမတစ်ယောက်ကို လှည့်စားချင်
လှည့်စားလို့ရသွားတာပေါ့လေ။

ရှင် ... သိပ်ရက်စက်တာပဲ ကြယ်တံခွန်။

မမမှာ ဘာအပြစ်တွေရှိလို့ ... ဒီလိုအငြိုးကြီးစွာနဲ့
က်ရတာလဲဟင် ... ။ တကယ်ဆို ... ရှင့်ကို သူသိပ်တန်ဖိုး
ပြီး ချစ်ခဲ့တာပါ ... ။ သူ့ဘဝမှာ ရှင်ဟာ မရှိရင် မဖြစ်တော့

လောက်အောင်ပါပဲ ကြယ်တံခွန်ရယ်။ ဒါကို ... ရှင်သိမှာမဟုတ်ဘူး နော် ... ။

ကံမကောင်းတဲ့မမဟာ ... ရှင်နဲ့မှဆုံတွေ့ခဲ့ရတာ။ သူ့ရဲ့အတွေး၊ သူ့စိတ်ကူးတွေနဲ့ တစ်ချိန်လုံး ရူးသွပ် နေခဲ့ရတာလေ။

ရှင်ကတော့ ...

မမနာမည်ကိုကြားရင် ... သိပါတယ်လို့တောင် ဝန်ခံမှာ မဟုတ်ပါဘူး။ အပြောင်းအလဲမြန်တဲ့ ရှင့်အကြောင်းကို မမသာ နေ့စဉ်မှတ်တမ်းမှာ ရေးမှတ်မထားခဲ့ဘူးဆိုရင် ... ကျွန်မ တောင် အထင်ကြီးသွားနိုင်တယ်။ သိပ်ဟန်ဆောင်ကောင်းတဲ့ ရှင့်ကို ... တကယ်ပဲ လေးစားမိတယ်။ အံ့လည်းသြမိပါရဲ့ ... ။

"အဖြူရောင် ..."

"ဟင် ..."

"မင်း ... ကြယ်တံခွန်အကြောင်းတွေ တွေးနေတာလား ဟင် ..."

"ဟုတ်တယ် ... ယမုံ ... ကိုယ် သူ့အကြောင်းတွေ တွေးနေ မိတယ် ... တွေးမိတိုင်းလည်း မမကိုသတိရပြီး ... သူ့ကို သတ်ချင်လောက်အောင် မုန်းမိတယ်ကွာ ..."





"အဖြူရောင် ..."

"ဟင် ..."

"ကိုယ် ... မင်းကို တစ်ခုလောက်တော့ သတိပေးချင်တယ်"

"ဘာကိုလဲ ... ယမုံ ..."

"မင်း ... ကြယ်တံခွန်ကို နိုင်ချင်တယ် မဟုတ်လား ..."

"သိပ်ဟုတ်တာပေါ့ ... ယမုံ ... အခုလိုလုပ်နေရတဲ့အဓိက ရည်ရွယ်ချက်ကလည်း ဒါပဲလေ ..."

"အဲ့ဒါဆို ... မင်း သူ့အကြောင်းတွေ သိပ်များများမတွေးနဲ့ အဖြူရောင် ... အဲ့ဒါတော့ ကိုယ်သတိပေးတယ် ..."

"ဘာ ... ဘာရယ် ... ယမုံ ..."

"ဟုတ်တယ် ... အဖြူရောင် ... လူတစ်ယောက်ကို မုန်းလို့ ပဲဖြစ်စေ ... ချစ်လို့ပဲဖြစ်စေ ... သူ့အကြောင်းခဏခဏတွေး နေရင် ... ကိုယ့်စိတ်ဟာ သိပ်ပြီးလုံခြုံမှုမရှိတော့ဘူး ... သူဟာ ကိုယ့်ရဲ့မသိစိတ်ကို စိုးမိုးသွားလိမ့်မယ် ... အဲ့ဒီအခါ ကျရင် မင်းရှုံးနိမ့်ဖို့ လမ်းက သိပ်များသွားပြီ အဖြူရောင်"

"ကျွန်မ နားမလည်ဘူး ... ယမုံ ..."

"မင်းတစ်နေ့ ... နားလည်လာပါလိမ့်မယ် အဖြူရောင် ... အရေးကြီးတာက မင်းခေါင်းထဲ သူဝင်မနေဖို့ပဲ ... လိုအပ်တဲ့

အချိန်မှ ... သူ့ကိုထည့်စဉ်းစားပါ အဖြူရောင် ... ”

ယမုံစကားတွေရဲ့အဓိပ္ပာယ်ကို သေချာမသိပေမယ့် ကျွန်မအပေါ် စေတနာထားလို့ သတိပေးတဲ့စကားဆိုတာတော့ နားလည်ပါသည်။ ကျွန်မအကြောင်းကို ယမုံ ကောင်းကောင်းသိသလို ကျွန်မအပေါ် ညီအစ်မအရင်းတစ်ယောက်လို ကူညီတတ်လွန်းတဲ့ ယမုံ့ကျေးဇူးကို ကျွန်မ ဘယ်လိုမှ မေ့ရတော့မည်မဟုတ်ပါချေ။







## အခန်း ( ၃ )

တတိယမြောက်နေ့ ... ။

မနက်အိပ်ရာမှနိုးနိုးချင်း ခုတင်နံဘေးရှိ စားပွဲပေါ် ...ဝါရောင်ဦးစွာ ကြည့်လိုက်မိသည်။ ဘာမှမတွေ့ရ ... ။ ပြီးတော့ ...ဘက်လေးတံဆီသို့ အကြည့်ကိုပို့ပြန်၏။ ဒါလည်း ဘာမှ ...ချပြန်။

အိုကေ ...

ဒီတစ်ခါ မောင်သောင်း မဆိုးဘူး ... ။

အခုမှပဲ ... ။

သူ လန်းလန်းဆန်းဆန်းဖြစ်သွားရတော့တယ် ...။

...ကိစ္စနှင့်ပတ်သက်ပြီး ... မောင်သောင်းလည်း တော်တော်

လေး နောင်ကျဉ်သွား၏။ ပိုပြီးဝီရိယရှိလာသည်။ တံခါးတွေ
သေချာသော့ခတ်ပြီးမှအိပ်၏။ ကျွန်တော့်ကိုယ် ကျွန်တော်လ
အံ့ဩရပါသည်။ ညအိပ်ခါနီး ... အခန်းတံခါးပေါက်တွေ လေ
တွေကို လိုက်စစ်နေရသေး၏။ အရင်ကဆို ... အိမ်ရောက်တ
အေးဆေးပဲ ခြေပစ်လက်ပစ်လှဲချကာ အနားယူတတ်၏။

အခုတော့ ...

မထင်မှတ်စွာ တစ်စုံတစ်ဦးဝင်နိုင်ပါလားဆိုပြီး
ပေါ့လျော့လျော့မနေရဲတော့ချေ။

ဝှိုက် ...

ဝှိုက် ...

အခုတော့ မင်းဘာတတ်နိုင်သေးလဲ။ ကားကလ
ဂိုထောင်ထဲမှာ၊ လုံးဝသော့ခတ်ပြီးသား၊ ရုံးကိုလည်း ဖုန်းနှင့်
ထားပြီးသား၊ ဘယ်သူက ဘာပစ္စည်းလာပေးပေး လက်မခံဖို့

"မောင်သောင်း ..."

အားလုံးပြင်ဆင်ပြီး လက်ဆွဲအိတ်ကလေးကိုင်
ဆင်းလာသော ဆရာသမားကို အပြုံးကလေးနှင့် ကြိုရင်း လ
ကလေးထောင်ပြလိုက်၏။

"ဘာမှမထူးခြားဘူး မ...က်လား ... မောင် သောင်း

"အခြေအနေအားလုံး အိုကေပဲဆရာ ... ကျွန်တော် အ
လုံးကို လိုက်စစ်ပြီးပြီ ... ဘာနှင်းဆီမှ မတွေ့ဘူး ...





လက်ကိုင်ပဝါမှလည်း မရှိဘူး ... ကျွန်တော်တို့ကို ဒီလိုနည်း
နဲ့ လာစိန်ခေါ်လို့ ဘယ်ရမလဲ ... ဆရာသမားရဲ့ သူက
မိန်းမ ကိုယ်က ယောက်ျားရင့်မာကြီးတွေ ... နားသွားမှာ
ပေါ့ ..."

"အေးပါကွာ ... မင်းက ပြောအားရှိသွားတာပေါ့ ... ဟိုက
သင်ခန်းစာပေးသွားပြီးပြီဟာ ..."

"ဟာဗျာ ... ဆရာသမားကလည်း ဒါက သတိတစ်ချက်
လေးလွတ်သွားလို့ပါဗျာ ..."

"ထားပါတော့ကွာ ... ကဲ ... မနက်စာအဆင်သင့်ဖြစ်ပြီ
လား ..."

"သီးစုံထမင်းကြော်ထားတယ်ဆရာ ..."

"အိုကေ ... မင်းသိပ်တော်တယ် ... ဆရာ့အကြိုက်ကို သိ
တယ် ..."

"ဒါပေါ့ ... ဆရာရဲ့ ... ကိုယ့်ဆရာသမားပဲဟာ ..."

နှစ်ဦးသား ပြိုင်တူရယ်မောလိုက်ကြပြီး မောင်
...င်းကြော်ထားသော ရှယ်လက်ရာမွှေးမွှေးကို သူမြိန်ယှက်စွာ
...စ်လိုက်မိသည်။ ပြီးနောက် မောင်သောင်းအသင့်ထုတ်ပေး
...သောကားနှင့် အလုပ်သွားရန် ကားပေါ်တက်လိုက်သည်။

"မောင်သောင်း ..."

"ဗျာ ... ဆရာ ..."

"မင်းအိမ်ကို လုံးဝဂရုစိုက်နော် ... အဲဒီ့မိန်းမက ငါ့ ... နောက်ထပ်လေးရက်တိတိ ဒုက္ခပေးဦးမှာ ... အလုပ်ရှင် ... တာထက် သူစိန်ခေါ်ထားတဲ့အတိုင်း မဖြစ်မြောက်အောင် ... တော့ အတတ်နိုင်ဆုံး တားဆီးရမှာပဲ ..."

"ကျွန်တော် သဘောပေါက်ပါတယ် ဆရာ ..."

"ကဲ ဒါဆို ... ငါသွားပြီ ..."

"ဟုတ်ကဲ့ ဆရာသမား ... ကားကို ဂရုစိုက်မောင်းနော်"

ကားပေါ်မှလက်ကလေးထောင်ပြကာ ဆရာသမားကတော့ မောင်းထွက်သွားလေပြီ။ မောင်သောင်းကလည်း တာဝန်ကျေသော တပည့်ပီပီ ဆရာသွားတာနှင့်ခြံတံခါးတွေကို သော့ခတ်၊ အိမ်တံခါးတွေကို အသေပိတ်၊ ဂိုထောင်တံခါးကအဆုံး အိမ်ပြတင်းပေါက်တွေအသေပိတ်ကာ အိမ်ထဲမှာ ဇိမ်နဲ့နှပ်နေလိုက်တော့၏။

အခုအချိန်မှာ ...

ဘယ်သူလာလာ၊ ဘာလာပေးပေး ဆောရီးပဲ။

မောင် သောင်းကိုတော့ ...

စိတ်ချယုံကြည်ရပေမယ့် အခုမှ မနက်ပိုင်းပဲရှိသေးတာ သိပ်တော့ စိတ်မချရသေး၊ ဝိုက်ဆိုတဲ့ မိန်းမက ရောက်ကို ရောက်လာဦးမှာပါပဲ။ အလုပ်ရောက်ရင် ရုံးက တပည့်လေးတစ်





...ကို မဖြစ်မနေ ကားနားမှာ စောင့်ကြည့်ခိုင်းရမယ်။ ဒါမှ ...တဲ့ မိန်းမ ဘာမှမတတ်နိုင်တော့မှာလေ။

ကားလေးကို ဂရုတစိုက်ပဲ မောင်းနေမိသည်။ စိတ် ...ိုက်ဆိုတဲ့အဖြူရောင်ကောင်မလေးကို အနိုင်ရအောင် ကြိုး...စိတ်တွေက ကြီးစိုးနေ၏။ ဒီနေ့တစ်နေ့လုံး မင်းကိုစောင့် ...နေမယ် ဝိုက်၊ မင်းပြောတဲ့စကားအတိုင်း တည်အောင် ကြိုး...းပေတော့ ဝိုက်ရေ။

သုံးရက်မြောက်နေ့အဖြစ် ...

ဆူးအပြည့်နဲ့ နှင်းဆီနီတစ်ပွင့်၊ လက်ကိုင်ပဝါ ဖြူလွ...ဘစ်ထည်၊ အင်္ဂလိပ်လို White ဟု စာတန်းအနက်ကလေး ...ထိုးထားသေး၏။

"မင်းကို သူအလွတ်ပေးမှာ မဟုတ်တော့ဘူးနော် ... အဖြူရောင် ... ဒီနေ့ ဘယ်လိုအရောက်ပို့ဖို့ စိတ်ကူးထားသလဲ"

နူးညံ့ကြည်မွေ့စွာ ပြုံးရင်း ...

ပြတင်းပေါက်မှန်ချပ်ကလေးဆီအကြည့်ကို ပို့ကာ "အချိန်တွေ အရမ်းစောနေသေးတယ် ယမုံ ... သူသတိထားပြီဆိုတော့ ပိုပြီးတောင် ကောင်းသွားတာပေါ့ ... ဒါမှ ကစားကွက်က ပိုလှသွားမှာ ... ကျွန်မလုပ်ရမယ့်အလုပ်ကို အစောကြီးကတည်းက စဉ်းစားထားပြီးသားပါ ... အခု

လုပ်ရမှာက အိပ်ရေးဝဝအိပ်မယ် ... နေ့လယ်ကျရင် ...
ဆိုင်တွေကိုသွားပြီး ... လိုအပ်တဲ့ ပစ္စည်းအနည်းအကျဉ်း...
မယ် ... နောက်မှ အလုပ်ပြင်ဆိုင်သွားကြမယ် ... မကော...
ဘူးလား ... "

"မင်း ကြောင်သွားပြီလား အဖြူရောင် ... ဒါမှမဟုတ် ...
ပျက်နေပြီလား ... သူ့ဆီကို ပစ္စည်းတွေ ဘယ်လိုအရော...
ပို့မှာလဲလို့ ... ကိုယ်မေးနေတာ မင်းပြောတဲ့အထဲမှာ အ...
ကိစ္စနဲ့ ပတ်သက်ပြီး ဘာမှလည်းမပါဘူး ... မင်းဆက်...
မလုပ်တော့ဘူးလား ... "

ယမုံက စိတ်ဆိုးမာန်ဆိုးရှိလှစွာပင် စားပွဲပေါ်တ...
ထားသော နှင်းဆီပွင့်ကလေးနှင့် ပုဝါစကလေးကို လက်ညှိုးထိုး...
လေလျှင် ကျွန်မကလည်း ခပ်ပြုံးပြုံးကလေးနှင့် ...

"ကျွန်မလုပ်ရမယ့် အဓိကက ဒါတွေ သူ့ဆီမရောက် ရော...
အောင်ပို့ဖို့ပဲ ... အဖြူရောင် ဘယ်တော့မှ သွေးမပျက်တ...
ဘူးဆိုတာ ယမုံသိပါတယ် ... အဖြူရောင်က ကြောက်သွေး...
တစ်စက်ပါရင်တောင် ဖောက်ထုတ်ပစ်ဖို့ ဝန်မလေး...
မိန်းမပါ ယမုံ ... "

"ဆောရီး ... ကိုယ်က စိုးရိမ်လို့ပါ ... မင်းရဲ့ရည်ရွယ်ချ...





...တွေ ဘာမဟုတ်တဲ့အကြောင်းလေးကြောင့် ပျက်စီးမသွား
စေချင်လို့ပါ ... "

"...းလည်းပါတယ် ... ယမုံရယ် ... "

ကျွန်မသည် စိတ်ကူးထားသည့်အတိုင်း ယမုံ့ကို တီး
...င်လိုက်သည်။ စောစောက ခပ်မှုံမှုံ မျက်နှာကလေးက
...ပြည့်ကြည်လင်လာ၏။ ကျွန်မစကားအဆုံး ယမုံက လက်
...ဝါးတီးကာ ...

"မင်းရဲ့စိတ်ကူး သိပ်ကောင်းတယ် အဖြူရောင် ... သိပ်
တော်တယ်ဟေ့ ... အရမ်းတော်တာပဲ ... "

ဟု အကျယ်ကြီး ထအော်ချီးကျူးလေတော့သည်။
...လည်း ကိုယ့်ရဲ့စိတ်ကူးကောင်းမှုကလေးအတွက် ဂုဏ်ယူ
...

"ဒီတစ်ခါလည်း ကြယ်တံခွန် ခံရဦးမယ်ဟေ့ ... "

"သူက အခုအချိန်မှာ ကျီးလန့်စာ စားဖြစ်ပြီး ... ကိုယ်တို့
ကို စောင့်ကြည့်နေမှာပဲ ယမုံ ... သူ့ရဲ့မအားလပ်ပါဘူးဆိုတဲ့
အချိန်တွေထဲမှာ အခုလို ကျွန်မအတွက် ထည့်ပြီးစဉ်းစား
နေရပြီဆိုတာနဲ့တင် ... ကျွန်မ အရမ်းကျေနပ်နေပြီ ယမုံ
ဒီနေ့တစ်နေ့တာလုံး ... သူစိတ်ဆင်းရဲကြီးစွာနဲ့ စောင့်ကြည့်
နေပါစေတော့ပဲ ယမုံရေ ... "

နှစ်ဦးသားပြိုင်တူ ရယ်မောလိုက်လေတော့သ

ကျွန်မ ဘယ်လောက်ထိ ပျော်ရွှင်နေသလဲဆိုတာ မမကို တွေ့

စေချင်လိုက်တာ။ ကျွန်မကြောင့် မမကိုဒုက္ခပေးခဲ့တဲ့လူကြီး

တွေညစ်နွမ်းရှုပ်ထွေးနေရပြီလေ။

မမ ကျေနပ်ပါတော့နော်။







ထူးဆန်းလိုက်ပါဘိ။

တစ်ချိန်လုံး စောင့်ကြည့်နေမိတဲ့ ပိုက်ဆိုတဲ့ မိန်း ေး ပို့နေကျ နှင်းဆီပန်းပွင့်တစ်ပွင့်နဲ့ ပဝါတစ်စကို အခုချိန်ထိ တာ မတွေ့ရသေး။ ကျွန်တော် စောင့်ကြည့်နေပြီဆိုတာသိလို့ လျှော့သွားတာလည်း ဖြစ်နိုင်ပါသည်။ ကျွန်တော့်ရဲ့အိမ် ည်း မှာထားပြီးသား။ တစ်ခုခုထူးခြားတာနဲ့ ဖုန်းဆက်ဆိုပြီး ့လေ။

မောင်းသောင်းဆီက ... အဆက်အသွယ် မလုပ် ည်းက ဟိုမှာလည်း အဆင်ပြေနေပုံပဲ။ ညနေစောင်းလို့ အလုပ် ဆင်းတော့မယ်။ ဒါဆိုရင်တော့ မဟုတ်သေးဘူး။ ဒီကောင်မ လွယ်လွယ်နဲ့တော့ အလျှော့ပေးတတ်တဲ့လူစားမျိုးတော့ ဘူး။

စဉ်းစားစရာပဲ။

အလုပ်မှာလည်း တစ်ချိန်လုံး သူမကိုစောင့်ကြည့် နေဖို့မှာခဲ့တာ၊ အခုတော့ အားလုံးအလကားပဲ။ အချို့အလုပ်သမ ကောင်လေးတွေကဆို ကျွန်တော့်စကားကို မယုံတစ်ဝက် ယုံတစ် ဝက်နဲ့ စောင့်ကြတာ။ ဆရာသမားကိုကြောက်လို့သာ ကွယ်ရာမှ အတင်းပြန်ပြောတာပင် ကြားရ၏။

"လူပျိုကြီးတော့ အရွယ်လွန်မှ သွားရှာပြီနဲ့တူတယ်ကွာ မိန်း ကလေးက ပန်းပေးမှာကြောက်လို့ ... စောင့်ကြည့်ခိုင်း တယ်လို့ ... ဘယ်လိုမိန်းကလေးဘက်ကစပြီး ကပ်မှာလဲ မဖြစ်နိုင်တာတွေ လျှောက်ပြီးစိတ်ကူးယဉ်နေတယ် ...

"အေးကွာ ... သူ့စိတ်ကူးယဉ်တာထက် ... ငါတို့ကကြား နေ အစစ်ပါပြီး ... စောင့်ကြည့်ပေးရတာ တစ်စက်ကလေး မှတောင် မနားရဘူး ... စံပါပဲကွာ ... "

တဲ့လေ ...၊ ဒီကောင်တွေပြောလည်း ပြောလော စရာပါပဲ ... ။ ဒီနေ့တစ်နေ့လုံး ကျွန်တော့်အမူအရာက သိသိသာ သာကြီးကို ပျက်နေတာလေ ... ။

ကားလေးကို ဂရုတစိုက် မောင်းနေရာမှ ...

ဟာ ...

ကျို ...

ကားဘရိတ်ကို သူအလောသုံးဆယ် ဆောင့်နင်းယ





သည်။ အဘယ်ကြောင့်ဆိုသော် ကားလမ်းမပေါ်ထိ ရုတ် ပြေးဝင်တားလာသော အရိပ်တစ်ခုကြောင့်ပင် ...

"ခင်ဗျား ဘယ်လိုလုပ်တာလဲ ... ဒီမှာ ဘရိတ်အုပ်မြန်လို့ သာပေါ့ ... မဟုတ်ရင် တိုက်မိပြီ ... ခင်ဗျားသေတာ အကြောင်းမဟုတ်ဘူး ... နေရင်းထိုင်ရင်း ကျွန်တော်ပါ ထောင်ကျနေပါဦးမယ် ... "

"တောင်း ... တောင်းပန်ပါတယ် အစ်ကိုကြီးရယ် ... ကျွန် ကျွန်မကို တစ်ခုလောက် ကူညီပါနော် ... အမေ ... အမေ လေ အရမ်းနေမကောင်းဖြစ်နေလို့ ... ဆေးရုံကိုပို့ချင်လွန်း လို့ပါ ... ကားကို တားနေတာ ကြာပါပြီ ... တစ်စီးမှ မရပ် ပေးကြဘူး ... ကူညီပါ အစ်ကိုကြီးရယ် ... "

အသံတုန်တုန်ကလေးနှင့် သူ့ကို တောင်းပန်နေ အမျိုးသမီးကိုကြည့်ပြီး စောစောက ဟောက်မိသောအဖြစ် အတွက် စိတ်မကောင်းပင်ဖြစ်သွားမိသည်။

မအေနေမကောင်းလို့ အရဲစွန့်ပြီး ကားကိုတားရ တော့ နားလည်မှုပေးရမှာပေါ့လေ ... ဘာပဲပြောပြော ကျွန် လည်း မာမီနဲ့ ဒက်ဒီတို့က နိုင်ငံခြားကိုရောက်နေကြတာ သာဆိုရင်လည်း ကိုယ့်မိဘအသက်အန္တရာယ်အတွက် ဒီ လုပ်မိမှာပါပဲ။

"အစ်ကိုကြီးရယ် ... ကူညီပါနော် ... နီးရာဆေးကုခန်းတစ်

ခုခုရောက်ရင် တော်ပါပြီ ... ကားခ ကြိုက်သလော
တောင်းပါ ... ကျွန်မပေးပါ့မယ် ... အရေးကြီးတာက အ
အမေ ... အဟင့် ... ဟင့် ... ဟင့် ... ”

ပြောနေရင်းမှ ကောင်မလေးက တအီးအီးနှင့်
ပါလေတော့သည်။ ကျွန်တော် ဘာလုပ်လို့ လုပ်ရမှန်းပင်မသိတော

“ဟာ ... ဟော့ ... ဟော့ ... မငိုနဲ့လေ ... လမ်းမကြီးမှာ
ကဲ ... ကဲ ... ဒီလောက်ဖြစ်နေရင်လည်း ငါလိုက်ပို့
မယ် ... မင်းအမေက ဘယ်မှာလဲ ... သွားခေါ်ချေ
ကားခကတော့ ကုသိုလ်အဖြစ်ပဲ ယူပါတော့မယ်ကွာ
သွား ... သွား ... မင်းအမေကို ခေါ်ခဲ့တော့ ... ”

“ကျေးဇူး ... ကျေးဇူးပါပဲရှင် ... ဟို ... ဟိုလေ ... အမေ
သိပ် ... သိပ်မထနိုင်လို့ ... ”

“သိပြီ ... သိပြီ ... ငါပါဝိုင်းပြီး တွဲရမယ်ပေါ့ ... ”

“ဟုတ် ... ဟုတ်ကဲ့ရှင့် ... ”

“ကဲ ... ဒါဆိုလည်း လာကွာ ... ”

ကောင်မလေးက ကျွန်တော့်ရှေ့ကနေ သူ့အ
ထိုင်မှီနေသော သစ်ပင်လေးဆီသို့ ဦးဆောင်ကာထွက်သွားလေ
ကျွန်တော်က အနောက်ကနေ ခြေလှမ်းသွက်သွက်လှမ်း
ကောင်မလေးရဲ့မိခင်ဆိုသော အသက်ခြောက်ဆယ်အရွယ်
ကိုယ်သေးသေး အဘွားကြီးကို ထူတွဲမကာ ကားဆီသို့တင်ပြီး





သေချာပိတ်ပေးလိုက်မိသည်။

ကောင်မလေးကလည်း ကျန်သော အထုပ်အပိုး
ကိုယူပြီး ကားပေါ်တက်ကာ သူ့အမေခေါင်းကလေးကို
ပြီး အားပေးစကားတွေ ဆိုနေ၏။

“ကိုယ် ... ဘယ်ဆေးရုံပို့ပေးရမလဲဟင် ... အပြင်ဆေးရုံဆို
ဖြစ်တယ်မို့လား ... ”

“ဟုတ်ကဲ့ ဖြစ်ပါတယ် ... အစ်ကိုကြီး ... ”

ကားကို ခပ်မြန်မြန်ကလေး မောင်းထွက်လာခဲ့
နောက်ကြည့်မှန်ကလေးထဲမှတစ်ဆင့် ကောင်မလေးနှင့် သူ့
သူ့လှမ်းကြည့်လိုက်မိသေးသည်။ ကောင်မလေးမျက်နှာ
မျက်ရည်စတွေနှင့်မို့ သူ့စိတ်မကောင်းဖြစ်လွန်း၍ ဆက်ပြီး
ကြည့်တော့ပေ။ ထို့ကြောင့် ကားကိုသာ အမြန်ဆုံးနှင့် အနီး
ဆေးခန်းသို့ရောက်အောင်သာ မောင်းနေမိတော့သည်။

“ကဲ ... ဆေးရုံရောက်ပြီ ... ”

“ဟုတ်ကဲ့ ... အစ်ကိုကြီး ကျေးဇူးပါပဲ ... အမေ ဆေးရုံ
ရောက်ပြီ ... ဆင်းနိုင်ရဲ့လားဟင် ... ”

“ရ ... ရပါတယ်ကွယ် ... ”

“ကိုယ်တွဲပို့ပေးရဦးမလား ကောင်မလေး ... ”

“ဟာ ... ရ ... ရပါတယ် ... ကျွန်မဖာသာပဲ တွဲတော့မယ်
... ခုလည်းတွေလည်း သိပ်မှမများတာ ... အစ်ကိုကြီးကို ကျေး

ရှုးတင်ပါတယ်နော် ... ”

“ရပါတယ်ကွာ ... ကဲ ... ဒါဆိုလည်း ကိုယ်သွားတော့မယ် နော် ... ”

“ဟုတ်ကဲ့ အစ်ကိုကြီး ... ”

ဆေးခန်းလေးဆီသို့ ဖြည်းဖြည်းချင်း လှမ်းလျှောက် နေသော သူမတို့သားအမိကိုကြည့်ပြီး သက်ပြင်းရှည်ကြီးချကာ ကားကိုပြန်ပြီး မောင်းထွက်ခဲ့မိတော့သည်။

ဘာပဲပြောပြော ...

ဒုက္ခရောက်နေတဲ့သူကို ကယ်တင်လိုက်ရတာ စိတ် ချမ်းသာစရာအကောင်းဆုံးပါပဲ။ ရင်ထဲမှာ ပီတိတို့က လှိုင်းထန်လို့ နေဆဲ။ မျက်ဝန်းလေးတွေ စိုလက်လို့၊ သူ့နှုတ်ခမ်းသားလေးတွေ လည်း ပြုံးနေတယ်ထင်ပါရဲ့။







အခန်း ( ၄ )

“သွားပြီ ... ငါခံလိုက်ရပြန်ပြီကွာ ... တောက် ... ငါ တစ် ပတ်ရိုက်ခံရပြန်ပြီ ... ”

“ဗျာ ... ဆရာသမား ... ဘာတွေခံရပြီး ဘယ်သူက တစ် ပတ်ရိုက်သွားတာလဲ ... ”

“ဘယ်သူရှိရမှာလဲ ... ဒီမှာကြည့်ဦးကွာ ... ဒီမိန်းမက ငါ့ကို ပညာပေးသွားပြန်ပြီ ... ”

ကားနောက်ခုံပေါ်တွင် ကျနစ္စာ တင်ထားခဲ့သော ...င်းဆီတစ်ပွင့်နှင့် လက်ကိုင်ပဝါအဖြူလေးတစ်ထည်။ စောစောက ...အမိထိုင်သွားခဲ့သော နေရာကလေးမှာပဲ ရှိနေတာဆိုတော့ ဒီ ...မ ဘယ်အချိန်ကများ လာထည့်သွားရတာလဲ ... အိမ်ရောက်

တော့ ကားထဲ ဘာပစ္စည်းတွေများ ရှိဦးမလဲ လိုက်စစ်တော့မှ တွေ့
ရှော်။

တစ်ချိန်လုံး ကျွန်တော် အလစ်မပေးစတမ်း စော
ကြည့်နေခဲ့တာပါ။ သတိလက်လွတ်ဖြစ်သွားတာဆိုလို့ ကော
လေးရဲ့အမေကို သွားတွဲပေးကာနီး တံခါးကို မပိတ်မိသည့်အ
ကလေးပဲရှိတာလေ။

ဒါကို ...

သူမက ကားထဲ နေ့မကူးအောင် လာထားနိုင်
တယ်ဆိုတော့ တော်တော်လေး ထူးခြားတာပါပဲလား ... တော
တော်လျှင်တဲ့ ဝိုက်ပဲ။ ဆိုးတော့ မဆိုးဘူး၊ သူမက ပြောထား
အတိုင်း သိပ်ပြီး ကတိတည်တာပဲ။ မထင်မှတ်တဲ့အချိန်မှာ တစ်
တာ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ပြ၏။

"ဆရာသမားကို သုံးရက်မြောက်တိတိ ပို့ပေးခဲ့ပြီနော် ...
သိပ်တော့ ထူးဆန်းတာပဲ ဆရာသမားရဲ့ ... စဉ်းစား
တော့ ကောင်းနေပြီ ... ဒီအမျိုးသမီးက ဘာကြောင့် ဒါ
မရောက်ရောက်အောင် ပေးရတာလဲ ... ဆရာသမား
စိတ်ဝင်စားလို့လား ... ဟင့်အင်း ... ဒါလည်းမဖြစ်နိုင်ဘူ
ဘယ်လိုလူမျိုးက ကိုယ်နှစ်သက်မြတ်နိုးနေတဲ့လူတ
ယောက်ကို စိတ်တွေရှုပ်ထွေးအောင် လုပ်ရက်မှာမဟု
ဘူး ... ဒါဆို ... ဆရာ့ကို ရန်ငြိုးရှိလို့များ တမင် ..."





"ဟာ ... လုံးဝမဖြစ်နိုင်ပါဘူးကွာ ... ငါ ဘယ်မိန်းမနဲ့မှ
ပတ်သက်ဘူး ... ဘယ်တုန်းကမှလည်း ရန်မဖြစ်ခဲ့ဖူးပါဘူး
ကွာ ..."

"ဒါဆို ဆရာမနှစ်သက်ပါဘူးဆိုတဲ့ ... နှင်းဆီနဲ့ အခုလိုလုပ်
ရပ်ကို ဘာ့ကြောင့်ရပ်မပစ်ရသလဲ ဆရာသမား ..."

"အဲဒါ ငါလည်းမသိတော့ပါဘူးကွာ ..."

ကလင် ... ကလင်။

ကလင် ... ။

"ဟော ... ဖုန်းလာနေပြီ ... ဆရာသမားပဲကိုင်လိုက် ...
သေချာတာကတော့ ဖုန်းဆက်တာက ဟိုမိန်းမပဲ ဖြစ်ရ
မယ် ..."

"ဘာ ... ဘယ်မိန်းမလဲ ..."

"ဝိုက်လေ ..."

"ဘာ ..."

"ဒါ ... သူ့ထုံးစံပဲဟာ ... သူက အမြဲတမ်းလုပ်ပြီးတာနဲ့
သူပါဆိုပြီး ဝန်ခံတတ်တာပဲဟာ ... ဆရာသမားကိုင်လိုက်ပါ
လူမမှားစေရဘူး ..."

"တော်ပါပြီကွာ ... သူသာ တကယ်ဆိုလည်း နားကို

မထောင်ချင်တော့ပါဘူး … ထားလိုက်တော့ကွာ …

"ဟာ … ဘယ်ဖြစ်မလဲ … ဆရာသမား ကိုင်လိုက်ပါ

ဒါမှ သူပြောပြလို့ ကိုယ့်အားနည်းချက်တွေကို သိရမှာ

တပည့်ကိုင်လည်း ဆရာသမားကိုပဲ ခေါ်ခိုင်းနေမှာပဲ

ကိုင်လိုက် ဆရာသမား … "

မောင်သောင်းပြောတာလည်း မှန်နေသဖြင့် ဘာ

အထွန့်တက်မနေတော့ဘဲ ဖုန်းခွက်ကလေးကို ကောက်နားထော

လိုက်မိတော့သည်။

"ကျေးဇူးအများကြီးတင်ပါတယ် အစ်ကိုကြီး … "

"ဟေ … "

"ကျွန်မကို မမှတ်မိတော့ဘူးလားဟင် … "

"ငါ မသိဘူးကွ … မင်းဘယ်သူလဲ … "

"အစ်ကိုကြီးပဲ ကျွန်မကို စောစောကလေးကတင် ဆေး

ပို့ပေးခဲ့သေးတယ်လေ … မမှတ်မိဘူးလား … "

"ဪ ဟုတ်ပြီ … မှတ်မိပြီ … ဘယ်လိုလဲ … မင်းအ

ရဲ့အခြေအနေ … "

"ရှင် … "

"မင်းအမေလေ … သက်သာသွားပြီလားလို့ … "





"အဟင့် … ဟင့် … စောစောက ကျွန်မနဲ့အတူရှိနေတဲ့လူ

လား … အဲဒါ ကျွန်မအမေမဟုတ်ဘူးရှင့် … ကျွန်မရဲ့သူငယ်

ချင်းပါ … "

ကောင်မလေးစကားကြောင့် သူ နားရှုပ်သွားရပြီ။

ဘွားကြီးကို သူမကပဲ အမေဟုခေါ်ပြီး အခု မဟုတ်ပြန်ဘူးတဲ့

ယ်ချင်းတဲ့လေ။ လုံးဝမဖြစ်နိုင်၊ ဒီအရွယ်နဲ့ ဒီအရွယ်၊ ဘယ်လို

သူငယ်ချင်းဖြစ်နိုင်မှာလဲ။ သူ့အမေတစ်ခုခုဖြစ်လို့များ ကောင်

း ကြောင်သွားတာလား။

ဟာ …

အခုမှ သတိရတယ်။

"ဒါနဲ့ … မင်း ငါ့အိမ်ဖုန်းနံပါတ်ကို ဘယ်ကရသလဲ … သေ

ချာတာကတော့ ငါမင်းကို ပေးမထားခဲ့မိပါဘူး … မင်း

ဘယ်ကရပြီး အခု ဘယ်နေရာကနေ ဆက်နေတာလဲ … "

"ကျွန်မသူငယ်ချင်းဆီက ရလို့ ဆက်တာလေ … သူက

ကျွန်မကူညီမှုရမယ်ဆိုပြီး အပူကပ်လို့ လုပ်ပေးရတာ …

အခု သူရှိနေတယ်လေ … ခဏလေးနော် … သူပြောလိမ့်

မယ် … "

ကောင်မလေးက ဖုန်းကိုတစ်စုံတစ်ယောက်အား

ခပ်တိုးတိုးစကားပြောရင်း လွဲပေးလိုက်သံ ကြားလိုက်ရသည်။ ဘာ
တွေလဲ ကျွန်တော်ကူညီခဲ့တဲ့ ကိစ္စတစ်ခုမှာ လွဲချော်မှုရှိနေတာ
သေချာပြီ။

ယမုံလှမ်းပေးသော ဖုန်းခွက်ကလေးကိုယူကာ
အဖြူရောင် နားထောင်လိုက်သည်။

"ဦးကြယ်တံခွန် ... ကျွန်မကိုတောင် မမှတ်မိတော့ဘူးလား
ဟင် ... "

"ဝိုက် ... မင်း ... မင်း ... ဝိုက်ပဲ ... "

"သိပ်ဟုတ်တာပေါ့ရှင် ... ကျွန်မ ဝိုက်ပဲ ... ကဲ ဘယ်လိုလဲ
ကျွန်မထားခဲ့တဲ့ နှင်းဆီပန်းနဲ့ လက်ကိုင်ပဝါလေးရဲ့လား
ဒီနေ့ သုံးရက်မြောက်နေ့ ရောက်ပြီနော် ... နောက်ထပ်
လေးရက်ကြီးများတောင် ... ကျန်နေသေးတယ် ... အဟီး
ဟီး ... စိတ်လှုပ်ရှားစရာကြီးပဲ ... ဦးကြယ်တံခွန်ကတော့
ထင်မှာပနော် ... ဒီနေ့တော့ ကောင်မလေး ငါ့ဆီအရောက်
ပို့နိုင်မှာ မဟုတ်တော့ဘူးလို့လေ ... "

"ဒီမှာ ဝိုက် ... မင်းကိုယ်မင်း သိပ်ပြီး ဟုတ်လှပြီလို့ ထင်
မနေစမ်းပါနဲ့ ... ငါလမ်းမှ မင်းရဲ့သူငယ်ချင်းသားအမိက်
သဘောထားကြီးကြီးနဲ့ ကူညီခဲ့လို့သာ မင်းအတွက် အခွင့်





အရေးရသွားတာပါ ... နောက်ရက်တွေမှာ မင်းစောင့်ကြည့်
လိုက်ဦး ... သိလား ... "

"ရှက်ရမ်းရမ်းပြီ ... ကိုယ်ညံ့လို့ ခံရတာကို ဖုံးဖိမနေချင်စမ်း
ပါနဲ့ရှင် ... ကျွန်မက တစ်ချိန်လုံး ရှင့်ကားပေါ်မှာ အတူတူ
ရှိနေတာ ... အဲဒါ ရှင်သတိထားမိလို့လား ... "

"ဘာ ... မဖြစ်နိုင်ဘူး ... မဖြစ်နိုင်ဘူး ... "

"သိပ်ဖြစ်တာပေါ့ ... ဘယ်လိုလဲ ... မိတ်ကပ်ပညာရှင်၊
အလှဖန်တီးရှင်များရဲ့အစွမ်းအစကို တွေ့ပြီမဟုတ်လား"

"ဟင် ... ဒါ ... ဒါဆို ... ဟို ... နေ ... နေမကောင်းတဲ့
အဘွားကြီးက ... "

"ကျွန်မပဲပေါ့ ... ဦးကြယ်တံခွန်ရယ် ... ရှင်ကိုယ်တိုင်တွဲမပြီး
ကျွန်မ ရှင့်ကားပေါ်မှာ ပစ္စည်းလေးတွေ ထားနိုင်အောင်
ကူညီခဲ့တာလေ ... "

သေစမ်းကွာ ... ။

သူ့နှဖူးပြင်ကို လက်ဖဝါးနှင့် ရိုက်လိုက်မိတော့သည်။
...ခါတော့ သူမကို ကျွန်တော်ကိုယ်တိုင် အခွင့်အရေးပေးလိုက်
...ကိုး ခံရတာတောင် နည်းသေးတယ်ကွာ။

"မင်းသိပ်ပြီး ကလိမ်ကကျစ်ဉာဏ်လည်း ရှိတာပဲနော် ..."

"တော်တယ်လို့ နားထောင်ကောင်းအောင် ပြောစမ်းပါ
ချီးကျူးတာတောင် အနှောင့်အသွားက မလွတ်ဘူး ...
"တော်စမ်းပါကွာ ... မင်းဘယ်သူလဲ ပို့က် ... ဘယ်မှာ
လဲ ... ဘာအဓိပ္ပါယ်နဲ့ အခုလိုလုပ်နေရတာလဲ ... အဲဒါ
အားလုံး ငါရှင်းရှင်းလင်းလင်းသိချင်တယ် ..."
"ကျွန်မက လူလေ ... ဘယ်မှာနေလဲဆိုတော့ လူ့လော
မှာ နေတာပေါ့ ... အဲ ... ဘာအဓိပ္ပါယ်လဲဆိုတာ
အခု မဖြေသေးဘူး ... နောက်တော့ ရှင်းရှင်းလင်းလင်း
ကို သိစေရမှာပေါ့ ..."
"မင်းကွာ ... တောက် ..."
"ကဲ ... ကဲ ... ဒီနေ့တော့ ဒီလောက်ပဲနော် ဦးကြယ်တံ
တစ်ဘက်ကနေ ဖုန်းချသွားချေပြီ။
မင်းဘယ်လိုမိန်းကလေးလဲ ပို့က်ရယ်၊ ဘာကြော
အခုလို ပဟေဠိဆန်တဲ့ လုပ်ရပ်တွေနဲ့ ငါ့စိတ်တွေ၊ ငါ့အတွေးတွေ
ဖမ်းစားချင်ရတာလဲ။ မိန်းမတစ်ယောက်ကို စိတ်ဝင်စားဖို့နေ
သာသာ ပတ်သက်ဖို့တောင် စိတ်ကူးမယဉ်တတ်တဲ့ငါ့မှာ အခု
မင်းဘယ်အချိန်မှာ ဘယ်လိုပုံစံမျိုးနဲ့ ရှိနေမလဲဆိုတာ အတွေး
ကူးတွေနဲ့ ရှုတ်ယှက်ခတ်နေရပြီ။





မင်းနဲ့ ငါ့ကြားမှာ ...
တစ်စုံတစ်ခုတော့ လွဲချော်မှုတွေ ရှိနေပြီ။
အာရုံထဲမှာ ...
သူ ဖေးမတွယ်တင်ပေးခဲ့သော အဘွားကြီးရဲ့ပုံရိပ်
အဲဒါ ပို့က်ပဲတဲ့လေ။ အဝတ်အစားညစ်နွမ်းနွမ်းကြီးနဲ့ ဆံထုံး
...တောင် လျော့ရဲရဲနှင့် ...
မိတ်ကပ်ရဲ့အစွမ်းကတော့ ထက်ပါပေ့။
မင်းတော်တယ် ပို့က် ... ။
မထင်မှတ်လောက်စရာ အတွေးစိတ်ကူးမျိုးကိုမှ
... ရှာကြံစဉ်းစားတတ်တယ်။ ငါ့အဖြစ်ကို မင်းတို့ဟားနေကြ
...ပြီ၊ တကယ့်ကို အဖြူစင်ဆုံးစေတနာနဲ့ ကူညီခဲ့မှုအပေါ် မင်း
...ဟားတိုက်နေကြမှာပါပဲ။
ငါ သိပ်ညံ့တယ်ဆိုတာ ဝန်ခံပါတယ်။
အဓိက ...
မိန်းမတွေနဲ့ အရောတဝင်မရှိတဲ့အတွက် မင်းတို့
...တွေရဲ့ မာယာတွေကို ငါဘယ်လိုမှ မမှန်းတတ်တာ သိပ်တော့
...ပေမယ့် အခုလို ကိုယ်ညံ့တာ ကိုယ်ခံလိုက်ရတာကြီးကို
... ပြန်ပြီးတော့ ဖွင့်ပြတော့ ကိုယ်အောက်တာပေါ့ကွာ။

သူတစ်ပါးရဲ့အားနည်းချက်ကို မင်းက ပြင်းပြင်းထန်ထန်ထိုးနှ
တာ သိပ်မတရားရာ ကျလွန်းတယ်။

တကယ်ဆို ... မင်းနဲ့ ငါဟာ အဝေးကြီးပါ။

မင်းအကြောင်းလည်း ငါမသိဘူး။ ငါသိတဲ့ မိတ်ဆွေ
အပေါင်းအသင်းတွေထဲမှာလည်း မင်းနဲ့ နည်းနည်းလေးမှ ပတ်သ
ဆက်နွယ်နေတာ မရှိပါဘူး။ မောင်သောင်းပြောသလိုပဲ မင်းဟာ
တစ်စုံတစ်ခုခုသော မုန်းတီးခြင်းတွေနဲ့ ငါ့ကို အခုလို စိတ်အနှော
အယှက်ပေးနေတာများလားကွာ။

ခေါင်းစားတယ် ဗိုက်ရယ်။

မင်းကို ...

ငါ မျက်နှာချင်းဆိုင် တွေ့ဖူးချင်ပါတယ်။







## အခန်း ( ၅ )

စတုတ္ထမြောက်နေ့ ... ။

"ဆရာ ..."

"ဟေ ..."

"အစည်းအဝေးသွားတတ်တာ အိုကေခဲ့ရဲ့လား ..."

တပည့်ကျော် ညိုထွန်း ... ကျွန်တော့်ကို မြင်မြင်ချင်း
မေးနေ၏။

"အိုကေပါတယ်ကွ ... အစောကြီးကတည်းက နိုင်ငံခြားက
သွင်းမယ့် အလှပြင်ပစ္စည်းမျိုးစုံကို ... ဒီကုမ္ပဏီကနေ
တစ်ဦးတည်း ကိုယ်စားလှယ်ဖြစ်ဖို့ သူတို့ကမ်းလှမ်းပြီး
သားပဲဟာ ... အခု အသေးစိတ် ကိုယ်လိုချင်တဲ့အချက်တွေ

တင်ပြခဲ့တယ် ... သူတို့ဘက်ကလည်း လက်ခံပါတယ် ...
အားလုံး ကိုယ့်သဘောဆန္ဒအတိုင်းပါပဲ ... "

"ဒါဆိုရင်တော့ ... ဝမ်းသာစရာပါပဲ ဆရာရယ် ... "

"ဩော် ... ဒါနဲ့ ကိုယ့်ဆီ ဘယ်သူတွေများ လာသေး...
ပြီးတော့ မင်းကိုစောင့်ကြည့်ခိုင်းထားတဲ့ ကိစ္စရော အ...
အနေ ဘယ်လိုရှိလဲ ... "

"ဘာမှမထူးခြားပါဘူး ဆရာရယ် ... ဘာပန်းမှလည်း မ...
ဘူး ... လာလည်း မထားပါဘူး ... "

"အေးကွာ ... သေချာစောင့်ကြည့်ထား ... သူလာ...
လာမှာကွ ... မောင်ထွေးကိုလည်း ငါ့ကားအနား...
ဘယ်သူကပ်သလဲဆိုတာ သေချာစောင့်ကြည့်ခိုင်းထား...
လုံးဝသတိမလစ်စေနဲ့ ... ဒီနေ့ စတုတ္ထနေ့ပဲ ... သူလာ...
လာမှာကွ ... "

"ဆရာကတော့ တကယ့်ကို ကဗျာဆန်နေတာပဲဗျာ"

"ဘာလဲကွ ... "

"ကောင်မလေးဘက်ကစပြီး အခုလိုလုပ်တာဆိုလို့ ဆ...
တစ်ယောက်ပဲ ရှိဦးမယ်ထင်တယ် ... "

"တော်ပါကွာ ... စိတ်ရှုပ်စရာကြီးများ ... မင်းက ကြား...
နေ ဝင်ပြီး အားကျချင်သေးလား ... "

"ဟာဗျာ ကျတာပေါ့ ... ကျွန်တော်ဆိုတဲ့ ညိုထွန်းကို ဒါ...

...ာလုပ်ကြည့်ပါလား ... လုပတဲ့ ဓာတ်လမ်းတွေတောင်
ဖြစ်သွားဦးမှာ ... ဆရာက လူပျိုကြီးဆိုတဲ့ ဂုဏ်ပုဒ်ကြီး
အောက်မှာ ဟန်ကြီးတစ်ခွဲသားနဲ့ နေချင်နေသေးတယ်၊
ဘာဖြစ်တာမှတ်လို့ ဆရာရယ် ... ကဗျာလေးလာရင် ကိုယ်
...က ကာရံလေးတပ်လိုက်ပေါ့ ... ဟုတ်ဘူးလား ... "

"တော် ... တော်ပါကွာ ... ငါ့ကိုလာပြီး မြှောက်ပင့်မနေစမ်း
...နဲ့ ... ဒီအတိုင်း အေးအေးဆေးဆေးနေပါရစေကွာ ...
သွား ... သွား ... ဟိုကောင် မောင်သောင်းကိုလည်း သွား
သတိပေးထားဦး ... "

"ဟုတ်ကဲ့ ဆရာ ... ကျွန်တော် အခုလေးတင်ပဲ သွားလိုက်
...မယ် ... "

"အေးကွာ ... ပြီးရင် သံပရာရည် အေးအေးလေးတစ်ခွက်
လောက် ငါ့အခန်းကို ပို့ပေးပါဦး ... "

"ဟုတ်ကဲ့ ဆရာ ... "

မောင်ညိုထွန်းဆိုတဲ့ တပည့်ကလေး ... ကျွန်တော့်
...နေ သွက်လက်သောခြေလှမ်းများနှင့် ချာခနဲ လှည့်ထွက်
...ပြီ။ ဒီကောင် တကယ်မလွယ်တဲ့ကောင်။ မင်းက ပိုက်
...င်း ဘာမှမသိဘဲနဲ့များ ငါ့ကိုဓာတ်လမ်းရှာခိုင်းသေးတယ်။

အပြင်က ပြန်လာသည်မို့ အေးဆေးနားရန် သူ့ရုံး

ခန်းကလေးထဲသို့ ဝင်ခဲ့မိ၏။ တံခါးကို ပြန်ပိတ်ကာ စားပွဲဆီ
အကြည့်များက အရောက် ...

အံ့သြခြင်း ...

မယုံကြည်နိုင်ခြင်းများနှင့် ...

မင်သက်သွားရတော့သည်။

စားပွဲလေးပေါ်တွင် ကျနစွာတင်ထားသော ...
ခေါက်ကလေးပေါ်မှ နှင်းဆီလေးတစ်ပွင့်။

ဆူးတွေကတော့ အပြည့်အသိပ်ပဲ။

"ညိုထွန်း ... ညိုထွန်း ... ဟော့ကောင်-ညိုထွန်း ... လာ
ဒီကို အမြန်လာခဲ့စမ်း ... "

ရုံးခန်းထဲကနေ တပည့်ညိုထွန်းကို အမြန်လှမ်းခေါ်
လိုက်ရ၏။

သူ ဘယ်လောက်အထိ တုန်လှုပ်ချောက်ချား
စွတ်အော်ခေါ်မိသလဲတော့ မသိ။ ညိုထွန်း အပြေးအလွှားဝင်လာ
တာပင် သတိမထားမိလောက်အောင် ထပ်တလဲလဲအော်ခေါ်နေမိ
၏။

"ညိုထွန်း ... ညိုထွန်း ... "

"ဆ ... ဆရာ ... "

"ဘာဖြစ်တာလဲ ... ဘာဖြစ်တာလဲဟင် ... ကျွန်တော်ရှိနေ





ဘယ် ... ဆရာ ... "

"ဒါ ... ဒါတွေ ... ဘယ်သူလာထားသွားတာလဲ ... ပြောစမ်း
...င်းပြောတော့ ငါ့အခန်းထဲ ဘယ်သူမှ မဝင်လာခဲ့ဘူးဆို"

"ဟာ ... "

ညိုထွန်း ပါးစပ်အဟောင်းသားဖြစ်သွားရပြီ။

နှင်းဆီအနီရဲရဲတစ်ပွင့်က ညိုထွန်းကို လှောင်ပြောင်
...နေလေရဲ့။ မလွှဲဖယ်ရဲလောက်အောင် ထိုအရာက ညို့ယူလို့
...ပြီ။

"ညိုထွန်း ... "

ဆရာသမားရဲ့အသံက မာထန်လို့နေပြီ။

"ကျွန် ... ကျွန်တော် ... မ ... မသိ ... "

"တောက် ... မင်းညံ့တဲ့ကောင်ပဲ ... ငါပြောထားလျက်နဲ့
...ားကွာမင်းကို သေချာစောင့်ကြည့်ထားပါဆိုမှ ... ကြည့်
...မ်း ... ခုတော့ ငါ့အခန်းထဲကိုတောင် ရောက်နေပြီ ...
...င်းပြောတော့ ငါ့ဆီကို ဘယ်သူမှမလာဘူးဆို ... "

"ဟုတ်တယ်လေ ဆရာ ... ဗိုက်ဆိုတဲ့ ကောင်မလေးက
...လိုလုပ်တတ်တယ်ဆိုလို့ သေချာစောင့်ကြည့်နေခဲ့တာ ...
...ာ အခုမှသတိရတယ် ... ဟာသွားပါပြီ ... ကျွန်တော်
...စ်ပတ်ရိုက်တာ ခံလိုက်ရပြီ ဆရာ ... "

"ဘာလဲကွ ... မင်းဘာကိုပြောချင်တာလဲ ..."

အလောတကြီး မေးလိုက်သောကြောင့် ညိုထူး

မျက်နှာငယ်လေးနှင့် ဆရာ့မျက်နှာကို ကြည့်ကာ ...

"ဆရာမရောက်ခင် ခပ်စောစောပိုင်းက ... ဆရာ့အ

အဒေါ်ကြီးတစ်ယောက်လာတယ် ဆရာ ... သူက ဒီ

ဆရာ့မှာ အစည်းအဝေးသွားစရာရှိတယ်ဆိုတာ သိတယ်

အိမ်မှာ ဟန်းဖုန်းကျန်နေခဲ့တာ ဆရာ့အတွက် အသုံးလို

မယ်ဆိုတာ သိလို့ ... အမြန်လာပေးတာတဲ့လေ ... ဆ

ကို မတွေ့လည်း ကိစ္စမရှိပါဘူးတဲ့ ... ဟန်းဖုန်းကို ဆ

အခန်းထဲမှာ ထားသွားတယ်လို့ ပြောပါဆိုပြီး အခန်း

ဝင်သွားတာပဲ ... သူခဏလေးတင်ပဲ ပြန်ထွက်လာတ

ဆရာရဲ့ ... သူ့မှာလည်း အလုပ်ကိစ္စရှိနေသေးလို့ဆိုပြီး ပြ

သွားတာပဲ ..."

"အဲဒီအမျိုးသမီးက ဘယ်လိုပုံစံလဲ ... မှတ်မိလား ..."

"အင်း ... အသားဖြူဖြူ ... အရိပ်မနိမ့်မမြင့် ... မျက်မှ

ကိုယ်လုံးကိုယ်ပေါက်က ကြည့်ကောင်းတယ် ဆရာ ... ခ

သွယ်သွယ်ထဲကပဲ ... ဆံထုံးကြီးနဲ့ ပြီးတော့ မျက်နှာ

တော့ ကျောက်ပေါက်မာတွေလား မသိပါဘူး ဆရာ

တော်တော်ကြမ်းတာပဲ ..."





ဝိုက် ...

မင်း အနိုင်ရသွားပြန်ပြီပေါ့ကွာ။

လျှင်လိုက်တဲ့ မိန်းမ ...

ကျွန်တော်အစည်းအဝေးသွားစရာရှိတာကို သူမ သိ

ပြန်ရောက်လောက်မယ့်အချိန်နဲ့ကပ်ပြီး ညိုထွန်းကို မျက်

ပြသွားတာ။ ဒီတစ်ခါလွတ်သွားတာ နာတယ်ကွာ။ ဒီ

သေချာစောင့်ကြည့်နေတဲ့သူတွေကြားကနေ မင်း အခုလို

နိုင်တာ ငါ ချီးကျူးပါတယ် ဝိုက်ရယ် ...

ထိုနေ့ကလည်း ...

တယ်လီဖုန်းထဲတွင် ဝိုက်ရဲ့ရယ်မောလှောင်ပြောင်

တွေကို အခံရခက်စွာဖြင့် ကြားလိုက်ရပါသည်။ သူမကို

ပို့ပေးတဲ့နေ့က ကျွန်တော့်ဟန်းဖုန်းကို ဖင်ထိုင်ခုံနံဘေးရှိ

တ်လက်ကိုင်နားတွင် မေ့လျော့ချခဲ့မိစဉ်က သူမ အသာ

ယူဆောင်သွားနိုင်ခဲ့ပြီလေ။

ကျွန်တော်ထင်မိတာက ...

တစ်နေရာရာမှာမေ့ပြီး ထားခဲ့မိသလား၊ ဒါမှမဟုတ်

က်သွားသလားလို့။ သူမက အကြံကြီးစွာနဲ့ ယူသွားတာကို

သူမရဲ့လုပ်ရမယ့်အလုပ်အတွက် အစောကြီးကတည်းက

အကွက်ချထားပြီးသားပဲ။

ဒါကြောင့်လည်း ...

ကျွန်တော့်ဟန်းဖုန်းကို ထောင်ပြတော့ ညိုထွန်း ခုတ်မိပြီး အသာတကြည် ဝင်ခွင့်ပေးလိုက်တာကိုး။ တော်တော် လည်တဲ့ ဗိုက်ပဲ။ ရုပ်ဖျက်တဲ့နေရာမှာလည်း တော်သလားမနေ

အခုထိ ...

ဗိုက်ဆိုတဲ့ အမျိုးသမီးရဲ့ မူရင်းမျက်နှာကို လုံးဝ ဆလို့မရသေးချေ။ သူမကပဲ တော်လွန်းနေလို့လား၊ ကျွန်တော် အားလုံးကပဲ ညံ့ဖျင်းနေလို့လား၊ သူမတစ်ပတ်တိတိရအောင် မယ်လို့ ကြွေးကြော်ထားတာတောင် အခုထိ မိအောင်မဖမ်းနိုင် သေးပေ။

သူမက ...

ဖြောင်စိန်ခေါ်တာပါ။ လက်သီးပုန်းထိုးတာတော့ မဟုတ်။ ဒါကို ကျွန်တော်တို့ ပြန်မထိုးနိုင်ယုံတင်မကဘဲ သူမ ထိုးချက်ကို မရှောင်နိုင်ဘူးဆိုတာ တော်တော်လေးရှက်စရာကောင်း လွန်းနေပါပြီ။

ဖုန်းခွက်ထဲကနေ ...

သူမ ဘယ်လိုလှလှပပကလေး သရုပ်ဆောင်ပြသွား တယ်ဆိုတာကို ဂုဏ်ယူဝင့်ကြွားသွားပုံက အမြင်ကတ်ချင်စရာပဲ

ဘာပဲပြောပြော ...





မင်းကို တစ်နေ့ တစ်နေ့ စောင့်ကြည့်နေရတာနဲ့ပဲ ...ုင်းစရာကောင်းတဲ့အချိန်တွေဟာ တထိတ်ထိတ်နဲ့ ကုန်မှန်း ...ုန်ဆုံးသွားတာကိုတော့ ဝန်ခံပါတယ်။

စိတ်ဝင်စားစရာကစားပွဲလေးကို ...

မင်းနဲ့အတူ ငါဟာ ပါဝင်ပြီးကစားမိလို့ ကစားမိနေ ...င် သတိမထားမိတော့ပါဘူး ဗိုက်ရယ်။

ဘာပဲပြောပြော ...

ငါ့စိတ်တွေမှာ မင်းလာထားမယ့် နှင်းဆီပွင့်တစ်ပွင့် ...စ်စရဲ့ ပဟေဠိကလေးက စွဲထင်နေပြီလေ။

ငါးရက်မြောက်နေ့မှာ ...

ဘယ်လိုစိတ်လှုပ်ရှားစရာကောင်းတဲ့ ပုံစံမျိုးနဲ့ မင်း ...ဦးမလဲဆိုတာ ငါစောင့်ကြည့်ဦးမယ်။ မင်းကလည်း မင်း ...တိုင်း ကြိုးစားသလို၊ ငါကလည်း ငါ့ရဲ့ထုံးစံအတိုင်း မင်းကို ...စောင့်ဖမ်းဖို့ ကြိုးစားမှာပဲ။

ညိုထွန်းကတော့ ...

စိတ်မကောင်းကြီးစွာနဲ့ကို တောင်းပန်တာပါ။

ကျွန်တော်အပြစ်မတင်ရက်ပါဘူး။ ဘာဖြစ်လို့လဲဆို ...တော်ကိုယ်တိုင်တောင်မှ သူမကို ကိုယ့်ကားပေါ်တွဲမတင် ...ောင် ဆေးခန်းအထိ ပို့ပေးမိခဲ့ရသေးတာပဲလေ။

"ညိုထွန်း ... မင်းသွားတော့ကွာ ... မင်းကိုငါ အပြစ်မ
ပါဘူး ... အအေးတစ်ခွက်သာ အမြန်ယူခဲ့ကွာ ..."

ဟုသာ မှာနိုင်တော့သည်။

လူကတော့ ...

အရုပ်ကြိုးပြတ်သလို ထိုင်ခုံပေါ်သို့ ဝုန်းခနဲ ပြိုလဲ
သွားလေတော့သည်။

ဗိုက် ...

မင်းအနိုင်ရသွားပြန်ပြီပေါ့နော်။







## အခန်း ( ၆ )

ပဥ္စမမြောက်နေ့ ...

ဒီတစ်ခါတော့ ...

ကျွန်တော်စိတ်လွတ်ကိုယ်လွတ် ရူပါမားကတ်တွင် ...းဝယ်ထွက်နေလိုက်တော့သည်။ ဒီမိန်းမအကြောင်းကို ကုမ္ပဏီ ...သူအတော်များများသိနေကြပြီမို့ ဆရာသမားကို မျက်နှာရအောင် ...ဘွန်းမှစ၍ အလုပ်သမားအားလုံး သတိရှိသွားလေပြီ။

စောင့်ကြည့်ပြီး ဖမ်းမှာပဲ။

ကျွန်တော်ကတော့ ...

ရှောင်နေတဲ့သဘောနှင့် ... သောကြာနေ့တိုင်း ...းဝယ်ထွက်နေကျအစီအစဉ်ကို ကြာသပတေးနေ့ကို တမင်ရွှေ့

ပစ်လိုက်သည်။ ဒီမိန်းမ ကျွန်တော့်အကြောင်း တော်တော်လေး သိနေတာလေ။

ဒါကြောင့် ...

ကျွန်တော်ဈေးဝယ်ထွက်နေကျနေ့ကိုလည်း သိမှာပဲ။ ဒါဆို သူမအတွက် အခွင့်အရေးတစ်ခုရပြီး တစ်မျိုးကြံစည်ဦးမည်။

အဟွန်း ...

ဘယ်ရမလဲ ... မင်းထင်သလောက် မအသေးဘူး ဗိုက်ရဲ့။ ဟိုကောင် မောင်သောင်းကလည်း မင်းကိုချောင်းဖို့ အိမ်မှာ ကူဖော်လောင်ဘက်တွေ ထားပြီးသားပဲ။

မင်း အိမ်ကိုပဲ သွားသွား၊ ကုမ္ပဏီကိုပဲသွားသွား အလွတ်ပေးခံရမှာတော့ မဟုတ်ဘူး။ ကားကလည်း ငါ့ရဲ့အနားမှာ လျှောက်လိုက်နေရတယ်ဆိုတော့ မင်းအတွက် ပိုဆိုးတာပေါ့။

ကျွန်တော့်ဗုက်ဖဲတစ်ခုရှိသေးတယ်။ အဲဒါကတော့ သူငယ်ချင်းတစ်ယောက်နဲ့ ဒီနေ့တစ်နေ့တာလုံး ကားလဲစီးထားတာပဲ။ အစွမ်းရှိတဲ့ မင်း ငါ့ဆီမှန်ကန်အောင် အရောက်ပို့စမ်း ဗိုက်။

စတီးတွန်းလှည်းလေးထဲသို့ လိုအပ်သော ပစ္စည်းများကို ပစ်ထည့်ရင်း နှုတ်ခမ်းသားလေးတွေက အလိုလိုပြုံးမိသွားသည်။ ဗိုက်တော့ ခံရတော့မယ်ဆိုတဲ့ အတွေးစိတ်ကူးနဲ့တင် သူ့ရင်ထဲ ဝမ်းသာပီတိတွေ ဖြစ်နေရ၏။





မင်းအလှည့်ပဲ ဗိုက် ...

မင်းလွတ်အောင် ရုန်းစမ်း။

"ဟောဗျာ ... ခြင်းထဲကို ငါ ဘာတွေယူထည့်မိနေပါလိမ့်"

စတိုးဆိုင်ထဲမှ အရောင်းစာရေးမကလေးများပင် သူ့...ည့်ကာ ခေါင်းချင်းဆိုင် တီးတိုးအတင်းပြောကာ ပြုံးစိစိဖြစ်နေ...

မျက်နှာတစ်ပြင်လုံး ထူပူသွားရသည်။

ကြည့်စမ်း ...

ကျွန်တော် ကောက်ထည့်မိတာ အမျိုးသမီးလစဉ် ...မ်းထုပ်တွေပဲ အရောင်တွေစုံလို့။

ရှက်စိတ်ကြောင့် တွန်းလှည်းကို အနောက်သို့ ပြန်...နေရာတကျ ပြန်ထိုးထည့်နေမိ၏။ ကျွန်တော့်အဖြစ်ကိုကြည့်...ယ်သူတချို့ပင် ရယ်သွားကြသေးသည်။

အရှက်တော့ ကွဲပါပြီဗျာ။

ဗိုက် ... ဗိုက် ...

အဲဒါ မင်းကြောင့်သိလား။

မင်းအကြောင်းတွေ ငါ့ဦးနှောက်ထဲ တိုးဝင်နေလို့ ...ါ် သတိလက်လွတ်တွေ ဖြစ်နေရတာ ... မင်းကိုငါစိတ်နာ...

သူများအကြောင်း မကောင်းတာတွေးပြီး ကျေနပ်

နေလို့များ ချက်ချင်းဝင်ရှုလည်သလားမသိပါဘူး။ နေရာကနေ မ ရုံတမယ် ထွက်ခဲ့ရတာ ကိုယ့်အဖြစ်ကို စဉ်းစားမိတိုင်းလည်း ရယ် တော့ရယ်ချင်သားပဲ၊ ဒါပေမဲ့ ကျွန်တော်မရယ်ဖြစ်အောင် ထိန်းချု ထားမိတယ်။

ကျွန်တော့်ကို ...

ဝှိုက်ဆိုတဲ့ မိန်းမက တစ်ချိန်လုံး လှောင်နေတာ အခုလည်း ကိုယ့်အဖြစ်ကို ကိုယ်ပြန်လှောင်ရရင် မကောင်းတော့ ဘူး။ ကျွန်တော်အသက်ရှင်နေဖို့တောင် ကောင်းမှာမဟုတ်ဘူး။

လုံးဝ မရယ်ဘူးကွာ။

ကျွန်တော့်ကိုယ် ကျွန်တော် အားတင်းလိုက်ပြ နှုတ်ခမ်းတွေကို စူထော်လိုက်သည်။ မျက်နှာကို ခပ်တင်းတင်းလု ထားလိုက်ပြီး ဈေးကိုဆက်ဝယ်နေလိုက်၏။

ကဲ ...

ဘာတတ်နိုင်သေးလဲ။

စောစောက ပြုံးစိစိမျက်နှာထားတွေအကုန်လုံး ရှောင်ရှားကုန်ကြပြီလေ။ စိတ်ကြိုက်လိုအပ်တာမှန်သမျှ အား အောင် ဝယ်ပြီးတော့မှ ကျသင့်ငွေကို ရှင်းပေးရန် ကောင်တာ ရပ်လိုက်၏။

ကွန်ပျူတာနှင့် ငွေတွက်နေသော ကောင်မလေး များပင် သူဝယ်ထားသော ပစ္စည်းများကိုကြည့်ပြီး အံ့သြနေကြ၏





သြဘဲရှိမလား မီးဖိုချောင်သုံးဟင်းသီးဟင်းရွက်တွေနှင့် လိုအပ် အချိုရည်ပုလင်းတွေ၊ အသားငါးတွေ အပြည့်၊ အိမ်ရှင်မတစ် က်ထက်တောင် တိကျသေး။ ဘာပစ္စည်းမှမလိုစေရ၊ အပြည့် ရွေးချယ်ထားတာ။

"ငွေရှင်းတော့မှာလား ..."

"ဟုတ်ကဲ့ ... ရှင်းတော့မယ် ... အထုပ်တွေကို သေချာလုပ် ပေးနော် ..."

"စိတ်ချပါရှင့် ... သေချာထုပ်ပေးပါ့မယ် ..."

ခြင်းထဲမှပစ္စည်းတွေ တစ်ခုချင်း ထုတ်ယူကာ တွက် ၏။ ထိုစဉ် ကျွန်တော့်မျက်ဝန်းလေးတွေက မထင်မှတ်စွာ ာင်တာတွေဘက် ရောက်သွားတော့၏။

ဟာ ...

ဒီမိန်းမမျက်နှာ ဘယ်မှာမြင်ဖူးပါလိမ့်။ ခပ်လှမ်းလှမ်း ကောင်တာတွင်ရပ်ကာ ပစ္စည်းတွေအတွက် ငွေရှင်းနေသော သမီးကိုသေချာကြည့်ရင်း သူစဉ်းစားနေမိသည်။

တစ်ဘက်က အမျိုးသမီးကတော့ ...

ကျွန်တော့်ကို သတိထားမိဟန်မရှိပေ။ ငွေကို သေ ွက်ကာ အေးအေးဆေးဆေးပင် ငွေရှင်းပေးနေ၏။

ဘယ်မှာမြင်ဖူးတာလဲ။

တကယ့်ကို တရင်းတနှီးသိတာပါ။

သူမ ဘယ်သူပါလိမ့်။

ဟော ... ။

သူမပစ္စည်းထုပ်တွေယူပြီး အပေါက်ဝဆီ ခြေလှမ်း နေပြီ။ စဉ်းစားစမ်း၊ ဘယ်မှာမြင်ဖူးတာပါလိမ့်။ ရင်းရင်းနှီးနှီးကို မြင်ဖူးတဲ့မျက်နှာပါပဲ။ သူမကို ဘယ်မှာတွေ့မိခဲ့တာလဲ။

သူ စဉ်းစားနေခိုက် ...

"အစ်ကိုကြီး ... အားလုံး လေးသောင်းနဲ့ခြောက်ထောင့်င ရာကျပါတယ်ရှင် ... "

အစ်ကိုကြီး ... အစ်ကိုကြီး ... ။

ဟာ ...

ဟုတ်ပြီ။

ကျွန်တော်မှတ်မိပြီ။ ဟိုတစ်နေ့က ကားကို အတင်း တားဆီးတဲ့ကောင်မလေး။ ကျွန်တော်သိပ်စဉ်းစားမနေတော့ ငွေရှင်းကောင်တာမှာ ခဏတောင်းပန်ခဲ့ပြီး အပြင်ဘက်သို့ အပြေ တစ်ပိုင်းထွက်ခဲ့မိသည်။ သူမကိုမီအောင် ငွေပင်မရှင်းခဲ့ဘဲ အပြေ လိုက်ဖမ်းမိ၏။

တောက် ...

သွားပြီကွာ။

ကျွန်တော်လည်း အပြင်သို့အရောက် ကောင်မလေး က သူမရဲ့ဆလွန်းကားအဖြူလေးကို လျှောခနဲ မောင်းထွက်သွား





ပြီတည်း။ သေချာတာကတော့ ကောင်မလေးရဲ့ကားနံပါတ်ကို န်တော် သေသေချာချာ မှတ်သားထားလိုက်မိခြင်းပဲ။

မင်းတို့ကို ...

ခုနစ်ရက်မပြည့်ခင် ငါမိအောင် ဖမ်းပြမယ် ပိုက်။

သူ့စိတ်ထဲက တိတ်တဆိတ် ကြုံးဝါးထားလိုက်မိ

ပြီးနောက် ...

စတိုးဆိုင်ကြီးထဲပြန်ဝင်ပြီး ကျသင့်ငွေကိုရှင်းခဲ့ကာ ားခဲ့သော ပစ္စည်းထုပ်ကြီးများကို သယ်မပြီး သူ့ကားရှိရာဆီ ာ နေရာတကျ ထည့်ထားလိုက်မိသည်။

ပိုက်နံဘေးက ဝိုင်းပြီးသရုပ်ဆောင်ပေးတဲ့ ပိုက်သူ င်းမလေးရဲ့ ကားနံပါတ်ကိုတော့သိရပြီ။ ဒီကားပိုင်ရှင်ကို ရုံးမှာ သွားစုံစမ်းလို့ ရနိုင်သည်။ ဒါကလည်း သိပ်မခက်ချေ။ ရာတစ်ခုက ဒီကောင်မလေးကားမဟုတ်ဘဲ သူများဆီက ာမှာကိုပဲ။

ကားမောင်းလာသည့်တစ်လျှောက်လုံး သူ့အာရုံ ာ ထိုကိစ္စပဲ ပြန်ပြီးအရိပ်ထင်နေ၏။ ဘာပဲပြောပြော ကျွန် သုံ့ဖျင်းမှုပါပဲ။ တကယ်ဆို ဒါဟာ မေ့ပျောက်ထားလို့ကောင်း မဟုတ်တာ။ သူမကို ကျွန်တော်စတွေ့ခဲ့တာ တကယ့်ကို အနေအထားနဲ့ဖြစ်သည်။ ဒါကြောင့်မို့လည်း ကျွန်တော် သိပ်

သာဖြစ်သည်။

အရေးကြီးတာက ...

ဝိုက်ဟာ ကျွန်တော့်အကြောင်းကို တော်တော်
သိထားပြီး ကျွန်တော့်အနားရောက်နိုင်ဖို့ နည်းမျိုးစုံနဲ့ လုပ်နေခြင်း
သူမ ဘာရည်ရွယ်ချက်ကြောင့် အခုလိုလုပ်နေမှန်း မသိတာက ခ
နေ၏။ အခုထိ သူမဘယ်သူ၊ ဘယ်လိုပုံစံမျိုးရှိတယ်ဆိုတာ မှန်း
လို့ မရသေး။

သူမဟာ ...

တဖြည်းဖြည်းနဲ့ ကျွန်တော့်အတွေးစိတ်ကူးတွေ
မှာ နေရာအပြည့်ယူထားလေပြီ။ သူမရဲ့ပုံစံ၊ သူမရဲ့စိတ်ကူးတွေ
ဘယ်လိုမှ လိုက်မမီလောက်အောင် ဖြစ်နေရခြင်းအပေါ်၌လည်း
ဒေါသထွက်မိ၏။

"ဆရာသမား ... ကားပေါ်က မဆင်းသေးဘူးလား ...

"ဆရာသမား ... ဆရာသမား ..."

မောင်းသောင်း ကိုယ့်ဆရာကိုကြည့်ပြီး မျက်
ပြူးနေရပြီ။ ကားတံခါးအလုံပိတ်ထားသမို့ သူ့အသံအထဲကို
မပေါက်နိုင်မှန်းသိသော်လည်း တံခါးမှန်ကို အနည်းငယ်ခေါက်
အော်ခေါ်နေမိသည်။

အခုလေးတင် ...

ခြံတံခါးဖွင့်ပေးပြီး ကားမောင်းဝင်သွားလို့ တံခါး





ပြန်ပိတ်နေရုံရှိသေး။ ဆရာသမားအိမ်ထဲများ ဝင်သွားပြီ
ားကလည်း ဂိုထောင်ထဲကို တန်းမောင်းပြီးသားမို့ ကျွန်
အိမ်သွားပြီးရှာနေတာ။

တစ်အိမ်လုံးလည်း နှံ့နေပြီ။

စိတ်က ထင်မထားပေမယ့် ကားဆီတစ်ခေါက်
ကြည့်ဦးမှပဲဆိုပြီး လာကြည့်မိပေလို့ပဲ။

ကားကိုစက်သတ်ထားပြီးနေပြီ။ သို့ပေမယ့် ကား
အတိုင်းကြီး ဆက်ထိုင်နေဆဲ။

"ဒေါက် ... ဒေါက် ... ဒေါက် ..."

မောင်သောင်းရဲ့လက်သံ အတော်ပြင်းစွာသွားပုံပဲ။
မားရဲ့ခေါင်းကလေး ဆတ်ခနဲ လှည့်ကြည့်ပြီး သူ့ကိုယ်သူ
သတိရသွားဟန်ရှိကာ ကားတံခါးလော့ကို ဆွဲမတင်ပြီး သူ့
င်ထိုင်ခုံပေါ်ရှိ လက်ကိုင်အိတ်ကလေးကို ဆွဲယူနေစဉ် ဆရာ့
မောင်သောင်းကလည်း လက်မြန်စွာပင် ကားတံခါးကို ဆွဲ
လိုက်မိသည်။

"ငါ့စိတ်တွေ အရမ်းကိုလေးလံထိုင်းမှိုင်းနေပြီ မောင်သောင်း
ငါ့အတွေး ... ငါ့အာရုံတွေ မှိုင်းမိကုန်ပြီ ... ကိုယ့်ကိုယ်ကို
စိတ်အလုံခြုံဆုံးနဲ့ ရပ်တည်နိုင်လိမ့်မယ်လို့ ထင်ထားတာ ...
အခုတော့ ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ ငါ့မှာ ပုန်းနေရတာ
တစ်မျိုး ... ရှောင်နေရတာ တစ်မျိုး ... စွန့်စားခန်းတစ်ပုဒ်

ကို တထိတ်ထိတ်နဲ့ စောင့်မျှော်နေရတာ တစ်မျိုးနဲ့ ကြ
တော့ လူက အရမ်းကို ဒေါကန်လာပြီ ... ”

“ဝိုက်ကြောင့်မဟုတ်လား ဆရာ ... ”

“သူ့ကြောင့်ပဲပေါ့ ... သူကလွဲပြီး ဘာရှိဦးမှာလဲ ... ”

“ဒါများ ဆရာသမားကလည်း လွယ်လွယ်လေးဟာကို
ဒီတစ်ခါ သူ့ဆီက ဖုန်းဆက်လာရင် အပြတ်သာပြောလို
မင်းနောက်တစ်ခါ ငါ့ဆီကိုပဲ တည့်တည့်လာပေး ... ပုန်းလျှို
ကွယ်လျှိုးမပေးနဲ့တော့လို့ ... ”

“အဲဒါဆို ... ငါ့ဂုဏ်သိက္ခာက ရစရာရှိပါဦးတော့မလား
မိန်းမတစ်ယောက်ရဲ့ဉာဏ်ယှဉ်မှုအပေါ် ကျွန်တော် အ
ပေးပါပြီလို့ ကြေညာလိုက်တာနဲ့ ဘာထူးဦးမလဲ ... ဒီ
ရုပါမားကတ်ထဲမှာ ဝိုက်ရဲ့သူငယ်ချင်းကောင်မလေးနဲ့ ဆ
သေးတယ် ... တောက် ... ငါညံ့တာကွ ... သူ့ကို ဘယ်
တွေ့ဖူးပါလိမ့်လို့ စဉ်းစားနေရင်းနဲ့ပဲ ကောင်မလေးက လွ
သွားတာ ... နာတယ်ကွာ ... ”

“ဟာဗျာ ဆရာသမားကလည်း ... မေ့တတ်လွန်းလိုက်တ
ဗျာ ... ဒီမိန်းမကို ဖမ်းမိလို့ကတော့ အခုလောက်ဆို ပွဲပြ
ပွဲကောင်းပဲ ... ”

“အဲဒါကြောင့်ပြောတာပေါ့ ... ငါညံ့တာပါလို့ ... ဒါ
ငါညံ့လို့ ခံရတာကြီးကို ဒီမိန်းမက ထောက်ထောက်ပြ





လှောင်လွန်းလို့ ငါမခံနိုင်တာကွ ... ”

“ဒါပေမဲ့ ဒီနေ့တော့ ဘာသတင်းထူးမှ မကြားရသေးဘူး ဆရာသမားရဲ့ ... ဆရာသမားရဲ့ကုမ္ပဏီက ညိုထွန်းဖုန်း လှမ်းဆက်တယ်လေ ... အိမ်ကိုလည်း ဘာပန်းမှမလာသေးဘူး ... ပဝါစလည်း မရှိဘူး ... အခုအချိန်ကိုလည်း ကြည့်ဦးလေ ... ဆယ့်တစ်နာရီထိုးပြီးပြီ ... ဒီလိုညအချိန်မတော်ကြီးမှာလည်း ဘယ်လိုပဲ အစွမ်းရှိရှိ ဘယ်လောက်ပဲ ဉာဏ်ထက်ထက် ... လိုက်လို့မရတော့ပါဘူးဗျာ ... နောက်တစ်နာရီလောက်သာ ကျွန်တော်တို့ တောင့်ခံထားနိုင်ကြည့်စမ်း ဒီနေ့နိုင်ပြီ ... ဝိုက်ဆိုတဲ့ အမျိုးသမီး ဘာတတ်နိုင်တော့မှာလဲ ... ဆရာသမားကို တစ်ခါတည်း လက်မြှောက်အရှုံးပေးသွားမှာပဲ ... ”

အင်း ...

ဟုတ်သားပဲ။

မောင်သောင်းပြောတာလည်း မှန်နေတာပဲ၊ ဆယ့်
နာရီကျော်ရင် နောက်တစ်နေ့ကို ကူးသွားပြီ။ ကုန်တိုက်ပိတ်ကာ
ချိန်မှ ပြန်လာတာဆိုတော့ သူမနဲ့ ကျွန်တော် ဘယ်လိုမှ မဆုံ
နိုင်တော့ဘူးပေါ့လေ။

တော်လိုက်တဲ့ တပည့်၊ ကျွန်တော်မောင်းလာတဲ့
ဘစ်စီးလုံးကို နေရာမလပ်အောင် မွှေနှောက်ရှာဖွေနေတော့

"အေးဆေး ဆရာသမား ... ဘာမှမတွေ့ဘူး ... သေချာ
တယ် ... သူသာ ဆရာသမားကိုပေးပြီးပြီဆိုရင် ... အ
အချိန်ထိ မနေပါဘူး ... လက်ကိုင်ဖုန်းကို လှမ်းဆက်
အကြောင်းကြားမှာပဲ ... အခုထိ မဆက်သေးဘူးဆို
တော့ ... ဒီနေ့ သူ ရှုံးသွားပြီဆိုတာ ... ဆရာသမားဆီ
ဝန်ခံရတော့မယ် ... "

မောင်သောင်းရဲ့စကားတွေက ကျွန်တော့်ရင်ထဲ
အားဆေးတစ်ခွက် လောင်းထည့်ခံလိုက်ရသလိုပါပဲ။ အလိုလို
အားပြည့်လာရပြီ။ ကျေနပ်သော၊ ကြည်လင်လန်းဆန်းသော အ
တစ်ခုက ကျွန်တော့်နှုတ်ခမ်းသားလေးပေါ် ဖြတ်ပြေးသွားရ

"မောင်သောင်း မင်းတော်တယ် ... "

"အဟဲ ... ကိုယ့်ဆရာကလည်း အခုမှပဲ တပည့်ကြီးရဲ့ အ
အချင်းကို သိရသလား ... "

"အေးပါကွာ ... အေးပါ ... ကဲ ... ကားနောက်ဖုံးဖွင့်
ဝယ်လာတဲ့ပစ္စည်းတွေ ထုတ်ခဲ့ဦး ... ဘာပဲပြောပြော
နောက်ထပ်တစ်နာရီတော့ စောင့်ကြည့်ရဦးမယ်ကွ ...
တံခါးတွေ သေချာသော့ခတ်ထားရဲ့လား ... တော်ကြာ
လာနေဦးမယ် ... "

"စိတ်ချပါ ဆရာသမားရာ ... ဘယ်အပေါက်မှမပွင့်ဘူး ...
အခုလည်း ဂိုထောင်သော့ပိတ် ... ဂျိတ်ပဲ ဆရာသမား





လည်း ဒီနေ့တစ်နေ့လုံး လျှောက်ပုန်းနေရတာဆိုတော့
ပင်ပန်းနေပြီ ... အေးအေးဆေးဆေး သွားအနားယူတော့
တပည့်ကြီး အဲယားကွန်းဖွင့်ထားပြီးပြီ ... "

"အိုကေ မောင်သောင်း ... မင်း ... "

"ဘာလဲ ဆရာ ... တော်တယ်လို့ ပြောဦးမလို့လား ... "

"အေးကွာ ... ဟား ... ဟား ... ဟား ... မင်းပြောတဲ့
အတိုင်းပါပဲ ... "

ရယ်မောကာ အရှေ့မှ ထွက်ခွာသွားသော ဆရာ
နောက်က တစ်ပုံတစ်ပင်သော အထုပ်အပိုးများကို မနိုင့်တနိုင်
သွက်လက်သောခြေလှမ်းကလေးများဖြင့် အမီလိုက်ခဲ့မိ
သည်။

## အခန်း (၇)

တယ်လီဖုန်းသံလေး မြည်လာလို့ ကောက်ကိုင်

လိုက်တော့ ...

"ဟဲလို ... ဦးကြယ်တံခွန်လား ..."

ထင်ထားတဲ့အတိုင်းပါပဲ ...။

"မင်းရှုံးသွားပြီ ဝိုက် ... အဲဒါကို ဝန်ခံစမ်းပါ ... ဟား

ဟား ... ဟား ..."

"ဘာကိုလဲ ဦးကြယ်တံခွန် ..."

"အခု ဘယ်အချိန်ရှိနေပြီလဲ ... မင်းအနားမှာ နာရီတစ်

သာရှိနေမယ်ဆိုရင် မော့ကြည့်လိုက်စမ်းပါ ..."

"ဆယ့်နှစ်နာရီခွဲဖို့ ငါးမိနစ်လိုပါသေးတယ် ဦးကြယ်တံ

ဘာဖြစ်လို့လဲရှင့် ..."

ကျွန်မထက် အသက်လေးနှစ်လောက်သာ ကြီး

လည်း ကျွန်မက တမင်အရွဲ့တိုက်ပြီး ဦးလို့တပ်ခေါ်လိုက်မိ

၊ ရှင်ဘာတွေပြောနေတာလဲ၊ ဒီတစ်ခါတော့ ရှင့်အသံကို နား

င်ရတာ ထူးဆန်းနေသလိုပဲ။

တဟားဟား အော်ရယ်လိုက်သံကိုလည်း ကြားရ

ရဲ့၊ ရှင် ဘာတွေအူမြူးနေတာလဲ ကြယ်တံခွန်။ ပြီးတော့ ကျွန်မ

နှုံးသွားပြီတဲ့လေ။

"ဝိုက် ..."

"ရှင် ..."

"ဒီနေ့အတွက် ငါ့ဆီအရောက်ပို့ရမယ့် ပစ္စည်း ဘယ်မှာလဲ

မင်းပြောတော့ ... နေ့စဉ်ပို့မှာဆို ... မရောက်ရောက်

အောင် ပို့ပေးမှာဆို ... အခုတော့ အချိန်လွန်သွားပြီလေ

အဲဒါကို မင်းသတိမထားမိဘူး မဟုတ်လား ..."

"သြော် ဒါလား ..."

"မင်း မှတ်မိလွယ်သားပဲ ... ကဲ ... အခုဖုန်းဆက်တာ မင်း

ငါ့ကို နောက်တစ်ခါ ဒါမျိုးမလုပ်တော့ပါဘူးလို့ ပြောမလို့

မဟုတ်လား ... မင်းကွာ အစကတည်းက မလုပ်သင့်တဲ့

မအပ်စပ်တဲ့အလုပ်ကိုမှ ရွေးချယ်ခဲ့တာကိုး ... မိန်းကလေး

ဆိုတာ သိမ်မွေ့ရတယ် ... နူးညံ့ရတယ် ... စကားပြောတ
ကအစ ချိုသာပြီး နားဝင်ချိုအောင် ပြောရတယ် ... ဒါ
ကို မင်းရဲ့အမေက ပြောပြရမှာလေ ... မင်းက မသိဘူး
တော့လည်း ငါက ပြောပြရမှာပေါ့ ... ဒါက သိပ်ပြီးကိစ္စမ
ဘူး ... ”

အံ့မယ် လေသံကိုက အထက်စီးနင်း ...

ကျွန်မကို မိမဆုံးမ ဖမဆုံးမလို့ ပေါ်တင်မပြော
တမယ်။

ဟွန်း ...

ရှင့်လို လူယုတ်မာကပဲ လာပြီး ဆုံးမနေရသေ
တယ်။ သူများကို လက်ညှိုးမထိုးခင် ရှင့်ဘက်ကို ရှင်ပြန်ကြည့်သ
တာပေါ့။ သူခိုးကပဲ လူပြန်ဟစ်ရသေးတယ်။

“ငါ မင်းကို နားလည်ပါတယ် ပိုက် ... ငယ်ရွယ်တဲ့ မင်းဟ
အမှားအမှန် ... လုပ်သင့်မလုပ်သင့်တဲ့ အလုပ်ဆိုပြီး ဘယ်
ခွဲခြားတတ်မှာလဲလေ ... ”

“ဒီမှာ ... ရှင့်အဆုံးအမတွေ ဘယ်တော့ပြီးမှာလဲဟင် ...
ကျွန်မပြောချင်တာ ပါးစပ်ထဲမှာ ယားကျိကျိဖြစ်နေပြီ ...
ဒီကိုလည်း နည်းနည်းပါးပါး ပြောခွင့်ပေးပါဦး ... ”

“ကဲ ပြောပါ အမိ ... ပြောပါ နားထောင်ပေးရတာပေါ့လေ”

“ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်ရှင် ... နှင်းဆီပန်းနဲ့ ပ





စကလေးကို ရှင်ဝယ်လာတဲ့ ပစ္စည်းထုပ်တွေထဲမှာ ထည့်
ပေးလိုက်တယ်ဆိုတာ အသိပေးချင်လို့ ... တော်ကြာ ရှင်
အိပ်ပျော်သွားလို့ ပဲန်းလေးနွမ်းပြီး ကြွေသွားမှာစိုးလို့ ... ”

“ဘာ ... မင်း ... မင်း ... ဘာ ... ဘာပြောတာလဲ ... ”

“အဟင်း ... ဟင်း ... ဟင်း ... ရှင်အံ့ဩသွားသလား ရှင်
ငွေရှင်းကောင်တာမှာ ပိုက်ဆံရှင်းဖို့ လုပ်နေတဲ့အချိန်မှာ
တစ်ဖက်ကနေ ကျွန်မသူငယ်ချင်းယမုံကို ရှင်တွေ့အောင်
အယောင်ပြပြီး ရှင်ဝယ်ထားတဲ့ပစ္စည်းတွေထဲကို ကျွန်မ
ကိုယ်တိုင် ထည့်ပေးလိုက်တာလေ ... ရှင့်ပစ္စည်းတွေထဲ
ပြန်ဖွင့်ကြည့်လိုက်ပါဦး ... ”

သူမရဲ့ စကားသံစူးစူးတွေက ကျွန်တော့်နားထဲသို့
ည်ပူပူနဲ့ လောင်းချလိုက်သလို ခံစားလိုက်ရသည်။

ထိုစဉ် ...

“ဆရာ ... ဆရာသမား ... ”

မောင်သောင်းရဲ့ အမောတကော အပြေးအလွှား
က်လာခြင်းနှင့်အတူ လက်ထဲတွင်ကိုင်ထားသော နှင်းဆီတစ်
ပဝါဖြူလေးတစ်ထည်။ ရှက်စရာကောင်းလိုက်ပါဘိတော့။ ဒီ
မဟာ ဘယ်လိုမှ ယှဉ်ပြိုင်အနိုင်ယူလို့မရတဲ့ မိန်းမပါလား။ စော
က ရယ်မောခဲ့တဲ့ သူ့အဖြစ်ကို ပြန်တွေးကြည့်မိတိုင်း အောင့်
က်သက်ကြီး ခံစားလိုက်ရသည်။

“ရှင်ကလေ ... တစ်နေရာရာကို ငေးကြည့်မိရင် ကိုယ့် ဘေးနားမှာ ဘယ်သူရှိတယ်ဆိုတာတောင် သတိမထားနိုင် တော့ဘူး ... ရှင့်ရဲ့ ခေါ်တောမျက်လုံးတွေကို ကျွန်မကြည် ပြီး ရယ်တောင် ရယ်ချင်သေးတယ် ...”

သူမရဲ့ ရယ်သံတွေက နားထဲသို့ အရှိန်ပြင်းစွာ ဝ ရောက်လာသည်။ မင်းသိပ်ကိုပျော်နေတယ်ပေါ့လေ ဝိုက်။ မင်း အောင်နိုင်မှုအတွက် သိပ်ကိုကျေနပ်နေမှာပေါ့။

“ကျွန်တော်တို့ ခံရပြန်ပြီပေါ့ ဆရာ ...”

ဖုန်းခွက်ကို တင်းကျပ်စွာ ဆုပ်ကိုင်မိရင်းမှ အသ မြည်အောင် စောင့်ချပစ်လိုက်မိသည်။ သူမရဲ့အကွက်ကျကျ လှည့် စားမှုအောက်ကို ကျွန်တော်ဝင်ခဲ့ပြီ မဟုတ်လား။ ကျွန်တော် တော့ ကိုယ့်စိတ်ကူးနဲ့ ကိုယ် ပျော်နေလိုက်တာ ... အခုလို အဖြ မျိုးကြုံရမယ်လို့ကို ထင်မထားတာ ...”

“အဲဒါတွေ ယူသွားစမ်းကွာ ... ငါလုံးဝမမြင်ချင်ဘူး”

“ဟုတ် ... ဟုတ်ကဲ့ ...”

ကိုယ့်ဆရာသမား စိတ်ခတ်ကျနေတာကိုကြည့်ပြီ မောင်သောင်းပင် စိတ်မကောင်းဖြစ်သွားရသည်။ ဆရာသမာ တယ်လီဖုန်းကိုင်နေတုန်း ဝယ်လာသောပစ္စည်းများကို အထုပ်မျာ ဖြေပြီး ပစ္စည်းများ ထုတ်ယူနေခိုက်- ဖျတ်ခနဲ အစူးစူးသလို ခံစာ လိုက်ရလို့ အောက်ငုံ့ကြည့်လိုက်တော့ နှင်းဆီနီရဲရဲကလေးတစ်ပွ





... ဆူးတွေအပြည့်အသိပ်နှင့် ဖြစ်နေ၏။

ကျွန်တော် အံ့သြမှင်တက်သွားစဉ် ထိုအထုပ်ထဲမှာ ...့လိုက်ရသော ပဝါအဖြူစလေး၊ လက်ကိုင်ပဝါလေးရဲ့အနားမှာ ...ဟု အနက်ရောင်စာတန်းကလေး ရေးထိုးထား၏။

သေချာသွားပါပြီ။

ဝိုက်ရဲ့လက်ချက်ပဲပေါ့။ ဒါကြောင့်လည်း ဝိုက်က ...နေ့အတွက် ထည့်ပေးလိုက်ပြီဆိုတာ ချက်ချင်းဖုန်းဆက်ပြီး ...်းအကြောင်းကြားတာ။ ဒါကလည်း သူမလုပ်နေကျ အမူအကျင့် ...ခုပါပဲ။ ကျွန်မဘယ်နည်းနဲ့ လုပ်ခဲ့တယ်ဆိုတာကို အမြဲသတိပေး ...ှိတာပဲလေ။



ဆဋ္ဌမမြောက်နေ့ ...

ကျွန်တော်ရှောင်မနေချင်တော့ပါ။ ပုန်းအောင်းမနေ... ချင်တော့ပါ။ သူမလိုလူမျိုးကို ဘယ်လိုမှ အပြိုင်အားစမ်းလို့ရမယ်... မှ မဟုတ်တာ။ ဒီလောက်ဆို ကျွန်တော့်အခြေအနေကို ကျွန်တော်... သိပြီ။

စိတ်ကို အတတ်နိုင်ဆုံး လျှော့ချထားပြီး ...

သူမဘယ်အချိန်မှာ ပေါ်လာမလဲဆိုသည့် အတွေ... နှင့်သာ စောင့်မျှော်နေမိတော့သည်။ အိမ်ကိုလည်း ပြောထား... သား။ မောင်သောင်းရေ မင်းဆီရောက်လာရင်လည်း လက်သ... လိုက်တော့လို့။

ဘာကြောင့်လဲ ... ။

ဝိုက်ဆိုတဲ့ ကောင်မလေးတစ်ယောက်ရဲ့ အမု...





...လုပ်ရပ်ကလေးဟာ ကျွန်တော့်စိတ်တွေထဲက ဖျောက်လို့မရ ...အောင် စွဲထင်နေ၏။ သူမရဲ့ ဘယ်လိုအကြောင်းပြချက်မျိုးနဲ့ပဲ လုပ် ... ဒီလိုစိတ်ကူးမျိုးရှိတာ အံ့ဩစရာပါပဲ။

မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာတွေကို ...ပြီး အခုလိုလုပ်တာဟာ တော်ရုံခံစားချက်၊ ရည်မှန်းချက်တွေ ...တ်ဘူး။ မင်းဘယ်သူလဲ ဝိုက်၊ မင်းနဲ့ ငါ့အကြားမှာ ဘာရန်ငြိုး ...တွေများ ရှိနေလဲဟင်။

ပြီးတော့ ...

ငါ့ရဲ့အကျင့်စရိုက် ...

ငါသွားတတ်တဲ့နေရာတိုင်းကို မင်းက ကြိုတင်ပြီး ...တယ်။

ငါသိပ်မုန်းတဲ့အရာတွေကိုလည်း မင်းက သိနေ ...။ အဲဒါကို တမင်ရွေးပြီးတော့မှ ပေးတယ်။ ဒါကိုကြည့်ချင်းအား ...င်းဟာ အကြောင်းအရင်းတစ်ခုတော့ ခိုင်ခိုင်လုံလုံရှိနေပြီလေ။ ...ငါ ဆုံချင်တယ် ဝိုက်။ ပြီးရင် ငါသိချင်တာတွေ မင်းကိုတစ်ခု ... မေးမယ်။

ငါ့ဘက်က ဘာအမှားတွေ လုပ်ခဲ့တယ်ဆိုတာသိမှ ...မှန်းကြပ်နေမှုတွေက ငြိမ်းအေးမှာလေ။

မင်းလာခဲ့ပါ။

"ဆရာ ... အမျိုးသမီးတစ်ယောက်က ဆရာ့ကိုတွေ့ချင်
တဲ့ ဆရာ ..."

ခါးကလေးညွတ်ရင်း တလေးတစားနှင့် ခွင့်တော
နေသော ညိုထွန်းကိုကြည့်ကာ ကျွန်တော့်ခေါင်းလေး မတ်ထော
သွား၏။ အခုအချိန်တွင် ကျွန်တော် ဘယ်သူ့သည်ကိုမှ ချိန်း
မထားမိပါ။

ပိုက်များလား။

ရင်တွေ အခုန်မြန်သွားရ၏။

ဒုက္ခပါပဲ။

ကျွန်တော် ဘာဖြစ်နေပြီလဲ။ သူမ လာတွေ့
မဖြစ်နိုင်မှန်း သိလျက်နှင့် သူမကို တ,လိုက်မိသေးတဲ့အဖြစ်က
စရာပါပဲ။

"ဘယ်သူလဲ ညိုထွန်း ... နာမည်ကို မေးလိုက်သေးလာ

"မပြောဘူး ဆရာရဲ့ ... ဒါ ... ဒါပေမယ့် သူ့ ... သူလက်
မှာ နှင်းဆီနီ ..."

"ဘာ ..."

ညိုထွန်းစကားကိုဆုံးအောင်ပင် နားမထောင်နိုင်
အံ့သြတကြီး နေရာမှ ထရပ်လိုက်မိသည်။ ဆဋ္ဌမမြောက်နေ့အ
ပို့ပေးရမည့် ပန်းကလေးက ကျွန်တော့်ရုံးခန်းရှေ့ရောက်နေပြီ

ပိုက် ...





ပိုက်များလား။

"ကျွန်တော် ကျွန်တော် ဘာပြန်ပြောလိုက်ရမလဲ ဆရာ"

"သူ့ကို ဝင်ခိုင်းလိုက်ပါ ညိုထွန်း ... သူနဲ့ဆုံမှ ငါသိချင်တာ
တွေကို သိခွင့်ရမယ်လေ ..."

"ဒါဆို ... ကျွန်တော်ဝင်ခွင့်ပြုလိုက်မယ်နော် ..."

"အေး ..."

ခွင့်သာပြုလိုက်ရမှာ။

စိတ်ထဲမှာတော့ တစ်မျိုးပဲ။ ဒီမိန်းမကို တစ်ချိန်လုံး
ချင်နေတာ အခုလို မထင်မှတ်ထားတဲ့အချိန်မှာရောက်လာ
နည်းနည်းတုန်လှုပ်မိတာပေါ့။

လက်တွေပင် ...

တဆတ်ဆတ်တုန်နေ၏။

ဒီမိန်းမဟာ ကျွန်တော့်ကို တစ်ချိန်လုံး စိတ်လှုပ်ရှား
တွေပဲ ဖန်တီးနေတော့တာပဲ။

"ကျွန်မကို ဝင်ခွင့်ပြုပါရှင် ..."

ကြည်လင်သောအသံကလေးတစ်ခုကပင် တစ်ခန်း
ဟိန်းသွားစေတာလားတော့မသိ။ ကျွန်တော့်ခန္ဓာကို ဆတ်
တုန်သွားရသည်။ ဒါဟာ ကျွန်တော့်ဘဝတစ်လျှောက်လုံးတွင်
တစ်ယောက်နှင့် အနီးကပ်ဆုံး တွေ့ရခြင်းပဲ။

မျက်ဝန်းတွေကို လှမ်းမကြည့်ရဲ။

စိတ်တွေကို ထိန်းချုပ်ထားရသဖြင့် အဲယားကွန်း
အခန်းထဲမှာပင် ကျွန်တော်ချွေးတွေ ပြန်ချင်နေပြီ။ တံခါးကို ဖြ
စေ့ပိတ်သံနှင့်အတူ ကျွန်တော့်မျက်ဝန်းထဲသို့ တိုးဝင်လာသော
အမျိုးသမီးရဲ့ခြေထောက်အစုံကလေး။ အသားအရေက သိပ်အဖြူ
ကြီးမဟုတ်။ အဝါဘက်သန်းနေပြီး ခြေညှပ်ဖိနပ်အပါးကလေး
သာ စီးထားသည်။

သူမရဲ့ ထဘီအဆင်က ...

ရှုပ်ယှက်ခက်နေသော မျဉ်းကြောင်းအရောင်
ကလေးများ။ မျက်ဝန်းကို တဖြည်းဖြည်းမော့ကြည့်လိုက်မိသည်
တွေ့ပါပြီ။ သူမရဲ့ မျက်နှာကို ထင်ထင်ရှားရှား တွေ့လိုက်ရပါပြီ
မိတ်ကပ်ခပ်ပါးပါးလေးပြင်ဆင်ထားသော မျက်နှာကလေး။ ပြ
တော့ အပြုံးနုနုကလေးနှင့် ကျွန်တော့်ကို စိုက်ကြည့်နေသော သူ
ရဲ့ရုပ်သွင်က ကြည့်လို့တော့ ကောင်းသား။ သာမန်အလှထက်
လုံးဝမသာတာတော့ ကျွန်တော်ခံစားမိသည်။

သူ ...

စောစောကလောက် တုန်လှုပ်မနေတာ သတိထား
မိသည်။ ရင်လည်း မခုန်တော့။ အမျိုးသမီးကို တွေ့လိုက်ရတာ
ထူးမှ မထူးဆန်းတာ။

"ထိုင်ပါ ..."





သူညွှန်ပြသော ခုံလေးတွင် ခပ်ရို့ရို့ကလေး ဝင်
ထိုင်ရှာသည်။

"ကဲ ပြောပါ ... ဘာကိစ္စရှိလို့ ကျွန်တော့်ကို တွေ့ချင်ရတာ
လဲ ... ကျွန်တော် ကြယ်တံခွန်ပါ ..."

"ဟုတ် ... ဦးကြယ် ... အဲ ... ကိုကြယ်တံခွန်ကို ကျွန်မ
တွေ့ချင်လို့ပါ ..."

"မင်းကိုယ်တိုင်လာပေးတာလား ပိုက် ..."

"ရှင် ..."

ကိုယ်က မင်းကို တစ်ချိန်လုံး တွေ့ချင်နေတာပါ ... ဒါမှ
လည်း ပြတ်ပြတ်သားသား ကိုယ်သိချင်တာက မင်းကိုမေး
လို့ရမှာလေ ... ကဲ မင်းလက်ထဲမှာကိုင်ထားတဲ့ နှင်းဆီနဲ့
ပဝါ အဖြူလေးကို ဒီစားပွဲပေါ်တင်ပြီး ပြောပြပါဦး ... မင်းရဲ့
ရည်ရွယ်ချက်ကို ..."

သူရဲ့အသံက အနည်းငယ်တော့ မာဆတ်ဆတ်ရှိနေ
သည်။ မျက်နှာထားကလည်း အထက်စီးနင်းရှိကာ မော့ချီနေ
ကောင်မလေးမျက်နှာငယ်လေးနှင့် ကျွန်တော့်ကို မရဲတရဲမော့
ကြည့်ရှာသည်။

"ပြောလေ ပိုက် ... မင်းအခုမှ အ,နေသလား ..."

"ဟို ... ဟိုလေ ... ကျွန် ... ကျွန်မက ပိုက်မဟုတ်ဘူးရှင့်

ဘယ်က အမျိုးသမီးမှန်းလည်း မသိဘူး ... ဒီကုမ္ပဏီထဲ
ကြယ်တံခွန်ဆိုတဲ့ အလုပ်သမားလေးကို ဒါသွားပေးပေး
သူ့အတွက် ယတြာချေဖို့ အရမ်းအရေးကြီးနေလို့ဆိုပြီး
နိုင်းလို့ ဝင်ပေးတာလေ ... သူက အခု အရေးတကြီးသွား
စရာရှိလို့ဆိုပြီး ... "

"တော်တော့ ... "

သဘောပေါက်လိုက်ပြီ။

ဒီမိန်းမ ပညာပြလိုက်ပြန်ပြီ။

တော်တော်ဆိုးတဲ့ ပိုက်။

လူကိုများ ... အလုပ်သမားလေး ဘာလေးနှ
ကောင်းကောင်းကြီး နှိပ်သွားတာ။ အခုလာတာ ပိုက်လို့ထင်ထ
တာ။ အခုတော့ သူမက မဟုတ်ပြန်ဘူးတဲ့။ ထင်တော့ထင်သား
ပိုက်ဟာ ဒီလိုတုန်တုန်ရီရီ မငံ့မရဲနဲ့ရှိမှာ မဟုတ်ဘူးလို့။

"မင်းနာမည် ... ဘယ်လိုခေါ်လဲ ... "

"ခင်သန့်စင်ပါ ... "

"အလုပ်က ... "

"စည်ပင်မှာ လုပ်ပါတယ် ... "

"မင်းကို ဒါတွေလာပေးတဲ့သူကို မှတ်မိလားဟင် ...
မိန်းမက ဘယ်လိုပုံစံလဲ ... "

"အင်း ... ဆံပင်က ကုပ်ဝဲလေးပဲ ... "





အသားက မဖြူမညို။ ကြည့်လို့ကောင်းတဲ့ မျက်နှာ
... အဲ ... အဲ ... မျက်ခုံးအပေါ်နားမှာ မှဲ့ရှိတယ် ... "

သေချာတာပေါ့။

ဒါ ပိုက်ရဲ့သူငယ်ချင်းပဲ။

ပိုက်က ...

ဒါရိုက်တာ။ သူခိုင်းသမျှကို တစ်သဝေမတိမ်း သရုပ်
ဆောင်နိုင်တဲ့ သူငယ်ချင်းမလေး။

နေဦးပေါ့ကွာ။

တွေ့လို့ကတော့ မင်းတို့နှစ်ယောက်ကို ကောင်း
ကောင်းဆုံးမလိုက်ဦးမယ်။

"ဟို ... ကျွန် ... ကျွန်မကို သွားခွင့်ပြုပါဦးနော် ... "

"ကောင်းပါပြီ ... "

"ဒါ ... ဒါတွေက ... "

"ဟိုတံခါးရှေ့နားက ကော်ပုံးထဲကို ထည့်သွားပါ ... "

"ရှင် ... အဲ ... အဲ့ဒါက အမှိုက်ပုံးလေ ... "

"ဒါပေါ့ဗျ ... အမှိုက်ရှုတ်လို့ တစ်ခါတည်း ထည့်နိုင်းတာပေါ့
ကျွန်တော့်လို ကုမ္ပဏီပိုင်ရှင်သူဌေးတစ်ယောက်ကိုများ ...
လာပြီး ရွှတ်နောက်နောက်နဲ့ ဗရုတ်လာကျနေတယ် ...
ပိုင်နက်ထဲဝင်လာပြီး နှောက်ယှက်မှုနဲ့ တရားစွဲလိုက်ရ"

"အမယ်လေး ... မ ... မလုပ်လိုက်ပါနဲ့ရှင် ... "

ပြောပြောဆိုဆို ...

လက်ထဲက ပစ္စည်းတွေ အမှိုက်ပုံးထဲ ထိုးထည့်က ခခယယတောင်းပန်ပြီး ကောင်မလေး တစ်ချိုးတည်း လစ်တော ၏။ အခုမှပဲ သူ အားရပါးရ ရယ်မောလိုက်မိတော့သည်။







## အခန်း (၈)

သတ္တမမြောက်နေ့ ...

ကျွန်တော့်ဘဝတစ်ခုလုံး ထင်မထားလောက်အောင် ပြောင်းလဲပစ်ဖို့အတွက် သူမဟာ အစွမ်းထက်တဲ့ မိန်းမတစ်ယောက်ဖြစ်လိမ့်မယ်လို့ တစ်ခါမှ တွေးမထားခဲ့ဖူးပါ။ ကြိုတင်ပြင် ထားခဲ့သော စကားလုံးများ၊ တင်းမာထားသော မျက်နှာထား ကြောင့် သူမဟာ ကျွန်တော့်ကို အလိုလိုသိမ်ငယ်စွာ ရှုံ့ကြောက် လိမ့်မည်ဆိုသောအတွေးနှင့်သာ တစ်ချိန်လုံး စိတ်ကူးတွေ ယဥ် ခဲ့သည်။

မိန်းမတစ်ယောက်ကို ကျွန်တော့်ဘဝထဲ အလွယ် ဝင်ခွင့်ပြုဖို့ စိတ်မကူးခဲ့သောကျွန်တော်။ မိန်းမတစ်ယောက်ရဲ့

စေညွှန်းရာကို လိုက်ပါဖို့ ကြောက်ရွံ့ခဲ့သော ကျွန်တော်။ အခုတော့ ထိုမိန်းမ၏လက်ထဲသို့ အရှိန်မထိန်းနိုင်စွာ လဲပြိုသွားရတာတော့ ကျွန်တော်ကပဲ သိပ်ပြီးညံ့ဖျင်းလို့လား ... ဒါမှမဟုတ် ကံကြမ္မာဆို တဲ့ အရာကြီးကြောင့်ပဲလား။ ဒါမှမဟုတ် ဖူးစာဆိုတဲ့ နူးညံ့သိမ်မွေ့ တဲ့ အရာကလေးကြောင့်ပဲလား မသိတော့ပါ။

"ရှင့်ကို ... နောက်ဆုံးနေ့အတွက် ကျွန်မကိုယ်တိုင်ပေးမှာ အရှေ့ မျက်နှာချင်းဆိုင်က ကော်ဖီဆိုင်လေးမှာ ရှင် စောင့် နေပါ ... ကျွန်မလာခဲ့မယ် ကြယ်တံခွန် ... "

ဆိုတဲ့ ချိုမြအေးဆေးသော စကားသံလေးအဆုံးမှာ ကျွန်တော့်ဒေါသတွေ ဝုန်းခနဲ ပေါက်ကွဲထွက်သွားရ၏။

အရေးမပါလိုက်တာ ...

ဒီလောက် စိတ်ကိုအနှောက်အယှက်ပေးတဲ့ မိန်း ကိုတွေ့ရဖို့ ကျွန်တော့်ရဲ့အဖိုးတန်အချိန်တွေကို ဖဲ့ပေးရဦးမလား

"ဟေ့ ... မင်းက ဘာမို့လို့ ငါကစောင့်ရမှာလဲ ... ဒီမှာ ဝိုက် မင်းကြောင့် ... ငါ့မှာဘယ်လောက်စိတ်အနှော အယှက်ဖြစ်ရသလဲ ... ကြီးကျယ်လို့ကွာ ... မင်းစကားပြေ တာ ဆင်ခြင်ဦးမှပေါ့ ... မင်းရဲ့အသုံးမကျတဲ့ ပစ္စည်း ငါလာစောင့်ယူဖို့ မင်းမို့ပြောထွက်တယ် ... မင်းပေးချင် လာပေး ... လက်ခံတာ မခံတာက ငါ့အပိုင်း ... "

"ရှင် ... ကျွန်မကို မတွေ့ချင်ဘူးလား ... "





"မင်းက ဘာမို့လို့ ငါကတွေ့ချင်ရမှာလဲ ... "

"ဒီတစ်ခါတော့ ဒေါသသံကြီးနဲ့ပါလားရှင့် ... ကောင်းပြီလေ မတွေ့ရဲလည်း ရပါတယ် ... အင်းပေ့ါလေ ကျွန်မရဲ့လှည့်စား မှုအောက်မှာ ရှင်က တစ်ချိန်လုံး အရှုံးတွေနဲ့ပဲ ကြုံတွေ့ လိုက်ရတာကိုး ... ရှင်ရှက်မယ်ဆိုလည်း ရှက်စရာပေ့ါလေ ရှက် သိပ်ပြီးညံ့ ... "

"ဟေ့ ... ဟေ့ ... မင်း ... မင်းတော်တော့ ... မတွေ့ရဲတာ မဟုတ်ဘူးကွ ... မတွေ့ချင်တာ ... မိန်းမတွေ အလုပ်ရှုတ် စိတ်ရှုတ်ရလို့ မပတ်သက်ချင်တာ ရှင်းပြီလား ... ကောင်းပြီ ငါစောင့်နေမယ် ... မင်းလာခဲ့ ... ငါးမိနစ်အထိ ငါစောင့် နေလို့မှ မင်းရောက်မလာရင် ငါတာဝန်ကျေပြီ နော် ... "

"အိုကေ ... ကျွန်မရောက်အောင်လာမယ် ... "

ရင်ထဲမှာ ...

ဒေါသမီးတို့က တရှိန်ရှိန်နဲ့ပေ့ါ။

တွေ့လိုကတော့ ပက်ပက်စက်စက်ကို ရှုံ့ချလိုက်ဦး ဒါမှ နောင်ကို မှတ်သွားမှာ၊ တော်တော်ဆိုးတဲ့ မိန်းမ။ မတွေ့ ဘဲ ကိုယ်က သူမနှင့်မျက်နှာချင်းမဆိုင်ရဲလို့ ဖြစ်ရဦးမယ်။

ကျွန်တော်က ယောကျ်ားပဲ။

ဘာမှကြောက်စရာမရှိ၊ ကျွန်တော့်ကုမ္ပဏီရှေ့က

ကော်ဖီဆိုင်ကလေးမှာဆိုတော့ သိပ်လည်း ပြဿနာမရှိနိုင်။ အေ
ဆေးပဲ မင်းလာခဲ့လေ။

ဝိုက် ...

မင်းကို ငါက တစ်ချိန်လုံးတွေ့ချင်နေတာကွ
ဒါပေမဲ့ မင်းဘက်ကစပြီး တွေ့ဖို့လာစောင့်ဆိုတဲ့စကားကြော
အောင့်သက်သက်ဖြစ်ပြီး ဓွတ်ငြင်းပစ်လိုက်တာ။

ဒါကို ...

မင်းကပဲ မတွေ့ရဲဘူးလေး ဘာလေးနဲ့။ ,

လာလေ။

တွေ့မှာပေါ့။ အဟွန်း ... ဟွန်း။ ငါးမိနစ်ပဲ အချိန်
လိုက်တာ။ ရောက်အောင်သာ လာခဲ့၊ စိတ်တွေကို တစ်ချိန်လုံ
တင်းထားလိုက်သည်။

ကော်ဖီဆိုင်ထဲသို့ ဝင်ခဲ့သည်။

ဝင်ပေါက်ဘက်မျက်နှာမူကာ စားပွဲဝိုင်းရှိ ခုံအလွတ်
တစ်လုံးတွင်ဝင်ထိုင်လိုက်ပြီး သူမဝင်အလာကို စောင့်လိုက်၏
လက်မှနာရီကို တစ်ချက်လှမ်းကြည့်လိုက်ကာ အသာနေလိုက်သည်

နောက်ထပ် ...

သုံးမိနစ်အကြာမှာ ဒီမိန်းမရောက်လာရမည်။ မလာ
နိုင်ပါက သူမအရှုံးပဲ။ ကျွန်တော့်ရင်တွေ ဘာကြောင့်မှန်းမသိ လေ
လံနေသည်။





တောက် ...

ကျွန်တော့်ကိုယ် ကျွန်တော် ဒေါသထွက်မိသည်။

တကယ်ဆိုရင် ...

သာမန်မိန်းမတစ်ယောက်အတွက် ကျွန်တော့်ရဲ့
တွေ တွေဝေထိုင်းမှိုင်းနေဖို့ မလို။ အချိန်နီးကပ်လာလေ စိတ်
က လှုပ်ရှားလာလေပင်။ လုပ်ငန်းမှာ အစွမ်းထက်ထက်နှင့်
ပြတ်သားစွာဖြင့် ဦးဆောင်နိုင်သလောက် ယခုတော့ ကျွန်
စိတ်တွေက ကျားရှေ့ရောက်သော သိုးငယ်ပမာ ဘယ်လို
ရန်းရှောင်ပြေးလျှင် ကောင်းမလဲဆိုပြီး တစ်ချိန်လုံးစဉ်းစား
၏။

ဟော ...

ဝင်ပေါက်တံခါးမှန်ချပ်ကြီး တွန်းဖွင့်တာကို တွေ့ရ
ပြီးနောက် အတွင်းဘက်သို့ ငဲ့စောင်းကာ ကြည့်လာသော မျက်
လေးတစ်ခု။

မြတ်စွာဘုရား။

ကျွန်တော့်ရင်တွေ အခုန်မြန်နေပါလား။

သူမမျက်ဝန်းလေးတွေက တစ်စုံတစ်ယောက်ကို
နေသည်။ ကိုယ်လုံးကို မတွေ့ရသေး။ သူမက ခေါင်းကလေး
စောင်းငဲ့ကြည့်ကာ ဆိုင်ထဲရှာနေတာ ခေါင်းကို အကြောင်းမဲ့

ငုံ့ထားမိသည်။

"အစ်ကို ဘာသောက်မလဲရှင် ..."

"အစ်ကို ..."

"အမယ်လေး ..."

ကျွန်တော် လန့်ဖျပ်သွားမိသည်။ ပါးစပ်ကလည်း ယောင်ပြီး ထွက်သွား၏။ ကော်ဖီဆိုင်မှ အလုပ်သမားကောင်လေး ပင် လန့်ကာ ကြောင်ပြီး ကြည့်နေသည်။ အခုမှပဲ ကျွန်တော့်ကိုယ် ကျွန်တော် အသိဝင်ကာ ကော်ဖီတစ်ခွက်မှာလိုက်ရ၏။ ဝင်ပေါက် ဘက်သို့ တစ်ချက်လှမ်းကြည့်မိတော့ စောစောက အမျိုးသမီး တော့။

ဝိုက်မဟုတ်လောက်ဘူးထင်ပါရဲ့။

ကျွန်တော် နာရီကို တစ်ချက်ငုံ့ကြည့်လိုက်မိတော့ နာရီက ငါးမိနစ်ပြည့်နေချေပြီ။ ဘာပဲပြောပြော ဒီမိန်းမရှုံးသွားပြီ အခုအချိန်မှ ရောက်မလာဘူးဆိုတော့ ကျွန်တော့်အပြစ်မဟုတ် တော့ဘူးပေါ့လေ။

ဟင် ...

လက်ထဲမှာ နှင်းဆီပွင့်လေး တစ်ပွင့်ကိုကိုင်ပြီး ကော်ဖီဆိုင်ထဲ ဝင်လာတဲ့ကောင်မလေးတစ်ယောက်။

သူမကို တွေ့ရလိမ့်မည်လို့ ... ကျွန်တော် လုံး





...ကြည်ထားခဲ့တဲ့ ကောင်မလေး။

"ထိုင်မယ်နော် ဦးကြယ်တံခွန် ..."

"မင်း ... မင်း ..."

"ကျွန်မနာမည် ဝိုက်ပါ ... ဦးကြယ်တံခွန် ..."

ဝိုက်တဲ့ ...။

ချိုအီနေသော နှုတ်ခမ်းဖူးဖူးလေးပေါ်မှာ ပန်းရောင် ...ဖျော့နှုတ်ခမ်းနီလေးက ပိုပြီး ရင်ခုန်ချင်စရာ။ သူမရဲ့ မျက်လုံး ...တွေက ကြယ်ကလေးတွေလို ကြည်တောက်နေ၏။ ဖြူနုနေ ... မျက်နှာကလေးမှာ ပန်းနုရောင်ကလေး သန်းနေသည်။ သူမ ...နှာကလေးက ရှင်းပြီး အပြစ်ကင်းစင်နေ၏။

ဒါဟာ ...

ဝိုက်တဲ့လားကွယ်။

ကျွန်တော် သူမကို တအံ့တသြ ငေးကြည့်နေမိ ...

ရင်တွေက တဒိန်းဒိန်း အခုန်မြန်နေပြီး အသက်ရှူ ...င် မှားယွင်းနေမိ၏။

ဝိုက်ရယ် ...

ကျက်သရေရှိလိုက်တာ။

ဆံနွယ်အရှည်ကြီးကို အနောက်မှာအားလုံးစုပြီး ခပ်

မြင့်မြင့်ကလေးစုကာ စည်းထား၏။ ချိတ်ခရမ်းရောင် ဝမ်းဆက်
ကလေးကို ခပ်ရိုးရိုးကလေး ဝတ်ထားပုံက တစ်ဘက်သား မျက်လုံး
မခွာနိုင်လောက်အောင် ဆွဲဆောင်နိုင်လွန်းသည်။

"မင်း ... မင်း ဘာဖြစ်လို့ ငါ့ကို စိတ်အနှောင့်အယှက်ဖြစ်
အောင် လုပ်နေရတာလဲဟင် ဗိုက် ... ငါ သိပ်မုန်းတဲ့ နှင်းဆီ
ပွင့်တွေကို မင်း ဘာဖြစ်လို့ ငါ့ဆီအရောက် ပို့နေရတာလဲ"

"အဲဒါ ... ရှင် အရမ်းသိချင်နေသလား ... "

"သိချင်လို့ မေးတာပေါ့ကွ ... "

ကျွန်တော့်အသံက နည်းနည်းတော့ ကျယ်သွား
သည်။

"မအော်နဲ့လေ ဦးကြယ်တံခွန် ... ကျွန်မရဲ့ ဂုဏ်သိက္ခာ
အတွက် စကားတိုးတိုးပြောခြင်းနဲ့ ... ရှင် တဆိတ်လောက်
ကျွန်မကို အားပေးကူညီစမ်းပါ ... ဒီမှာ ကျွန်မ တစ်ခုပြော
မယ် ... ရှင် နားထောင် ... "

"ပြောစမ်းကွာ ... ပြောစမ်း ... "

"ကျွန်မသူငယ်ချင်းနဲ့ ကျွန်မ ... အလောင်းအစားတစ်ခု
လုပ်ထားလို့ ... "

"ဩော် ... "

"အဲဒီအလောင်းအစားက ... ရှင့်ဆီကို နှင်းဆီတစ်ပွင့်နဲ့ ပ





ဖြူကလေးတစ်ထည်ကို ခုနစ်ရက်တိတိ မရောက်ရောက်
အောင် ပို့နိုင်ရမယ်ဆိုတဲ့ အလောင်းအစားပဲ ... "

"ဘာပြောတယ် ... "

ကျွန်တော့်မျက်လုံးလေးတွေ ပြူးကျယ်ဝိုင်းစက်
သွားရသည့်အထိ အသက်ရှုပင် မှားသွားရသည်။ မယုံကြည်နိုင်
လောက်အောင် အံ့သြသွားရသည်။

တစ်စုံတစ်ခုကို ပြောဖို့ ကျွန်တော် အားယူလိုက်
စဉ် ...

"ခဏနေဦး ဦးကြယ်တံခွန် ... ကျွန်မဆက်ပြောမယ် ...
ရှင် ဘာမှမပြောနဲ့ဦး ... ရှင်သိချင်တာ ရှင်မေးချင်တာတွေ
ရှိရင် ရှင့်ရင်ထဲမှာ ခဏမျိုချထားလိုက် ဟုတ်ပြီလား ... "

"ရှည်လိုက်တာကွာ ... ကျွတ် ... "

သူ တစ်ချက်စုတ်သပ်လိုက်သည်။

"ဟင်း ဟင်း ... စိတ်မတိုစမ်းပါနဲ့ ဦးကြယ်တံခွန်ရယ် ...
ရင်ထဲက စကားတွေကို ပြောချင်လွန်းလို့ ဦးကြယ်တံခွန်
ဆီကို မရောက်ရောက်အောင် လာခဲ့တာပါ ... "

"အပိုတွေ ဘာမှလျှောက်ပြောမနေနဲ့ ဗိုက် ... မင်း အခု
လာတာ နောက်ဆုံးကျန်နေတဲ့ နှင်းဆီတစ်ပွင့်နဲ့ ပဝါဖြူ
တစ်ထည်ကို မင်းကိုယ်တိုင် လာပေးတာမို့လား ... ထားခဲ့

ငါ့ရှေ့က စားပွဲပေါ်မှာ တင်ထားခဲ့ ... ရပြီ ... မင်း ပြန်ထွ
သွားလို့ရပြီ ... ငါ့မှာ အလုပ်တွေ ရှိသေးတယ် ... မင်း
လို လိုက်ဖရုတ်ကျနေတဲ့ ကောင်မလေးတွေနဲ့ စကားအေ
အေးဆေးဆေးပြောဖို့ ငါ့မှာအချိန်မရှိဘူး ... အလော
အစားလုပ်တာလည်း ငါ ဝါသနာမပါဘူး ... "

"ဟား ဟား ... ဦးကြယ်တံခွန် အရမ်း ဟန်ဆောင်ကော
တာပဲ ... ဒီနေ့ ဦးကြယ်တံခွန်ဆီကို လာရတာ ပျော်
ကောင်းလိုက်တာ ... "

ကလေးတစ်ယောက်လို ရယ်နေတဲ့ ပိုက်ကိုကြ
ပြီး မျက်ခုံးတန်းကလေးတွေ စုကျုံ့တက်သွားရတဲ့အထိ စ
ပေါင်းများစွာ ကျွန်တော် ငြိမ်သက်သွားရတာ တကယ့်ကို မ
ကြည့်နိုင်စရာပါပဲ။

ချောမောလှပပြီး အင်မတန် ချစ်စရာကောင်းလှ
တဲ့ သူမကလေးကို ငေးစိုက်ကြည့်ရင်း ... ခြေဖျားလက်ဖျားကအေ
တွေ အေးစက်သွားရသည့်အထိ ကျွန်တော် တုန်လှုပ်သွားခဲ့တာ
သူမ သိလို့မဖြစ်သေးပါ။

"ဒီမှာ ... ဦးကြယ်တံခွန် ... "

"ဟင် ... "

"ဒီနေ့ ... ကျွန်မယူလာတဲ့ နှင်းဆီပွင့်လေးကို ရှင် သေ





ချာချာ ကြည့်စမ်းပါ ... "

"မကြည့်ဘူး ပိုက် ... ဟောဒီကမ္ဘာပေါ်မှာ ငါ အမုန်းဆုံးက
နှင်းဆီပဲ ... အဲဒါ မင်းသိလား ... "

"နှင်းဆီကို မုန်းတယ် ... ဟုတ်လား ... နှင်းဆီကို ရှင်က
ဘာကြောင့် မုန်းနေတာလဲ ... နှင်းဆီနဲ့ ပတ်သက်ပြီး မုန်း
စရာ ... နာကြည်းစရာအတိတ်တွေ ရှင့်မှာ ရှိနေခဲ့လို့လား"

"အဲဒါ ... မင်း မေးစရာမလိုဘူး ပိုက် ... နှင်းဆီကို ငါ့ဟာငါ
ချစ်ချင်ချစ်မယ် ... မုန်းချင်မုန်းမယ် ... ဒါ ငါ့ကိုယ်ရေးကိုယ်
တာကိစ္စ ... မင်းနဲ့ ဘာမှမဆိုင်ဘူး ... မင်းကို ရှင်းပြနေစရာ
အကြောင်းလည်း ငါ့မှာ ဘာမှမရှိဘူး ... "

"ဩော် ... "

အရောင်ပြောင်းသွားသော သူ့မျက်ဝန်းလေးတွေ။
ဖျတ်ခနဲ တွန့်ကွေးသွားတဲ့ သူမရဲ့ နှုတ်ခမ်းကလေး
... ။

အဓိပ္ပာယ်ရှိသော အပြုံးတွေ ... ။
ပိုက်ရာ ...
မင်း ငါ့ကို ဘာကြောင့်များ ဦးနှောက်စားစေချင်
တာလဲ။

မင်းပေးတဲ့ နောက်ဆုံးနှင်းဆီပွင့်ကလေးကို ငါကိုယ်

တိုင် လက်ခံလိုက်မှတော့ ဒီအလောင်းအစားပွဲမှာ မင်း အနိုင်ရ
ပဲဟာ ... ။

မင်း ကျေနပ်တော့ပေါ့။

ခုတော့ ...

ငါ့ကိုကြည့်ပြီး မင်းမျက်ဝန်းလေးတွေ ဘာကြော
များ အရောင်ဖျော့သွားရတာလဲ။

“ဦးကြယ်တံခွန် ... ”

“ကျွန်မ စိတ်မကောင်းပါဘူး ... ”

“ဟင် ... ဘာဖြစ်လို့လဲ ... ”

“ရှင့်ကို ... အနှောင့်အယှက် ပေးမိသလို ဖြစ်နေရလို့”

“အဲဒါကို မင်းသိရင် ပြီးတာပဲ ... ”

“တစ်ခုတော့ ... ကျွန်မ မေးချင်သေးတယ် ... ”

“မေးကွာ ... မေး ... ”

အမေးအမြန်း ထူလှသော သူမကို စိတ်မရှည်
တော့။

“ကျွန်မပေးခဲ့တဲ့ နှင်းဆီပွင့်ကလေးတွေကို ရှင် ဘာ
ပစ်လိုက်သလဲ ဟင် ... ”

“ဟ ... ဘာလုပ်ရမှာလဲ ... အမှိုက်ပုံးထဲ ထည့်ပစ်လို
တာပေါ့ ... ”





“တကယ် ... ”

ဝိုင်းစက်သွားတဲ့ သူမရဲ့ မျက်လုံးကလေးတွေကို
ကြည့်ရတာ တကယ့်ကို သနားစရာပါ။

အားငယ်ဖျော့တော့သွားတဲ့ မျက်နှာထားကလေး။

“မင်းကို ငါ ဘာဖြစ်လို့ လိမ်ရမှာလဲ ဗိုက် ... နှင်းဆီဆိုရင်
မုန်းလွန်းလို့ ကြောက်လွန်းလို့ တမင်ကို အမှိုက်ပုံးထဲ ထည့်
ပစ်လိုက်တာလေ ... ရှင်းပြီလား ... နမ်းမိရင် မူးမယ် ...
ကိုင်ကြည့်ရင်စူးတယ် ... အဲဒါ နှင်းဆီပဲ ... ”

“ဒါဆို ... နှင်းဆီကို ရှင် တော်တော်မုန်းနေတာပေါ့ ... ”

“သိပ်မုန်းတာပေါ့ ... ”

“နှင်းဆီပွင့်လေးတွေမှာ ဘာအပြစ်မှ မရှိပါဘူး ... ”

“ဘာပြောတယ် ... ”

“ပန်ဖို့မဟုတ်ဘဲ ... ချိုးဖဲ့ခြွေပစ်ချင်တဲ့သူတွေအတွက်
တော့ နှင်းဆီဆူးဟာ လိုကိုလိုအပ်တယ်လို့ ကျွန်မထင်
တယ် ... ”

“မင်း ... မင်း ... ဘယ်လိုရည်ရွယ်ချက်တွေနဲ့ နှင်းဆီ
အကြောင်းတွေ ငါ့ကို လာမေးနေတာလဲဟင် ဗိုက် ... မင်း
စိတ်မှကောင်းသေးရဲ့လား ... ”

ကျွန်တော် အထိတ်တလန့် အော်မိတော့ သူမရဲ့

နှုတ်ခမ်းလေးတွေပေါ်မှာ လျှော့ရဲရဲအပြုံးကလေးတွေ ဖြတ်ပြေ
သွားတာ မြင်လိုက်ရသည်။

"ရှင် ... ရှင် ... နှင်းဆီလေးတွေကို ဘယ်နှစ်ခါ ခြွေခဲ့
သလဲဆိုတာ ကျွန်မ သိချင်တယ် ... "

"ဟင် ... "

"ဖြေပါ ... ရှင် ကျွန်မမေးတာကို ရဲရဲတင်းတင်း ဖြေစမ်းပါ"

"နှင်းဆီကို မုန်းတော့မုန်းတယ် ... ဒါပေမဲ့ တစ်ခါမှတော့
မခြွေမိခဲ့သေးဘူး ... "

"မယုံဘူး ... ရှင် မညာနဲ့ ... "

"ဗိုက်ရာ ... ကိုယ် မင်းကို အမှန်အတိုင်း ပြောနေတယ်
ဆိုတာ မင်း ယုံစမ်းပါ ... "

"ရှင် ရှင် ... ဟန်ဆောင်နေတာ ... အဲဒါ ကျွန်မသိတယ်
ဦးကြယ်တံခွန် ... ရှင့်မျက်လုံးတွေရှေ့မှာ ဟန်ဆောင်လို့
ညှာနေတဲ့ ပဝါပါးပါးကလေးတစ်ထပ် ကာထားတာ ကျွန်မ
မြင်နေရတယ် ... "

"ဒါဆို ... ကိုယ်ပြောတဲ့စကားကို မင်း မယုံဘူးဆိုပါတော့"

"မယုံဘူး ... "

"ကဲ ... ဟုတ်တယ်ကွာ ... ခြွေတယ် ... ခြွေခဲ့ဖူးတယ်ကွာ
အဲဒါ ဘာဖြစ်လဲ ... ငါခြွေခဲ့ဖူးတဲ့ နှင်းဆီတွေ အများကြီးပဲ"





"ရှင် ... "

ကျွန်တော် တမင်အရွဲ့တိုက်ပြီး ပြောလိုက်တာကို
... မသိပါ။ သူမက ... တကယ်ယုံသွားတဲ့ပုံကလေးနဲ့ ကျွန်တော့်
...လုံးတွေ ... ကျွန်တော့်နှုတ်ခမ်းတွေကို သေချာစူးစိုက်ကာ
...ည့်နေခဲ့သည်။

"အဟင်း ဟင်း ... အဲဒီလို အမှန်အတိုင်း ဝန်ခံလိုက်စမ်းပါ
ဦးကြယ်တံခွန်ရယ် ... အဲဒါမှလည်း ကျွန်မက ဘာဆက်
လုပ်သင့်တယ်ဆိုတာ ကျွန်မကိုယ်တိုင် ရွေးချယ်လို့ရတော့
မှာပေါ့ ... "

"မင်း မင်း ... ဘာဆက်လုပ်ချင်သေးလို့လဲဟင် ဗိုက်"

"ရှင့်ရင်ဘတ်မှာ ... ဟောဒီနှင်းဆီပွင့်လေးကို ကျွန်မကိုယ်
တိုင် ထိုးစိုက်ထားခဲ့ချင်တယ် ဦးကြယ်တံခွန် ... "

"ဘာ ... "

"အဲဒါ ... ကျွန်မတို့ သူငယ်ချင်းနှစ်ယောက်ရဲ့ အလောင်း
အစားကိစ္စ နောက်ဆုံးစည်းကမ်းချက်ပဲလေ ... "

သူမလက်ထဲကို နှင်းဆီပွင့်ကလေး ဖျတ်ခနဲ ရောက်
...ပြီ။

ဗိုက် ...

တကယ်လုပ်တော့မဲ့ပုံပဲ။

"ကျွန်မဆန္ဒကို ရှင် လိုက်လျောမလား … ဒါမှမဟုတ် ကျွန်
လက်ထဲက နှင်းဆီပွင့်ကလေးကို ရှင်ကိုယ်တိုင် တစစီ
သွားအောင် ချိုးဖဲ့ခြေမွပစ်လိုက်မလား … အဲဒီနှစ်ခုထဲ
ရှင် တစ်ခုကိုရွေးလိုက် ဦးကြယ်တံခွန် … "

"ဟင် … "

သူမ …

ကျွန်တော့်ကို ကောင်းစွာအကျပ်ကိုင်နေပြီ။

နဂိုကမှ ရင်တုန်ချွေးပြန်နေရတဲ့အထဲ ကျွန်တော့်
သည်ထက်ပိုပြီး စိတ်လှုပ်ရှားသွားစေမည့် နေရာတစ်ခုဆီကို ပိုက်
ဘာကြောင့်များ ဆွဲခေါ်သွားချင်နေရတာလဲကွာ။

"ရှင် … အဖြေပေးလေ ဦးကြယ်တံခွန် … အဲဒီအဖြေ
ကျွန်မ အရမ်းသိချင်နေတယ် … ခြေမယ်ဆိုလည်း ခြေ
လိုက်ပါ … ရပါတယ် … ကိစ္စမရှိဘူး … ကျွန်မဘက်က
ခံနိုင်ရည်ရှိဖို့ အစစအရာရာ ကြိုတင်ပြင်ဆင်ထားပြီးသား

ပိုက် …

လှပစွာ စိန်ခေါ်နေပြီ။

ကျွန်တော် ဘာလုပ်ရမလဲ။

ကိုယ်က မခြေရင် … သည်နှင်းဆီပွင့်ကလေး
ကိုယ့်ရင်ဘတ်မှာ ထိုးစိုက်ခွင့်ပြုရမယ်တဲ့။





"ပိုက် … "

"ဘာလဲဟင် … "

"မင်းဟာ လှပတဲ့ မိန်းကလေးတစ်ယောက်ပါ … "

"အို … အဲဒီစကားလုံးလေးအတွက် ကျွန်မ ရှင့်ကို သိပ်ပြီး ကျေးဇူးတင်ပါတယ် ဦးကြယ်တံခွန် … "

"မင်းကြောင့် … ကိုယ် ရင်ခုန်နေတာရော မင်း သိရဲ့လား ဟင် … "

"ရှင် မဆိုးဘူး ဦးကြယ်တံခွန် … ပန်းခြေတတ်တဲ့ မုဆိုး တစ်ယောက်ရဲ့ရင်ထဲမှာ ရင်ခုန်တတ်တဲ့ စက်ကလေးရှိနေတာကို သိရလို့ ကျွန်မ အံ့ဩတယ် … "

"မင်း … တော်တော်စကားတတ်တာပဲ ပိုက် … "

"ဟင်း ဟင်း … အဲဒါ ရှင်ထင်လို့ပါ … ဒီလောက်လည်း မဟုတ်သေးပါဘူး … "

"ကိုယ် ရူးတော့မယ် သိလား … "

"ဟင် … ဘာဖြစ်လို့လဲ … "

"မင်း … အခုလုပ်နေတဲ့ လုပ်ရပ်တွေ အားလုံးကို ကိုယ် ဘာမှ နားမလည်တော့လို့ပဲပေါ့ … အလောင်းအစား လုပ်တာထက်စာရင် ရည်ရွယ်ချက်တစ်ခုခုနဲ့ မင်း ကိုယ့်နောက်ကို လိုက်နေတာလားဟင် ပိုက် … "

"ဟား ဟား ဟား ... အရေးထဲမှာ ဦးကြယ်တံခွန်က လိ
ပြာမလုံ ဖြစ်နေပြန်ပြီ ... ရိုးရိုးသားသားပါ ဦးကြယ်တံခွ
ရဲ့ ... ကဲပါ ... ကျွန်မလက်ထဲက နှင်းဆီပွင့်လေးကို ဟော
စားပွဲပေါ်မှာ ရှင့်လက်တွေနဲ့ တစ်ခုချင်း တစ်လွှာချင်း တ
ဖတ်ခြင်း ရက်ရက်စက်စက် ခြွေမွပစ်လိုက်စမ်းပါ ... ကျွ
ထိုင်ကြည့်နေမယ် ... ပြီးတာနဲ့ ကျွန်မ လှည့်ထွက်သွားမ
ဟုတ်ပြီလား ... အဲဒါ ကျွန်မရဲ့အရှုံးပဲ ... ကျွန်မ အ
လောက်ထိ ရှုံးသွားတယ်ဆိုတာ ပိတ်ကားပေါ်က ပြကွ
တစ်ခုကို ငေးစိုက်ကြည့်ရင်း ... ခြေဖျားလက်ဖျားတွေ အေ
စက်လာရတဲ့အထိ ကျွန်မရဲ့အရှုံးကို ကျွန်မ ပြန်မြင်
တယ် ... ဒါဆိုရင် ကျွန်မ ကျေနပ်ပြီ ... ကဲ ... ကျွန်မလ
ထဲက နှင်းဆီပွင့်ကလေးကို ... ရှင် ယူလိုက်တော့ ဦးကြ
တံခွန် ..."

"ဟာ ... ကိုယ် မခြွေပါဘူး ..."

"ဟင် ..."

"ကိုယ် မခြွေရက်ဘူး ဝိုက်ရယ် ..."

ဝိုက်မျက်လုံးကလေးတွ ရီဝေနေရာမှ လက်
တောက်ပသွားခဲ့ရပြီ။

"ကဲ ... မင်းလုပ်ချင်တာ လုပ်တော့ ... ကိုယ် မင်း





ဘာမှ မပြောတော့ဘူး ..."

"ရှင် ..."

အံ့ဩစွာ ဝိုင်းဟသွားတဲ့ ဝိုက်ဆိုတဲ့ ကောင်မလေး
နှုတ်ခမ်းလေးတွေ ... ။ သူ့ကို မထင်မှတ်စွာ စိုက်ကြည့်နေတဲ့

"ဒါ ... ဒါဆို ... ရှင့်ရင်ဘတ်ပေါ်မှာ ... ကျွန်မရဲ့ နှင်းဆီ
ပွင့်လေး ... ကျွန်မရဲ့ နှင်းဆီပွင့်လေးကို ထိုးစိုက်ခွင့် ..."

"ဟုတ်တယ် ... ကိုယ် မင်းကို ခွင့်ပြုလိုက်ပြီ ..."

"ရှင် ... တကယ်ပြောတာနော် ဦးကြယ်တံခွန် ..."

"ဒီဆိုင်ကထွက်ပြီး ... ရုံးပေါ်ပြန်ရောက်သွားတာနဲ့ နှင်းဆီ
ပွင့်ကြီးတစ်ပွင့် ရင်ဘတ်မှာ အူကြောင်ကြောင်ထိုးလာတဲ့
ငါ့ကိုကြည့်ပြီး ... တပည့်တွေက ဝိုင်းဟားမှာတော့ သေချာ
တယ် ... မင်း ... မင်း ငါ့ကို အရှက်ခွဲတာတော့ မဟုတ်ပါ
ဘူးနော် ဝိုက် ... မင်းတို့သူငယ်ချင်း နှစ်ယောက်ကြားမှာ
မင်းကို ငါ နိုင်စေချင်လို့ ... သိလား ... အဲဒီအတွက် တမင်
မင်းဆန္ဒကို လိုက်လျောလိုက်တာ ..."

"ကဲ ... ဒါဆို ရှင့်မျက်လုံး ပိတ်ထား ..."

"ဝိုက်ရာ ... မင်း ... မင်း ငါ့ကို တော်တော်ဒုက္ခပေးတာပဲ
ဘွာ ..."

"ဟင်း ဟင်း ဟင်း ... "

ရယ်သံလေးနှင့်အတူ ...

ကျွန်တော့်ရင်ဘတ် အသည်းနှလုံးရှိရာ နေရာလေး တည့်တည့်ဆီကို ရောက်လာတဲ့ အိစက်နူးညံ့လွန်းတဲ့ ထိတွေ့မှု လေးတစ်ခု ... ။

ပြီးတော့ ...

ယစ်မူးစေတဲ့ နှင်းဆီရနံ့တွေ။

သွားပြီ ... ။

ကျွန်တော့်ရင်ဘတ်ပေါ်မှာ ကျွန်တော် သိပ်မုန်းပါ တယ်ဆိုတဲ့ နှင်းဆီပွင့်လေးက နေရာယူလိုက်ချေပြီ။

"မျက်လုံးပိတ်ထားနော် ဦးကြယ်တံခွန် ... "

သူမ ခိုင်းတဲ့အတိုင်း ... ကျွန်တော် ဘာကြောင့် လျှောက်လုပ်နေမိသလဲဆိုတာ ကိုယ့်ကိုယ်ကိုပင် ကျွန်တော် သတိ မထားမိတော့ပါ။

ကျွန်တော့်မျက်လုံးလေးတွေ ဖွင့်ကြည့်လိုက်တော့

"ဟင် ... "

ထိုင်ခုံလေးပေါ်မှာ သူမ မရှိတော့ ... ။ စားပွဲခုံ လေးပေါ် သူ လှမ်းကြည့်လိုက်တော့ ဖြန့်ချထားတဲ့ လက်ကိုင်ပဝါ ဖြူဖြူကလေးပေါ်မှာ နှင်းဆီပွင့်ဖတ်ကြွေကလေးတစ်ခု။





ကျွန်တော့်ပခုံးနှစ်ဘက်စလုံးကို ဆတ်ခနဲနေအောင် ...်တော် တွန့်ပစ်လိုက်မိသည်။

ဝိုက်ရယ် ...

မင်း ကိုယ့်ကို ဒီလောက်ဒုက္ခပေးရရင် ကျေနပ် ...နော်။

နှင်းဆီတွေနဲ့ ...

ကိုယ့်စိတ်တွေ ချောက်ချားလာအောင် ဆက်မလုပ် ...ဘာကွာ။ ကိုယ် ... မင်းကို တောင်းပန်ပါတယ် ဝိုက်ရယ်။



## အခန်း ( ၉ )

ရင်ထဲကို တစ်ခုခု ဝင်ရောက်နေပြီဆိုတာ သိလိုက် ရတဲ့အချိန်မှာ ကျွန်တော်ဟာ သွေးပျက်လောက်အောင် ထိတ်လ... သွားရ၏။ တစ်ခါမှ မခံစားရဘူးတဲ့ ခံစားမှုတွေနဲ့အတူ ရှင်သန်လှု... ရှားနေသော လန်းဆန်းတက်ကြွမှုတွေ မှေးမှိန်လို့သွားရပေပြီ။

အိပ်ရာထက် အိပ်စက်မရစွာ လူးလိမ့်နေမိသော... သည် ဒီကနေ့ညပင် ဖြစ်ပေလိမ့်မည်။ တစ်နေ့တာလုံး ပင်ပန်းနွမ်း... နယ်လာသမျှ ညနေခင်းကလေးမှာ အေးအေးဆေးဆေး ရေကူး... တတ်သောအကျင့်လည်း သူမနှင့်တွေ့ဆုံပြီးနောက်ပိုင်း ထိုင်းမှိုင်း... ကာ မကူးချင်တော့ပေ။

ကျွန်တော် ဘာတွေဖြစ်နေပြီလဲ ... ။





မောင်သောင်းကို ထမင်းစားဝိုင်းတွင်ထိုင်နိုင်းပြီး ... ...နဲ့ တွေ့ဆုံခဲ့ရတဲ့အဖြစ်အပျက်ကလေးများကို ပြန်ပြောရင်း ...င်းတစ်ပန်းကန်တောင် မကုန်ဘဲ အများကြီးကျန်နေ၏။ ဘာမှ ...ည်း မစားချင် ... ။ ရင်ထဲမှာ ပြည့်တင်းနေ၏။

ဝိုက်ရယ် ... ။

ကိုယ့်မျက်လုံးတွေထဲမှာ မင်းရဲ့မျက်နှာကလေးကိုပဲ ...ယောင်နေမိတယ်။

"ကျွန်မရဲ့လုပ်ရပ်အတွက် ... ကျွန်မ တောင်းပန်ပါတယ် ဦးကြယ်တံခွန် ... စိတ်အနှောင့်အယှက် ဖြစ်သွားရတဲ့ အတွက်လည်း စိတ်မကောင်းပါဘူး ... ဒီတစ်ခါနောက်ဆုံး ပါပဲ ... ကျွန်မ နောက်ဆို ဒီလိုမလုပ်တော့ပါဘူး ... "

ဆိုပြီး မင်းဘက်က နောက်ဆုတ်သွားပေမဲ့ ... ကိုယ့် ...တွေ ဘာကြောင့်ပေါ့ပါးမသွားတာလဲ။ မင်းဆီက ကိုယ် သိပ် ...တဲ့ နှင်းဆီနီရဲရဲတစ်ပွင့်ကို ဘာ့ကြောင့် သတိတရ ရှိနေရတာလဲ။ ...ဆိုတဲ့ စာတန်းကလေး ရေးထိုးထားတဲ့ ပဝါအဖြူရောင်ကလေး ... ဘာဖြစ်လို့ တမ်းတနေမိပါလိမ့်။

ကိုယ် ရှုံးပြီ ... ဝိုက်ရယ်။

အမှတ်မထင် မင်းလုပ်ခဲ့တဲ့ ဇာတ်လမ်းလေးတစ်ခု ... အခုတော့ ကိုယ့်ရင်တစ်ခုလုံးကို မွန်းကျပ်ပိတ်ဆို့နေအောင် ...င်ပိတ်ထားချေပြီ။ မထင်မိဘူးကွာ ... မင်းဟာ ကိုယ့်စိတ်တွေ

ကို အင်အားကြီးစွာ စိုးမိုးနိုင်ထားလိမ့်မယ်လို့ တစ်ခါမှကို ‌ေ
မထားမိတာ။

သူမဘက်က စတင်ပြီး ကိုယ့်အနားကို ရောက်
စတင်ကြိုးစားခဲ့တာပါ။ အခုလည်း ... သူမရဲ့စိတ်သဘောအတိုင်း
ကိုယ့်ကို တောင်းပန်စကားလေးနဲ့ ထားရစ်ခဲ့ပြန်ပြီ။

"ဆရာသမား ... ဆရာသမား ... မနက်ကိုးနာရီတော
ထိုးတော့မယ်ဗျ ... ကုမ္ပဏီက ကိုညိုထွန်းတောင် ဖုန်းလှမ်း
ဆက်တယ် ... ဆရာသမား အခုထိ မရောက်လာသေး
နေမျှားမကောင်းဘူးလားတဲ့ ... "

" ... ... "

အထဲမှ ဘာအသံမှ ပြန်ထွက်မလာပါ။

မောင်သောင်း ... စိတ်ပူတာကတစ်ကြောင်း၊ အံ့
တာကတစ်ကြောင်း အခန်းတံခါးကို တဒုန်းဒုန်းထုကာ အော်ခေ
နေမိတော့သည်။

"ဆရာသမား ... ဆရာသမား ... "

"ဒုန်း ... ဒုန်း ... ဒုန်း ... "

အခန်းတံခါးလော့ကို ချထားသဖြင့် ဖွင့်ရခက်
သည်။

ဟာ ... ။

ဟုတ်ပြီ။





မောင်သောင်းမှာ ... အခန်းသော့ပိုရှိတာ အခုမှပဲ
...ရတော့တယ်။ အခန်းရှေ့က ခပ်မြန်မြန် ပြန်လှည့်ကာ ...
...က်ထပ်ကို တစ်ခါပြန်ဆင်း။ အဲ ... ပြီးတော့ သော့တွဲတွေ
...ဘားတတ်သော နံရံကပ်သေတ္တာလေးထဲမှ ဆရာသမားရဲ့
...သော့ပိုအတွဲကို ထုတ်ယူပြီး အပေါ်ထပ်ကို တစ်ခါပြန်တက်ရ
... လူတစ်ကိုယ်လုံး ချွေးတွေနှင့် ... ။

အခန်းတံခါးကို သော့နှင့်အသာဖွင့်ကာ ... တံခါး
... တွန်းအဖယ် မောင်သောင်းရဲ့မျက်လုံးတွေ ပြူးကျယ်ဝိုင်း
...ာ ပါးစပ်ကြီးက ဟောင်းလောင်း။ လုံးဝမထင်မှတ်သော
...င်းတစ်ခုက မျက်ဝန်းလေးထဲသို့ တန်းခနဲ တိုးဝင်လာ၏။

"ဟာ ... ဆရာသမား ... "

ခန္ဓာကိုယ်အပေါ်ပိုင်းက ခုတင်ပေါ်တွင်ရှိပြီး ခြေ
...နှစ်ချောင်းကတော့ ခုတင်အောက်မှာ တွဲလောင်းချလို့
...ကြီး အိပ်ပျော်နေ၏။ မဟုတ် ... အိပ်ပျော်နေတာလည်း
... မျက်လုံးကြီးတွေကပွင့်လို့ နံရံမျက်နှာကျက်မှာ ပြေး
...ဘဲ ကျေးရှူးတင်ရမည်။

"မောင်သောင်း ... "

"ဘာ ... ဆရာ ... "

"...းသတ်ကားတစ်စီးလောက် ခေါ်ပေးကွာ ... "

"ဘာ ... ဘာ ... ဘာလုပ်မလို့လဲဆရာ ... "

“ငါ့ရင်ထဲမှာ မီးတွေ တောက်လောင်နေတယ်ကွာ ...
ကယ်စမ်းပါဦး ... ”

အခုမှပဲ ... ဆရာသမားကို သေချာကြည့်မိ
တယ်။ အင်္ကျီအပေါ်ပိုင်းဗလာ ... အောက်ကတော့ ဘောင်းဘီအ
ကလေးနှင့် တော်သေးရဲ့။

“ဆရာသမား ... ရင်ပူရအောင် ညက သောက်ထားသေး
လား ... ”

မေးသာမေးရတယ် ... ။

ဆရာသမား အရက်သောက်ချင်လျှင် ... ကျွန်
ကပဲ ပြင်ဆင်ပေးရတာ။ သူ့ကိုယ်တိုင် ယူသောက်ထားတာလ
မဖြစ်နိုင်။ ပြီးတော့ ... ဆရာသမားက ဆေးဖြစ်ပါးဖြစ်သာ
တတ်တဲ့သူ။ ဒဏ်လည်းမခံနိုင် ... တစ်ခါတလေ ခေ့ညိခံပွဲသွာ
မဖြစ်မနေ သောက်လာရလျှင်လည်း ... မနက်ကျ ခေါင်းမ
တော့။ ဒါဆို ရင်ပူရခြင်းအကြောင်းက ဘာလဲ။

“မောင်သောင်း ... ”

“ဗျာ ... ”

“ငှိုက်ကို ... ငါ ဘာကြောင့်တွေ့ချင်နေရတာလဲ မသိ
ကွာ ... သူနဲ့မဆုံခင်တုန်းက ငါ သူ့ကို သိပ်မုန်းတာ
နည်းနည်းလေးမှ ဏ္ဍတွေမရှိတဲ့ ဂျစ်ပစီလေးလို့ ထင်
တာ ... အခုတော့ ... ငါ့ရင်တစ်ခုလုံး ပူလောင်မြိုက်
ဘာအလုပ်မှ ဆက်မလုပ်ချင်တော့လောက်အောင် ... ငါ့
တစ်ကိုယ်လုံး မလှုပ်ရှားချင်တော့ဘူးကွာ ... ”

သွားပြီ ... ။

ဆရာသမားတော့ ဒီတစ်ခါ ထိပြီ ... ။

ထိတာမှ နှင်းဆီပွင့်ကလေး ထိုးစိုက်သွားတဲ့ ရင်
ကိုတည့်တည့်ပဲ။ ဘယ်ဘက်ရင်ကိုမှ တစိမ့်စိမ့် တိုးဝင်ပြီးထိ
မောင်သောင်း နှုတ်ခမ်းလေးတွေ ပြုံးသွားရပြီ။ မောင်သောင်း
မျက်ဝန်းလေးတွေ ဝင်းလက်လာချေပြီတည်း။

“ဆရာသမား ... အချစ်ကို ရှာတွေ့သွားပြီပဲ ... ”

“ဘာ ... ဘာပြောတယ် ... မင်း ... မင်း ... ငါ့ကို ဘာတွေ
လာပြီးစွပ်စွဲနေတာလဲ ... ”

“ဆရာ ... မနေ့ညက ပြန်လာကတည်းက အမူအရာတစ်မျိုး
ဖြစ်နေပါတယ်လို့ ထင်ထားတာ ... အခုမှပဲ အဖြေမှန်ကို
ရှာတွေ့တော့တယ် ... ”

“မင်းစွပ်စွဲတာ သိပ်ပြီး ပြင်းထန်လွန်းတယ်ကွာ ... ငါ ညက
တစ်ညလုံး အိပ်မပျော်ဘူးကွ ... မျက်စိတွေ ကြောင်ပြီး
ဘာဖြစ်နေမှန်းတောင် မသိတော့ပါဘူးကွာ ... အခုလိုဖြစ်
ဘာ အဲဒါကြောင့်လည်း ဖြစ်နိုင်တာပဲ ... မင်းပြောတာကြီး
က သိပ်မဟုတ်နိုင်သေးပါဘူးကွာ ... သူ့ကို သတိပဲရတာ
ကွ ... မင်းပြောသလိုတော့ မဟုတ်လောက်ပါဘူး ... ”


လင်းလက်အိမ်စာပေ

တေပေပြီး ဇွတ်ငြင်းပစ်လိုက်မိသည်။

ကျွန်တော် ရှက်နေမိတာလား ... ပို့က်ကို စွဲလ
နေပြီဆိုတာကြီးကို ဝန်မခံရဲလောက်အောင်ပင်။ တော်တော်
ရက်စက်တဲ့ ပို့က်။ မနေ့က အပြီးအပိုင် နှုတ်ဆက်ကာ ထွက်ခွာ
ခြင်းကို ... ကျွန်တော် ဘာ့ကြောင့် မတားဆီးလိုက်မိမှန်းမသိ
အခုမှ နောင်တတွေ ရချင်နေသည်။

လူကြီးလူကောင်းစတိုင်လ်ကြီးနှင့် ကောင်မ
ကို စိတ်မဝင်စားဟန်လုပ်ပြီး လေသံခပ်ပြတ်ပြတ်နှင့် ဆက်
သလောက် ... အခုမှပဲ ပျောက်သွားတဲ့ ခြေသံတစ်စုံကို လိုက်
ချင်နေမိသည်။

တကယ်ဆို ...

မင်း ဘယ်မှာနေတာလဲပို့က်၊ ဘာအလုပ်လုပ်
မင်းကို ဆက်သွယ်ရမဲ့ ဖုန်းနံပါတ်ကလေးတစ်ခုခု ရှိမလား ဘာ
ဆိုပြီး နည်းနည်းလေး မေးထားသင့်တာပေါ့။

ကောင်မလေးကလည်း ... သူမအကြောင်းကို
တစ်ခုမှတောင် မပြောဘဲ ... ကျွန်တော့်ကို ဘာကြောင့် အ
လုပ်ရတယ် ... သူတို့ရဲ့ အလောင်းအစားပွဲအတွက် သူမ ဘ
ပြင်ဆင်ရတယ်ဆိုတာတွေပဲ တရစပ်ပြောချသွားသဖြင့် ကျွန်
သူမကို ပြန်မေးခွင့်တောင် မရလိုက်တော့ချေ။

"ဆရာသမား ... ညိုထွန်းဆီက ဖုန်းလာနေတယ် ...





"မပြောချင်ဘူးကွာ ... မင်းပဲ ကြည့်ပြီးပြောလိုက် ... "

ပက်လက်အနေအထားကနေ ခွခေါင်းအုံးကြီးကို
... တစ်ဘက်သို့ မျက်နှာလှည့်ပြီး ခွေနေတော့၏။

ဆရာသမားပုံကိုကြည့်ပြီး ... ကျွန်တော် ရယ်လည်း
... သနားကလည်း သနားနှင့် ဘာမှမပြောနိုင်ဘဲ သက်ပြင်း
ကြီးသာ ချလိုက်မိတော့၏။

လူပျိုသိုးကြီး ဒုက္ခ အကြီးအကျယ် ရောက်နေပါ
နော်။

"ညိုထွန်းရေ ... ဆရာသမားကတော့ ဒီနေ့ အလုပ်ကို လာ
နိုင်မှာမဟုတ်တော့ဘူးကွာ ... အခြေအနေ သိပ်မကောင်း
ဘူးကွ ... "

" ... ... "

"ဟော ... နေမကောင်းတာ မဟုတ်ဘူးဟေ့ ... အသည်း
နှလုံးထဲမှာ မီးတောက်နေလို့ ... ကောင်မလေးတစ်
ယောက် ရှို့သွားတဲ့ ရှို့မီး ... ရှို့မီး ... "

"ဟော့ကောင် ... "

ကျွန်တော့်အသံကြောင့် ဆရာသမား ခေါင်းကြီး
သကာ ... ကျွန်တော့်ကို မျက်ထောက်နီကြီးတွေနှင့် လှမ်း
၏။

မောင်သောင်း အစုတ်ပလုပ်ကောင် ... ။

ဒီကောင် တမင်အကျင့်ပုတ်ပြီး ပြောမှန်း သိသာ ရုပ်ကိုက စပ်ဖြဲဖြဲ ... သို့သော် ... ကျွန်တော် စိတ်မဆိုးမိတော့ တကယ်လည်း ကျွန်တော့်အသည်းနှလုံးထဲမှာ မီးတောက်နေခဲ့ ပြီပဲဟာ ... ။

အဲဒါ ... ပို့က်ဆိုတဲ့ ကောင်မလေးကြောင့် ... ။







## အ ခ န်း ( ၁၀ )

သူမရဲ့ မျက်တောင်ကလေး ဖျတ်ခနဲ အပွင့်မှာ ... ဘော့်စိတ်တွေ တုန်လှုပ်ချောက်ချားသွားရပြီ။ လူတကာ ငေး လောက်အောင် မြင့်မားသွယ်တန်းနေသော သူမရဲ့ အရပ် င်းဟာ ... တောင့်တင်းနေသော ခန္ဓာကိုယ် လုံးလုံးကလေး ဘော်တော့်ကို စွဲဆောင်မှု ရှိလှသလို ... ဖြူနုနေသော သူမ းအရည်ကြောင့်လည်း သူမရဲ့အလှက ပိုမိုပေါ်လွင်ထင်ရှား သည်။

မျက်ဝန်းနက်နက် ဝိုင်းဝိုင်းကလေးတွေကို အပြာ ခြယ် မျက်တောင်ကော့ကော့ကလေးတွေ ဝိုင်းရံထားသော င့် ... ပိုပြီး ကြည့်လို့ကောင်းနေပြန်သည်။ ဒီမိန်းမ ဘာ့ကြောင့်

ဒီလောက်တောင် စွဲဆောင်မှု ရှိနေရတာလဲလို့ ပြန်ပြီး ဝေဖန်သုံး သပ်နေတုန်း ... ကျွန်တော့်ရင်ထဲကို သူမက အနက်ရှိုင်းဆုံးနေရာ အထိ တိုးဝင်သွားလေပြီ။

ကိုယ် ...

ဘာဖြစ်နေပြီလည်း မသိတော့ပါဘူး ပိုက်ရယ်။

မျက်ဝန်းရှေ့မှာ ဖြတ်သွားတတ်တဲ့ ခရမ်းရောင် မလေးတွေကို ရုတ်တရက်မြင်တိုင်း မင်းများဖြစ်နေမလားဆိုတဲ့ အသိစိတ်နဲ့ လှမ်းကြည့်ရတာ အမောပဲ။

ဘယ်အချိန်မှာ ဘယ်လိုပုံစံမျိုးနဲ့ ... မင်း ငါ့အနား ကို ရောက်လာဦးမလဲဆိုတဲ့ အတွေးလေးတွေနဲ့ ငါ စောင့်မျှော်နေ မိတယ်ဆိုရင် မင်း ရယ်နေမလားဟင်။

သေချာတာကတော့ ...

မင်းကို ငါ စွဲလမ်းနေမိပြီဆိုတာပါပဲ။

ဒါဟာ ...

ငါ့ရင်ထဲက ခံစားချက် အမှန်တရားတွေပါ ... ။ ငြင်း ဝန်မခံချင်ပါဘူး ... ။ စိတ်ရှုပ်တဲ့ဒဏ်တွေ မခံစားနိုင်တဲ့ငါဟာ အခုတော့ မင်းကို လိုလားစွာပဲ တောင်းတနေမိတယ်လေ။

သိပ်လှတဲ့ နှင်းဆီပွင့်တွေဟာ ...

ယောကျာ်းတစ်ယောက်ရဲ့ဘဝကို ပျက်သွားစေ





...ယ်ဆိုတဲ့ ... ငါ့အစ်ကို မှာခဲ့တဲ့ နောက်ဆုံးစကားဟာ မှန်နေ ...ား မှားနေသလား ဆိုတာတောင် ငါ ဝေခွဲရခက်နေပြီ ပိုက်။ ...တွေကို မယုံနဲ့တဲ့ ... ။ ချစ်ရင်လည်း ဆူးရှိတဲ့ နှင်းဆီကို ...ောင်ပြီး ချစ်ရမယ်တဲ့။ ငါ့အစ်ကိုရဲ့ လက်သုံးစကားတွေပဲ ပိုက်။

သူလည်းရင် ကိုယ်ခံရမယ် ... ကိုယ်လည်းရင် ကိုယ် ...မယ် ... အဲဒီတော့ မင်းခံချင်သလား စံချင်သလား ကိုယ့်ဘာသာ ...ယ်တော့ဆိုပြီး တစ်ချိန်လုံးပြောခဲ့တာ ... ။

ဒါပေမဲ့ ...

အချိန်တန်တော့ သူလည်း ခံရတာပါပဲ။ သူ့အသက် ... ပေးလိုက်ရတဲ့အထိကို ခံစားလိုက်ရပြီလေ။ လည်လွန်းတဲ့ ... မစင်သင့်ဆိုသလိုပဲပေါ့ ... ။ သူ့ကြောင့်လည်း ငါဟာ အခုလို ...မျိုး ဖြစ်နေရတာလေ။

ဟူး ... ။

ခက်နေပြီ ပိုက်ရယ်။

တကယ်ဆိုရင် ...

ငါ့အနားကို မင်းဘက်ကစပြီး အနီးဆုံးရောက် ...ောင် လှမ်းခဲ့တာပါ။ ငါ့စိတ်တွေ ငြိမ်သက်နေတာကို မင်းပဲ လှုပ် ...အောင် လုပ်ခဲ့တာလေ။ အခုတော့ ... မင်းဘက်က တစ်ဖက် ...ကြီး နောက်ဆုတ်သွားတာတော့ ... မတရားလွန်းဘူး ထင်ပါ

တယ်ကွာ။ မင်းကို မေ့ပစ်ဖို့ ကြိုးစားမိတိုင်း ငါဟာ ကြေကွဲဝမ်း
နေတတ်ပြီလေ။

ကုမ္ပဏီမှာလည်း အမျိုးသမီးဝန်ထမ်းတွေ အ
ကြီးပါပဲ ... ဒါပေမဲ့ ကျွန်တော့်ဘက်က အလုပ်ကိစ္စမှလွဲပြီး တ
ဘာအကြောင်းနဲ့မှ သွားရောက်ပတ်သက်တတ်ခြင်းမရှိ။

ကိုယ့်နေရာနှင့်ကိုယ် အေးအေးဆေးဆေး နေ
တဲ့ ကျွန်တော် ... မိန်းမတစ်ယောက်ရဲ့ တစ်ဘက်သတ်
စရာအလောင်းအစားပွဲကလေးတစ်ခုမှာ ဓားစာခံ ဖြစ်ခဲ့ရသည်

ကျွန်တော့်လို လုပ်ငန်းပိုင်ရှင် လူကြီးလူ
တစ်ယောက်အတွ ကြီးမားဆုံး အ
ကားခံရမှုပါပဲ။ ဝိုက်ဂ ပွဲ့ခင်တုန်းက ကျွန်တော် အ
အကျယ် ပေါက်ကွဲခဲ့ တာပဲ။ သူမကို နှောင့်ယှက်မှုနဲ့ တရား
ချင်တာ။

ဒါပေမဲ့ ...

ကျွန်တော့်စိတ်တွေက ဘယ်လိုကနေဘယ်လို
ပြီး သူမကလေးရဲ့ ကစားပွဲထဲ မျောပါသွားမှန်းမသိပါဘူး။ မ
စိတ်ကြောင့်ပဲ ထင်ပါရဲ့။ ပြီးတော့ သူမရဲ့ စိန်ခေါ်မှုနဲ့အတူ
တိုက်ကြားနေရသော သူမရဲ့ ရှုံ့ချမှု။ ကျွန်တော့်ညှံ့ဖျင်းမှုကို
သာခံကာ စောင့်ကြည့်ပြီး တစိမ့်စိမ့် ဝေဖန်ပြတဲ့ သူမကို ကျွန်
အရမ်းမုန်းတာပဲ။





ဝိုက် ...

ဆိုတဲ့ ... အသံကလေး ကြားလိုက်တာနဲ့တင် ဖုန်း
ကို နားမထောင်ရဲလောက်အောင် ထွက်ပြေးချင်မိသည်။

သတိရတယ် ဝိုက်ရယ် ... ။

ဘယ်လိုမှ မေ့လို့မရဘူး။ မင်း ဘယ်မှာလဲ ဝိုက်ရယ်။



ကျွန်မစိတ်တွေ လေးလံထိုင်းမှိုင်းနေသည်။ ကျွ
ဘာဖြစ်နေတာလဲဆိုတဲ့ သုံးသပ်ချက်ကို ပြန်ပြီး မသုံးသပ်ရဲလော
အောင်ပါပဲ။ အဲဒီမေးခွန်းရဲ့နောက်ကွယ်က ... ကျွန်မရဲ့ ကျ
တစ်ခုခု ရှာဖွေတွေ့ရှိသွားမှာကို ကျွန်မ သေမလောက် ကြောက်
မိသည်။

"မင်း တွေဝေနေပြီလား အဖြူရောင် ... "

"ဘာကိုလဲ ယမုံ ... "

"ဦးကြယ်တံခွန်နဲ့ ပတ်သက်ပြီးတော့ပေါ့ ... ဒီနေ့နဲ့
တစ်ပတ်တိတိ ရှိတော့မယ်လေ ... မင်းရဲ့တွက်ကိန်း
သေချာပွဲမလား ... သူ့ဘက်က မင်းကို စိတ်လှုပ်ရှား
အမူအရာ ... ဘာတစ်ခုမှ မတွေ့လိုက်ရဘူးနော် ...
တကယ်ဆို ကြယ်တံခွန်ဆိုတဲ့ နာမည်နဲ့ တို့သိထားတဲ့





တစ်ယောက်ရဲ့အကြောင်းဟာ အခုလောက် ရိုးစင်းမနေ
တာတော့ အမှန်ပဲ ... "

"သူ ... ဟန်ဆောင်နေတာပါ ယမုံရယ် ... "

"ထင်တာပဲလေ ... ရှင် ဟိုနေ့က သူ့မျက်ဝန်းတွေကို သေ
ချာမလေ့လာခဲ့ဘူးလား အဖြူရောင် ... လူတစ်ယောက်
ရဲ့စိတ်ဟာ သူ့ရဲ့မျက်ဝန်းလေးတွေထဲမှာ ရှာကြည့်တာ
အသေချာဆုံးပဲ မဟုတ်လား ... "

ကျွန်မ သိပါတယ် ယမုံရယ်။

ဒါပေမဲ့ ...

သူ့မျက်ဝန်းတွေနဲ့ ဆုံရမှာ ကျွန်မ ဘာကြောင့် တုန်
နေမိမှန်း မသိဘူး ယမုံရယ် ... ။ ကျွန်မ တစ်ခုခု မှားယွင်းသွား
သိပ်စိုးရိမ်တာပဲ။

ကျွန်မ ...

ရှုံးသွားမှာ ကြောက်တယ် ယမုံ။

သူ့မျက်ဝန်းတွေမှာ ကျွန်မ ပျောက်သွားမတတ် ခံ
က်ရတာ ရှင်မှ မသိတာ ယမုံရယ် ... ။ ဒါကြောင့် ဒုတိယ
တွေ့ဖို့ ကျွန်မဘက်က ပြင်ဆင်မှုတွေ အများကြီး လုပ်ရ

ကြယ်တံခွန်ဆိုတဲ့ လူတစ်ယောက်ကို ...

အရက်စက်ဆုံး လက်တုံ့ပြန်နိုင်ဖို့ဆိုတာ ကျွန်
နှလုံးသားတွေ မရှိမှ ဖြစ်မှာလေ။ ချွေးတွေးမှုတွေ ရင်ထဲဖြတ်သ
စီးဆင်းလာတာနဲ့ တစ်ပြိုင်နက်တည်း ကျွန်မဟာလည်း ပြိုဖို့ သိ
သေချာခဲ့ပြီလေ။

ဒီတော့ ...

ကျွန်မ အရှုံးမခံရအောင် အရင် ဦးဆုံး ကျွန်
နှလုံးသားလေးကို နာကြည်းချက်တွေ ပြည့်သိပ်နေတဲ့ ခံ
အဆိပ်ရည်ကို ကျွန်မ သောက်မှဖြစ်မယ်။

"မင်း ... ပြင်ဦးလွင်ကို သွားမလို့ဆို ... "

"ဟုတ်တယ် ... မမကို အလွမ်းပြေဆိုပါတော့ ... "

"ကောင်းတာပဲလေ ... ဒါမှလည်း မင်းရဲ့စိတ်တွေ
နိုင်မာပြတ်သားလာမှာ ... မမအညိုရောင် ရှိနေမဲ့နေရာ
မင်း ခဏသွားတာ အကောင်းဆုံးပါပဲ ... "

"ယမုံ ... ကျွန်မ မနက်ဖြန် ကားလက်မှတ် သွားဝယ်
မယ် ... "

"ရထားနဲ့ မပြန်ဘူးလား ... "

"ဟင့်အင်း ... ကားနဲ့ပဲ သွားမယ် ... မန္တလေးကျမှ
လွင်သွားတဲ့လိုင်းကား ပြောင်းစီးမှာပေါ့ ... "

"ဒီကကားကို ဘာကြောင့် ယူမသွားချင်ရတာလဲ ...





ဘာသာတစ်ယောက်တည်း မောင်းနိုင်ရဲ့သားနဲ့ ... "

ဒါတော့ ဟုတ်သည် ... ။

ကျွန်မက ... အမြဲတမ်း ရန်ကုန်အထိ ပြင်ဦးလွင်က
တစ်ယောက်တည်း ကိုယ်တိုင်မောင်းပြီး ကားလေးတွေနှင့်
းလာနေကျ ... ။ အခုတော့ ဘာ့ကြောင့်မှန်းမသိ စိတ်တွေက
အား ပင်ပန်းနွမ်းနယ်နေသလိုပင်။ သူများမောင်းတာပဲ အေးအေး
သာ စီးချင်၏။

ကျွန်မ တွေးချင်တာ တွေးပြီး ...

ငေးချင်ရာ ငေးလို့ရသည်။

ကားမှန်ပြတင်းနံဘေးကနေပြီး ... ပတ်ဝန်းကျင်ကို
ပြီး ကျွန်မ စဉ်းစားစရာတွေ စဉ်းစားရမည်။ ကျွန်မ ရှေ့ဆက်ရမဲ့
လှမ်းတွေအတွက် လူ့လောကမှာ လိပ်ပြာလုံစွာ ဆက်လက်
သန်နေထိုင်နိုင်ဖို့အတွက် ကျွန်မရဲ့လုပ်ရပ်တွေဟာ မှန်ကန်
ကြောင့်မတ်ဖို့တော့ လိုအပ်တယ်လေ ... ။

ကြယ်တံခွန်ဆိုတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ...

ဝါသနာနဲ့ ဇီဇအကြောင်း ... သေချာကျနစွာ ရေး
သားသော မမအညိုရောင်ရဲ့ ဒိုင်ယာရီကလေးထဲမှာ ဖတ်လိုက်
ဆိုကတည်းက ... ရင်ထဲက ခါးသီးမှု၊ နာကြည်းမှုတွေဟာ
င်းအဆမဲ့ စတင်ပေါက်ကွဲလာတော့တာပဲ။ ဒါဟာ ... ရန်ကုန်

ကို ရောက်လာဖို့ အကောင်းဆုံးသော ဖိအားတစ်ခုပဲ ... ။

ကျွန်မ မှားသလား ... ။

ကြယ်တံခွန်အနားကို ကျွန်မဘာက်ကနေစပြီး သွားမိတာ ကျွန်မ မှားလားဟင်။ မမသိရင်ရော ... ကျွန်မရဲ့လု ကို ကျေကျေနပ်နပ်ကြီး ထောက်ခံပါ့မလား။

ကျွန်မ သိပါတယ် ... ။

မမ တားမှာပဲ ... ။ မျက်ရည်တွေ ပြည့်ဝိုင်း မျက်ဝန်းကလေးတွေနဲ့ ကျွန်မကို တားဆီးမှာပါပဲ။ မမရဲ့ နှလုံး တစ်ခုလုံး ရစရာမရှိအောင် ဆုတ်ပြတ်သတ်သွားစေတဲ့ ရှင့်ကို ကျွန်မ သိပ်မုန်းတယ် ကြယ်တံခွန် ... ။ ရှင့်ကို လဲပြိုသွားအော လုပ်နိုင်တဲ့ မိန်းမတစ်ယောက် ဒီကမ္ဘာမှာ မရှိနိုင်သေးဘူးဆို ကျွန်မ လုံးဝမယုံဘူး။

ခက်တာက ...

ရှင့်မျက်ဝန်းလေးတွေနဲ့ ရင်ဆိုင်ရရင် ... ကျွန်မ ခုန်သံတွေမြန်နေတာပဲ။ အဲဒါ ... လုံးဝမဖြစ်သင့်တဲ့အဖြစ်ပဲ။ မျက်ဝန်းလေးတွေထဲမှာ ဖြူစင်ရိုးသားမှုလေးတွေကို ကျွန်မ နေရတယ်။

ဟုတ်တယ် ... ။

ရှက်ရဲရဲ အကြည့်ကလေးတွေနဲ့ ... တစ်ခ





... ငေးငေးငိုင်ငိုင်လေးနဲ့ စကားတွေ ထစ်ငေါ့နေတတ်တဲ့ ...ဟန်ပန်ကို ကြည့်ခြင်းအားဖြင့် ... ရှင်ဟာ အဖြူထည်သက် ...လို့ တွေးမိတယ်။

မိန်းမတစ်ယောက်ကို ညှို့ယူဖမ်းစားတဲ့ ရီဝေဝေ ...းလေး ရှင့်မှာ ရှိမနေဘူး။ နည့်ချိုအီနေတဲ့ အသံကလေးတွေ ...နေတတ်တဲ့ နှုတ်ခမ်းသားကလေးတွေကို မတွေ့ရဘူး ... ။ ...ယ် ရဲရင့်စွာ ကျွန်မဖန်ခွက်ထဲကို အချိုရည်ငှဲ့ပေးဖို့ ရဲတင်း ...က်တဲ့ လက်အစုံ မရှိနေဘူးလေ ... ။

ရှင် ... ဟန်ဆောင်နေတာပဲလား။

"အဖြူရောင် ... အဖြူရောင် ... "

"ဟင် ... အင်း ... အဲ ... ဘာလဲ ယမုံ ... "

"အခုတလော ... မင်းကိုကြည့်ရတာ တစ်မျိုးပဲ ... တွေဝေ နေပြီလား အဖြူရောင် ... နောက်ဆုတ်ဖို့ မင်း စဉ်းစားနေ ပြီလား ... မမအညိုရောင်လို စိတ်သဘောထား နူးညံ့ပြီး ရိုးသားအေးချမ်းတဲ့ မိန်းမတစ်ယောက်ရဲ့ ခံစားချက်တွေနဲ့ လူ့လောကထဲက အစောဆုံး ထွက်ခွာသွားရမှုအတွက် ... မင်းရဲ့ ငေးငိုင်မှုတွေဟာ မမအညိုရောင်အတွက်တော့ ပိုပြီး ကြေကွဲဝမ်းနည်းစရာပါပဲ ... "

"မဟုတ်ဘူး ယမုံ ... ရှင်ပြောသလို မဟုတ်ဘူး ... ကျွန်မ

တွေဝေနေတာ မှန်ပေမဲ့ နောက်ဆုတ်ဖို့ ဘယ်တုန်းက
မစဉ်းစားဘူး ... တွေဝေတယ်ဆိုတာကလည်း ကျွန်မ
လုပ်မိတဲ့အလုပ် မှားယွင်းမှုတစ်ခုခုကြောင့် ... တစ်ဘ
သား ... ထိခိုက်နစ်နာသွားမှာကို စိုးရိမ်မိတာလည်း ပါ
တယ် ... လက်စားချေတာ မဟုတ်ဘူး ... ကိုယ်ချင်း
တတ်အောင် ပညာပေးတယ်ဆိုတာလောက်ပဲ ... သူ
တဲ့အမှုအတွက် သူဟာ တစ်ခုခုတော့ ပေးဆပ်ရလိမ့်မ
ကျွန်မကလည်း ရအောင်ကို ယူမှာပါပဲ ... ဒါပေမဲ့ ကျွ
တရားမျှတစွာပဲ ယူချင်တယ် ယမုံ ... ”

“ရှင့်လေသံတွေက နူးညံ့လှချည်လား အဖြူရောင် ... အ
က အဖြူရောင်ဟာ အထိနာနေတဲ့ ကျားတစ်ကောင်
ဟန်အပြည့်နဲ့ပါ ... အခုတော့ ဘယ်တုန်းက တရားရှ
တာလဲ အဖြူရောင် ... သေချာတာတစ်ခုကတော့ 
သူ့အကြောင်းတွေ တွေးနေတာ များသွားလို့ပဲ ဖြစ်ရမယ်
ကိုယ်ထင်တာ မမှားဘူးလို့ ထင်တာပဲ ... မင်း ဝန်ခံသလ
အဖြူရောင် ... ”

ကျွန်မ ငြိမ်သက်သွားရပြီ ... ။

အလန့်တကြားနှင့ ယမုံ့မျက်နှာကို လှမ်းကြည့်
တော့ ... အဓိပ္ပာယ်ပြည့်ဝနေတဲ့ အပြုံးတစ်ခုကို တွေ့လိုက်ရသည်





ငုံ့ထားလိုက်မိ၏။ ယမုံ ... ရှင်ပြောတာ မဟုတ်ဘူး ...
က်မခံနိုင်ဘူး ယမုံ။ ရှင် အဲဒီလောက် ကျွန်မကို အထင်
လား ယမုံရယ်။

မကြည့်ပါနဲ့ ... ။

အဲဒီလို အကြည့်တွေနဲ့ မကြည့်ပါနဲ့ ယမုံရယ်။ ကျွန်မ
အရမ်းကို တုန်လှုပ်ချောက်ချားရလွန်းလို့ပါ။ ကျွန်မ
လုံခြုံအောင် ... ရှင် ကျွန်မကို မကြည့်ပါနဲ့ ယမုံရယ်။

အ ခ န်း ( ၁၁ )

ဒီနေရာကို ခြေချဖို့ ...

ကျွန်မ ဘာ့ကြောင့် ရွံ့ကြောက်နေရတာလဲ ... အညိုရောင် ဆေးသုတ်ထားသော အုတ်ဂူကလေးအပေါ်မှာ အဖြူရောင် ကြွေပြားကလေးထက်မှ စာလုံးနက်နက်ကလေးများ။

မအညိုရောင် ...

အသက် (၂၁)နှစ်တဲ့။

ဒါဟာ ... လူ့လောကမှာ သိပ်ကို နေပျော်သေး အသက်အပိုင်းအခြားပဲ။ ငယ်နုနုကဲ့ မျက်နှာကလေးက အဘေ ပုံရိပ်မှာ ပြန်ပြီး ထင်ဟပ်လာခဲ့ပြန်တော့လည်း မျက်ရည်ကလေး တွေက ပါးပြင်လေးဆီ တလိမ့်လိမ့် ဆင်းလို့လာလေရဲ့။





"မမရယ် ... ကျွန်မလေ ... ကျွန်မ ကြယ်တံခွန်ဆိုတဲ့ သစ္စာမရှိတဲ့ ယောကျ်ားတစ်ယောက်ကို ရှာလို့တွေ့ခဲ့ပြီလေ ... သူနဲ့ အနီးဆုံးကို အရောက်လှမ်းခဲ့ပြီးမှ ကျွန်မ ... ကျွန်မလေ ..."

ငိုမိပါပြီ ... ။

နှလုံးသားတွေ အထိန်းအချုပ်မဲ့စွာ ကျွန်မ တသိမ့်သိမ့် ငိုရှိုက်မိပါပြီ။ ကျွန်မကိုကြည့်ပြီး မမဒေါသတွေ ထွက်နေ ဒါမှမဟုတ် ... မမဟာ အနားလည်ဆုံး အပြုံးကလေးတစ်ခု ... သိပ်နေမှာလား မသိတော့ပါ။

မမအညိုရောင်ရဲ့ အုတ်ဂူလေးခြေရင်းမှာ အဖြူ ပန်းခြင်းကလေးချရင်း ... အကျီအဖြူဝမ်းဆက်ကလေးနှင့် သိမ့်သိမ့် ငိုကြွေးနေသော ကောင်မလေးတစ်ယောက်။ သူမ ကလေးတွေက လေထဲမှာ တဖျပ်ဖျပ်လွင့်လို့ ... ပတ်ဝန်း လေတိုက်ခတ်မှု ပြင်းထန်ခြင်းကြောင့် ... သူမရဲ့ ရှိက်သံ ကလေးက အဝေးဆီသို့ ခပ်မြန်မြန်ကလေး ပျံ့လွင့်လို့နေ သည်။

ပန်းခြင်းကလေးထဲမှ နှင်းဆီအဖြူရောင်စွတ်စွတ် တွေကတော့ ဘယ်ညာယိမ်းနွဲ့လို့နေလေတော့၏။ သချိုင်း ခုလုံး တိတ်ဆိတ်လို့နေသည်။ ပတ်ဝန်းကျင်သဘာဝ ... သစ်ပင်ကလေးများ စိမ်းစိုလို့နေ၏။ တစ်ချက်တစ်ချက်

လေတိုက်သဖြင့် အနည်းငယ် ချမ်းစိမ့်စိမ့် ဖြစ်သော်လည်း ရင်... အပူမီးကြောင့် အေးလို့အေးရမှန်းပင် မသိတော့ပါ။

"အဲဒါ ... သိပ်ခက်တာပေါ့ ... မနက်ကမှ ရောက်... ခဏကလေးတောင် အနားမယူဘူးကွယ် ... ချက်ချင်း... သွားတော့တာပဲ ... ပြီးတော့လည်း အကြာကြီးပဲ... စိတ်ပူလိုက်ရတာ ... အနောက်ကတောင် လိုက်နိုင်... မလို့ ... အခု ဘယ်လိုနေသေးလဲ ... ဖျားတာသက်သာ... လား ... "

စိတ်ပူသောလေသံနှင့်အတူ အနည်းငယ် ပြစ်... သံပါ တစ်ပြိုင်တည်း ကြားလိုက်ရသော်လည်း ... ကျွန်မ စိတ်... ရက်စွာပင် ပြုံးနေလိုက်သည်။

မေမေ့ရဲ့ညီမ ဒေါ်လေးဝါက ... ကျွန်မခုတင်... တွင် ရပ်ပြီး နဖူးပြင်ကလေးပေါ်သို့ သူမရဲ့လက်ဖဝါးက... တစ်ဖက်ကို အသာတင်ရင်း မေးလိုက်၏။

"ဒေါ်လေးဝါ ... "

"ဟင် ... "

"မမအုတ်ဂူနဲ့ မေမေ့အုတ်ဂူကို ဆေးအသစ် ပြန်သုတ်... ဟယ် ... အခုဆေးတွေက တချို့နေရာတွေ အရောင်... ပြီး ကွာချင်နေပြီ ... "

"အေးပါ ... ဒါက နောက်တော့လုပ်နိုင်းလို့ရတာပဲ ... အ...





အရေးကြီးတာက အဖြူကလေးရဲ့ ကျန်းမာရေးပဲ ... ညည်း ကလေး နေကောင်းအောင်သာ ဂရုစိုက်စမ်းပါ ... "

ဒေါ်လေးဝါက ကျွန်မတို့ ညီအစ်မကို ထိန်းသိမ်း ...င်ရှောက်ပေးတဲ့ ... ကျွန်မတို့ရဲ့ အဒေါ်အပျိုကြီးတစ်ယောက်ပဲ။ ...နဲ့ ဖေဖေတို့ရဲ့ အိမ်ထောင်ရေးကိုကြည့်ပြီး စိတ်ကုန်လွန်းလို့ ...ခြည်းဥူကာ အခုအချိန်ထိ တစ်ကိုယ်တည်း အပျိုကြီးဘဝ ...နေ၏။

အဖြူရောင်နှင့် အညိုရောင်ကို ... ဒေါ်လေးဝါက ... အဖြူဟု အဖျားစွပ်ခေါ်ပြီး သူမ၏ သမီးအရင်းကလေး ...ို့ နွေးထွေးစွာ ပြုစုစောင့်ရှောက်၏။ သို့သော် ... အပျိုကြီး ...တိုင်း အနည်းငယ်တော့ ဂျီဂျောင်များသည်။

အခုလည်း ...

အဖြူရောင် မနက်ကမှ ရောက်လာပြီး ... အနား ...င်မယူဘဲ တစ်ခါတည်း မမနဲ့ မေမေရဲ့ အုတ်ဂူကလေးရှိရာကို ...ခဲ့သည်။ ရင်ထဲမှာ ပြည့်လျှံနေတဲ့ စကားလုံးတွေကို ဖွင့်ဟ ...ခဲ့သည်။ ကျွန်မစိတ်တွေ ပေါ့ပါးသွားမှ ပြန်လာခဲ့၏။ အိမ် ...ရောက်ချင်း ပစ္စည်းထုတ်တွေ ချထားခဲ့ပြီး ဒေါ်လေးဝါကို ...သေးသည်။ ဈေးသွားတယ်ဆိုတာသိလို့ စောင့်မနေတော့ဘဲ ...ဘာသာ တစ်ယောက်တည်းသွားခဲ့၏။

ကိုယ့်မြို့ ကိုယ့်ဒေသမို့ စိုးရိမ်မှုတော့ သိပ်မရှိပါ။ ဒီ

ပတ်ဝန်းကျင်ကို အခါပေါင်းမနည်းအောင် ကျွန်မတစ်ယောက်တည်း
လာနေကျမို့လည်း ဖြစ်မည် ... ကြောက်စိတ်ကို လုံးဝမရှိချေ။

ခရီးပန်းလာသည်က တစ်ကြောင်း ... အပြင်...
ခလေစိမ်းတွေ အကြာကြီးတိုက်ခံရခြင်းကြောင့် ယခုလို ဖျားခြင်း
ပင်ဖြစ်သည်။

ထူးဆန်းလိုက်တာ ...

ကျွန်မစိတ်တွေ အားငယ်နေပြီး တစ်စုံတစ်ခု...
လိုလားစွာပင် တမ်းတနေမိသည်။ အဲဒါ ဘာလဲလို့ ကျွန်မ သေသေ
ချာချာ ရေရေရာရာမသိပါ။ ဒေါ်လေးဝါကတော့ ထုံးစံအတိုင်း
ပါးစပ်ကလည်း ပွစိပွစိဆူရင်း လိုလေသေးမရှိ ပြုစုပေးလေသည်။

"အငယ်ရေ ... ကြက်စွပ်ပြုတ်အရည်ကလေးထဲကို ထမင်း
နည်းနည်းထည့်ပြီး နူးအိနေအောင် ပြုတ်ထားလိုက်နော်"

အင်း ... ဒေါ်လေးဝါရဲ့ အသံပဲ။

အခန်းထဲမှနေပြီး ... အပြင်ကအသံတွေကို ကျွန်မ...
ကြားနေရသည်။ နှုတ်ခမ်းသားကလေးတွေ ပြုံးယောင်သမ်းသွား...
မျက်ဝန်းကလေးတွေကို မှေးစင်းထားလိုက်မိတော့သည်။ ဒါ...
ဒေါ်လေးဝါ နေမကောင်းဖြစ်တဲ့သူတိုင်းကို တိုက်နေကျ ကြက်သား...
ဆန်ပြုတ်ရည်ပဲ ... မသောက်ချင်လို့လည်း မရ။ ဖွတ်အတင်း တိုက်...
နေကြပဲလေ။

မကြာခင် ...





ကျွန်မထံ ရောက်လာတော့မည်ကို တွေးရင်း ...
...တို့ညီအစ်မ ငယ်စဉ်ကအကြောင်းတွေကို ပြန်ပြီး သတိရမိ
...၏။

မမနှင့် ကျွန်မက ... အသက်လေးနှစ်ကျော်ကျော်
...ကွာပြီး ... ထိုစဉ်က မမရဲ့အသက် ဆယ့်လေးနှစ် ... ကျွန်မ
...ဆယ်နှစ်နီးပါးပေါ့ ... ပြင်ဦးလွင်မိုး၏ အသည်းထန်ဆုံးအချိန်
...တွေမရှိခိုက် ညီအစ်မနှစ်ယောက် အတိုင်အဖေါက်ညီစွာ
...ထွက်ချိုးကြ၏။ ဒါကလည်း ကျွန်မ အဆွယ်ကောင်းလွန်း၍
...ခဲ့ရခြင်းဖြစ်၏။

မိုးထဲမှာ အကြာကြီးနေခဲ့ကြ၏။

မေမေတို့ရှိလျှင် ရေချိုးရဖို့နေနေသာသာ တံခါး
...တံစက်မြိတ်တောင် ထွက်မရပ်ရပါဘူး။ အအေးမိပြီး ဖျားနာ
...မေမေက စိတ်ပူသည်။ အဒေါ်အပျိုကြီး ဒေါ်လေးဝါက ပိုဆိုး
... ။

"ညည်းတို့နော် ... လူကြီးတွေမရှိလို့ အပြင်ထွက် မိုးရေချိုး
ဖို့ စိတ်မကူးနဲ့ ... ဒီရာသီက ဖျားနာတတ်တယ် ... မတော်
ငှက်ဖျားဖြစ်ရင် ဘယ်နှယ့်လုပ်မလဲ ... အညိုနော် ... ညည်း
အကြီးဆုံး ... ညည်းညီမ မြှောက်ပေးတိုင်း ဘာတစ်ခုမှ
မလုပ်နဲ့ ... အိမ်ကအလုပ်သမားတွေကို မှာထားတယ် ...
မိုးရေထွက်ချိုးတဲ့လူကို ပြန်တိုင်ရမယ်လို့ ... ဒါပဲ ... "

"အင်းပါ … ဒေါ်လေးဝါရဲ့ … အညို သိပါတယ် … ဒီအရွယ်
ကြီးကျမှ သမီးက မိုးရေထွက်ချိုးပါ့မလား … ရက်စရာကြီး"

"အေး … ဒါဆိုလည်း ပြီးရော … "

သိပ်မကြာ …

မေမေနှင့် ဒေါ်လေး အပြင်ကို ထွက်သွားကြ
မေမေ အခုတလော မျက်နှာပျက်နေတာ သိသော်လည်း … ကလေး
ပီပီ တစ်ခါမှ မေမေ့ကို မမေးကြည့်မိပါ။ သို့သော် … ဖေဖေနှ
ပတ်သက်သည့်ကိစ္စဆိုတာတော့ သိသည်။ ဒေါ်လေးနှင့် မေမေ
တီးတိုးစကားသံများတွင် ဖေဖေ့အကြောင်းများပါတာ … ကျွန်မ
သတိထားမိ၏။

ထိုနေ့က …

မေမေနှင့် ဒေါ်လေးလည်း ထွက်သွားရော … ဦ
အစ်မနှစ်ယောက် လွတ်လပ်စွာ အိမ်ထဲတွင် ခုန်ပေါက်ပြီး ကျ
သည်။ ကက်ဆက်ကြီးကို အကျယ်ကြီးဖွင့်ပြီး အသံပြဲကြီးတွေနှ
လိုက်ဆို။

ဆိုဖာခုံတွေပေါ်တက်ပြီး ခုန်ပြီး အဆိုတော်တွေလ
အိုင်တင်တွေလုပ်လို့ … ကျွန်မတို့နှစ်ယောက် လွတ်လပ်ရေး ရ
၏။ အိမ်က အလုပ်သမားတွေလည်း ပြောလို့မနိုင်တော့သဖြ
ကျွန်မတို့နှစ်ယောက်ကို လွှတ်ထားကြရတော့သည်။

ထိုစဉ် …





ပြင်ဦးလွင်ရဲ့ အလှပဆုံးမိုးက မှောင်မည်းအုံ့ဆိုင်း
လာလေလျှင် … ကလေးသာသာ ကျွန်မက မှန်ပြတင်းမှ
ဆင့် အပြင်ဘက်သို့ လှမ်းမျှော်ကြည့်ရင်း …

"မမရေ … ဒီမှာ မိုးရွာတော့မယ်ဟေ့ … "

"ဝိုက်နော် … မိုးရေထွက်ချိုးမယ် စိတ်မကူးနဲ့ … မေမေ
မှာသွားတာ မကြားဘူးလား … ဖျားလိမ့်မယ်တဲ့ … တော်
ကြာ မေမေသိသွားရင် အခက်ပဲ … "

"ဟာ … ခဏလေး ချိုးမှာပဲဟာ … မေမေ မသိနိုင်ပါဘူး၊
မမလည်း ပြန်မပြောနဲ့ပေါ့ … ဟော … ပြောရင်းနဲ့ မိုးတွေ
ရွာလာပြီ … ရေချိုးရအောင် … နော် … နော်လို့ … "

"သိပ်ခက်တာပဲ ဝိုက်ရယ် … "

"မခက်ပါဘူး … အင်္ကျီတွေ ဝတ်ထားတဲ့အတိုင်း ရေချိုး
လိုက်ရုံပေါ့ … ပြီးရင် ရေချိုးခန်းထဲဝင်ပြီး ပုံထားလိုက်ရုံပဲ၊
မေမေတို့လာရင် … ရေချိုးထားတာပဲဆိုပြီး ဘာမှမပြောပါ
ဘူး … "

"ဒေါ်လေးဝါ … ဆူနေဦးမယ် … "

"သွားစမ်းပါ မမရာ … အဲဒါတွေ ပြောနေလို့ မိုးတိတ်သွား
ဦးမယ် … လာ … လာ … ရေချိုးရအောင် … မိုးတွေ
အရမ်းသည်းနေပြီ … "

"ဟဲ့ … ဟဲ့ … ဝိုက် … "

ပြောလည်းပြော လူကလည်း နေရာကနေ လှ...
ပြေးတာ အိမ်ပေါက်ဝနားတောင် ရောက်နေပြီမို့ ... အညို...
လိုက်ဖမ်းဖို့ ကြိုးစားသေးသည်။ သို့သော် ... ငယ်သလောက် ...
မတန် အကင်းပါးသောပိုက်က တံခါးကို ဝုန်းခနဲ ဆွဲဖွင့်ပြီး ခြံ...
တစ်ကြိုးတည်း ပြေးထွက်သွားလေတော့၏။

မိုးရေထဲမှာ ...

ပုံစံမျိုးစုံလုပ်ပြပြီး ... အဖြူရောင်က လောင်နေ...
ညီမငယ်လေးပုံစံကိုကြည့်ပြီး အညိုရောင် ဘာမှမပြောနိုင်ဘဲ ...
ရယ်နေမိတော့သည်။ အဖြူရောင်က မိုးသည်းထဲ ပြေးလွှားနေ...
မိုးရေနှင့် ချော်လဲမှာစိုး၍ အသံကျယ်ကြီးနှင့်အော်ကာ သတိပေး...
သေးသည်။

မိုးသံတွေနှင့်မို့ အညိုရောင့်အော်သံကို လုံးဝမကြား...
ချေ။ ထို့စဉ် ရုတ်တရက် မိုးရေထဲ မှောက်လျက်ကြီး ပိုက် ချော်...
ကျသွားတာ လှမ်းတွေ့လိုက်ရသဖြင့် အညိုရောင် မနေသာတော့...
မိုးရေထဲ အပြေးကလေးဖြတ်ကာ ပိုက်ဆီ ရောက်သွားခဲ့၏။

"ပိုက် ... ပိုက် ... ဘာဖြစ်သွားလဲဟင် ... ဘာဖြစ်သွား...

အပေါ်ဘက်မှ အုပ်မိုးကာ စိုးရိမ်တကြီး မေးလိုက်...
သံကြောင့် ...

"ဝါး ... ဟား ... ဟား ... မမ အညာမိသွားပြီဟေ့ ..."

"ကြည့်စမ်း ... တော်တော်ဆိုးတဲ့ ပိုက် ... ဘာမှမဖြစ်...





နဲ့ တမင်ဟန်ဆောင်တာပေါ့လေ ... ငါ့မှာတော့ စိုးရိမ်လိုက်ရတာ ... ကြည့်စမ်း ... မိုးရေတွေတောင် စိုရွှဲနေပြီ ... သူ့ဆီပြေးလာလို့ ... ခုတော့ ... "

"အခုတော့ ... မိုးရေချိုးလိုက်ပါတော့ မမညိုရယ် ... ပိုက်တစ်ယောက်တည်း ပျင်းတယ် ... "

"လူလည်မ ... အစုတ်ပလုပ်ကလေး ... "

မိုးရေထဲ ညီအစ်မနှစ်ယောက် ... တစ်ယောက်ကို
...ဘက် ပြေးတမ်းလိုက်တမ်းကစား ဘောလုံးကန်တိုင်း
...င့် အချိန်ကြာလို့ကြာသွားမှန်းတောင်မသိလိုက် ...။ မေမေ
... ခြံရှေ့ရောက်ကာ ဟွန်းတီးတော့မှ ညီအစ်မနှစ်ယောက်
...နောက်ဘက်ပေါက်ကို ပြေးကြတာ တန်းနေတာပဲ ... ။

"တွေ့လား ပိုက် ... အဲဒါ နင့်ကြောင့် ... နင်လုပ်လို့
...ဆူ ခံရတော့မယ် ... ဒုက္ခပါပဲ ... ငါ ကြောက်တယ် ပိုက်
... ငါ ... ငါ ... "

ပြောရင်း ရေချိုးခန်းထဲမှာ အဝတ်အစားအစိုကြီးကို
...သေးဘဲ မမအညိုရောင် တအီးအီး ငိုလေတော့သည်။

ပိုက် စိတ်ညစ်လိုက်တာ ... ဆူခံရမှာချင်းအတူတူ
... အညိုရောင်က လာပြီး ငိုပြနေသေးတယ်။ ပိုက်ကတော့
...ားပဲ။ ကိုယ်လုပ်ရင် ကိုယ်ခံရမှာပဲ ... အရိုက်ခံရလည်း ဘာ
... စောစော...ာ ပျော်ရွှင်မှုကလေးနှင့် လဲရတာ ... တန်

တယ်ဟုပဲ ထင်မိသည်။ တစ်ခါမှ မိုးရေထဲထွက်ပြီး ကစားရ… မရှိ ... ။ ဒါဟာ ပထမဆုံးအကြိမ်ပဲ။ ကျွန်မကတော့ တစ်… ကလေးမှ စိတ်မညစ်ပါဘူး။

ထိုနေ့က ...

မေမေ့ရဲ့ ဒေါသတွေအကုန်လုံး ပို့က်တို့ညီအစ်… အပေါ် ကျရောက်ခဲ့သည်။ ရေချိုးခန်းပေါက်ဝမှာလာရပ်ပြီး ကျွ… တို့ညီအစ်မနှစ်ယောက်၏ နာမည်ကို ခေါ်လိုက်သံသည် မိုးကြိုး… တာထက်တောင် ပို၍ ကျယ်လောင်လိမ့်မည် ထင်သည်။

ရေချိုးခန်းထဲမှ နှစ်ယောက်စလုံးလည်း ထွက်… ရော ... လက်ထဲမှ အသင့်ကိုင်ထားသော ကြိမ်လုံးသည် ကျွန်… နှစ်ယောက်ကိုယ်ပေါ်သို့ အဆက်မပြတ် ကျရောက်လာလေ… သည်။

မိုးရေကြောင့် အသားက နူးနေသဖြင့် ...

အသားက ပိုပြီး နာကျင်စွာ ခံစားရသည်။ … ကတော့ တတွတ်တွတ် တောင်းပန်ရင်း ကြိမ်လုံးရဲ့ရိုက်ချက်… ရှောင်သော်လည်း သွေးအေးစွာ ပေကပ်ကပ် ရပ်နေသော ပို့က်… ကြောင့် မေမေ့ဒေါသတွေ တားဆီးမရအောင် ပေါက်ကွဲတော့သည်…

"ကြည့်စမ်း ... ညည်းက ငါ့ကို ဒီလိုပုံစံနဲ့ ကြည့်သေးတ… ဟုတ်လား ... ဘာလဲ ... မကျေနပ်ဘူးလား ... ဒီလော… မိဘက တားဆီးထားတာ ... နာခံရကောင်းမှန်းမသိ…





ငါ့ကို နင်တို့အမေလို့ သတ်မှတ်သေးရဲ့လား ဟင် ... ငါ့ကို နင်တို့ ... ဘာများမှတ်နေကြသလဲ ... တစ်စက်ကလေးမှ ... မိဘကို စိတ်အေးအောင် မနေကြဘူး ... မအေမှာ ဘာတွေဖြစ်နေသလဲဆိုတာ မစဉ်းစားဘူး ... နင်တို့သဘော နင်တို့ဆောင်နေကြတယ်ပေါ့လေ ဟုတ်လား ... ကဲဟာ ... ကဲဟာ ... "

"ရွမ်း ... ရွမ်း ... ရွမ်း ... "

"အမလေး ... ကြောက်ပါပြီ မေမေရဲ့ ... အညို တောင်းပန်ပါတယ် ... နောက် မလုပ်တော့ပါဘူး ... တော်ပါတော့နော် ... နာလို့ပါ ... "

"နာတယ် ဟုတ်လား ... နင်တို့ကို မသွားခင်ကတည်းက မှာပြီးသားပဲ ... အရိုက်ခံရမယ်မှန်း သိသိကြီးနဲ့တောင် ... မိဘစကားကို ဂရုမစိုက်ဘဲလုပ်တာ ... အခုမှ ဘာကြောက်တာလဲ ... "

"ဟုတ်တယ် မမ ... ဘာမှမကြောက်နဲ့ ကိုယ်လုပ်တာ ကိုယ်ခံရမှာပဲ ... "

"ဘာ ... "

"ဟင် ... "

ရုတ်တရက် ပို့က်ထံမှ အသံစူးစူးကလေးကြောင့် … မမရော ... ရိုက်နေသော မေမေပါ တအံ့တဩ ကျွန်မ

ကို လှမ်းကြည့်သည်။ နာကျင်မှုကတစ်ကြောင်း ချမ်းလွန်းသည်[...]
တစ်ကြောင်း အသားလေးတွေက တဆတ်ဆတ်တုန်လှုပ်နေ[...]
လည်း မတ်တတ်ရပ်ကာ တောင့်ထားဆဲ။

"မိုးရေချိုးတာ ... မေမေ မကြိုက်ပေမဲ့ ... ညီမလေး[...] စောစောက ပျော်ရွှင်ခဲ့ရပြီးပြီလေ ... မေမေက သူ မ[...] တာလုပ်လို့ ရိုက်တာပဲ ... ညီမလေးတို့ကလည်း [...] ကြိုက်တာကို အရိုက်ခံပြီး ယူတာပဲ ... ဒါ တန်တယ် [...] အရိုက်ခံလိုက် ... "

"အို ... ဘုရားရေ ... ကြည့်စမ်း ... အဖြူရောင် ... ဒါ[...] ဒါ ... ညည်းလေးပြောရမဲ့စကားလား ... ကိုယ့်အမေ[...] ဒီလို မဆက်ဆံရဘူးလေ ... "

"မေမေက ... ဝိုက်တို့ ပျော်ရွှင်မှုကို ဘယ်တုန်းက အလေး[...] ထားလို့လဲ ... တစ်ချိန်လုံး ဖေဖေ့နောက်ပဲ လိုက်နေတာ[...] ဝိုက်တို့ ညီအစ်မနှစ်ယောက်စလုံး ဘယ်မှလည်း မထွက်[...] ဘယ်သူနဲ့မှလည်း မခေါ်ရနဲ့ အရမ်းပျင်းရိနေတာ မေမေ[...] သိလို့လား ... တစ်နေ့တစ်နေ့ အိမ်ထဲမှာပဲ နေရတာ[...] ဒေါ်လေးဝါ ... "

"သမီးငယ် ... "

"စိတ်မပူပါနဲ့ မေမေ ... ဝိုက်တို့ မဖျားအောင် နေပါ့မေ[...]





ဘကယ်လို့ နေမကောင်းဖြစ်ရင်လည်း ... ဆေးခန်းမပို့နိုင် ပါဘူး မေမေ ... လာ ... မမ ... သွားရအောင် ... မေမေ ရိုက်တာ မှန်နေတာပဲဟာ ... မငိုနေနဲ့တော့ ... "

ဒေါ်လေးဝါရော မေမေပါ ... ပါးစပ်အဟောင်းသား [...]ရစ်ခဲ့တော့သည်။ ကျွန်မက အဲသလို အမှန်တရားဘက်မှာ [...]ခဲ့သူပါ။ အမြဲတမ်း သူ့ဘက်ကိုယ့်ဘက်ကို မျှတအောင် စဉ်း[...]ဖြတ်တတ်ခဲ့သည်။

ထိုညက ...

ကျွန်မတို့ ညီအစ်မနှစ်ယောက်စလုံး ဖျားခဲ့ကြပါ[...] ဆေးခန်းမပို့ဘူးဟု ကြိုးဝါးခဲ့သော မေမေလည်း စိုးရိမ်ကြီး[...]စကားကို ပယ်ဖျက်ပြီး ဆေးခန်းပို့ပေးဖို့ လုပ်သေး၏။

သို့သော် ... ဝိုက်ရဲ့ တစ်ဇွတ်ထိုး မသွားချင်ဘူးဆို[...]ငြင်းဆိုချက်ကြောင့် အိမ်မှာရှိသော ဆေးကလေးများသာ[...]သားပြီး နေတော့၏။ မမက ပျော့ဖတ်ပြီး လူမမာကြီး[...] အားလုံးဝိုင်းအုံပြီး ပြုစုပေးနေရသလောက် စိတ်ဓာတ်နိုင်[...] ဝိုက်ကတော့ အေးအေးဆေးဆေးပဲ ရပ်တည်နိုင်ခဲ့သည်။

"သမီးငယ်က တစ်မျိုးပဲ ဝါ ... ဒါပေမဲ့ သူ့ဘဝရပ်တည်ဖို့ မမတော့ စိတ်ချသွားပြီ ... မမ စိတ်ပူတာက ညီပဲ ... အညိုရောင်က သိပ်ပြီး ပျော့ညံ့လွန်းတယ် ... ဒါဟာ မမရဲ့

သွေးနဲ့တူလို့ပဲ ဖြစ်မယ် ... အခု မမ သိပြီ ဂါ ... တ...
တော့ မမဘဝက အဖော်မှ မမဲ့တာ ... သမီးနှစ်ယော...
ရှိနေတယ်လေ ..."

"ဒါကို မေ့ထားပြီး ... မရနိုင်တဲ့အဖော်ကိုမှ ... မ...
လိုချင်တမ်းတပြီး တကောက်ကောက်ရအောင် လိုက်...
တာ သိပ်မှားသွားပြီ ဝါ ... မမ ကိုစိုးကို အလွတ် ပေးသ...
လို့ တွေးမိတာပါပဲ ..."

"သူကမှ ကိုယ့်ကို မလိုအပ်တော့တာဘဲဟာ ... သူ နှ...
သွားသလို ... မမ သမီးနှစ်ယောက်ရဲ့ စွန့်ပစ်မှုကို မမ ...
နိုင်တော့ဘူး ... ကြာရင် သူတို့ မမကို အထင်မှားတော့...
သူ့ဘို့ကို ပစ်ထားတာ ... အရမ်းကြာပြီလေ ... အ...
အညိုတောင် အရွယ်ရောက်နေပြီ ..."

"ဟုတ်တယ် မမ ခရမ်းပြာ ... ကိုစိုး မမအပေါ် ဖောက်...
တာ တစ်ကြိမ်လည်းမဟုတ် ... နှစ်ကြိမ်လည်းမဟုတ် ...
ကျွန်မက လင်မယားကြားမို့ ဝင်မပြောချင်တာ ...
တောင် တော်တော်လေးစိတ်ကုန်နေပြီ ... ဒါကြောင့် ...
အပျိုကြီးဘဝနဲ့ပဲ နေတော့မယ် ..."

"သမီးတွေကို ... မမ ပြန်ပြီး စည်းရုံးမှဖြစ်တော့မယ် ...
သူတို့ ပေးဆပ်ထားတဲ့ ပေးဆပ်မှုကို မမ နားလည်စွာ ပြ...
ပြီးပေးဆပ်ရမယ် ... မမ ဆုံးဖြတ်လိုက်ပြီ ဝါရယ် ..."





ထိုနေ့က ...

စိတ်ချမ်းသာစရာကောင်းခဲ့တာလား ... စိတ်ဆင်း
...ရပဲ ကောင်းတာလား ခွဲခြားမသိပေမဲ့ အဆိုးထဲက အကောင်း
...ခဲ့လို့တော့ စိတ်ထဲက သတ်မှတ်ထားခဲ့မိသည်။

အိပ်မောကျနေသော ကလေးတွေကိုကြည့်ရင်း
...နှစ်မနှစ်ယောက်လည်း သက်ပြင်းရှည်ကြီး ချမိတော့၏။ ထို
အကြောင်းကို မေမေက ကျွန်မ အရွယ်ရောက်တော့ မျက်နှာ
...လေးပြုံးပြီး ပြန်ပြောပြတော့ ကျွန်မ မေမေ့ကို သနားလည်း
... ... မေမေ့ရဲ့ စေတနာမေတ္တာကိုလည်း နားလည်ပြီး ငယ်စဉ်
... သိခဲ့မိပြီး ဖြစ်မှားခဲ့မှုကို ထိုင်ကန်တော့ကာ တောင်းပန်ခဲ့ဖူး
...သည်။

ဒါကို မေမေက ...

"အဖြူရောင်ကြောင့် မေမေ့မျက်စိတွေ ပွင့်ခဲ့တာပါကွယ်"

ဟု တီးတိုးကလေး စကားဆိုလေသည်။



## အခန်း ( ၁၂ )

“ပိုက်ကလေးရေ … ဒီမှာ ရန်ကုန်က ဖုန်းလာနေတယ် ယမုံဆီက ဆက်တာသမီးရေ … လာပြီး ပြောလိုက်ဦး”

“ဟုတ်ကဲ့ ဒေါ်လေးဝါ … ပိုက် လာခဲ့မယ် … ”

ဒေါ်လေးဝါရဲ့ အသံစူးစူးလေးကြောင့် အိပ်ခန်း မှာ လှဲနေရာမှထကာ အပြေးကလေး သွားမိသည်။ ယမုံ ဘာကိစ္စ အရေးကြီးလို့ပါလိမ့် … ကျွန်မ ပြန်မလာတာ ကြာလို့ စိတ်ပူ ဆက်တာများလားမသိပါဘူး။ အခုဆို … ဒေါ်လေးဝါကပင် ကျွန်မ ကို အဖြူလို့မခေါ်တော့ဘဲ ပိုက်ဟုသာ အခေါ်များတော့သည်။

“ဟယ်လို … ”

“ပိုက်လား … ”





“ဟုတ်တယ် ယမုံ … ပြောလေ … ဘာကိစ္စရှိလို့လဲ”

“ရှင့်လုပ်ရပ် … အရမ်းကို အောင်မြင်တယ် ပိုက် … ရှင် သိပ်တော်တယ် ပိုက်ရယ် … ကိုယ် မင်းကို ချီးကျူးပါ တယ် … ”

“ဟော့တော် … ဘာကြောင့် ကျွန်မကို လာပြီး ချီးမြှောက် နေရတာလဲ … ဘာကိစ္စလဲ ယမုံရယ် … ရှင်ကလည်း မရှင်း မလင်းနဲ့ … ”

“ကြယ်တံခွန်လေ … ”

ဟင် … ။

ကြယ်တံခွန်ဆိုတဲ့ နာမည်ကြားလိုက်တာနှင့် ကျွန်မ …ခုန်သံတွေ ဒိန်းခနဲ မြည်ဟည်းသွားရသည်။ လက်ကလေးတွေ …ခက်သွားရ၏။ စကားသံတွေ ဆွံ့အသွားရပြီ … ။

“သူနဲ့ကျုပ် … စားသောက်ဆိုင်တစ်ခုမှာ သွားဆုံတယ် တော့ … စားပွဲဝိုင်းက ဟိုဘက်သည်ဘက်ဆိုတော့ သူ့ကို လည်း ကျုပ်က မြင်ရ … သူကလည်း ကျုပ်ကိုမှတ်မိတယ် တော့ … ဒါပေမဲ့ သူကလည်း ဧည့်သည်တွေနဲ့ … ကျုပ် ကလည်း သူငယ်ချင်းတွေနဲ့ဆိုတော့ မသိချင်ဟန်ဘဲ ဆောင် နေကြတာပေါ့ … ဒါပေမဲ့ … သူက မထင်မှတ်ဘဲ သူ့စားပွဲ ဝိုင်းကထလာပြီး ကျုပ်ဆီ လာတယ်လေ … ကျုပ်ကလည်း

မှင်သေသေနဲ့ပဲ နေလိုက်တာပေါ့ ... ကျုပ်အနားရော
တော့ ... သူ ဘာပြောတယ်မှတ်လဲ အဖြူရောင် ... "

"ဘာ ... ဘာ ... ပြောလဲ ယမုံ ... "

"အဟင်း ... ဟင်း ... ဟင်း ... ရှင့်စိတ်တွေ အရမ်း
ရှားနေပြီ မဟုတ်လား ဝိုက် ... ရှင် အရမ်း သိချင်နေ
မဟုတ်လား ... "

"ဟာ ... မလှုပ်ရှားပါဘူး ... ဘာလို့ လှုပ်ရှားရမှာလဲ
သူက ကျွန်မရဲ့ ရန်သူပဲဟာ ... အခုဟာ ကျွန်မ ရှေ့ဆက်
မဲ့ခြေလှမ်းအတွက် ဘာများအထောက်အကူ ဖြစ်မလဲဆို
သိချင်တာပါ ... "

"အင်းပေါ့လေ ... အလျှောက်ကောင်းတော့လည်း
အထောင်းသက်သာပြီပေါ့ ... "

"ယမုံနော် ... ရှင် မပြောချင်လည်း ရတယ် သိလား
ကျွန်မကိုတော့ ဒီလိုစကားမျိုးတွေနဲ့ မစနဲ့ပါနဲ့ ... "

"အလကားနောက်တာပါဟယ် ... ရှင်ကလည်း စိတ်
ပါ၊ စောစောကစကားတောင် မေ့သွားတယ် ... ကိုကြ
တ်ခွန်ကလေ ... ကျုပ်အနားလာပြီးတော့ ... ဘာပြော
တယ်မှတ်လဲ ... "

"ဟင် ... ဘာပြောလဲ ... "





"ဝိုက် ... မပါဘူးလားတဲ့ ... "

"ဘုရားရေ ... "

ဝိုက် မပါဘူးလားလို့ မေးတယ်တဲ့လား ဦးကြယ်
နေရယ်။

"ဝိုက်ကို ကျွန်တော့်ဆီ တစ်ခါလောက်တော့ ပြန်ဆက်သွယ်
ပေးဖို့ ... မင်း ပြောပေးပါတဲ့လေ ... သူ့မျက်ဝန်းတွေ ရီဝေ
နေပြီ ဝိုက် ... မင်းရဲ့လုပ်ရပ် ရာနှုန်းပြည့် အောင်မြင်တယ်၊
မင်း သိပ်တော်တာပဲ ဝိုက်ရယ် ... "

ယမုံ့စကားသံတွေက နားထဲတွင် မကြားတစ်ချက်
ကြားတစ်ချက်။ ကျွန်မအာရုံထဲမှာ ကြယ်တံခွန်ဆိုသော တည်
ငြိမ် ခန့်ညားလွန်းတဲ့ သူ့ရုပ်သွင်က ပြန်ပြီး ထင်ဟပ်လာသည်။
ချမ်းစားခြင်းမဟုတ်သော်လည်း ထူးခြားသော သူ့မျက်ဝန်း
လေးတွေကို ... ဘာကြောင့်များ အမှတ်တရ ရှိနေရတာပါလိမ့်။

တစ်ခါလောက် ပြန်ဆက်သွယ်ပါတဲ့ ... ။

ဒါဟာ ...

ရှင့်ဘက်က စတင်ပြီး လိုလိုလားလား တောင်းဆို

ကျွန်မ ...

ဘာဆက်လုပ်သင့်သလဲ။

တကယ်ဆိုရင် ... အခုအချိန်ဟာ ယမုံပြောသ... ကျွန်မရဲ့လုပ်ရပ် အောင်မြင်တာပဲ။ သူ့ဘက်က စိတ်တွေ တိမ်း... လာခြင်းအပေါ် ကျွန်မရဲ့ ရှေ့ဆက်ရမဲ့ ရည်မှန်းချက်ပန်း... အရောက် ဆက်လျှောက်နိုင်ဖို့ ကြိုးစားရမှာလေ ... ။

အခု ...

ဘာ့ကြောင့် ကျွန်မစိတ်တွေ လေးလံထိုင်းမှိုင်း... တာလဲ။ အမြတ်မ်း ရှင်လန်းတက်ကြွနေတဲ့ ကျွန်မရဲ့စိတ်တွေ ... ဘာ့ကြောင့်များ သေဆုံးကုန်ရတာလဲဟင်။ သူနဲ့ ပြန်ရင်ဆိုင်ရ... အရေးအတွက် ကျွန်မစိတ်တွေက လေးလံလို့ ... ။

မဖြစ်ဘူး ... ။

ကျွန်မရဲ့စိတ်တွေကို ပြန်ပြီးထိန်းချုပ်ရမယ်။

"ရှင် ... ပြန်လာသင့်ပြီ အဖြူရောင် ... "

ဟုတ်တယ် ... ။

ကျွန်မ ပြန်သင့်ပြီ ... ။ ဒေါ်လေးဝါကတော့ ... အကြောင်းတွေ လုံးဝမသိချေ။ သိရင် စိတ်ဆိုးမှာပဲ။ ဖွတ်အ... တားဆီးမှာလည်း သေချာ၏။ မမအညိုရောင်နှင့် ဦးကြယ်တံ... တို့ကိစ္စကို ... ဒေါ်လေးဝါလည်း သိထားသဖြင့် တူမအ... ကြယ်တံခွန်ဆိုသော လူတစ်ယောက်ကို ဘယ်လိုနည်းနဲ့မှ ... ကြေလိမ့်မည်မဟုတ်။ တွေ့ရင် ... သတ်မှာ သေချာ၏။





အခုလို ...

အဖြူရောင်နဲ့ ပတ်သက်တာသိရင် ... အဖြူရောင့် ...က်လည်း စိုးရိမ်ပြီး တားဆီးမှာပဲ ... ။ ဒေါ်လေးဝါက အဒေါ် ...မဲ့ အဖြူရောင်တို့အတွက်တော့ မိခင်အရင်းပါပဲ။ အမြဲတမ်း ...တွေရှေ့မှ ကာကွယ်နေတတ်သူ တစ်ယောက်ပါ။ သူမရဲ့ ...်ထက်တောင် တူမတွေ အရေးကို ပိုအလေးထားတတ်တဲ့ ...ပါပဲ။ မေမေ မရှိတော့တဲ့နောက်ပိုင်း ဒေါ်လေးဝါကပဲ ... ...နေတဲ့ ငွေကလေးနဲ့ ခြံတွေဝယ်ပြီး စိုက်ပျိုးရေး လုပ်ခိုင်းကာ ...ရှာခဲ့သည်။

ကျွန်မတို့ ... အခုလို ရပ်တည်နေနိုင်တာလည်း ...လေးဝါရဲ့ ကျေးဇူးတွေပါပဲ။ ကျွန်မ ရန်ကုန်ကို မကြာခဏ ...လိုပင် ဆင်းတတ်တာကို ဒေါ်လေးဝါက မတားဆီးပါ။ ကျွန်မ ...င်းကိစ္စနှင့် အကြောင်းပြပြီး နေလို့ရသည်။ ပြီးတော့ ... သင ...တွေကိုလည်း တက်မည်ဟု ပြောပြီး ရန်ကုန်မှာနေလို့ရသည်။

ယမုံက ...

ကျွန်မနှင့် ငယ်သူငယ်ချင်း။ သို့သော် ... ကျွန်မ ...န်းကျောင်းသူဘဝမှာပဲ ယမုံတို့ ရန်ကုန်ကို ပြောင်းရွှေ့သွား ...သည်။ အခု ... ယမုံမိဘတွေက နိုင်ငံခြားမှာ သူ့အစ်မကြီးနှင့် ...နေကြသည်။ ယမုံကတော့ လိုက်မသွားသေးဘဲ အဒေါ်ဖြစ်သူ

ကို အဖော်ပြုပြီး ဒီမှာပဲ ကျောင်းပြီးသည်အထိ ပညာသင်ကြားနေ၏။

ယမုံနှင့်ဆို ဒေါ်လေးဝါကလည်း စိတ်ချသည်။

ကျွန်မနှင့် ယမုံက ဘဝတူ၏။

သူကလည်း ညီအစ်မနှစ်ယောက်၊ ကျွန်မကလည်း ညီအစ်မနှစ်ယောက် ... မိဘတွေကိုတော့ ယမုံမှာ လက်ရှိပိုင်ဆိုင်နေရပြီး ကျွန်မကတော့ တစ်ယောက်မှကို ပိုင်ဆိုင်ခွင့်မရလိုက်ပါ။

ဖေဖေက ...

ကျွန်မ လေးတန်းကျောင်းသူဘဝတည်းက မတွေ့ရတော့တာ။ မေမေကတော့ ကျွန်မ ဆယ်တန်းအောင်ပြီး နောက်ပိုင်းမှာပဲ မမနှင့် တစ်လပဲခြားကာ ဆုံးသွားခဲ့လေသည်။ မေမေဆုံးတာ မမရဲ့စိတ်တွေလည်း အများကြီးပါသည်။ မေမေ့စိတ်တွေ မမကြောင့် လဲပြိုသွားရတာ ... ။

မမအညိုရောင်နဲ့ မေမေ့မှာ နှလုံးရောဂါ ရှိနေတာ ဘယ်သူမှ သတိမထားမိသလို ... ကျန်းမာရေးအတွက် သိပ်အလေးမထားတတ်သော မေမေ့ရဲ့ ပေါ့ဆမှုကြောင့်လည်းပါ၏။ မမကတော့ အလှပဆုံး၊ ပျော်ရွှင်ကြည်နူးစရာအကောင်းဆုံး အချိန်ကာလမှာပဲ လူတစ်ယောက်ရဲ့ ပယောဂကြောင့် နှလုံးသားတွေ ရပ်တန့်ကာ လဲကျခဲ့ရသည်။





အဲသည်တုန်းက ... ကျွန်မက ဆယ်တန်းစာမေးပွဲ ...ရေးကြီးနေလို့ မင်္ဂလာပွဲကို မလာနိုင်ခဲ့။

အဖြူရောင် သတို့သမီးဝတ်စုံကလေးနှင့် အလှကြီး ...နေတဲ့ မမတဲ့ ... ။

ဧည့်ပရိသတ်တွေနှင့် ပြည့်စုံနေတဲ့ ကျွန်မတို့ရဲ့ ခြံဝင်း...လေး။ ပြီးတော့ ... ရောင်စုံမီးလှလှကလေးတွေ ... ။

အို ... ။

အရာအားလုံးကို မမက လှည့်မကြည့်ချင်လောက်...ောင် အရှက်ရပြီး ကျောခိုင်းစွန့်ခွာ ထွက်ပြေးသွားခဲ့တာလေ။

မမရဲ့ နောက်ဆုံးဆန္ဒတစ်ခု ...

ဒါဟာ ... မမ မသေခင်မှာ ထားခဲ့တဲ့ စကားလေး...ပဲ။ ကျွန်မတို့အတွက် မမရဲ့ဆန္ဒကလေးတစ်ခုသာ ဖြည့်ဆည်း...ဖို့ ချန်ထားခဲ့သည်လေ။

"မေ ... မေ ... ညို့ကိုခွင့်လွှတ်ပါ ... ပြီး ... ပြီးတော့ ညို မရှိတော့ရင် ... ညို့ကို မီး ... မီးထဲ မပို့ပါနဲ့ ... ညို့အတွက် အေး ... အေးချမ်းအောင် မေမေ ကူညီပါနော် ... တကယ်လို့ ... ကြယ် ... ကြယ်တံခွန် ရောက်လာခဲ့ရင် ညို ... ညို လေ ... သူ့ကို နား ... နားလည်နေဆဲ ... ချစ်နေဆဲ ..."

"သမီး ... မပြောပါနဲ့တော့ ... မပြောပါနဲ့တော့ ညိုရယ်၊

မေမေ သမီးကို သနားလိုက်တာ ... ကံဆိုးလိုက်တာ သမီးရယ် ... သမီးဆန္ဒတွေကို မေမေ ဖြည့်ပေးမှာပါ ... သမီးစကားတွေ သိပ်မပြောနဲ့တော့နော် ... မောနေပြီကွယ် ... မေမေ ဆေးရုံကို အခုပို့မယ် ... နော် ... သမီး ... စိတ်ကိုတင်းထားစမ်း သမီးရယ် ... "

မျက်ရည်တွေကြားက မေမေ့အသံ ဝါးဝါးကြီးကို နားထောင်နေသော လူတွေအားလုံး ဘယ်လိုမှ မျက်ရည်မဆည်နိုင်တော့ဘူးတဲ့။ အဲဒါတွေအားလုံး အန်တီဝါ ပြန်ပြောလို့ အဖြူရောင်သိခဲ့တာလေ ... ။

"သူ ... သူလာရင် ... ညို ... ညိုလေ အရှုံးပေးသွားပါပြီလို့"

"ညို ... "

"သမီး ... အညိုရောင် ... "

မမ ရင်ကွဲနာကျသွားတာလား ... ။ ဒါမှမဟုတ် ကြယ်တံခွန် ဆိုတဲ့လူ လာပြီး နှလုံးသားတွေကို ဆွဲထုတ်သွားတာလား ... ။

သေချာတာတော့ ...

မမအညိုရောင် သေပြီလေ။

ဒါဟာ ...

ရှင့်ကြောင့်ပဲ ကြယ်တံခွန် ... ။





ရှင်ကတော့ ... အခုအချိန်ထိ လူလောကကြီးမှာ ...ရှင် ရပ်တည်နေပြီး တည်ကြည်ခန့်ညားကဲ့လူကြီးလူကောင်း...ဘတန်းကြီးအောက်မှာ ရှင်သန်နေဖို့ ကြိုးစားနေဆဲပါလား။

သူများအပေါ် မတရားမလုပ်တတ်တဲ့ ကျွန်မ ...

မမ တစ်ဘက်သတ် မတရားခံလိုက်ရတဲ့အတွက် ...ှင့်ဆီကနေပြီး တစ်ခုခုတော့ ပြန်တောင်းပေးရမှာပဲ။ ဒါဟာ ...သက်ခံသင့်တဲ့ တရားမျှတတဲ့ လျော်ကြေးတစ်ခုပါပဲ ကြယ် ... ။

စိတ်တွေက ပြန်ပြီး ခိုင်မာလာ၏။

ကျွန်မမျက်ဝန်းလေးထဲမှာ မမအညိုရောင်ရဲ့ အပြုံး...းတွေကို လှမ်းပြီး မြင်နေရသည်။ 'ကျွန်မ ပြန်လာခဲ့မယ် ...' ဆိုတဲ့ ကတိစကားက ပိုပြီးတော့များ ခိုင်မာနေခဲ့သလား ...်က ဖုန်းချသွားတာတောင် ယခုအချိန်အထိ ကျွန်မ ကိုင်...းထောင်နေမိဆဲပါ။

"ကြယ်တံခွန်က မိန်းကလေးကိစ္စ အရမ်းရှုပ်တာ ... နင့်အစ်မကို အတည်တွဲပုံမလား ... "

ရန်ကုန်မှာ မမ ကျောင်းသွားတက်နေတုန်း ...ကို ပြောင်းသွားသော ယမုံတို့က နယ်က ကျွန်မထံ ဖုန်း... သတိပေးခဲ့သေးသည်။ အဲသည့်အချိန်ထိ ကြယ်တံခွန်ဆို... ကျွန်မ မတွေ့ဘူးခဲ့ချေ။

ယမုံအစ်မ ချယ်ရီက ... မမအညိုရောင်နှင့် သူငယ်ချင်းတွေ ... သို့သော် အရွယ်ရောက်တော့ သိပ်ပြီး ပတ်ပတ်သက်သက် မရှိတော့ချေ။ ဘာ့ကြောင့်လဲဆိုတာတော့ ထိုအချိန်တုန်းက ကျွန်မ သိပ်ပြီး နားမလည်ပါ။ ယမုံကတစ်ဆင့် ကြားရသော မမ အကြောင်းတွေကို မေမေတို့အား ကျွန်မ အသိမပေးခဲ့ပေ။

မျက်မြင်ကိုယ်တွေ့မဟုတ်ဘဲ ... သူများစကားကို ဘယ်တော့မှ ကျွန်မ ယုံကြည်လေ့မရှိပါ။ နွေကျောင်းပိတ်လို့ ... မမ ပြင်ဦးလွင်ကို ပြန်လာတော့မှ မေမေ့ကိုရော ကျွန်မကိုပါ သူမှာ ချစ်သူရှိနေပြီဆိုတဲ့အကြောင်းကို ဖွင့်ဟဝန်ခံပြီး ကိုကြယ်တံခွန် အကြောင်းတွေကို ပြောပြနေသည်။

မေမေကတော့ ...

မမကို မငြင်းပယ်ပါ ... အဘယ့်ကြောင့်ဆိုသော် မမ ပြောပြသော ကိုကြယ်တံခွန်ဆိုတဲ့ ယောကျ်ားက ငြင်းပယ်စရာ အပြစ်ဆို၍ ဘာတစ်ခုမှ ချို့ယွင်းချက်မရှိခဲ့တာကို။

ဓာတ်ပုံတွေလည်း ထုတ်ပြခဲ့သည်။

မေမေကတော့ ... အညိုရောင့်ကံကောင်းမှု ဟု ပြောပြီး ချီးမွမ်းနေခဲ့သေးသည်။ ကျွန်မကတော့ မမကို ယမုံပြောတာ ဟုတ်သလားဟု နှစ်ယောက်တည်းကျမှ မေးခဲ့ဖူး၏။ ထိုစဉ်က

"ပိုက်ဆံချမ်းသာတော့ ... ငွေမက်တဲ့ ကောင်မလေးတွေ





က ကပ်တာပေါ့ ... ဒါပေမဲ့ မမကိုတော့ သူ တကယ်ချစ်တာပါ ဋိုက်ရယ် ... အဟင့် ... မမက ရိုးသားဖြူစင်လို့ ရွေးချယ်တာတဲ့လေ ... "

"သူ ... မမကို တကယ်လက်ထပ်မှာတဲ့ ... "

ဟု ကာကာကွယ်ကွယ်လေး ပြောခဲ့သည်။ မမ းပျော်ရွှင်နေတာ တွေ့တော့ ... အဖြူရောင်လည်း ဘာမှ ာတော့ဘဲ အသာငြိမ်နေလိုက်မိတော့သည်။

အခု ...

မေမေရော မမပါ မရှိတော့ ... ။

ကျွန်မရဲ့ သွေးသားအရင်းတွေ တစ်ယောက်မှ အနားမှာ မရှိတော့ချေ။ ဖေဖေရော ... ဘယ်ရောက်လို့ က်နေသလဲ မသိပါ။ ကျွန်မ သတင်းစာထဲမှာ မေမေ့ နာရေး ... မမ နာရေးပါ ထည့်ထားသော်လည်း လုံးဝအဆက်အသွယ် ခဲ့ချေ။

ကြာတော့ ...

ကျွန်မရင်ထဲ နာကြည်းမှုတွေ များပြားလာခဲ့ပြီ။

ဒေါ်လေးဝါရဲ့ သည်းခံချင်းတရားတွေကို ကျွန်မ ာက်ခဲ့မိ၏။ ဒေါ်လေးဝါက ကျွန်မကိုသာ တားဆီးတာပါ။ ယ်တမ်းကျတော့ ဒေါ်လေးဝါကိုယ်တိုင်လည်း ဒီကိစ္စအတွက် ာမ်းတွေးပြီး ဒေါသတွေ ထွက်နေခဲ့တာပါပဲ။

ကျွန်မ ...

မမနဲ့ မေမေ့အုတ်ဂူလေးဆီကို တစ်ခေါက်လော
တော့ သွားတွေ့ဦးမှပါပဲ။ ကျွန်မ ရန်ကုန်ကို သွားမည့်အကြောင်း
မမအညိုရောင်နဲ့ မေမေ့ကို ကျွန်မ သွားပြောရဦးမည်လေ ...။







## အခန်း ( ၁၃ )

ပို့က်ဆိုသော ...

အမည်ကလေးတစ်ခုက ရင်ထဲမှာ အထင်ကရ နေရာ
...သားခဲ့လေပြီ။ လူတကာမြင်လျှင် ... သမင်လည်ပြန်ကြည့်ရ
...ောက်စရာ ... သူမရဲ့ ထူးခြားတဲ့ အရပ်မြင့်မြင့်ကလေးကို ပိုမို
...မားနေအောင် စီးထားသော သူမရဲ့ ခွာမြင့်ဒေါက်လှလှကလေး
... ပ့်ပိုးထားလေရဲ့။

ဖြူနုနေသော ပန်းရောင်ပြေး အသားအရေပေါ်တွင်
...င်းနေသော ခရမ်းပြာရောင်ဝမ်းဆက်ကလေး။ ပြီးတော့ ... ပိုး
...းလို ပြောင်ချောနေသော သူမရဲ့ ဝိတုန်းရောင်ကေသာဆံနွယ်
...လေးတွေ။ နဖူးပြင်ကလေးပေါ် ခပ်ပါးပါးကျနေသော ဆံနွယ်

တိုကလေးများမှအပ ... ကျန်ဆံပင်အားလုံး အပြောင်သိမ်းကာ ခပ်မြင့်မြင့်ကလေး စုစည်းထားပုံက ... တကယ့်ကို ရှင်းသန့်ကြည် လှဲ့နေ၏။

"နေကောင်းတယ်နော် ... ဦးကြယ်တံခွန် ... "

ချိုသာသော နှုတ်ဆက်သံကလေးနှင့်အတူ ... သူ နှုတ်ခမ်းကလေးတွေ ပြုံးသွားသလားဟု ထင်မိသည်။ သို့သော် ... တကယ်တမ်းကျတော့ သူမမျက်နှာသည် တစ်စက်ကလေးမျှ ပြုံးခြင်းမရှိပါ။ လူတစ်ယောက်ကို မဖြစ်မနေ လာတွေ့ရသည့်ဟန် က သူမမျက်နှာတွင် ပေါ်လွင်နေခဲ့ပါသည်။

"ထိုင်လေ ပိုက် ... "

"ဟုတ်ကဲ့ ... "

ကျွန်တော် ညွှန်ပြသောခုံတွင် သူမ အသာအယာ ဝင်ထိုင်ပါသည်။ တယ်လီဖုန်းထဲမှ ဒုတိယအကြိမ်မြောက် သူမထံ ဆက်သွယ်မှုကြောင့် အုံ့လည်းသြ ဝမ်းလည်းသာနှင့် စကားတောင် ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်ခဲ့ရသည်။ ကျွန်တော့်ရဲ့ နှလုံးသား တွေကို ထိန်းချုပ်မရနိုင်အောင်ဘဲ သူမရဲ့ ပြုစားမှုက အစွမ်းထက် လွန်းလှပါသည်။ သူမကို မြင်လိုက်တိုင်း ရင်ခုန်သံတွေက အတိုင်း အဆမဲ့စွာ မြည်ဟည်းလို့နေလေရဲ့။

"နည်းနည်း ပိန်သွားသလိုပဲနော် ... "

ဒါဟာ ...





ကျွန်တော့်ဘက်က ... စတင်ပြီး ပြောမိခြင်းပါ။ ...န်တော် ထိုင်နေသော စားပွဲရှေ့မှာ ရောက်သည့်အချိန်ကစပြီး ...ဘက်ကရော ကျွန်တော့်ဘက်ကပါ ဘာစကားမှ မဆိုဖြစ်သေး ...နှစ်ယောက်သား ငြိမ်သက်နေမှုကို စတင်ထိုးဖောက်လိုက်ခြင်း ... ထူးခြားနေတာက သူမမျက်ဝန်းလေးတွေက စိမ်းနေသလိုပဲ။

"ဟုတ်ကဲ့ ... ကျွန်မ နယ်ကို ပြန်သွားတာလေ ... ခရီးပန်း လို့ ထင်ပါရဲ့ ... ဟိုလည်းရောက်ရော ကျွန်မ ဖျားပါလေ ရော ... "

"သြော် ... ဒါကြောင့်ကို ... ပိုက်က ရန်ကုန်က မဟုတ်ဘူး လား ... "

"ဟင့်အင်း ... ကျွန်မ ပြင်ဦးလွင်သူပါ ... "

"ဗျာ ... "

ကြည့်စမ်း ... ။

ရှင် ... ဟန်မဆောင်နိုင်လောက်အောင် ဖြစ်သွားရ ...ုတ်လား။ ပြင်ဦးလွင်မြို့ဆိုတဲ့ အသံ ကြားလိုက်တာနဲ့ ရှင် ...ဲမျက်နှာ ပျက်နေပြီ။

"ဘာဖြစ်လို့လဲ ဦးကြယ်တံခွန် ... ပြင်ဦးလွင်မှာ နေတယ် ဆိုတာနဲ့ ဘာဖြစ်လို့ ရှေ့ဆက်ပြီး စကားတွေ မပြောတော့ တာလဲ ... "

"မ ... မဟုတ်ပါဘူး ... နယ်ကဆိုပေမဲ့ ပိုက်က ရန်ကုန်သူ

အတိုင်းပဲနော် ... ”

အဟင့် ... ။

ကျွန်မအစ်မကိုလည်း ရှင် ဒီစကားမျိုးတွေနဲ့ ခင် ခွင့် စယူခဲ့တာပဲ မဟုတ်လား။ သိပ်ကို ရိုးသားဖြူစင်တဲ့ မမ ရှင့်ရဲ့ အခုလိုစကားလေးတွေထဲမှာ အသာယာကြီး သာယာ ရှင့်ရဲ့ လိမ်ညာလှည့်စားမှုတွေကို ယုံကြည်ပြီး ကိုးကွယ်ထားခဲ့ ပေါ့။ ရှင် သိထားရမှာက ကျွန်မက မမအညိုရောင်လို မပျော့ညံ့ ဆိုတာပဲ။

“ကျွန်မက ... နယ်ကနေ ရန်ကုန်မှာ ကျောင်းလာတ တာပေါ့ ... ”

“မင်း ... ကိုယ့်ကို အစောကြီးကတည်းက သိနေတာလ အဖြူရောင် ... ”

“ရှင် ... ”

သူ့ရဲ့မေးခွန်းက ကျွန်မရဲ့စိတ်တွေကို တုန်လှု ချောက်ချားသွားစေတာကတော့ အမှန်ပင်။ ဘာရည်ရွယ်ချ ကြောင့် မေးရတာလဲ ... ။ မလုံမလဲစိတ်နှင့် သူ့မျက်နှာကို လှ ကြည့်မိတော့လည်း သူ့မျက်ဝန်းတွေက အေးချမ်းပြီး ကြည်လင် ဆဲပင်။ လျှို့ဝှက်မှုတစ်ခုကို သူ သိထားလို့များလား ... ဒါလည် မဟုတ်ပါဘူး ... သူ့ပုံစံက တရားခံတစ်ယောက်လို စစ်မေးနေ မှ မဟုတ်လာ။ သိချင်တာတစ်ခုကို အရေးတယူ မေးတဲ့ပုံစံမျိုးပ





“ရှင် ယုံမလားတော့ မသိဘူး ... ကျွန်မနဲ့ ယမုံတို့ ဒီရှေ့က ကော်ဖီဆိုင်ကလေးမှာထိုင်မှ ... ကျွန်မ ရှင့်ကို စတွေ့ဖူး တာ ... အဟင်း ... အမှန်ဆို ယမုံကမှ ရှင့်အကြောင်းကို သိတာလေ ... ”

“ကျွန်တော့်အကြောင်း ... ဟုတ်လား ... ”

“အင်းလေ ... ”

“ပြောပါဦးဗျာ ... ဒါမှ ကျွန်တော်လည်း ကိုယ့်အကြောင်းကို သိရမှာ ... ကိုယ် သုံးသပ်တာထက် သူများရဲ့ ဝေဖန်ချက် က ပိုပြီးမှန်နိုင်တာပေါ့ ... ”

“ဟာ ... ဦးကြွယ်တံခွန်ကလည်း ကျွန်မ မပြောချင်ပါဘူး၊ အားနာစရာကြီး ... ”

ဟွန်း ... ။

ရှင်ကပဲ အပြောကောင်း။

ရှင့်ရဲ့ ယုတ်မာကောက်ကျစ်မှုတွေကိုသာ တစ်ခု င်း ထုတ်ပြပြီး ဝေဖန်ရမယ်ဆိုရင်လေ နေရာမှာတင် လဲသေနေ ောက်ပြီရှင့် ... ။ နာကြည်းမှုတွေနဲ့ ပြည့်နေတဲ့ ကျွန်မရဲ့ နှလုံး ား‌တွေကို ရှင် တစ်ချက်လောက် ဝင်ကြည့်စမ်းချင်တယ်။

“ပြောလေ အဖြူရောင် ... ”

“ဘာကိုလဲ ... ဦးကြွယ်တံခွန် ... ”

“ဟာကွာ ... မင်းနဲ့ကိုယ် ဘယ်လောက်မှ အသက်မကွာ

ဘဲနဲ့ ... ဦးကြီး တပ်တပ်ခေါ်တာတော့ မကောင်းပါ
ကွာ ... တစ်ခုခုတော့ ပြောင်းခေါ်စမ်းပါ ... ”

“ဟင့်အင်း ... ကျွန်မ ဦးကြယ်တံခွန်လို့ပဲ ခေါ်ချင်တယ်”

“ကဲကဲ ... ဒါဆိုလည်း မင်းသဘော ... မင်းသဘော”

ကျွန်မ ပြုံး၍သာ ကြည့်နေလိုက်မိသည် ... ။ မျက်နှာလေးမှာ ကြည်နူးရိပ်ကလေးတွေကို ကျွန်မ တွေ့ ဦးကြယ်တံခွန် ... ။ ဒါပေမဲ့ ကျွန်မ ရှင့်ကို အနိုင်ရဖို့တော့ ဒီထ စိတ်နိုင်ပြီး အသည်းနှလုံးတွေ မာနိုင်အောင်တော့ ကြိုးစားရဦး လေ။

“ဝိုက် ... ”

“ပြောပါ ဦးကြယ်တံခွန် ... ယမ့်ကို မှာတယ်ဆို ... ကျွ ကို နောက်တစ်ခါလောက် ပြန်ဆက်သွယ်ပါဦးဆိုလို့ ကျွန်မ အခုလို ဦးကြယ်တံခွန်ရဲ့ ကုမ္ပဏီကိုလာရတာ အလုပ်ရှုပ်နေမလားတော့ မသိဘူး ... ”

“မရှုပ်ပါဘူး ... ကိုယ်က ဝိုက်ကို အရမ်းတွေ့ချင်နေတာ ပြောစရာလည်း ရှိလို့ ... ဒါပေမဲ့ အခုလို ရုတ်တရက်ကြ ဝိုက်က ဖုန်းဆက်လိုက်တော့လေ ကိုယ် အံ့လည်းသြ ဝမ်းလည်းသာပြီး ... ဘာပြန်ပြောရမှန်းကို မသိတော့တာ ကိုယ်လေ ... ဝိုက်ကို အချိန်တိုင်း သတိရနေတယ် မေ့လို့လည်း မရဘူး ... ကိုယ် ... ကိုယ် ဘာဖြစ်နေလဲဟင်





ဝိုက် ... ”

“ရှင် ... ကျွန်မ ... အဲ ... ဟို ... ကျွန်မ မသိဘူးလေ”

ဟွန်း ... ။

ရှင့်ရဲ့ ကြိုးစားမှုက သိပ်ပြီး ညံ့ဖျင်းမနေဘူးလား ဦးကြယ်တံခွန်ရယ်။ ဒီလောက်နဲ့ ရှင် ကျွန်မကို ညှို့ယူဖို့ မစဉ်းစားနဲ့ဦးရှင့်။

“မင်း ... ကိုယ့်ကို သတိမရဘူးလားဟင် ... ဟိုလေ ... ဝိုက်ရဲ့စိတ်ထဲမှာ ကိုယ်နဲ့ပတ်သက်တဲ့ အတွေးမျိုးတွေ မရှိဘူးလား ... ဖြစ်ရော ဖြစ်မိသေးလားဟင် ... ”

လုံးဝပဲ ... ။

ကျွန်မ ရှင့်ကို ပညာကောင်းကောင်း ပေးရမယ်ဆိုတဲ့ အသိတစ်ခုကိုပဲ ခေါင်းထဲ ရိုက်သွင်းထားတယ် ... ။ ရှင်နဲ့ပတ်သက်တဲ့ ဘာခံစားမှုကိုမှ ကျွန်မ ဦးနှောက်က လက်မခံဘူး။ ရှင် သိပ်ပြီး စိတ်ကူးတွေ ယဉ်မနေနဲ့ ဦးကြယ်တံခွန် ... ဟု ကျွန်မ စိတ်ထဲ ကြိတ်ပြီးပြောနေမိသည်။

သို့သော် ...

လက်တွေ့မှာတော့ ကျွန်မ နှုတ်ခမ်းသားလေးတွေ ပြုံးနေ၏။ မျက်ဝန်းနက်နက်ကလေးက စားပွဲဆီသို့ အကြည့်ကိုလွှဲ ရင်း ...

“ကျွန်မပြောရင် ... ရှင် ယုံမှာမဟုတ်ဘူး ... ”

ဆိုသော စကားသံ ခပ်တိုးတိုးကလေးသာ ထွက်သွား၏။

"ဝိုက် ... "

သူ့အသံက လှိုင်းသံလို ပဲ့တင်ထပ်လာ၏။

သူ့ခန္ဓာကိုယ်က ရှေ့သို့ အတော်ကလေး အိကိုင်းကျလာပြီး ... ကျွန်မ မျက်နှာလေးအနီးသို့ တိုးကပ်လာသည်။

အို ... ။

ကျွန်မ ဖျတ်ခနဲ ကြည့်မိလိုက်တော့ ... ဖြူစင်နေသော သူ့မျက်ဝန်းလေးတွေနှင့် ရင်ဆိုင်လိုက်ရတော့သည်။ ရင်ထဲ အခုန်မြန်လာပြီး နှလုံးသားတစ်ခုလုံး နွေးထွေးလာသည်။ လက်ကလေးတွေ အေးစက်ပြီး နှုတ်ခမ်းသားလေးတွေ တဆတ်ဆတ် တုန်နေ၏။

ဘာဖြစ်တာလဲ ...

ကျွန်မ ဘာဖြစ်တာလဲ။

ဒါဟာ ...

ဒါဟာ ... လုံးဝ မဖြစ်သင့်တဲ့ ခံစားမှုတစ်ခုပဲ ကျွန်မ ... ကျွန်မ အရှုံးမခံနိုင်ဘူး။ ရှင့်ကြောင့် ကျွန်မရဲ့စိတ်တွေ မနူးညံ့စေရဘူး။ ဘယ်တော့မှလည်း ပျော့ညံ့တဲ့စိတ်ကူး အတွေးတွေ မရှိစေရဘူး။ ကျွန်မ ရှင့်ကို အနိုင်ရမှဖြစ်မယ်။





"ပြောလေ ဝိုက် ... ကိုယ့်ကို သတိရတယ် မဟုတ်လား ဟင် ... "

တိတ်ဆိတ်ငြိမ်သက်နေသော သူမကို အားမရစွာ ...ညှစ်လိုက်ချင်မိသည်။ မျက်ဝန်းနက်နက် ဝိုင်းဝိုင်းကလေးက ...ရဲရဲလေးနှင့် အကြည့်လွှဲနေ၏။ ကိုယ် သိပါပြီ ဝိုက်ရယ် ... ။ ...းလည်း ရင်ခုန်နေမယ်ဆိုတာလေ ... ။ ဒါပေမဲ့ မင်းရဲ့စိတ်တွေ ... မင်းရဲ့အတွေးတွေက ကင်းကွာနေသလိုပဲ။

ဒါပေမဲ့လေ ...

ကိုယ့်ရင်ထဲမှာ မင်းကို သိပ်ပြီးမြတ်နိုးတန်ဖိုးထား...ယ်ဆိုတာ ... ဘာနဲ့မှ နှိုင်းယှဉ်ပြောပြလို့မှ မပြည့်စုံနိုင်ပါဘူးကွာ။ ...ယ်လေ ... မင်းကို စတွေ့တဲ့နေ့ကတည်းက ကိုယ့်တစ်ကိုယ်... လည်ပတ်စီးဆင်းနေတဲ့သွေးတွေ ရပ်တန့်သွားသလားတောင် ...မိတဲ့အထိ ကိုယ် ခံစားလိုက်ရတာ ... ။ အဲဒါတွေကို မင်း ...အောင် ပြောပြချင်တယ်။ နောက်ပြီး ... မင်းရဲ့စကားသံချိုချို ...ထဲမှာ ကိုယ် ယစ်မူးချင်နေမိတယ်။ ကိုယ် ... နှင်းဆီကို မမုန်း...ဘူးဘူးကွာ။

"ကျွန်မ ပြန်သင့်ပြီ ... "

ညင်သာစွာ သူမ ထရပ်လေ၏။

"ဝိုက် ... ကိုယ့်ကို ဒီအတိုင်း ထားခဲ့တော့မလို့လား ... "

"ကျွန်မတို့ ဆုံတွေ့မှုဟာ သိပ်မှ မကြာသေးတာ ... "

"ဒါပေမဲ့ … ရင်ထဲက ခံစားမှုအတိုင်းအတာဟာ ထုထ
ကြီးမားနေပြီ … "

"ကျွန်မအကြောင်း … ရှင် … ဘယ်လောက်သိထားသ
ဦးကြွယ်တံခွန် … "

"ကိုယ် အဲဒါတွေ ဘာမှမသိချင်ဘူး ပိုက် … ကိုယ် မင်း
အရမ်းလိုအပ်နေတယ် … ဒါကြောင့် ကျန်တာတွေ အ
တစ်ခုမှ ကိုယ် မသိချင်ဘူး … အဓိက မင်း ကိုယ့်အနား
ရှိပေးနေဖို့ပဲ … "

"ကျွန်မ … စဉ်းစားချင်သေးတယ် … "

"ကိုယ် အကြာကြီး မစောင့်နိုင်ဘူး ပိုက်ရယ် … "

ကျွန်မ သူ့အနားက လှည့်ထွက်ဖို့ ပထမဆုံး သ
ကျောခိုင်းပစ်လိုက်သည်။ တကယ်ဆိုရင် ဒီလိုအခြေအနေ
ရောက်အောင် ကျွန်မ ကြိုးစားခဲ့တာလေ … ။ ဘာကြောင့် ကျွ
ရှောင်ထွက်ချင်ရတာလဲ။

သေချာတာက ကျွန်မစိတ်တွေ မလုံတာပဲ။

သူနဲ့ဆုံတိုင်း ကျွန်မ ရင်ခုန်နေတတ်ပြီ။

သူ့ရဲ့ အမိန့်ဆန်ဆန် တောင်းဆိုမှုအောက်မှာ …
မကြာခင် … ကျွန်မ ကျရှုံးရတော့မည်။ အင်အားချည့်နဲ့သေ
ခြေထောက်အစုံကို အားတင်းကာ ထရပ်စေပြီး … သူနဲ့ ကျောခို
လိုက်ခြင်းသာ ကျွန်မဘဝအတွက် အကောင်းဆုံးပါပဲလေ။ ဆက်





…နေလို့ကတော့ ကျွန်မအတွက် သိပ်ပြီး အခြေအနေကောင်း
…ဟုတ်။

"သိပ်ချစ်တယ် ပိုက် … "

"ဟင် … "

"ကိုယ် … မင်းကို ချစ်နေမိပြီ ပိုက်ရယ် … "

ကျွန်မနောက်ကျောဘက်ဆီမှ ညင်သာနူးညံ့သော
…သံလေးက ရင်သို့ တိုက်ရိုက်ထိမှန်လာခဲ့သည်။ ခြေလှမ်းတွေ
…တန့်သွားပြီး … အသက်ရှူသံတွေ တိတ်ဆိတ်သွားလေပြီ။

အခန်းလေးထဲမှာ အပ်ကျသံမကြားရလောက်
…အောင် အသံတွေက တိတ်ဆိတ်နေလေသည်။ လှမ်းနေသော ခြေ
…မ်းကလေးတွေပင် ပြန်လှည့်ချင်ချင်။

ရုတ်တရက် မမအညိုရောင်ရဲ့အသံလေးက ပိုက်နား
…ကို ဝင်ရောက်လာသည်။

ပိုက် …

မင်း ဘာဖြစ်နေတာလဲ။

ဒါဟာ … နတ်ဆိုးတစ်ကောင်ရဲ့ လှည့်စားမှုပဲ။ သူ့
…သိမ်းယူမှုမှာ မိန်းမောဖို့ … သူ့ဘက်က ဒီလောက်တော့ အယုံသွင်း
…ပဲလေ။ ဒါကို တကယ်လို့ မင်းက ထင်မှတ်နေသလား။ မင်း
…ညံ့တဲ့ မိန်းမတစ်ယောက် မဟုတ်ဘူးဆို … ။ သွားစမ်း …
…ကို ဂရုမစိုက်စမ်းနဲ့ … ။

အခုတော့ ...

မင်းလည်း ... သာမန်မိန်းမပါပဲလား ဝိုက်ရယ်... အပြောကြီးတဲ့ မိန်းမ ... မင်းလည်း ခံရတော့မယ်။

မဟုတ်ဘူး ... မဟုတ်ဘူး မမအညိုရောင်။

အာရုံထဲမှာ မမအညိုရောင့်အသံတွေက ပဲ့တင်ထ... နေသည်။ သရော်နေသော မျက်ဝန်းအကြည့်တွေနှင့် ကျွန်မ... စိုက်ကြည့်နေ၏။ စိတ်ထဲကနေ ကျွန်မ ငြင်းပယ်နေမိသည်။

"ဟုတ်တယ် ... ဘာငြင်းနေတာလဲ ... သူ့ကို စိတ်ဝင်စား... နေပြီ ... ရင်တွေ ခုန်နေပြီ ... မင်း သူ့ကို ချစ်နေပြီ ဝိုက်... ဟင့်အင်း ...။

မဟုတ်ဘူး ... ကျွန်မကို အဲဒီလို အတင်းအကြ... မတိုက်တွန်းစမ်းနဲ့ မမ။ မမ ပြောသလို မဟုတ်ဘူး ... ။

ကျွန်အသားတွေ တဆတ်ဆတ် တုန်သည်အထိ... ခံစားရသည်။ ကျွန်မ ခေါင်းတွေကို တအားခါယမ်းပြစ်လိုက်မိသည်။

"ဝိုက် ... ဝိုက် ... မင်း ဘာဖြစ်နေတာလဲ ... ကိုယ် မင်းကို... ခေါ်နေတာ ကြာပြီ ... "

"ဟင် ... အို ... ဟုတ်လား ... ကျွန်မ ... ကျွန်မ ... "

အတွေးလွန်ကာ သူ့ကို ကျွန်မ မေ့သွားခဲ့သည်။ ကျွန်မ အာရုံမှာ မမအညိုရောင်ရဲ့ လှောင်ပြုံးတွေက ပျောက်ဖျက်... မရအောင် စိုးမိုးနေ၏။





"နေမကောင်းဘူးလားဟင် ... ကိုယ် ပြန်လိုက်ပို့ပေးမယ်လေ ... "

"ရပါတယ် ... ကျွန်မ တက္ကစီငှားပြန်မှာပါ ... "

"ဟာ ... ဘယ်ဟုတ်မလဲ ကိုယ်ပို့ပေးမှာပေါ့ ... ကိုယ်က တွေ့ချင်လို့ စပြီး ခေါ်ထားတာပဲဟာ ... ကိုယ်ပဲပို့ ... "

"ရှင့်ပါးစပ်ကို တဆိတ်လောက် ကျေးဇူးပြုပြီး ပိတ်ထားလိုက်စမ်းပါ ဦးကြယ်တံခွန် ... "

"ဟာ ... "

သူမရဲ့ ခပ်စူးစူး အော်လိုက်သံကြောင့် ကျွန်တော် ...အားသင့်သွားမိသည်။ ဝိုက် မျက်ဝန်းလေးတွေက တစ်စုံတစ်ခု ...ကြည်းစွာ ခံစားနေရသလိုပင် ... ကျွန်တော့်ကိုလည်း တစ်ခါ ...ငြင်ဘူးတဲ့ လူတစ်ယောက်လို ခပ်စိမ်းစိမ်းကြီး စိုက်ကြည့်နေ၏။

"ဝိုက် ... "

"ရှင် ... ရှင် ... ကျွန်မအနားကို မလာနဲ့နော် ... မမ တစ်မျိုးထင်လိမ့်မယ် ... "

"ဘာရယ် ဝိုက် ... မင်း ဘာပြောလိုက်တာလဲ ... ဘယ်က မမလဲ ... ဘယ်သူက တစ်မျိုးထင်မှာလဲ ... "

သူ့မေးခွန်းကြားမှာပဲ ကျွန်မ အသိစိတ်တွေ ပြန်ဝင် ...တော့သည်။ ကျွန်မ ... မှားယွင်းစွာ နှုတ်ကထွက်သွားပြီ။ ...် သူက သိပ်ရိပ်မိပုံမရပါ။ သူ ဘာမှ မသိနားမလည်တဲ့ပုံပါပဲ။

"ဝိုက် ... မင်း ဘာဖြစ်နေတာလဲ ... မင်းကို ကြည့်ရတာ တစ်ခုခုတော့ ဖြစ်နေတယ် ... မင်းမှာ ဘာအခက်အခဲတွေ များ ရှိနေလဲ ဝိုက်ရယ် ... ကိုယ် သိခွင့်ရှိနိုင်မလားဟင်"

"ဟင့်အင်း ... ဟင့်အင်း ... ဘာ ... ဘာမှမရှိပါဘူး ... ကျွန်မ ... ကျွန်မ ပြန်တော့မယ် ..."

သူ့ကို ကမန်းကတန်း နှုတ်ဆက်လိုက်ပြီး နေရာမှ ကပျာကယာ ထွက်ခဲ့မိတော့သည်။ ကြာရင် ... ကျွန်မစိတ်တွေ လွှတ်ထွက်သွားနိုင်တယ်လေ ... ။







## အခန်း ( ၁၄ )

"နင့်စိတ်တွေကို ... နည်းနည်းတော့ လျှော့ထားသင့်တယ် ဝိုက် ... အခုကိစ္စမှာ မမအညိုရောင်ဟာ မတရားခံစားရတာလေ ... ဒါကို နင်က သူ့ကို ဆက်ပြီး မပတ်သက်ချင်တော့ဘူးဆိုတဲ့ အကြောင်းပြချက်ဟာ လုံးဝအဓိပ္ပာယ် မရှိဘူး ... တကယ်တော့ နင့်စိတ်ကိုနင်မလုံတာ ... နင့်ကိုနင် မယုံတော့တာ မဟုတ်လားဝိုက် ... နင့်ကြောင့် သူ ဆက်ပြီး စိတ်အနှောင့်အယှက်တွေ ဖြစ်မှာကြောက်လို့ မဟုတ်လား"

"အို ... မဆိုင်လိုက်တာ ..."

"ဘာလို့ မဆိုင်ရမှာလဲ ... နင် သူ့ကို သံယောဇဉ်တွယ်နေပြီ ... သူ ခံစားရမှာ ... သူ ဒုက္ခရောက်မှာကို နင်မလိုလား

တော့ဘူး မဟုတ်လား ဝိုက် ... နင် ... နင် ... သူ့ကို ချစ် နေပြီ မဟုတ်လား ... "

"မဟုတ်ဘူး ... မဟုတ်ဘူး ... မဟုတ်ဘူး ... ငါ ... သူ့ကိုမချစ်ဘူး ... နင့်စိတ်ထဲ ထင်ရာတွေ လျှောက်ပြီး မစွပ်စွဲပါနဲ့ ယမုံရယ် ... "

"အို ... နင့်ပုံစံကိုကြည့်စမ်း ... အရင်ကနဲ့အခု တခြားစီ နင် နှလုံးသားတွေ မမာကြောတော့ဘူး ... နင့်စိတ်ဓာတ် တွေပျော့ညံ့ကုန်ပြီ ... ကဲ ... ဒါဆို နင် ... သူ့ကိုမုန်းတယ် ပေါ့ ... လုံးဝမချစ်ဘူး ... ဟုတ်လား ... "

ဒီမေးခွန်းကို ... ။

ဘာကြောင့် အတင်းအကျပ် မေးရတာလဲယမုံ ... နင် ငါ့ရင်ထဲက ခံစားရမှုတွေကိုနည်းနည်းလေးမှ မစာနာဘူး ... ဟာ ... ရင်ထဲကမွန်းကျပ်မှုတွေဟာ ဘယ်လိုမှ အသက်ရှူမဝ အောင်ဘဲ ... ငါ့နှလုံးသားတစ်ခုလုံး နာကျင်နေရတယ် ယမုံ ... သူ့ကိုငါမချစ်ဘူး ... ဘယ်တော့မှလည်း အဲဒီအဖြေကို ငါ ပြောင်း ပစ်မှာ မဟုတ်ဘူး ယမုံ ... ဘာဖြစ်လို့လဲဆိုတော့ သူဟာ မမအေး ရောင်သိပ်ချစ်ခဲ့ဖူးတဲ့ ယောကျ်ားတစ်ယောက် ဖြစ်နေခဲ့လို့ပဲ ... သူ့ကိုနင်မုန်းသလားလို့တော့ မမေးနဲ့ ယမုံ ... ။

ငါ ...

သူ့ကိုမမုန်းရက်ဘူး။





ငါစိတ်ကူးထားတဲ့ ... ငါ့ဘဝကို ပိုင်စိုးနိုင်မယ့် မင်း ...လေးဟာ သူ မဖြစ်ထိုက်ပေမယ့် ငါသိပ်ကို နာကျင်တဲ့ လူဆိုး ...ယောက်တော့ သူ့ကို မဖြစ်စေချင်ပါဘူး ယမုံရယ်။

ဒါကို ...

နင် နားလည်အောင် ငါ ဘယ်လိုပြောရမလဲဟင်။ ...က ရှိုက်သံတွေကို နင်ကြားအောင် ငါ ဘယ်လိုစွမ်းဆောင် ...လဲ ယမုံ။

"တူ ... တူ ... တူ ... "

"ဟယ်လို ... "

" ... ... "

"ဩော် ... ဦးကြယ်တံခွန်လား ... "

ဖုန်းမြည်သံကြောင့် ယမုံ ထကိုင်တာတွေ့သော် ... ကိုကြယ်တံခွန် ဆက်တယ်လို့မထင်။ သူ့မှာ ... ကျွန်မရဲ့ ...ဖုန်းနံပါတ်ပေးမှ မထားတာ ... ဘယ်လိုလုပ်သိသွားတာ ... ယမုံ နှုတ်ခမ်းလေးတွေက ပြုံးနေ၏။ သို့သော် ယမုံ့မျက် ...တွေကတော့ စိမ်းနေသည်။ ဒါကို ... ကျွန်မ ကောင်းစွာ ...၏။ ကျွန်မဆီကို သူ ဆက်တာပဲ ဖြစ်ရမည်။

"ဝိုက်လား ... သူ မရှိဘူး ... "

ဟင် ... ။

ကျွန်မ ရှိနေတာပဲ ... ။

ယမုံက မရှိဘူးဟု ပြောင်ပဲလိမ်နေ၏။ ကျွ
လုံးဝပေးမကိုင်ချေ။ တစ်ဘက်မှလာသော ဖုန်းကို သူ့ဘာသာ
ပြောနေ၏။

"သူလာရင် ဘာပြောပေးရမလဲ ... ဦးကြယ်တံခွန်
မနာနဲ့နော် ... ကျွန်မကို မှာထားလို့ရပါတယ် ..."

"... ... ..."

"ဒါဆိုလည်း နောက်မှပြန်ဆက်လေ ... ကျွန်မ ဖုန်းချ
တော့မယ်နော် ..."

ယမုံက ပြောပြီးပြီးချင်းပဲ ဖုန်းခွက်ကို အသာ
ကျွန်မဆီသို့ စိတ်ပျက်အားလျော့စွာ လှမ်းကြည့်ပြီး ...

"နင် ... သူ့ကို ဘာလို့ ဖုန်းနံပါတ်ပေးထားရတာလဲ

"ဟာ ... မပေးထားပါဘူး ... ကျွန်မက ဘာဖြစ်လို့
ထားရမှာလဲ ..."

"နင် မပေးထားရင် ... သူ ဘယ်လိုဖုန်းဆက်မလဲ ငို
ဒီဖုန်းနံပါတ်ကတစ်ဆင့် ဒီအိမ်လိပ်စာကို စုံစမ်းလို့ရ
ဟဲ့ ..."

"ကျွန်မနဲ့ ဘာဆိုင်လို့လဲ ယမုံရဲ့ ... ကျွန်မ တက
မပေးခဲ့တာ ကျိန်ပြောဝံ့ပါတယ် ယမုံရယ် ... ကျွန်မ
အံ့သြနေတာ ... ဒီဖုန်းနံပါတ် ဘယ်ကရသလဲလို့
ရှင် ယုံပါ ယမုံ ... ကျွန်မ တကယ်မပေးခဲ့ပါဘူး ...





ယမုံက မျက်ခုံးကလေးတွေကျုံ့ပြီး ကျွန်မကို စူးစူး
ရဲရဲလေး စိုက်ကြည့်သည်။ ပြီးမှ ... ယုံကြည်သွားဟန်ဖြင့် မျက်ခုံး
ကလေးပင့် ... လက်ကလေးနှစ်ဖက်မြှောက် ... ပခုံးကလေး
တစ်ချက်တွန့်ကာ နေရာမှ ထွက်သွားလေတော့သည်။

ကျွန်မ နေရာမှာ ထိုင်နေမိဆဲ ...
ငိုင်နေမိဆဲပင်။

သံယောဇဉ်ကြိုးတစ်ချောင်း၏ အမှတ်မထင် တွယ်
ငြိမှုကို အငိုက်မိကာ ခံလိုက်ရခြင်းအတွက် နောင်တတော့ မရ
ချင်ပါ။ နူးညံ့သော ရင်ခုန်သံအချို့ကိုလည်း လက်ညှိုးထိုးပြီး အပြစ်
မတင်ရက်တော့ပါ။ ကျွန်မ ... စတင်ခဲ့တဲ့ ဇာတ်လမ်းတစ်ခုကို
အကောင်းဆုံး ပြန်လည်ဇာတ်သိမ်းနိုင်ဖို့ကတော့ ကျွန်မဘက်က
ကြိုးစားရမည်လေ။



"ကိုယ် မင်းကို တွေ့ချင်တယ် ပိုက် ... အခု ... ကို
မင်းရဲ့ခြံရှေ့ကို ရောက်နေတယ် ... ကျေးဇူးပြုပြီး
လောက် ထွက်ခဲ့ပါလား ပိုက် ... "

ဆိုတဲ့ အနူးညွှတ်ဆုံး ဆွဲဆောင်မှုနောက်သို့ ... ကျွ
အမှတ်မထင် လိုက်ပါသွားမိတာ အံ့သြစရာပါပဲ။

ကြည့်စမ်း ... ။

ကျွန်မ ဘာ့ကြောင့် တံခါးရွက်ကို ဆွဲဖွင့်မိပါလိ
ပြန်သတိရချိန်မှာ ...

ကျွန်မက အိမ်ရှေ့တံခါးဝမှာ မတ်တတ်ရပ်မိ
လေ ... ။ ခြံရှေ့မှ သူ့ရဲ့အပြုံးကလေးနှင့် ဆီးကြိုမှုကို ကျွန်မ
ထွေးစွာ ခံစားလိုက်ရသည်။

"ပိုက် ... "





လှမ်းခေါ်သံနှင့်အတူ လက်ကလေးတစ်ဘက်ကို
သာထောင်ပြသည်။

ဒုက္ခပါပဲ ... ။

ကျွန်မ ဘာဆက်လုပ်ရမလဲ။ အခုမှ ပြန်ဝင်လျှင်
ည်း မကောင်း ... သူ့ထံ ဆက်လျှောက်သွားပြီး ခြံတံခါးသော့
ပေးကာ ညှိခံဖို့လည်း မဖြစ်နိုင်။ တော်သေးတာက ယမုံ မရှိ
ဘဲ။ ဒီအဖြစ်ကို ကြိုသိလို့ ယမုံက တယ်လီဖုန်းကို ရောင်းပြီး
က်ထပ်လိုင်းတစ်ခုနှင့် ချိန်းဖို့လုပ်နေပြီ။ ဒီတစ်ခါတော့ ကျွန်မ
အကြံအစည်ကို သူ ဦးသွားပြီး ယမုံသာသိရင် ဒေါကန်မှာပဲ ...
မုံက သူ့အိမ်လိပ်စာကို လုံးဝသိစေချင်တာ မဟုတ်ဘူး။

"ပိုက် ... "

ဒုက္ခပါပဲ ... ။

ခြံရှေ့ကနေ အသံပြဲကြီးနဲ့ အော်ခေါ်နေ၏။

အခက်တွေ့နေရပြီ ... ။ ကျွန်မ မသွားမချင်း သူက
အော်ခေါ်နေမှာပဲ။ မဖြစ်သေးပါဘူး ... သွားမှပါပဲ။ ခြံတံခါး
သော့ကိုတော့ ဖွင့်မပေးဖို့ ဆုံးဖြတ်ထားသည်။ အပြင်ကပဲ စကား
ပြောပါရစေ။ ရောက်နေမှတော့ ကျွန်မလည်း မတတ်နိုင်။ ယမုံ့ကို
တော့ သေချာရှင်းပြရသည်။

"ဘာဖြစ်နေတာလဲ ပိုက် ... မင်း ကိုယ့်ကို မှတ်မိသေးတယ်
နော် ... "

"ဟုတ် ... ကျွန်မ သိပါတယ် ... "

"ဘာလဲ ... ဒီအိမ်လိပ်စာကို သိနေလို့ အံ့သြသွားသလား"

"အင်း ... "

"ဘာထူးဆန်းလို့လဲ ... ဒီအရှေ့တည့်တည့်က ခြံက ကို သူငယ်ချင်းနေတာလေ ... မနေ့ကညကမှ တိုက်တိုက်ဆိုင် ဆိုင် ကိုယ့်သူငယ်ချင်း သင်္ဘောသားက ပြန်ရောက်လာ ကိုယ့်ကို တစ်ချိန်လုံး ခေါ်နေတာလေ ... တွေ့ချင်လို့ ကိုယ်ကလည်း ကိုယ့်အလုပ်နဲ့ကိုယ် အားတာမဟုတ်တော့ မလည်ဖြစ်ဘူး ...

"မနေ့ညကမှ ဒီကို လမ်းကြုံတုန်း ဝင်တွေ့လိုက်တာ အရှေ့ခြံထဲကို အမှတ်မထင် လှမ်းကြည့်မိတော့ ... မယ ကို လှမ်းတွေ့လိုက်ရတယ် ... အရမ်းကို အံ့သြသွားတာ ဝမ်းလည်း သာတယ်လေ ... ဗိုက်က အားလုံးကို မသိ ချင်လို့ အစဖျောက်ထားပေမဲ့ ... ကိုယ် ထားခဲ့တဲ့ သ တရား မှန်ကန်လို့ပဲ ဖြစ်ရမယ် ... ကံကြမ္မာက ကိုယ့် ဆုံတွေ့ခွင့်ပေးခဲ့တာပဲ ...

"ညက တစ်ခါတည်း ဝင်လည်ရကောင်းမလား စဉ်းစ သေးတယ် ... ဗိုက်ကို အရမ်းတွေ့ချင်လို့လေ ... ဒါပေ မသင့်တော်ဘူးလေဆိုပြီး သူငယ်ချင်းဆီကနေ တန်းပြ





သွားတာ ... ဒီမနက်တော့ ကိုယ် အောင့်မထားနိုင်တော့လို့ လာခဲ့တာ ... ဗိုက် အလုပ်အားရဲ့လားဟင် ... "

တကယ့်ကို အရှည်ကြီးပဲ ရှင်းပြနေသော သူ့မျက်နှာ ကြည့်ပြီး ကျွန်မ မင်သက်သွားမိသည်။ သူဟာ ကျွန်မတို့ ထင် သလို လိမ်ညာကောက်ကျစ်ပြီး ကျွန်မကိုလည်း စည်းရုံးသိမ်းသွင်း နေတာလည်းမဟုတ်။

တကယ့်ကို ဖြူစင်ပြီး ကိုယ်ရှာနေတဲ့ပစ္စည်းကလေး ပြန်တွေ့လို့ ပျော်ရွှင်မြူးကူးနေတဲ့ပုံစံလေး ဖြစ်နေ၏။ ဒါဟာ ... အမှတ်မထင် သူ့ရဲ့စိတ်အလိုအတိုင်း ဖြစ်နေတာပဲ။

ကြယ်တံခွန် ...

ရှင့်ကြောင့် ကျွန်မ ရူးတော့မယ်။ ရှင် တမင်ဟန် ဆောင်နေတာတော့ မဟုတ်ပါဘူးနော်။

ဒီအိမ်ကို ...

အခုမှ သိတာတဲ့။

ဟုတ်ပါ့မလား ... ။ ရှင် တမင် ဟန်ဆောင်တာများ လား။

"ဗိုက် ... ညဲ့သည်ကို တံခါးလေးတောင် ဖွင့်မပေးတော့ ဘူးလားဟင် ... အပြင်ကနေ မတ်တတ်ကြီး ရပ်နေရတယ်"

"အဟင့် ... အားတော့ နာပါရဲ့ရှင် ... အိမ်မှာ ဘယ်သူမှ မရှိဘူးလေ ... ပြီးတော့ ကျွန်မက သူငယ်ချင်းအိမ်မှာ ကပ်

နေပြီး ပညာသင်နေရတာဆိုတော့ ကျွန်မ အခက်အခဲ
ရှင် သဘောပေါက်မှာပေါ့ ... ”

“ဟာ ... ဟုတ်သားပဲ ... ဆောရီးနော် ... ကိုယ် မေ့သွား
ယမုံ မရှိဘူးလား ... ”

“သူ ... အပြင်ကို ခဏထွက်သွားတယ် ဦးကြယ်တံခွန်”

“အင်း ... ဒါဆိုလည်း နောက်မှပဲ ဖုန်းဆက်လိုက်တော့
မယ်နော် ပိုက် ... အိမ်မှာပဲရှိမယ် မဟုတ်လား ... ”

“သင်တန်းချိန်ကလွဲပြီး ကျန်တဲ့အချိန်တိုင်း ရှိနေပါတယ်”

“ပိုက်က ... ဘာသင်တန်း တက်နေတာလဲဟင် ... ”

“အဟင့် ... ရှင်က သိပ်ပြီး စပ်စုတတ်တာပဲနော် ... ”

ထိုသို့စကားကို ကျွန်မ ပြောလိုက်လျှင်ပဲ ...
မျက်နှာပြင်ကလေးတစ်ခုလုံး နီရဲတွတ်ကာ ရှက်သွားလေသည်
သို့သော် နှုတ်ခမ်းကလေးတွေကတော့ ပြုံးနေဆဲ ... ပြီးမှ ခေါင်း
ကလေးခါယမ်းပြပြီး ‘သိချင်လို့ပါ ... ပိုက်ရယ် ... ’ ဟု ခပ်တိုးတိုး
ကလေး ပြန်ချေပလေသည်။ ကျွန်မရှေ့မှာ ယောကျ်ားတစ်ယောက်
ခေါင်းမဖော်ရဲအောင် ရှက်ရွံ့နေသော အမူအရာကို ဒီတစ်ခါပဲ မြင်
တွေ့ရဖူးသည်။ ပိုပြီး ထူးဆန်းတာကလည်း အဲဒီယောကျ်ားဟာ
ကြယ်တံခွန်ဆိုတဲ့ ယောကျ်ားဖြစ်နေလို့ပဲပေါ့ ... ။

“ရှင် ပြန်ရင် ... အိမ်ကို တန်းပြန်မှာလားဟင် ... ”





ဒါဟာ ... ပညာသားပါပါ ကျွန်မဘက်က နှင်လိုက်
...င်းပင်။

“ဘာဖြစ်လို့လဲ ပိုက် ... ”

“အဟို ... ဘာမှမဖြစ်ပါဘူး ... သိချင်လို့ပါ ... အလုပ်မသွား
ဘူးလားလို့ ... ”

“အခုတလော ... အလုပ်တွေကို အချိန်အကန့်အသတ်မရှိ
နေ့ရက်အတိအကျမရှိ ခွင့်ယူထားတယ်လေ ... ကိုယ့်အစား
တခြားတစ်ယောက်ကို အစားသွင်းပြီး ခိုင်းထားလိုက်တယ်၊
အရေးကြောင်းရှိရင်တော့ ... ညိုထွန်းက ဖုန်းလှမ်းဆက်
မှာပေါ့ ... ”

“ညိုထွန်းဆိုတာ ... ”

“ကိုယ့်တပည့်လေ ... သိပ်အားကိုးရတယ် ... ”

“ဟိုတစ်ခါ ... ကျွန်မနဲ့ ဆုံဖူးတဲ့တစ်ယောက်နဲ့တူတယ် ...
ဟမ်းဖုန်းလာပေးတုန်းကလေ ... ”

“ဩော် ... ဟုတ်တယ် ... ဟုတ်တယ် ... သူပဲလေ ပိုက်နဲ့
ကျမှပဲ လူလည် ညိုထွန်းလည်း ခံရတော့တာပဲ ... ဟား
ဟား ... ဟား ... ”

သူက ပြန်စဉ်းစားမိပြီး သဘောကျစွာ အသံလေး
...သည်အထိ ရီးသားစွာ ရယ်မောနေ၏။ ကြည်စင်နေသော
...က်နှာချောချောကို ရုတ်တရက် ကျွန်မ ငေးမိသွားရသည်။

"ကိုယ်ပြန်ဦးမယ် ငှိုက် … နောက်မှပဲ ကိုယ်လာခဲ့တော့ မယ်နော် … ယမုံ့ကိုလည်း ပြောလိုက်ဦး … ဒီတစ်ခါ လာရင် ထမင်းပါ စားမှာလို့လေ … "

"အဟင် … "

နှုတ်ခမ်းကလေးတွေက ပြုံး၍သာ နေလိုက်သည်။ သူကတော့ … ထုံးစံအတိုင်း ကားပေါ်တက်ကာ လက်ကလေး ထောင်ပြပြီး မောင်းထွက်သွားလေတော့သည်။

ဦးကြွယ်တံခွန်ရယ် … ။

ကျွန်မ ရှင့်ကို ဘယ်လိုနားလည်ရမှန်းတောင် မသိ တော့ပါဘူး။ မမအညိုရောင်နဲ့ ရှင်ဟာ ပတ်သက်ဆက်ဆံခဲ့ဖူးတယ် ဆိုတာ ဟုတ်ရဲ့လားလို့တောင် ပြန်မေးရတော့မလို ဖြစ်နေပြီ။

ရှင့်ကြည့်ရတာ ဘာတစ်ခုမှကို မသိသလိုဘဲ။

ရှင် သိပ်ဟန်ဆောင်ကောင်းတာပဲ … ။

ဒါလည်း မဖြစ်နိုင်ပါဘူး။ ရှင့်ရဲ့ မျက်ဝန်းလေးတွေ က သိပ်ကို ဖြူစင်လွန်းနေတာ ကျွန်မ သိနေတယ်လေ။

ကျွန်မ တွေဝေနေပြီလား။

ခက်တာက …

အသည်းခွဲဖို့ လုပ်နေတဲ့ … ကျွန်မကိုယ်တိုင်က အသည်းတွေ ကွဲအက်နေတာပဲ။ သူက ဘာတစ်ခုမှကို မသိသလို ပါပဲ။ ဟန်ဆောင် သိပ်ကောင်းလွန်းနေတာလည်း ဖြစ်နိုင်တာပဲ





… ဒါကြောင့် … ယမုံက စိတ်မချတာ။ ကျွန်မပုံစံကြည့်ပြီး ယမုံ … အားမရချေ။ အစပိုင်းတုန်းကတော့ ကျွန်မပုံက နာကြည်းပြီး …တ်တော့မဲ့အတိုင်းပဲတဲ့လေ။ အခုတော့ … တစ်စုံတစ်ခု ဆုံးရှုံး …းမှာ သေလောက်အောင် ကြောက်ရွံ့နေတဲ့ပုံစံ ဖြစ်နေပြီတဲ့။ …အညိုရောင်သာမြင်ရင် နင့်ကို ဟားလိမ့်မယ် အဖြူရောင်လို့ …် ဆိုးမာန်ဆိုး ဝေဖန်လေ၏။

အဖြူရောင်ဟာ …

အဲဒီလောက်တောင် ပြောခံရဖို့ ဖြစ်နေပြီလားကွယ်။



## အခန်း ( ၁၅ )

"ကျွန်မ ... ဒီနေရာကိုချိန်းလိုက်လို့ ရှင်သိပ်ပြီး အံ့သြသွား
သလားဟင် ... "

သူ့မျက်နှာလေးသည် အရင်ကထက်ပင် ပို၍သ
မွေ့နေသည်။ ကြည်လင်သောမျက်ဝန်းလေးတွေထဲတွင် အပြုံးပ
ကလေးများက ယှက်သန်းလို့နေလေ၏။

"အံ့သြတာထက် ပိုပြီးစိတ်ဝင်စားသွားတယ်လို့ ပြောရမှာ
ကိုယ်လေ ... အရမ်းပျော်သွားတယ် ... "

ထိုင်နေသော ကော်ဖီဆိုင်ကလေးက နေ့လယ်ဘက်
မို့လားမသိ၊ လူရှင်းနေသည်။ သောက်သူနည်းသဖြင့် ကျွန်မတို့
နှစ်ယောက်စလုံး စကားပြောရတာ အဆင်ပြေလှသည်။





"ဝိုက် ... "

"ရှင် ... "

"ကိုယ့်ကို ပြောစရာရှိလို့လား ... "

"ပြောစရာတော့မရှိပါဘူး ... မေးစရာပဲရှိတာ ... "

"မေးစရာရှိတယ် ဟုတ်လား ... ဘာမေးမှာလဲ မေးလေ"

"ရှင့်အကြောင်း ကျွန်မသိချင်တယ် ... ဟိုလေ ... သူများတွေဆီက တစ်ဆင့်ကြားသိနေတာထက် ... ရှင်ကိုယ်တိုင်ပြောပြတာကို ကျွန်မသိချင်တာနော် ... ရှင် ပြောပြနိုင်မလား ... "

"ဟာကွာ ... ဘာများလဲလို့ ... ကိုယ့်အကြောင်းများကွာ ဘာမှစိတ်ဝင်စားစရာမကောင်းဘဲနဲ့များ ... "

"အို ... ဒါပေမဲ့ ကျွန်မသိချင်တယ်လေ ... "

"ဟုတ်ပါပြီ ... သိချင်ရင်လည်း ပြောပြရမှာပေါ့ ... ကိုယ့်မှာ မာမီရော ဒက်ဒီပါရှိသေးတယ် ... ဒါပေမဲ့ သူတို့က နိုင်ငံခြားမှာနေကြတယ် ... တစ်ခါတလေမှ လာလည်ကြတယ် ... ကိုယ်ကတော့ အခုလက်ရှိကုမ္ပဏီပိုင်ဆိုင်ထားပြီး ဦးစီးနေတယ်ပေါ့ ... ကိုယ့်လုပ်ငန်းက ဝိုက်သိတဲ့အတိုင်း အလှကုန်ပစ္စည်းတွေ ထုတ်လုပ်ဖြန့်ချိတဲ့လုပ်ငန်းပဲ ... ဒက်ဒီနဲ့ မာမီတို့ကလည်း ကူညီကြတယ် ... ဟိုဘက်နိုင်ငံက သွင်းချင်တဲ့ အလှကုန်တွေနဲ့ ဆက်သွယ်ပေးတယ်လေ ...

ကိုယ်က တစ်ဦးတည်းကိုယ်စားလှယ်ပေါ့ ... ဒီမှာ ကြော်ငြာတွေရိုက်ပြီး ပြန်ဖြန့်တယ် ... ကဲ ဘာသိချင်သေးလဲ" ဒါပဲလား ဦးကြွယ်တံခွန်။

ရှင်ပြောတဲ့ အကြောင်းအရာတွေထဲမှာ မမအညိုရောင် မပါဘူးနော် ... ။ ဘာပဲပြောပြော ရှင်ဟာ ရှင်လက်ထပ်ဖို့ ကြိုးစားခဲ့တဲ့ ချစ်သူတစ်ယောက်လုံးကိုတောင် မေ့ထားရလောက်အောင် ရှင့်ဦးနှောက်တွေ၊ ရှင့်ရဲ့မှတ်ဉာဏ်တွေ မပျက်ယွင်းသေးပါဘူးနော်။

မမအညိုရောင့်အကြောင်း ရှင် ဘာ့ကြောင့် မပြောပြတာလဲ။

"သြော် ... ကိုယ် အခုမှသတိရတယ် ... ကိုယ့်အကြောင်းထဲမှာ အရေးကြီးတဲ့လူတစ်ယောက်အကြောင်း ပြောပြဖို့ မေ့သွားတယ် ... မင်းနားထောင်ချင်မယ်ဆိုရင်တော့ ကိုယ်ပြောပြမယ်လေ ... ဘယ်လိုလဲ ... "

သူ့အပြုံးတွေက ချိုနေ၏။

မျက်နှာကလေးကလည်း ရွှင်လန်းလို့ ...

ကျွန်မ သိနေပြီးသားပါ ... ။ ရှင် မမအညိုရောင်အကြောင်း ပြောပြမလို့ မဟုတ်လား။ စောစောက ရှင် သတိမထားဘဲ မေ့သွားတာလေ၊ သိနေပြီဖြစ်ပေမယ့် မသိချင်ဟန်ဆောင်ကာ ခေါင်းကို အသာကလေး ညိတ်ပြလိုက်သည်။





"ဘာလဲ ရှင့်မိသားစုထဲကလား ... "

"မဟုတ်ပါဘူး ... အဲ ... ဒါပေမယ့် ကိုယ်ထင်ပါတယ် ... အခု ကိုယ်ပြောပြမယ့်သူရဲ့အကြောင်းကို မင်းစိတ်ဝင်စားမှာပါ ... "

"ရှင် ... "

မျက်ဝန်းကလေးတွေ ပိုင်းစက်သွားပြီး နှုတ်ခမ်း...လေးတွေ ဟသွား၏။ သူ ဘာအကြောင်းများ ပြောမှာပါလိမ့်...ဘားနေဆဲ ...

"ကိုယ် သိပ်ချစ်မိတဲ့ မိန်းကလေးတစ်ယောက်အကြောင်းလေ ... "

"ရှင် ... "

ပို၍ တုန်လှုပ်သွားရပြီ။

သူသိပ်ချစ်တဲ့ မိန်းမအကြောင်းတဲ့။

စိုးထိတ်စွာ သူ့မျက်ဝန်းလေးကို ကျွန်မလှမ်းကြည့်...တော့ ပကတိအေးဆေးနေသော သူ့မျက်ဝန်းကလေးတွေနှင့် ဆုံ...သွားရသည်။ ရင်တွေအခုန်မြန်လာ၏။ ဒါဟာ သူ့ဘက်ကစပြီး ...ှင့်ပြောပြတာပဲ။ သူ ... သူ ... မမညိုအကြောင်း ကျွန်မကို ...ှင့်တော့မယ်။

သိနေပြီးသားဖြစ်သော်လည်း သူ့ထံမှ ထွက်ကျလာ...စကားသံများကို တုန်လှုပ်စွာ စောင့်မျှော်မိနေဆဲ။

"ပိုက် ... "

"ဟင် ... ရှင် ... ရှင် ... "

"ဟောဗျာ ... ဘာဖြစ်လို့ အထိတ်တလန့်ဖြစ်နေတာလဲ ... ကိုယ့်ကိုစိုက်ကြည့်ပြီး စိတ်က တခြားအကြောင်းတွေး တယ်ပေါ့ ... "

"အို ... မ ... မဟုတ်ပါဘူး ... "

"ဘာလဲ ... ကိုယ်ပြောပြတဲ့အကြောင်းကို ပိုက်က စိတ်မဝင် စားဘူးဆိုတဲ့သဘောလား ... မသိချင်ဘူးလားဟင် ... "

"အို ... မဟုတ်ပါဘူး ... ကျွန်မစိတ်ဝင်စားပါတယ် ... ရှင် ပြောပြပါ ... ဘာ့ကြောင့် စိတ်မဝင်စားရမှာလဲ ... ကိုယ် အစ်မအကြောင်းပဲဟာ ... "

"ဘာ ... ဘာရယ် ... ပိုက် ... ဘယ်က အစ်မလဲ ... ဘာ အစ်မအကြောင်းလဲ ပိုက် ... "

သေစမ်း။

ကျွန်မပါးစပ်က မှားယွင်းပြီး ထွက်သွားမိပြီ။

မျက်နှာကို တစ်ဘက်သို့ လွှဲလိုက်ပြီး ခေါင်းကို တအားခါယမ်းပစ်လိုက်သည်။ သူ့ကို ဘယ်လိုပြန်အစားထိုးပြော မလဲဟု အပြေးအလွှားစဉ်းစားလိုက်မိသည်။

"ဟိုလေ ပိုက် ... ပိုက်ရဲ့အစ်မအကြောင်း သတိရသွားလို့ သူ့အကြောင်းက စိတ်ဝင်စားစရာသိပ်မကောင်းပါဘူး ...





အဟင့် ဟင့် ... ရယ်တော့ ရယ်ရတယ် ... မမက ဟာသ တွေ သိပ်ပြောတတ်တာလေ ... အဲဒါကို သွားပြီး သတိရ မိလို့ပါ ... "

"ပိုက်မှာ အစ်မရှိလား ... နာမည်ဘယ်လိုခေါ်လဲဟင် ... ဘယ်မှာနေတာလဲ ပိုက်က တစ်ခါမှ မိသားစုနဲ့ပတ်သက်ပြီး ဘာမှမပြောပြဘူးနော် ... "

သူ ဘာကြောင့် အလောတကြီး မေးရတာလဲ ... သူ့မျက်နှာပြင်မှာ အံ့သြရိပ်ထက် သိချင်စိတ်တွေကပိုပြီး ပြင်းပြနေ သလိုပါပဲ။ မဖြစ်ဘူး၊ ကျွန်မဟာ မမအညိုရောင်ရဲ့ညီမဆိုတာကို သူသိလို့ လုံးဝမဖြစ်နိုင်ဘူး။ သူသိရင် ကျွန်မကို ခေါက်သွားမှာပေါ့။

"ရှင်ကလည်း သိပ်စပ်စုတာပဲ ... ရှင်ပြောမယ့်အကြောင်း သာ ပြောပါ ... ကျွန်မရဲ့အကြောင်းကို ရှင်နောက်တော့ သိရမှာပေါ့ ... "

"ကောင်းပြီလေ ... ကိုယ်ပြောမယ် ... အခုပြောမယ့် အကြောင်းကို တကယ်စိတ်ဝင်စားသလား ... "

"ဝင်စားပါတယ် ... "

"ကိုယ်ပြောရင်ရော ... ယုံနိုင်ပါ့မလား ... "

"ယုံအောင်ပြောရင်တော့ ယုံလိုက်မယ်လေ ... "

"အိုကေ ... ဒါကြောင့် ကိုယ်မင်းကို ချစ်တာ ... "

"အမ် ... ဘာမှလည်း မဆိုင်ဘူး ... "

သူ့ရော ကျွန်မပါ နှစ်ယောက်စလုံး ရယ်လိုက်မိ… သည်။ ထိုခဏအချိန်ကလေးတွင် ကျွန်မစိတ်တွေ ပေါ့ပါးလွတ်… နေတာကတော့ အမှန်ပင်ဖြစ်သည်။ ဒီလိုကြည်နူးမှုကလေး… ကျွန်မဘဝမှာ နောက်တစ်ခါ ထပ်ရှိနိုင်ပါဦးမလား။ နှစ်ဦးသား… အကြည့်လေးတွေက စူးနစ်လို့၊ ကျွန်မ သူ့ရဲ့ညို့ယူမှုအောက်… မရုန်းထွက်နိုင်အောင် မျောပါသွားသည်။

စားပွဲပေါ် တင်ထားသော ကျွန်မရဲ့လက်ကလေး… အသာအယာကလေး အုပ်မိုးကာ ဆုပ်ကိုင်ပြီး နူးညံ့ညင်သာ… လေသံကလေးနှင့် …

"ကိုယ်ပြောချင်တာ … ဝိုက်ဆိုတဲ့ … ကောင်မလေးတ… ယောက်ရဲ့အကြောင်းပါ … "

"ဟင် … "

သွားပြီ … ။

ကျွန်မ ထင်ထားတာနဲ့ လွဲချော်သွားခဲ့ပြီ။

"ကိုယ့်ဘဝမှာ အရေးအကြီးဆုံး မရှိမဖြစ်လိုအပ်နေတဲ့… ဟာ ဝိုက်ပဲ … ဝိုက်ဟာ ကိုယ့်အတွက် သိပ်ကိုလိုအပ်နေ… ဖြည့်ဆည်းမှုတစ်ခုပါပဲ ဝိုက်ရယ် … ကိုယ် မင်းကိုသိပ်… တယ် … မင်းကိုယ့်ကို ထားခဲ့ဖို့ မစဉ်းစားပါနဲ့နော် … "

ဦးကြွယ်တံခွန်ရယ် …

ရှင့်ရင်ထဲက စကားတွေဟာ ကျွန်မရင်ထဲကို အ…





…ဆုံး စိုက်ဝင်လာတဲ့ အဆိပ်ဆူးမြားတွေပါပဲ။ ကျွန်မရဲ့နှလုံးသား …ဘွဟာ တစစီကို ကွဲကြေသွားပါပြီ။ ရှင့်ကို … ကျွန်မ ဘယ်လိုမှ …ဖြည့်ဆည်းမှုမပေးနိုင်တော့ပါဘူး။

ရှင်နဲ့ ကျွန်မရဲ့ ကံကြမ္မာဟာ ဘယ်လိုမှ နိမိတ် …ကောင်းတဲ့ ဆုံစည်းမှုမျိုးနဲ့မှ ဆုံစည်းစေခဲ့တာပဲလေ။ ရင်ထဲက …ကျင်မှုတွေကြောင့် … ကျွန်မ အခါခါ ငိုခဲ့ရတာလည်း များနေပြီ …ရှင်ရယ်။

"ဝိုက် … ကိုယ့်ကို တစ်ခုခုပြောပါလားဟင် … "

"ကျွန် … ကျွန်မ … ကျွန်မပြောချင်တာက ဒီနေ့ကစပြီး ကျွန်မတို့ လမ်းခွဲကြရအောင် … "

"ဘာ … ဘာရယ် … ဝိုက် စောစောက ဘာပြောလိုက်တာလဲ … "

"ကျွန်မတို့ရဲ့ခင်မင်မှုကို ဒီမှာပဲ ရပ်လိုက်တာ အသင့်တော်ဆုံးပါပဲ … ကျွန်မကို ရှင် ဘယ်တုန်းကမှ မသိခဲ့ဖူးဘူးလို့ သတ်မှတ်ပေးပါလားဟင် … ဒါဟာ ရှင်နဲ့ ကျွန်မအတွက် အကောင်းဆုံးသော ရွေးချယ်မှုပဲ … "

"တော် … တော်စမ်း … ဒါ နောက်စရာမဟုတ်ဘူး … ကိုယ်မကြိုက်ဘူး ဝိုက် … မင်းရူးနေလား ဝိုက် … "

သူ့အသံက အနည်းငယ် ကျယ်လောင်သွားသဖြင့် …ောင်တာတွင် ရပ်နေကြသော အလုပ်သမားကလေးများပင်

လှမ်းကြည့်ကြသည်။ စောစောတုန်းက အပျော်ကလေးများ ပျောက်ကွယ်သွားရပြီး ရယ်မောသံလေးတွေ သေဆုံးကုန်၏။ မျက်ရည်များနှင့် ပြည့်လျှံနေသော မျက်လုံးအိမ်ကလေးက ရီဝေလို့။

ရှင်သိရဲ့လား ဦးကြယ်တံခွန်။

ကျွန်မ ဒီစကားတွေပြောတာဟာ ရှင့်အတွက်ရော ကျွန်မအတွက်ပါ ကောင်းဖို့ပါ။ ယမုံက ဒီနေ့ ရှင့်ကိုချစ်တယ်လို့ အဖြေပေးလိုက်တဲ့။ ဒါပေမဲ့ နှလုံးသားတွေတော့ ပါမသွားစေနဲ့ လေ။ ကျွန်မ ရှင့်ကိုလက်စားချေဖို့အတွက် အခုလို အခြေအနေမျိုး ရောက်အောင် လုပ်ခဲ့ရတာ။ ရလာတဲ့အခွင့်အရေးကို လက်မလွှတ် စေနဲ့တဲ့။

ကျွန်မ ...

ရှင့်ကို မလုပ်ရက်တော့ဘူး။ ရှင်နဲ့ မမအညိုရော တို့ကြားမှာ လွဲမှားမှုတစ်ခုခုတော့ရှိနေပြီဆိုတာ သတိထားမိလာ တယ်။ ကျွန်မ ရှင့်မျက်ဝန်းလေးတွေကတစ်ဆင့် ရှင့်ရဲ့ဖြူစင်မှုတွေ ကို တွေ့နေရပြီလေ။

အမှန်တရားကို ကျွန်မသိချင်သူပါ။ ဒါပေမဲ့ ရှင့်ရဲ့ နှုတ်ကဘာတစ်ခုကိုမှ အရိုးသားဆုံးဝန်မခံသေးတော့၊ ကျွန်မတင် ထားတဲ့စိတ်တွေကို လျှော့ပစ်လိုက်ပါပြီ။ ရှင့်ကို နာကျင်အောင် ကျွန်မဘယ်လိုမှ မလုပ်ရက်ဘူးကွယ်။ ကျွန်မ သိပ်ညံ့ပါတယ်။ မမ အတွက် ရှင့်ကို လက်စားမချေပေးနိုင်ခဲ့တဲ့အတွက် ကျွန်မ မမ...





...ောင်းပန်ပြီး ကျွန်မရဲ့နှလုံးသားတွေကို ဒဏ်ခတ်အပြစ်ပေးလိုက် ...ော့မယ်။

"အဖြူရောင် ... စောစောက စကားကို မင်းမပြောမိခဲ့ဘူး လို့ ကိုယ်သတ်မှတ်တယ် ... အခုမှ ကိုယ့်နှလုံးသားတွေ ရှင်သန်ဖို့ကြိုးစားနေဆဲအချိန်မှာ မင်း ဒီစကားမျိုးတွေနဲ့ အဆုံးမသတ်သင့်ပါဘူး ... မင်းနဲ့ပတ်သက်ပြီး ကိုယ့်ရင်ခုန် သံတွေ ကိုယ်ကြားယောင်မိတဲ့အထိ ခံစားခဲ့ရတာပါ အဖြူ ရောင် ... ကိုယ့်မှာ ဘာအမှားအယွင်းတွေရှိနေလို့လဲဟင်"

အို ...

ဘုရားရေ။

ညှိုးငယ်နေတဲ့ သူ့မျက်နှာကလေးက ပြုံလုလု မှိုး ...အုံ့မှိုင်းလို့နေလေရဲ့၊ တစ်ဆိတ် ကျွန်မတောင်းပါတယ် ဦးကြယ် ...ခွန်ရယ်။ ရှင် အဲဒီလို ကျွန်မစိတ်တွေ အရည်ပျော်အောင် မလုပ် ...ပါနဲ့။ ကြာရင် ကျွန်မစိတ်တွေ ပြိုလဲကုန်လိမ့်မယ်။ ရှင့်ရဲ့ရင်ခွင်ထဲ ...တိုးဝင်ပြီး ကျွန်မငိုမိလိမ့်မယ်။

"ကျွန်မ တကယ်ပြောတာပါ ... ကျွန်မ ဘယ်တုန်းကမှ သူတစ်ပါးကို မနှောက်ခဲ့ဖူးပါဘူး ... ကျွန်မ ရှင့်အတွက် အကောင်းဆုံးလမ်းကို ရွေးချယ်ပေးလိုက်တာပါ ... ကျွန်မ ရဲ့စေတနာကို ရှင်နားလည်ပါနော် ... "

"စေတနာ ... ဒါ စေတနာတွေလားဟင် ပိုက် ... ဒါဟာ

မင်းကိုယ့်အပေါ်ထားတဲ့ စေတနာတဲ့လား ... ကိုယ့်နှလုံး
သားတစ်ခုလုံး ရစရာမရှိအောင် ချေမွပစ်ခဲ့တဲ့ ... မင်းရဲ့
စေတနာတွေအတွက် ... ကိုယ် ဘယ်လိုကျေးဇူးပြန်ဆပ်
ဦးမလဲဟင် ... မင်းကို သိပ်အံ့ဩတယ် ... ဒီလောက် သွေး
အေးတဲ့မိန်းမတစ်ယောက်ကို ကစ်ခါမှ မမြင်ဖူးဘူး ... မင်း
မှာ နှလုံးသားမှရှိရဲ့လားဟင် ဝိုက် ... မင်း ... မင်းသိပ်ရက်
စက်တာပဲ ... "

ဟုတ်တယ်။

ကျွန်မ သိပ်ရက်စက်တယ်။ ရှင့်ရဲ့ဇွပ်ဖွဲ့ချက်အ
သိပ်မှန်တာပဲ။ ဒါပေမဲ့ အဲဒါတွေအားလုံး ရှင့်အတွက် အကောင်းဆုံး
ပဲလေ။ ရှင် ကျွန်မနဲ့ အမြန်ဆုံး လမ်းခွဲပြီး ဝေးမှ ရှင့်စိတ်တွေ လွတ်
မြောက်ရမှာ။ နောင်တစ်ချိန်မှာ ကျွန်မဟာ ရှင့်ကိုလက်စားချေ
အညိုရောင့်ညီမဆိုတာသိရင် ရှင်ပိုပြီး ပြင်းထန်စွာ ခံစားရမှာပေ

"ဝိုက် ... "

"ပြောပါ ... "

"မင်းရဲ့စေတနာတွေအတွက် ကိုယ် ကျေးဇူးတင်ပါတယ်
ဒါပေမဲ့ ... အကြောင်းမဲ့ သက်သက်နဲ့တော့ ကိုယ်တို့ရဲ့
ခင်မင်မှုလေးကို အဆုံးသတ်မခံနိုင်ဘူး ... ဒီတော့ မင်း
ကိုယ် လက်ခံအောင် အကောင်းဆုံး အကြောင်းပြချက်
တစ်ခုပြပါ မင်းပြောတဲ့အကြောင်းအရာပေါ်မူတည်ပြီး





ကိုယ် အတတ်နိုင်ဆုံး စဉ်းစားပေးမယ် ... ကဲ ... ဘယ်လို
လဲ ... "

စူးရဲသော မျက်ဝန်းတစ်စုံနှင့် သူလေးလေးနက်နက်
ပြောလေလျှင် ကျွန်မသည် ဘာဆက်ပြောရမှန်းမသိတော့လောက်
အောင်ဖြစ်သွားရလေ၏။ တကယ်ဆို မမအညိုရောင်ကြောင့်လို့
ကျွန်မပြောလိုက်ချင်တာပါ။ ဒါပေမယ့် ကျွန်မရဲ့နှုတ်တွေက ဆွံ့အ
နေ၏။

ကျွန်မသိတာ ...

ကျွန်မတို့နှစ်ယောက် ခပ်ဝေးဝေးနေတာ အသင့်
တော်ဆုံးဆိုတာပဲ။ ဒါကို ရှင်နားလည်အောင် ကျွန်မ ရှင်းမပြနိုင်
ဘူး ... ။ ကျွန်မမှာ အကြောင်းပြချက်တွေ ကင်းမဲ့နေခဲ့တယ်
ကြံယ်ဟံခွဲနိုန်ရယ်။

"ကဲ ... ပြောလေ ဝိုက် ... "

"ဟင့်အင်း ... ဘာမှပြောစရာမလိုဘူး ... "

"ဟား ... ဟား ... ဟား ... ရူးပဲ ဝိုက်ရယ် ... ကိုယ်တို့
ကြားမှာ ကြီးကြီးမားမား ဘာပြဿနာမှမရှိဘဲနဲ့များ ...
လက်ရှိခင်မင်ရင်းနှီးမှုကလေးကို မင်းမို့ အကြောင်းမဲ့သက်
သက် ဖျက်ဖို့ကြိုးစားသေးတယ် ... "

"ဒါပေမဲ့ ... "

"နေဦး ဝိုက် ... ကိုယ်မေးစရာတစ်ခုရှိသေးတယ် ... ဒါဟာ

သိပ်အရေးကြီးတဲ့ မေးခွန်းနော် ... မင်း လုံးဝမညာနဲ့ _ အမှန်အတိုင်းဖြေပါ ... ”

လေးလေးနက်နက်ကြည့်ပြီးပြောနေသော သူ့စကားကို ကျွန်မ အသာငြိမ်ပြီး နားထောင်နေမိသည်။

“မင်း ကိုယ့်ကို မုန်းလားဟင် ... မင်းရင်ထဲကရှိတဲ့အတိုင်း ဖြေနော် ... ”

အို ... ။

ရှက်သွေးဖြာနေတဲ့ ကျွန်မရဲ့မျက်ဝန်းလေးတွေ ရီဝေသွားသည်အထိ ခံစားလိုက်ရသည်။ ညှို့ယူနေသော သူ့ရဲ့အင်အားကောင်းသော မျက်ဝန်းတစ်စုံအောက်မှာ ကျွန်မရှုံးနိမ့်တော့မယ်ထင်ပါရဲ့။

ဘာ့ကြောင့် ဒီမေးခွန်းတွေကိုမှရွေးပြီး မေးရတာလဲ ဦးကြယ်တံခွန်ရယ်။ တကယ်ဆို မင်း ကိုယ့်ကိုချစ်သလားလို့ မေးကြည့်စမ်း။ ကျွန်မ ရှင့်ကို ရဲရဲဝံ့ဝံ့မချစ်ပါဘူးလို့ဖြေလိုက်မှာ _

အခုတော့ ... ကိုယ့်ကို မုန်းလားတဲ့။

ဟင့်အင်း ...

ကျွန်မ ရှင့်ကို မမုန်းနိုင်ဘူး။ မမုန်းရက်ဘူး ဦးကြယ်တံခွန်။ ကျွန်မ ပြောခဲ့ပြီးပြီလေ။ ကျွန်မရင်ထဲမှာ ရှင်ဟာ မင်းသားလေးတစ်ယောက်မဟုတ်ခဲ့ရင်တောင် လူကြမ်းတစ်ယောက်အနေနဲ့ ရှိမနေစေချင်ဘူးဆိုတာပေါ့။





“မင်း မဖြေနိုင်ဘူး မဟုတ်လား ဝိုက် ... ကိုယ်သိပါတယ် မင်းပြောခဲ့တဲ့ စကားဟာ မင်းရဲ့ရင်ထဲကထွက်လာတဲ့ စစ်မှန်တဲ့ ခံစားချက်မဟုတ်ပါဘူး ... မင်းရဲ့မသိစိတ်မှာ တွယ်ကပ်နေတဲ့ ဖိအားတစ်ခုကြောင့်သာ မင်းတွေဝေခဲ့တာ ... ကိုယ် မင်းကိုနားလည်နိုင်ပါတယ် ဝိုက် ... ဒီနေ့ တို့ရဲ့ဆွေးနွေးပွဲကို ခဏဖျက်လိုက်ရအောင် ... မင်း အေးအေးဆေးဆေးဖြစ်တဲ့တစ်နေ့ ပြန်တွေ့ကြသေးတာပေါ့ ... ကိုယ်လည်း မင်းအပေါ်မှာ တွယ်ကပ်နေတဲ့ ဖိအားအကြောင်း သိရအောင် စုံစမ်းဦးမယ် ... ကဲ ... ထ ကိုယ် မင်းကို လိုက်ပို့မယ် ... ”



ကားပေါ်ရောက်သည့်အထိ နှစ်ဦးစလုံး စကားသံ တွေ တိတ်ဆိတ်လို့နေသည်။ သူမက ကားမှန်ပြတင်းပေါက်မှတ ဆင့် အဝေးဆီသို့ ငေးမောနေခဲ့သလို ကျွန်တော်ကလည်း ကားရှေ ကိုသာ ဂရုတစိုက်ကြည့်ပြီး မောင်းနှင်နေခဲ့သည်။ ရင်ထဲမှာတော ဘယ်သူမှ မသိနိုင်သော အတွေးကိုယ်စီနှင့် သေချာတာကတော သူမရဲ့အတွေးစိတ်ကူးထဲမှာ ကျွန်တော်ရှိနေမှာ မဟုတ်ဘူးဆိုတာ ပါဘဲ။

မသိမသာကလေး ခိုးကြည့်မိစဉ်မှာတောင် သူ ကျွန်တော့်ကို တစ်စက်ကလေးမှပင် သတိထားဟန်မရှိ။ အဝေးဆီ သာ ငေးမောနေဆဲ။

ပြောစမ်းပါဦးကွယ်။





မင်းရင်ထဲမှာ ဘာတွေဖြစ်နေသလဲ ... ။ ဘယ်လို အခက်အခဲမျိုးတွေက မင်းရဲ့စိတ်တွေကို ဖိစီးမှုဖြစ်စေတာလဲ။ မျက် ဝန်းထဲမှာ ဝေ့သီနေသော မျက်ရည်လဲ့လဲ့လေးတွေကိုကြည့်ပြီး မင်း ကို ဘယ်လိုနှစ်သိမ့်ချင်မိမှန်းမသိပါဘူး။

ဒါပေမဲ့ ...

ကိုယ့်မှာ အဲဒီအခွင့်အရေးလေးမှ မရခဲ့တာ ... ။ ကကယ်ဝမ်းနည်းပါတယ် အဖြူရောင်။ ကိုယ် သိရှိခံစားလိုက်ရတာ က မင်းကို တစ်စုံတစ်ခုသောအကြောင်းကြောင့် လက်လွှတ်ဆုံး ရှုံးလိုက်ရမှာကိုပဲ။

ကိုယ် တည်ဆောက်ခဲ့တဲ့ စိတ်ကူးယဉ်အိပ်မက် ကလေးတွေကို အလှပဆုံးဖြစ်အောင် ဖန်တီးပြီး အဲဒီအထဲမှာ ကိုယ် ဘိုင်ပါဝင်ပျော်ရွှင်ခွင့်ရလိုခြင်းပဲ။ အတ္တသိပ်ကြီးတာပဲလို့ ပြောချင် ပြောတော့ ... ။

ကိုယ်လေ ...

ကိုယ်တိုင်ပါဝင်ခွင့်ရတဲ့ အိပ်မက်လှလှကလေးကိုပဲ မက်ချင်တဲ့သူပါကွာ။ မိန်းကလေးတွေနဲ့ ပတ်သက်ပြီး အကင်းရှင်း ဆုံးနေခဲ့တဲ့ ရာဇဝင်ထဲမှာ မိန်းမတစ်ယောက်ရဲ့ အလှပဆုံးမာယာ နဲ့ ဆွဲဆောင်မှုနောက်ကိုပဲ ရူးရူးမူးမူးလိုက်ပါရစေတော့နော် ... ကိုယ်ဟာ မင်းတစ်ယောက်တည်းရဲ့ အကြင်နာတွေကိုပဲ မျှော်လင့်

ခဲ့မိတာပါ ... ။ နူးညံ့တဲ့မင်းရဲ့လက်ဖဝါးလေးတွေမှာ ယစ်မူးချင်တဲ့သူပါ ပိုက်ရယ်။ မင်းရက်ရက်စက်စက် မတွန်းလှဲလိုက်ပါနဲ့နော်။

ရင်တွေ ကွဲကြေသွားအောင် မင်းရဲ့လက်တစ်စုံဟာ ကိုယ့်ဘဝတစ်ခုလုံးအတွက် သိပ်ကိုအရေးကြီးပါတယ် ပိုက်ရယ်။







အခန်း ( ၁၆ )

"နင် သိပ်လွန်နေပြီ ပိုက် ... "

ယမုံ့ရဲ့ ဒေါသတကြီး တုံ့ပြန်သံကို ခေါင်းငိုက်စိုက်ချ...က် ငြိမ်သက်စွာပင် ခံယူလိုက်မိသည်ဆိုလျှင်ပဲ ယမုံသည် နား...လည်နိုင်သော အကြည့်ခပ်စူးစူးနှင့် ကျွန်မကို စိုက်ကြည့်ပါသည်။

"နင် သူ့ကို ချစ်တယ်မဟုတ်လား ... ကိုယ်သိပ်ချစ်မိတဲ့ ယောကျ်ားတစ်ယောက်ကို ရဲရဲဝံ့ဝံ့ ရင်ဖွင့်ရတာလောက် ရိုးသားတာ ဘယ်မှာရှိတော့မလဲ ပိုက်ရယ် ... နင် သိပ်ကို ညံ့ဖျင်းလွန်းတာပဲ ... "

"ဟုတ်တယ် ယမုံ ... ကျွန်မ ညံ့ဖျင်းလွန်းတယ် ... ရှင်ပြောတဲ့ ရိုးသားတဲ့ ရင်ဖွင့်မှုရဲ့နောက်ကွယ်က သိပ်တုန်လှုပ်

ချောက်ချားစေတဲ့ သွေးပျက်စရာအတိတ်ဆိုးတွေပဲ _
ဟာ မမအညိုရောင်ရဲ့ချစ်သူဆိုတဲ့အသိ ... မမအညို
သေအောင် အရက်စက်ဆုံးသတ်သွားတဲ့ ကျွန်မတို့ရဲ့
အနှစ်နှစ် အလလပျိုးထောင်လာရတဲ့ ခံစားချက်တွေ _
နာကြည်းချက်တွေ ... ဒါတွေအားလုံးဟာ ကျွန်မတို
ဆိတ် ရစ်မူးချင်တဲ့ ရင်ခွင်တစ်ခုဆီကနေ ရရှိခံစားခဲ့
အဆိုးဝါးဆုံး ဖြစ်ရပ်တွေပဲ ... ဒါတွေကို မျက်စိမှိတ်
လက်ခံနိုင်တဲ့နှလုံးသားတွေ ကျွန်မဆီမှာမရှိဘူး ...
ဒါကို ရှင်နားလည်ရဲ့လား ... ”
“ဟုတ်တယ်လေ ပိုက် ... ဒါကြောင့်လည်း ရှင့်နှလုံး
မပါခင် အချိန်မီ အသိရှိအောင် ငါထိန်းချုပ်ပေးနေတာ
အခုဟာက နင့်ရဲ့ရင်ခုန်သံတွေကို ပြောင်းလဲပစ်ပြီး
မင်းအရောက်လှမ်းဖို့ပြောတာ ... ”
“ကျွန်မနားမရှင်းဘူး ယမုံ ... ရင်ခုန်သံတွေကို ပြောင်း
ပစ်ရမယ် ... ဟုတ်လား ... ”
“ဟုတ်တယ် ... မင်းရဲ့ရင်ထဲမှာ ခုန်နေတဲ့ ရင်ခုန်သံတွေ
မှာ နာကြင်မှုတွေ ... ရက်စက်မှုတွေ ... လက်စားချေ
တွေနဲ့ ပြည့်နှက်နေတဲ့ ခံစားမှုတွေကို ဖန်တီးယူရမယ် _
ပြီးမှ မင်းသူ့ကို အဖြေပေးရမယ် ... မင်းစိတ်ထဲမှာ
ထားရမှာက သူဟာ မမအညိုရောင်ကို သွေးအေးအေး





ရက်စက်စွာ လမ်းခွဲသွားခဲ့သူ ... မင်္ဂလာပွဲဧည့်ခံပွဲကြီး တစ်ခု
လုံး ပြီးသွားတော့မှ ... သတို့သား ပျောက်သွားလို့ အကြီး
အကျယ်အရှက်ရခဲ့တဲ့ အပြစ်မဲ့တဲ့ သတို့သမီးတစ်ယောက်
ရဲ့ကြေကွဲနေတဲ့ ငိုရှိုက်သံ ... အဲဒါတွေပဲ မင်း ပြန်မြင်ယောင်
ကြည့်စမ်း ... ”

ယမုံရယ် ...

ရှင်ပြောတာတွေ အမှန်ပါပဲ။

မီးရောင်တွေ ထိန်ထိန်လင်းနေတဲ့ ပြင်ဦးလွင်က
န်မတို့ရဲ့ ခြံကြီးထဲမှာ ပြင်ဆင်ထားတဲ့ မင်္ဂလာအခမ်းအနားကြီး
ဧည့်သည်တွေက အပြည့်၊ ဂါဝန်အဖြူကလေးဝတ်ပြီး ညိုညက်
က်အသားနှစ်နှစ်ကလေးနဲ့ လှပနေတဲ့ မမအညိုရောင်။ တစ်ဝိုင်း
နေ တစ်ဝိုင်း။ အပြေးအလွှားဧည့်ခံပြီး မမောနိုင် မပမ်းနိုင် အပြုံး
ဝေနေခဲ့တဲ့ မေမေ့မျက်နှာ ... အို ... အားလုံး ... အားလုံး
ွှင်မဆုံးဖြစ်နေတဲ့ မင်္ဂလာအရှိဆုံးအချိန်ကလေး ... ။

ကြည့်စမ်း ...

လက်ဖွဲ့အိတ်ကလေးတစ်ခုကို ဖွင့်ဖောက်ကြည့်ပြီး
နောက်ပိုင်း ရစရာမရှိအောင် အရာအားလုံး မီးလောင်တိုက်
သွင်းခံလိုက်ရသလို ပူလောင်လို့သွားရပြီ။ ပျော်ရွှင်မှုတွေ ဆိတ်
ဉ်းသွားခဲ့ရချေပြီ။

ဖုန်းခွက်ကလေး လွှတ်ကျပြီး အသိမဲ့စွာ ရပ်နေ

သော မမအညီရောင်၊ မေမေ့ခေါ်သံတွေကြားမှာ အပြေးက...
တိုးဝင်ပြီး တသိမ့်သိမ့်ရှိုက်ငိုနေရင်း နှလုံးရောဂါကြောင့် ဟတ်...
အတက်ဖြစ်ပြီး ခွေခွေကလေး လဲကျသွားသော မမ ... ၊ ပြီး...
နောက်ဆုံးမှာခဲ့တဲ့ မမရဲ့စကားတွေ။

ဒါတွေအားလုံးကို ကျွန်မကိုယ်တိုင် မတွေ့လိုက်...
ပေမဲ့ ... အန်တီဝါပြောလို့ အဲဒီနေ့က အဖြစ်အပျက်တွေအားလုံး...
ကျွန်မ သိလိုက်ရတာပါ။ ရန်ကုန်မှာ အဲဒီတုန်းက ဆယ်တန်းစာ...
ပွဲကြောင့် မမတို့ရဲ့ မင်္ဂလာဆွေ့ခံပွဲကို ကျွန်မ မရောက်နိုင်ခဲ့ဘူး...

နှလုံးရောဂါရှိရင်းစွဲမို့ မမရဲ့အသက်ကို ဘယ်သူ...
မတားဆီးထားနိုင်ခဲ့ပါချေ။ မေမေလည်း ငို၊ ဒေါ်လေးဝါလည်း...
လူတွေအားလုံးလည်း ငိုပေါ့။ မင်္ဂလာရှိသော ခြံကြီးက ချက်...
အရုပ်ဆိုးလွန်းစွာပင် အမင်္ဂလာခြံကြီးဖြစ်သွားရသည်။

ရပ်ကွက်တို့သဘာဝအရ အလောင်းကို ခြံထဲမှာ ...
ထားရ၏။ လှလိုက်တဲ့ သတို့သမီးလေးရဲ့ပါးပြင်မှာ မျက်ရည်...
ကြောင်းကြီးတွေက အကျည်းတန်လွန်းလှသည်။

မြင်သူတိုင်း ...

"ဟယ် ... ငယ်ငယ်လေးကွယ် ... သနားစရာကောင်း...
လိုက်တာ ... လှလိုက်တာကွယ် ... အိပ်ပျော်နေတဲ့ အတိုင်း...
လေးပဲ ... ပစ်ရက်စရာတောင်မရှိဘူးဟယ် ..."

ဟု စုတ်တသပ်သပ်နှင့် ပြောဆိုသွားကြမြဲပင်။





တကယ်လည်း ...

မမအညီရောင်ပုံစံလေးက ပစ်ရက်စရာမရှိအောင်
...ုးစင်းစင်းကလေးဖြစ်နေခဲ့မှာ သေချာပါရဲ့။ မေမေဆို မမ
...းက တစ်ဖဝါးမှတောင်မခွာ၊ နဖူးပေါ်က ဆံနွယ်ကလေးတွေ
... သပ်လိုက်၊ နဖူးပြင်ကလေးကို နမ်းလိုက်၊ မမလက်ကလေးတွေ
... ဆုပ်ကိုင်လိုက်နှင့် စိတ်မကောင်းကြီးစွာ ရှိနေခဲ့သည်တဲ့။

"ကံဆိုးလိုက်တာ ညီရယ် ... မေမေ သမီးကို သနားလိုက်
တာ ..."

ဟုလည်း ... နှုတ်က ဖွဖွကလေးရေရွတ်ရင်း မေမေ့
... အမျိုးတွေအားလုံးက ရူးသွပ်သွားမှာကိုတောင် စိုးရိမ်နေခဲ့ကြ
...ည်၊ ပတ်ဝန်းကျင်က လာမေးသူတွေကလည်း စိတ်ဖြေနိုင်အောင်
...းတွေပြပြီး စိတ်ဖြေပေးကြ၏။

သို့သော် ...

မေမေ့နှုတ်က မမအညီရောင့်အပေါ် အပြစ်တွေ
...င်လိုက်၊ ချော့လိုက်နှင့် လုံးဝ စိတ်နဲ့ကိုယ် မကပ်ချေ။

သည်အကြောင်းတွေကို ပြန်နားထောင်ရင်း ...

အဖြူရောင့်ရင်ထဲမှာ အစိုင်အခဲတစ်ခု အလိုလိုဝင်
...ာလာခဲ့သည်။ ဘယ်သူမှ မသိ၊ ဘယ်သူမှ မရိပ်မိတဲ့ နာကြည်း
...ပြည့်နေတဲ့ စိတ်တွေ ထုထည်ကြီးမားစွာ တည်ဆောက်ခဲ့မိ

"အဖြူရောင် ... နင် ရှေ့ဆက်ဘာလုပ်မှာလဲဟင် ... သူ့ကို ဒီအတိုင်းပဲ ခွင့်လွှတ်ပေးလိုက်တော့မှာလား ... "

ယမုံ့စကားသံလေးက အားလျော့နွမ်းလျလို့ ...

ကျွန်မ ...

ဘာဆက်လုပ်သင့်သလဲ။

ကျွန်မ ဘာတွေ တွေဝေနေတာလဲ။ ယမုံပြောတာ မှန်တယ်။ ဦးကြယ်တံခွန်ကို ဘာမှသနားနေစရာအကြောင်းမရှိဘူး။ သူ့ကြောင့် မမအညိုရောင်သေခဲ့ရတာ။ တွေးမိတိုင်း၊ ရင်ထဲမှာ နာကြည်းမှုတွေက အစီအရီပြည့်နှက်လာခဲ့၏။

မျက်ဝန်းလေးတွေ အေးစက်သွားရပြီ။

ရင်ခုန်သံတွေ ပျောက်ကွယ်သွားရ၏။ သူ နောင်တ ရကို ရစေရမယ် ... ဟိုတစ်ချိန်က စိတ်ရိုင်းတွေ ပြန်လည်နိုးကြွလာ ရပြီ။

"အဖြူရောင် ... "

"ယမုံ ... ကျွန်မတောင်းပန်ပါတယ် ... ကျွန်မစိတ်တွေ တစ်ဒင်္ဂတွေဝေမှုန်ဝါးသွားခဲ့ရတယ် ... ကျွန်မ သိပ်ကို မှား ယွင်းခဲ့တယ် ယမုံရယ် ... ရှင် ကျွန်မကို ခွင့်လွှတ်ပါ ... ဒီနေ့ကစပြီး ကျွန်မစိတ်တွေ လုံးဝမပျော့ညံ့စေရဘူး ... ရှိုး မာပြတ်သားစေရမယ် ယမုံ ... ရှင် နောက်ဆို စိတ်မပူပါ စေရဘူးကွယ် ... ကျွန်မ ကတိပေးပါတယ် ... "





"ဟင် ... တကယ် ... တကယ်လား ... ဝိုက် ... အဟား ဝမ်းသာတယ်ကွာ ... ဒါမှ ဝိုက်အစစ် ... ဒီလိုမှပေါ့ကွာ"

ကလေးတစ်ယောက်ပမာ လက်ကလေးနှစ်ဖက် ...ပေါ် မြှောက်ကာ ဝမ်းသာအားရ အော်လေတော့သည်။ ကျွန်မရဲ့ ...တွေ ပြန်ပြီး မာကျောလာသည်။

ဦးကြယ်တံခွန် ...

ရှင်ပြန်ပေးဆပ်ရတာ တန်ရာတန်ကြေးပါနော်။



## အခန်း ( ၁၇ )

"ဆရာသမား ... အရမ်းများနေပြီနော် ... နည်းနည်းလျှော့ ပါဦးဗျာ ..."

အရက်ကို တစ်ခွက်ပြီးတစ်ခွက် မော့ချနေသော ဆရာသမားကိုကြည့်ပြီး မောင်သောင်း စိုးရိမ်နေမိပြီ။ ဆရာသမား မူးတာမှ ရေရေလည်လည်မူးနေတာ။ သို့သော် ... လျော့သော ဖို့တော့ စိတ်ကူးရှိပုံမရသေး ... ။ ခေါင်းက ငိုက်စိုက်ကျနေပြီ မောင်သောင်း ပုလင်းကို လက်နှင့်ဖိပြီး တားဆီးပစ်လိုက်သည်။

"ထည့်ဦးကွာ ..."

ဖန်ခွက်လှလှလေးကို စားပွဲပေါ်ဆောင့်ချပြီး ... အာလေးလျှာလေးကြီးနှင့် ကျွန်တော် ထပ်တောင်းလိုက်သည်။





…ကောင် မောင်သောင်း တော်တော်ညံ့တယ်၊ ကိုယ့်ဆရာသမား …ဘာဖြစ်နေတယ်ဆိုတာ ဒီကောင် ဘာကြောင့် မရိပ်မိရတာလဲ။ …က်ကတွန့်ဆုတ် တွန့်ဆုတ်နဲ့ နည်းနည်းလေးမှ အလိုက်ကန်းဆိုး …သိတဲ့ကောင်။ အင်းလေ ... ဒီကောင်တွေနဲ့ပေါင်းလာတာ သိပ် …ကြာသေးဘူးဆိုတော့ ကိုယ့်ဆရာအကြောင်းတွေ ... ဒီကောင် …တွေ ဘယ်လိုလုပ် သိပါဦးမလဲ။ ငါ့မှာ မင်းတို့မသိသေးတဲ့ ပြဿနာ …တွေ အများကြီးနဲ့ပါကွာ ... ။

"ဟေ့ကောင် ... ပြော ... နေ ... တာ ... မကြား ... ဘူး ..လား ... အေ့ ... ငါ ... မမူးသေးဘူးကွ ... ခေါင်းထဲမှာ ... ပိုက်ရှိနေ ... သေးတယ် ... သူ့စကားသံတွေ ... ကြားနေရသေးတယ် ... မကြားချင်ဘူးကွာ ... လုံးဝ မကြားချင်ဘူး ... သူ ... သူ ... သိပ်ရက် ... စက်တယ် ..."

ကြေကြေကွဲကွဲကလေး စကားဆို၏။

ငါ့ရင်ထဲက ခံစားချက်တွေကို မင်းမသိပါဘူး ... …ောင်သောင်းရာ။

"ဆရာသမားရယ် ... ကျန်းမာရေးထိခိုက်နေပါဦးမယ် ... စိတ်ညစ်လို့ အရက်သောက်တာ မဆန်းပေမယ့် ... အရက်သောက်ရင်း စိတ်ညစ်နေရတာတော့ မကောင်းဘူး ဆရာသမားရဲ့ ... အချစ်ကြောင့် အရက်သောက်တာလည်း ဘာ

မှမဆိုင်ဘူး ... အချစ်က အချစ် ... အရက်က အရက် တခြား... စီပဲ ... ”

“မောင် ... သောင်း ... ငါ့ကို မင်း ... မင်းက ... ဆုံး... တာပေါ့လေ ... ငါ ... ငါက ဝိုက်ကို ... သိပ်ချစ်တာ ... အဲဒါ အမှန်အကန်ပဲ ... ဒါပေမဲ့ ... သူက ငါ့ကို မေ့ပစ်လို... ပါတဲ့ ... အဟား ... ဟား ... ”

“ဆရာသမားရယ် ... ကျွန်တော်သိပါတယ်ဗျာ ... ဆရာ... သမားရဲ့ ရင်ထဲက ခံစားချက်တွေကို အနီးကပ်ဆုံးနေခဲ့... ကျွန်တော်သာ အသိဆုံးပါပဲ ... ဒါကြောင့်ပဲ ဆရာသမား... စိတ်ခံစားမှုကို အကောင်းဆုံးဖြစ်အောင် ကျွန်တော် ဘ... လိုဖြေသိမ့်ပေးရမှန်းမသိအောင် ဖြစ်နေရတယ်လေ ...

“ဆွေးတယ်ကွာ ... အရမ်းဆွေးတယ် ... မင်းလို ငါ့အ... ဝိုက် နားလည်မှုရှိရင် သိပ်ကောင်းမှာပဲကွာ ... ငါ စဉ်း... လို့မရဘူး ... ဝိုက်က ငါ့အပေါ် ဘာကြောင့် အခုလို ဖြစ်... ရတာလဲ ... ငါသိနေတယ် ... သူ့မျက်ဝန်းလေးတွေထဲ... ငါမျှော်လင့်နေတဲ့ နွေးထွေးမှုတွေရှိနေရက်နဲ့ ... နူးညံ့... ပန်းနုရောင်နှုတ်ခမ်းဖျားက ရက်စက်တဲ့ စကားလုံးတွေ... ထွက်ကျလာရသလဲ ... ”

“အကြောင်းတစ်ခုခုရှိလို့ ဖြစ်မှာပေါ့ ဆရာသမားရယ် ... အဲဒါကြောင့်မို့ အခုလို အရက်နဲ့ ပြဿနာကို အဖြေရှာ...





ထက် ... အဖြူရောင်နဲ့တွေ့ပြီး အဖြေရှာနိုင်ဖို့ ကြိုးစားတာဟာ အသင့်တော်ဆုံးပါပဲ ... အဖြူရောင်ဟာ စိတ်သဘောထား ပြည့်ဝတဲ့ မိန်းကလေးပါဗျာ ... ”

“မင်းမသိပါဘူးကွာ ... အဖြူရောင်က တစ်မျိုးပဲကွ ... သူ့ကို ဘာမှလည်း မေးလို့မရ ... ဘာမှလည်း မပြောပြဘူး၊ မေးတော့ သိပ်စပ်စုတယ်တဲ့ ... နောက်တော့ သိရမှာပေါ့တဲ့လေ ... ပြီးတော့ ငါ့ကို မေ့ပစ်လိုက်တော့တဲ့ ... ကျွန်မတို့ရဲ့ခင်မင်မှုတွေကို ဖျက်သိမ်းလိုက်တာ ... ရှင့်အတွက် အကောင်းဆုံးလမ်းပဲတဲ့ ... ဘာ ... ဘာတွေပြောမှန်းလည်း မသိဘူး ... ကိုယ်သိတာက ... ဝိုက်ဟာ တစ်စုံတစ်ခုသောဖိအားကြောင့်သာ ... အခုလို ငေါင်စင်းစင်းကလေး ဖြစ်နေတာလို့လေ ... ”

တပည့်လေးကို ရင်ဖွင့်နေမိ၏။ ကျွန်တော့်ရင်ထဲက ...ားရမှုတွေက အနည်းအကျဉ်းကလေးတော့ ပြေလျော့သွားသလို ...ားလိုက်ရသည်။ ဝိုက်ကို ကျွန်တော် ဘယ်လိုနားလည်ရမှန်းမသိ ...ဘူ၊ သူမဘက်ကပဲ စတင်ပြီး ကျွန်တော့်အနီးဆုံးရောက်အောင် ...ကြိုးစားခဲ့တာပဲ မဟုတ်လား။

နှင်းဆီကို ကျွန်တော်အမုန်းဆုံးပဲ ... ။ သိပ်လှ ...လောက် သိပ်ဆူးများတဲ့ ပန်း၊ ထိမိလိုက်တာနဲ့ တဆစ်ဆစ်နာ ...င်အောင် အဆိပ်ဖြာကျစေတဲ့ ဆူး။ ပြီးတော့ မာယာများတဲ့ ပန်း၊

သူ့ရဲ့ ထုံအီနေတဲ့ ရနံ့ကလေးနဲ့ လူတကာရဲ့စိတ်ကို ညှို့ယူတတ်... ပန်းကို ကျွန်တော် သိပ်မုန်းတာပဲ။

ကျွန်တော် သိပ်မုန်းပါတယ်ဆိုတဲ့ သည်ပန်း... တမင်ရွေးပြီး အဖြူရောင်လက်ကိုင်ပဝါလေးနဲ့ ရစ်နှောင်ကာ သိ... လှပတဲ့ အမျိုးသမီးလေးက ... တစ်ပတ်လုံးလုံး မရောက်ရော... အောင် ပို့ပေးခဲ့သည်။ နောက်ဆုံး ... ကျွန်တော့်ရင်ဘတ်မှာ သူ... ကိုယ်တိုင် ထိုးစိုက်ခွင့်ရသွားခဲ့တဲ့အထိ ... ။

မိန်းမတွေနှင့်ပတ်သက်ပြီး ခံစားချက်မရှိတဲ့ နှ... သားနုနုကို နူးညံ့ချိုသာတဲ့ အပြုံးကလေးနဲ့ တိုးဝင်လာခဲ့တဲ့မင်း... တစ်စုံတစ်ခုမှ တားဆီးခြင်း၊ ပိတ်ပင်ခြင်းမရှိလောက်အောင် အ... ရှင်းဆုံး ကိုယ် လက်ခံထားခဲ့ပြီးမှ အကြောင်းပြချက် တစ်စုံတစ်... နိုင်လှုံခြင်းမရှိဘဲ၊ ပြန်လည်ထွက်ခွာသွားခွင့်ကိုတော့ ကိုယ် လ... မခံပါရစေနဲ့၊ တားဆီးပိတ်ပင်ခွင့်ရပါရစေ ပိုက်ရယ်။

မင်းလာချင်တိုင်းလာပြီး ပြန်ချင်တိုင်း ပြန်လို့ရ... ကိုယ့်နှလုံးသားဟာ သော့မရှိတဲ့ တံခါးတစ်ချပ်မဟုတ်ဘူး ပိုက်... ဒါကို မင်းနားလည်ပေးပါနော်။

မင်းကို သိပ်ချစ်တယ် ပိုက် ... ။

အစပိုင်း မင်းရဲ့လုပ်ရပ်တွေကို ဒေါလည်းကန်၊ မင်း... ကိုလည်း စိတ်ဆိုးခဲ့ပြီး မင်းရဲ့ခပ်ရင့်ရင့်စကားတွေကို သိပ်မုန်းမိခဲ့... မယ့် တဖြည်းဖြည်းနဲ့ မင်းရဲ့ကစားကွက်ထဲကို ကိုယ် ခုန်ဝင်ခဲ့...





...ယ်။ သတိမထားမိခင်မှာပဲ ကိုယ့်စိတ်တွေ မင်းအပေါ် တွယ်ငြိ...တယ်။

နောက်ဆုံး ...

ခုနစ်ရက်မြောက်နေ့မှာ ဘယ်လိုမှ မထင်မှတ်...ောက်အောင် ကိုယ့်ဘဝတစ်ခုလုံး အကြီးကျယ်ဆုံး ပြောင်းလဲမှု...ြီးနဲ့ ရင်ဆိုင်ကြုံတွေ့လိုက်ရတော့တာပဲ။

အမြင့်တစ်နေရာရာကနေ အောက်ကို ဖောက်ထိုး...ချော်ကျသွားသလို အသည်းတွေ လှပ်ခနဲ အေးခဲသွားရ၏။

မြင်သူတကာက သမင်လည်ပြန်ငေးမောသွားရပြီး ...မားသော အရပ်အမောင်း၊ ဖြူနုသော ပန်းရောင်ပြေးနေသော ...သားအရည်လေးပေါ်တွင် ထင်းနေသော ခရမ်းရောင်ရင့်ရင့် ချိတ်...ဆက်ကလေး ပျော့အိထွေးနေတဲ့ ပိတုန်းရောင်ဆံနွယ်ကျော့...ျော့ကလေးနှင့် သူမအသွင်က ကိုယ့်ကို အသက်ရှူမှားလောက်အောင် သိမ်းသွင်းသွားနိုင်တယ်ဆိုတာ သူမ သိပါလေစ။

အဆက်မပြတ် ခုန်လှုပ်လာသော ရင်ခုန်သံကို အသိ...ရားနှင့် ထိန်းချုပ်ပြီး အရှုံးမပေးလိုသော အသုံးမဝင်တဲ့ စိတ်...တ်ကြီးနဲ့ မင်းကို ခပ်တင်းတင်းဆက်ဆံလိုက်ပေမယ့် တစ်သက်...ာ ကိုယ်ဟာ ပြန်လည်ထိန်းမတ်လို့မရအောင် ပြိုလဲကျသွားတာကို...တော့ မင်းသိမှာမဟုတ်ပါဘူး။

အစအနပျောက်သွားတဲ့ ... မင်းရဲ့ ခြေသံတွေကို

နောက်တစ်ကြိမ် ရင်ခုန်စွာ နားစွင့်မိခဲ့တဲ့ ကိုယ့်အဖြစ်တွေကို ... လည်နိုင်ပါ့မလား ဗိုက်ရယ်။

ကိုယ့်ဘဝမှာ မရှိမဖြစ် လိုအပ်နေတဲ့အရာဟာ ...ပဲ ဗိုက်ရယ်၊ ဒါကိုသိနေလျက်နဲ့တော့ မသိဟန်ဆောင်ပြီး စိမ်း...ဖို့ ကြိုးစားလိုက်တာဟာ ကိုယ့်နှလုံးသားကို ဓားချွန်ချွန်နဲ့ စိုက်...လိုက်သလိုပါပဲဗျာ။

သတိရတယ် ဗိုက်ရယ် ...

အရမ်းတွေ့ချင်တာပဲ။

မင်းမျက်နှာကလေးကိုငေးကြည့်ပြီး မင်းကိုတကယ်...ချစ်ခဲ့မိတာပါဆိုတဲ့ စကားလေးကို အလေးနက်ဆုံး ပြောချင်ပါ...ကွာ။

"ဆရာသမား ညဥ့်နက်နေပြီ ... ပြီးတော့ ဒီဝရန်တာ...လေအရမ်းတိုက်တယ်ဗျ ... နေမကောင်းဖြစ်နေပါဦးမယ်...ဆရာရယ် ... အထဲဝင်ရအောင်နော် ... ထ ... ကျွန်တော်...တွဲပို့ပေးမယ် ... "

"ဟာကွာ ... ငါမဝင်ချင်သေးဘူး ... မင်း သွားချင်...သွားအိပ် ... ငါ လုံးဝအိပ်ချင်စိတ်မရှိသေးဘူး ... ဆွေး...တယ်ကွ ... ဗိုက်ကို တွေ့ချင်တယ် ... ပြီးတော့ မေးခွန်း...တွေ အများကြီးမေးချင်တယ် ... ဘယ်လိုလုပ်ရမလဲကွာ...ငါ သူ့အိမ်သွားရင် ကောင်းမလား ... "





"ဟာ ... ဆရာသမားကလည်း ... ဒီလောက် ညဥ့်နက်နေပြီ ... ဘယ်သင့်တော်ပါ့မလဲ ... ပြီးတော့ အခုအချိန်မှာ ဆရာသမားက အရမ်းမူးနေတာလေ ... သွားရင် အရက်သောက်ပြီး လာရစ်တယ်လို့ ထင်နေပါဦးမယ်ဗျာ ... မနက်ကျမှပဲ သွားပါနော် ဆရာ ... "

"ဟာ အကြာကြီးစောင့်ရဦးမယ် ... မရဘူးကွာ ... အခု သွားမယ် ... "

တကယ့်ကို ဇွတ်ပဲ ... ။

ဆရာသမားရဲ့ခံစားချက်ကို နားလည်နိုင်ပေမယ့် ...ကလေးတစ်ယောက်ရဲ့ပတ်ဝန်းကျင်မှာ အရှက်ရစေမယ့် အဖြစ် ...ကိုတော့ အားမပေးချင်။ ပြီးတော့ ဆရာသမားက မူးရင်ရစ်တဲ့ ... အေးအေးဆေးဆေး သူမျိုးလို ဖီးနဲ့နေတဲ့သူမဟုတ်။ မောင် ...ောင်း ခေါင်းတွေ ခြောက်နေရပြီ။ ဘယ်လိုလုပ်ရင် အကောင်း ...ဖြစ်မလဲဆိုတဲ့ အတွေးတွေ တွေးနေဆဲ။

"ဟာ ... ဟုတ်ပြီ ဆရာသမား ... ကျွန်တော်တစ်ခု စဉ်းစားမိတယ် ... အခုအချိန်ကြီးကျမှ သူများအိမ်သွားတာထက်စာရင် ... အဖြူရောင့်ဆီကို ဖုန်းဆက်လိုက်ပါလား ... အဲဒါဆို ဆရာပြောချင်တာပြော ... မေးချင်တာမေး ... သူများရပ်ကွက်ထဲ သွားပြီး အရှက်ကွဲတာထက်စာရင် ဖုန်းနဲ့ စကားပြောတာဟာ အသင့်တော်ဆုံးပါပဲ ... "

"ဟား ... ဟား ... ဟား ... ကောင်းတယ် ... သိပ်ကောင်းတယ် ... မင်းရဲ့အကြံသိပ်မဆိုးပေမယ့် သိပ်တော့မကောင်းဘူးကွ ... ငါက ငှက်ရဲ့မျက်နှာလေးကို မြင်ချင်တာ ... ခံစားချင်တာ ... ဒါပေမဲ့ အခုတော့ စိတ်လျှော့လိုက်ပါ ... မင်းပြောတဲ့အတိုင်းပဲ လုပ်မယ် ... ခေါ် ... ငါ့ကို ဖုန်းခေါ်ပေးစမ်း ... "

မောင်သောင်း ကပျာကယာပင် အရက်ပုလင်းကို ကောက်ကိုင်ပြီး အိမ်ထဲမှာ ပြေးထားလိုက်ကာ ဆရာသမားအခန်းထဲမှ ဟမ်းဖုန်းကလေးယူပြီး ဖုန်းနံပါတ်ကို နှိပ်လိုက်သည်။

ဒီအချိန်ကြီးဆက်ရတာ အားတော့ အနာသား ကြည့်လေ ည(၁၁း၀၀)နာရီတိတိ ... ။ အခုထိ ဆရာသမားရော မောင်သောင်းပါ မအိပ်ရသေး။ ဟိုက ခံစားချက်ရှိလို့ မအိပ်ပျော် တာ။ ဒီက ဘာခံစားချက်မှလည်း မရှိဘဲနဲ့ ရောပြီးအိပ်ရေးပျက်ရပြီ

ဟူး ...

အခုထိ လာမကိုင်သေး။

အိပ်ပျော်နေကြပြီထင်ပါရဲ့။

မောင်သောင်း လက်မလျှော့ပါ ... ၊ ထပ်ခေါ်သည် တော်တော်ကလေးကြာမှ တစ်ဖက်မှ ဖုန်းကိုင်လာ၏။

"ဟယ်လို ... "

"ဟယ်လို ... အဖြူရောင်တို့အိမ်ကပါလား ခင်ဗျာ ... "





"ဟုတ်ပါတယ် ... ဘာကိစ္စရှိလို့လဲ ... ကျွန်မ အဖြူရောင်ပါ ... "

ညအချိန်မတော်ကြီး ဖုန်းလာခြင်းမို့ ရင်ထဲမှာ စိတ် ပူသွားရသည်။ နယ်က ဆက်တာများလား၊ အဖြူရောင် ဒေါ်လေး အတွက် စိတ်ပူသွားမိ၏။ ဘုရား ... ဘုရား ဘာသတင်းများ ကြားရမှာပါလိမ့်။

တစ်ဘက်က ...

အဖြူရောင့်ကိုမေးပြီး စကားကိုရပ်ထားသည်။

"ဟယ်လို ... ဟယ်လို ... "

"ဟို ... ဟို ... ကျွန် ... ကျွန်တော် မောင်သောင်းပါ အဖြူရောင် ... "

"ရှင် ... "

မောင်သောင်းတဲ့။

ဘယ်သူပါလိမ့်။

အပြေးအလွှားစဉ်းစားလိုက်မိသည်။

"ကျွန်တော်က ... ဦးကြွယ်တံခွန်အိမ်က အလုပ်သမားပါ"

ဩော် ...

ဦးကြွယ်တံခွန်အိမ်က ဆက်တာကိုး ... ။

"ဟုတ်ကဲ့ ပြောပါ ... ကျွန်မ နားထောင်နေပါတယ် ... "

"ဆရာသမားလေ … အဖြူရောင့်ဆီကို လာမလို့လုပ်
တယ် … မူးလည်း အရမ်းမူးနေတယ် … ဒါကြောင့်
ပဲ စကားပြောပါဆိုပြီး … ကျွန် … ကျွန်တော် … "

"ကျွန်မ သဘောပေါက်ပြီ ကိုမောင်သောင်း … သူ
ရှင့်အနားမှာလား … "

"မဟုတ်ဘူး အဖြူရောင် … ဝရန်တာမှာ အရမ်း
တာ … ခေါ်လို့လည်း မရဘူး … တေပေပြီး နေတာ
သူ တစ်ခုခုဖြစ်သွားမှာတောင် စိုးရိမ်ရတယ် … "

ဖြစ်ပစေပေါ့။

ဖြစ်တော့ ဝမ်းတောင်သာရဦးမယ် … ။ နေပါ
အအေးပတ်တော့ ဘာဖြစ်သေးလဲ။ ကျွန်မကြောင့် သူတစ်ခုခု ခံ
ရတယ်ဆိုရင်ပဲ ကျေနပ်နေပြီလေ။

"အဖြူရောင် ကျေးဇူးပြုပြီး … "

"စိတ်မကောင်းပါဘူး ကိုမောင်သောင်း … ကျွန်မ
သမားတစ်ယောက်နဲ့ လုံးဝစကားမပြောနိုင်ပါဘူး …
တော့လည်း ကျွန်မအိမ်ရှေ့ကို မူးပြီး လာရစ်ဖို့မစဉ်းစား
နော် … လုံးဝအရေးစိုက်လိမ့်မယ်မထင်နဲ့ … ကျွန်မ
အရှက်ရအောင်လုပ်လို့ကတော့ … ကျွန်မခွင့်လွှတ်မှာ
မဟုတ်ဘူးနော် … ကိုမောင်သောင်း ရှင့်ဆရာကို သေချာ
ပြောလိုက်ပါ … "





"အဖြူရောင် … "

"နောက်ထပ် မှာစရာရှိသေးတယ် … ကျွန်မဆီက ခွင့်ပြု
ချက်မရဘဲ ခဏခဏ ဖုန်းဆက်ဖို့ မစဉ်းစားပါနဲ့ … ကျွန်မ
အေးအေးဆေးဆေး စဉ်းစားချင်သေးတယ် … ရှင့်ဆရာ
အမူးပြေရင် ပြောလိုက်ပါ … ကျွန်မဘက်ကစပြီး မဆက်
သွယ်မချင်း ကျွန်မကို သူစိမ်းတစ်ယောက်လို ဆက်ဆံပေးပါ
လို့ … ဟဲ … ဒါပါပဲ … "

ခွပ်ခနဲနေအောင် …

တစ်ဘက်က ဖုန်းချသွားချေပြီ။

ဆရာသမားကို ဘယ်လိုပြောရမလဲ … အဖြူရောင်
လုံးဝစကားမပြောနိုင်ဘူးတဲ့။ ဆရာသမားအတွက်စိတ်မကောင်း
သွားမိသည်။

မတတ်နိုင်ဘူး။

ဒီအတိုင်းထားလို့လည်းမဖြစ် … ချော့ပြီးပြောမှပဲ။

"ဆရာသမား … ဆရာသမား … ဆရာသမား … "

အခန်းအပြင်ပြန်ထွက်ပြီး ဆရာသမားဆီသို့ အပြေး
ရောက်သွားမိသည်။ ဖုန်းခေါ်လို့ မရတော့ဘူး။ ဘယ်သူမှ ဖုန်း
မကိုင်ကြဘူးဟုသာ လိမ်ပြောပြီး အထဲကိုမနည်းဆွဲခေါ်လာရ
သည်။

ကလေးဆိုးလေးတစ်ယောက်လို တွန်းရင်း ရုန်းရင်း

နှင့် ကျွန်တော် တွဲခေါ်ရာပါလာခဲ့၏။ တော်တော်လေးလည်း
နေပြီ။ အိပ်ရာထဲရောက်တော့ ဆရာသမား အန့်ပါလေရော။

ပေပွနေသော ကြမ်းပြင်ကိုကြည့်ပြီး မောင်သော
နှခေါင်းကြီး ရှုံ့တွသွားရ၏။ ဖုန်းဆက်မရဘူးပြောတော့ ဆ
သမားက သိပ်မယုံချင်။

“အဖြူရောင်က ငါနဲ့စကားမပြောချင်လို့ ... တမင်ရှောင်
တာ ...”

တဲ့လေ။

ဆရာသမားရယ် ... ကောင်မလေးက အကြော
တစ်ခုခုနဲ့ ဆရာသမားကို နာကြည်းနေသလိုပဲ။ ဆရာသမ
ဟိုတုန်းက ဘာတွေလုပ်ထားခဲ့လို့လဲဟင် ... ။





## အ ခ န်း ( ၁၈ )

“အဖြူရောင် ...”

“ဟင် ... ရှင် ... ရှင် ... ဘယ် ... ဘယ်လို ...”

“သိပ်အံ့သြသွားလား ... ယမုံက ဖုန်းလှမ်းဆက်ပြီး ခေါ်
တာလေ ... ပိုက်က ပြောစရာရှိလို့ ခေါ်ခိုင်းတာလို့ ပြော
တာပဲ ... ပိုက်နော် အခုမှ ကိုယ့်ကို မသိချင်ယောင်ဆောင်
မနေနဲ့ ...”

ယမုံ ...

လုပ်ချလိုက်ပြန်ပြီ။

တကယ်ဆို ကျွန်မလုံးဝမဆက်ခိုင်းခဲ့ပါ။ ထို့အပြင်
တုန်းကတောင် သူ့တပည့်လေး မောင်သောင်းဆိုသူကိုပင် တစ်

ခါတည်း အပြတ်သားဆုံးပြောထားပြီးသား။ အခုတော့ မီးပုံ...
တွင် မားမားကြီးရပ်ပြီး ပြုံးနေသော သူ့ကိုကြည့်ပြီး ဝိုက်အံ့အား...
သွားရပြီ။

"မနေ့က ရှင် တော်တော်သောက်ဖြစ်တယ်ဆို ..."

"ဗျာ ... ဟာ ... ဟို ... နည်းနည်းပါးပါးပါ ... ဟိုကော...
မောင်သောင်း ဘာတွေ အတို့အထောင်လုပ်ပြန်ပြီလဲ ...
ဘူး ..."

"အမယ်လေး ... မဆိုင်တဲ့လူကိုသွားပြီး မမဲချင်စမ်းပါနဲ့...
ညက ... ဒီကို အတင်းလာမယ်ပြောနေလို့ မောင်သောင်း...
ဖုန်းနဲ့ပဲ စကားပြောပါဆိုပြီး ခေါ်ပေးတာပါ ... ကျွန်...
အရက်မူးနေတဲ့သူနဲ့ လုံးဝစကားမပြောချင်ဘူးလို့ တ...
တည်း ပိတ်ပြောလိုက်လို့ ... သူ့ခမျာ ရှင့်ကြောင့် ...
ကော်လေး စိတ်ညစ်ရမှာပဲ ... ကျွန်မကိုလည်း တော...
တောင်းပန်ပန်လေး တောင်းဆိုရှာတာ ..."

မျက်စောင်းကလေး တထိုးထိုး၊ နှုတ်ခမ်းစူစူက...
နဲ့ သူမစကားပြောနေပုံလေးကို ကျွန်တော်အသည်းယားသွား...
သည်။ သို့သော် နေရာကနေ နည်းနည်းလေးမှ မလှုပ်ရှားရဲ။ အ...
အယွင်းတစ်ခုခုဖြစ်သွားမှာ ကြောက်နေရ၏။ ဒီမိန်းကလေးက ...
ပြီး စိတ်အပြောင်းအလဲမြန်တာ။

အခုခေါ်ချင်ရင် ခေါ် ...





မခေါ်ချင်ရင်မခေါ်နဲ့ တကယ့်ကလေးပေါက်စလေး
...

"အို ... ရှင် ဘာကြည့်နေတာလဲ ..."

"ဝိုက်က ကလေးလေးနဲ့တူလို့ သိပ်ချစ်ဖို့ကောင်းတာပဲ"

အို ...

ဘာစကားကြီးလဲ။

ရင်တွေတောင် ပေါက်ကွဲမတတ် ခုန်လှုပ်သွားရ
... မျက်တောင်ကလေးတွေအောက်သို့ မှေးစင်းသွားရပြီ။ နှုတ်
...သားလေးတွေကို အသာကလေး ဖိကိုက်ထားလိုက်ပြီး လှုပ်
...နေသော စိတ်ကိုတည်ငြိမ်အောင် မနည်းကြိုးစားယူလိုက်ရ
...

"ဝိုက် ..."

"ဟို ဧည့်ခန်းထဲ သွားရအောင်လေ ... ကျွန်မက ယမ့်ကို
နောက်မှတွေ့မယ်လို့ ပြောမိတာပါ ... ဒါကို သူက ဒီနေ့
ထင်ပြီး ဖုန်းဆက်လိုက်တယ်ထင်ရဲ့ ... အင်းလေ ရောက်
လာတော့မှလည်း ဧည့်သည်ကို ဧည့်ခံရမှာပေါ့ ... ကဲပါ
ဧည့်ခန်းထဲမှာ ခဏလေးစောင့်နော် ... ကျွန်မ ကော်ဖီဖျော်
လိုက်ဦးမယ် ..."

အိမ်နောက်ဖေးမီးဖိုချောင်ကလေးထဲအထိ သူဝင်
...လာတာကို မနှစ်မြို့သလို ပညာသားပါပါနှင့် ထွက်စေလိုက်

သော်လည်း အလိုက်ကန်းဆိုးတစ်စက်ကလေးမှ မသိတဲ့ သူ...

"ဟာ ... ဖျော်ပါ ... ဖျော်ပါ ... ဗိုက်ရဲ့လက်ရာက...
ကိုယ်နှစ်သက်စွာ သောက်ချင်နေသူပါ ... ကိုယ်...
မယ်လေ ... ပြီးမှ သွားတာပေါ့ ..."

ဟု ပျာပျာသလဲ ပြောလေလျှင် ကျွန်မသည် ... စကားမှ ထပ်မဆိုဖြစ်တော့ဘဲ ကော်ဖီကိုသာ ဖျော်လိုက်ရ... သည်။

ပြီးနောက် ...

အသင့်ရှိသော မုန့်အချို့ကို ပန်းကန်ပြား... ကလေးထဲ လှတပတကလေးဖြစ်အောင် ထည့်လိုက်ပြီး လင်... ကလေးယဲထည့်ကာ လက်သုတ်ပဝါကလေးပါ တစ်ပါတည်း... လိုက်ပြီး သူ့ဆီလှမ်းကြည့်လိုက်တော့ ထမင်းစားစားပွဲတွင် ... ကလေးပေါ် မေးတင်ထောက်ပြီး ခပ်စူးစူးလေး စိုက်ကြည့်နေ... သူ့ကို တွေ့လိုက်ရသည်။

"ကဲ ... ရပြီ ... အိမ်ရှေ့သွားကြစို့ ..."

ကျွန်မကပင်ဦးဆောင်ပြီး ခြေလှမ်းသွက်သွက်... အပြင်ဘက်သို့ ထွက်လိုက်၏။ သူက နေရာကနေ ဆတ်ခနဲ... ကျွန်မအနောက်က ကပ်လိုက်လာသည်။

"အခုမှ ပိုပြီးသေချာသွားတော့တယ် ..."

"ရှင် ..."





အဆုံးအစမရှိ ...

သူ့စကားကြောင့် ကျွန်မနံဘေးသို့ရောက်လာသော ... တစ်ချက်စောင်းငဲ့ကြည့်လိုက်ပြီး နားမလည်စွာပင် ...

"ဘာကိုပြောတာလဲ ..."

ဟု ခပ်တိုးတိုးမေးမိ၏။

"ကိုယ့်ကို အခုလို နွေးထွေးလိုက်လှဲစွာ ပြုစုမယ့် အိမ်ရှင်မ တစ်ယောက် သိပ်ကိုလိုအပ်နေပြီဆိုတာလေ ... ဗိုက်ရော ဘယ်လိုထင်သလဲဟင် ..."

"အို ... ကျွန်မက ဘာကိုထင်ရမှာလဲ ... မထင်တတ်ပါဘူး နော် ... ကျွန်မနဲ့ ဘာမှလည်း မဆိုင်ဘဲနဲ့ ..."

"အဲဒီလိုကြီး အပြတ်မပြောပါနဲ့ကွာ ... ကိုယ့်ရဲ့လိုအပ်ချက် ကို ဗိုက်တစ်ယောက်ပဲ ဖြည့်ဆည်းနိုင်တာ သိရဲ့သားနဲ့ မသိ ချင်ယောင်မဆောင်ရဘူး ဗိုက်ရဲ့ ... ရဲကြီးတတ်တယ် သိ လား ..."

"ဘာမှ မဆိုင်ဘူး ..."

မျက်စောင်းကလေးတစ်ချက်ထိုးပြီး ခပ်သွက်သွက် ...း လှမ်းရင်း ဧည့်ခန်းထဲက စားပွဲကလေးပေါ် မုန့်ပန်းကလေး ...သာချလိုက်ပြီး ခုံလွတ်ကလေးတွင် ဝင်ထိုင်လိုက်သည်။

သူကလည်း ကျွန်မနံဘေးတွင် အသာဝင်ထိုင်၏။

"ကဲ ... သောက်လိုက်ဦးလေ ... တော်ကြာ အေးနေဦးမယ်

ကော်ဖီဆိုတာ ပူနေတုန်းသောက်မှ အရသာရှိတာ
ကမ်းပေးလိုက်သော ကော်ဖီခွက်ကလေးကို
ဆွဲယူပြီး 'ကျေးဇူး ... 'ဟု ခပ်တိုးတိုးကလေး ဆိုလေ၏။ သူ
ကလေး မှုတ်ပြီး နှုတ်ခမ်းလေးစွတ်ရုံသာ နည်းနည်းသော
သည်။

အခုမှပဲ ...

ကျွန်မ သူ့မျက်နှာကို အနီးကပ်မြင်တွေ့နေရ
သည်။ ကြည်စင်နေသော အသားအရည်ကြောင့် သူ့မျက်နှာက
က နုပြီး ချောမွေ့နေ၏။ နှုတ်ခမ်းမွေးကို သေသပ်စွာ ရိ
သဖြင့် စိမ်းမြမြကလေးနှင့် ကြည့်ကောင်းနေ၏။ ပြီးတော့ အ
ငယ်ထူသော မျက်ခုံး၊ ယောကျ်ားတစ်ယောက်နှင့်မလိုက်
အောင် ရှည်ဝိုင်းပြီး ကော့နေသော မျက်တောင်လေးတွေ၊ ညို
အားပြင်းသော မျက်ဝန်းနက်နက်၊ အနည်းငယ်ရှည်သွယ်၍
သော နှာခေါင်းလေးနှင့် တော်တော်ချောတဲ့ ယောကျ်ားပဲ။
ဖီသောက်သော အပူရှိန်ကြောင့်လားမသိ နှုတ်ခမ်းထူထူ
ကလေးက နီရဲစိုလို့နေ၏။

ဒါကြောင့်လည်း ...

ကောင်မလေးတွေက ကြိုက်ကြတယ်ထင်ပါရဲ့
အဲဒီအထဲမှာ မမအညိုရောင်လည်း အပါအဝင်ပေါ့လေ။ မိန်း
ယောက် ယစ်မူးစရာကောင်းလောက်အောင် သူ့ရင်အုပ်ကား





လေးက ခပ်တောင့်တောင့်ဖြစ်နေ၏။

"ဟိတ် ... လူကို ဘာလို့ စိုက်ကြည့်နေတာလဲ ... "

"အို ... "

သူခိုး လူမိခံရချေပြီ။

ရှက်သွေးဖြာနေသော မျက်နှာကလေးက အောက်
ကျသွားပြီး အကြောင်းပြချက်တစ်စုံတစ်ရာကို အပြေးအလွှား
ခမိသည်။

"ဗိုက် ... "

"ရှင် ... "

"ရှက်သွားပြီလား ... "

"ဟင့်အင်း ... ကျွန်မ ရှင့်ကို သေချာကြည့်ပြီး အတွေးတစ်ခု
ရလို့ပါ ... "

"ဘာအတွေးလဲဟင် ... "

"ကုမ္ပဏီပိုင်ရှင်သူဌေးလည်းဖြစ် ... ရုပ်ကလည်း ဒီလောက်
ချောတာ ... ရှင့်အနားမှာ ကောင်မလေးတွေ တော်တော်
ဝိုင်းနေမှာပဲနော် ... "

"အဟဲ ... မယုံမရှိနဲ့နော် ... ကျွန်တော့်ကို ကြိတ်ပြီး ...
သဘောကျနေတဲ့သူတွေ အများကြီးပဲ ... ကြွားတာမဟုတ်
ဘူးနော် ... တချို့သမီးရှင်တွေဆို ပေါ်တင်တောင်ကိုယ်နဲ့
သမက်တော်ဖို့ ပြောကြတာ သိလား ... ဒါပေမဲ့ အဲဒါတွေ

ကိုယ် လုံးဝစိတ်မဝင်စားဘူး ... ဝိုက်ကသိပ်ကံကောင်း
လေ ... ကိုယ့်နှလုံးသားက ဝိုက်တစ်ယောက်တည်းကို
ရွေးချယ်ခဲ့တာ ... ”

“ဘုရားရေ ... ”

ရှင် ... အဲဒီလောက်တောင် ဟန်ဆောင်ကောင်း
နေသလားဟင် ဦးကြွယ်တံခွန်။ ရှင်ဟာ ဒီလိုစကားမျိုး မိန်း
ဘယ်နှစ်ယောက်လောက်ကို ပြောထားပြီးပြီလဲ ... ။

“ဝိုက် ... ကိုယ်ပြောတာ ဘယ်လိုလဲ”

“ဘာ ... ဘာလဲဟင် ... ဘာပြောလိုက်တာလဲ”

“ဟာကွာ ... သွားပါပြီ ... ဒီက ခံစားချက်အပြည့်နဲ့ ပြော
နေတာ ... ဝိုက်က တစ်စက်ကလေးမှ အလေးအနက်
မထားဘူးကွာ ... သွားပါပြီ ... အားလုံးရေထဲမျောကုန်ပြီ”

“ဟို ... ဟိုလေ ... ကျွန်မ အတွေးလွန်သွားလို့ပါ ဦးကြွယ်
တံခွန်ရဲ့ ... ပြန်ပြောလေ ... နားထောင်မှာပေါ့ ...”

“တော်ပါပြီဗျာ ... ဒီမှာ အစတောင်ပြန်ဖော်လို့ မရတော့
ဘူး ... ”

ညည်းညူစကားဆိုရင်း မဲ့ရွဲ့နေသော မျက်နှာလေး
ကိုကြည့်ပြီး ကျွန်မ မရယ်ဘဲ မနေနိုင်တော့။ သူက ရယ်နေသော
ကျွန်မကို စိတ်ဆိုးစွာပင် မျက်စောင်းကြီးလှမ်းထိုးပြီး ထိုင်ခုံနောက်
သို့ လျှော့ရဲစွာမှီချရင်း ငြိမ်သက်နေတော့သည်။





“ဆောရီး ... ဆောရီး ... စိတ်မဆိုးပါနဲ့ရှင် ကျွန်မမှားပါတယ်
နော် ... ”

သူ့မျက်လုံးအစုံဖိကာမှိတ်ထားဆဲ ... ။

“ဦးကြွယ်တံခွန် ... ”

“ ... ... ”

“ဦးကြွယ်တံခွန်လို့ ခေါ်နေတယ်လေ ... မကြားဘူးလား၊
ဒီတစ်ခါ တကယ်စကားနားထောင်မှာပါ ... တကယ် ...
တကယ် ... သေသေချာချာကို နားထောင်ပါ့မယ် ... ကတိ
ပေးတယ် ... ”

ခန္ဓာကိုယ် ဆတ်ခနဲထောင်မတ်လာပြီး မယုံသလို
...န်မမျက်နှာကို ခပ်စူးစူးလေး စိုက်ကြည့်ပြီး ...

“တကယ်နော် ... ”

“အင်းပါ ... တကယ်ပြောတာပါ”

“ဒါဆို သေချာနားထောင်နော်”

“ဟုတ်ကဲ့ ... ”

သူသည် အသက်ကိုတဝကြီးရှူသွင်းလိုက်ပြီး ကျွန်မ
...်နှာကလေးကို စူးစူးကလေးစိုက်ကြည့်ကာ ...

“ဝိုက်ကို ကိုယ်ချစ်တယ် ... ”

ဟု ပီပြင်စွာပင် တစ်လုံးချင်း ဖွင့်ပြောလေသည်။
ရီဝေနေသော ညှို့မျက်ဝန်းတစ်စုံ၏ နောက်သို့

ကျွန်မရဲ့စိတ်တွေ ချည့်နဲ့စွာယိုင်ကျသွားခဲ့လေပြီ။ အံ့ဩမင်သက်... ငေးမောမိနေ၏။ အနူးညံ့ဆုံး၊ အညင်သာဆုံးသော မာယာတော... ကို ကျွန်မအလိုလို တိုးဝင်သွားမိပြီ။ မထင်မှတ်ထားသောအချိန်... ကျွန်မရင်ထဲသို့ သူဟာ အနက်ရှိုင်းဆုံးနေရာထိ ရောက်ရှိသွား... ပြီ။ တထိတ်ထိတ်ခုန်နေသော ရင်ခုန်သံကို ကျွန်မ ကြားယောင်... ရသည်။

"ဝိုက်ရယ် ... ကိုယ်လေ ... ဝိုက်ကို တကယ်ချစ်တာပါ...

ဘဝတစ်ခုလုံးစာအတွက် ရည်ရွယ်ပါတယ်ဝိုက်ရယ် ...

ဦးကြယ်တံခွန်ရယ် ... ။

တဆိတ်လောက် ရှင်ကျွန်မကို အဲ့ဒီလိုမကြည့်ပါ... နော်။ အဲဒီစကားလေးတွေအပေါ်မှာ ကျွန်မသာယာလို့ လုံးဝမ... လို့ပါ။ ရှင်မပြောပါနဲ့တော့ ဦးကြယ်တံခွန်ရယ်။ ကြာရင် ... ကျွန်မ... စိတ်တွေ ထိန်းချုပ်နိုင်တော့မှာ မဟုတ်ဘူး။ ရှင့်ရင်ခွင်ထဲတိုးဝင်... ကျွန်မ ငိုမိတော့မယ်။

ကျွန်မလေ ...

ကျွန်မ ရှင့်ကိုရင်ထဲက စူးစူးနင့်နင့်ကို ချစ်နေမိပါပြီ... ရှင့်ကြောင့် ကျွန်မ ရင်ခုန်တတ်ခဲ့ပြီ ဦးကြယ်တံခွန်။ ဆိုးဝါးလွန်းတာ... က ပထမဦးဆုံး ရင်ခုန်သံကို စသင်ပေးသူဟာ ကြယ်တံခွန်ဆိုတဲ့... ရှင်ဖြစ်နေခဲ့လို့ပဲ။

ကျွန်မ ...





အရှုံးမခံနိုင်ဘူး။

ကျွန်မလဲပြိုလို့မဖြစ်ဘူး။ ကျွန်မစိတ်တွေကို ထိန်း... ယ်။ မမအညိုရောင်အတွက် ... အို ... ရှင် အပျော်တွဲခဲ့တဲ့... လေးတွေရဲ့ ခံစားချက်တွေအတွက် ရှင့်ရဲ့ ညို့ယူမှုအောက်... ကျွန်မ လဲပြိုကျလို့ မဖြစ်ဘူးလေ။ အရှုံးတွေကို ရင်မှာ နင့်နင့်... သည်း ထွေးပိုက်ပြီး လူ့လောကကြီးထဲက ထွက်ခွာသွားရတဲ့... ညိုရောင့်အတွက် ရှင့်ကို ကျွန်မ နိုင်ရမယ်။

နှုတ်ခမ်းသားလေးတွေ ပြုံးလာ၏။ တဖြည်းဖြည်း... ဘွမာလာသည်။ ဒီအခွင့်အရေးဟာ ကျွန်မအတွက် သိပ်ကို... င်းတဲ့ အခွင့်အရေးပါပဲ။

"ဒီလိုအပြုံးမျိုးတွေနဲ့ မလှောင်ပါနဲ့ ဝိုက်ရယ် ... ကိုယ် မခံစားနိုင်လွန်းလို့ပါ ... "

"အို ... ကျွန်မ မလှောင်ပါဘူးနော် ... ရှင် တကယ်ပြောတယ်ဆိုတာ ယုံကြည်ပြီးသားပါ ... ဒါပေမဲ့ ... ကျွန်မတို့တွေ့ကြတာ ဘာမှလည်း သိပ်ကြာသေးတာမဟုတ်တော့"

"အချစ်မှာ အချိန်အတိုင်းအတာရှိလို့လားဟင် ဝိုက် ... မြင်မြင်ခြင်း ချစ်မိတယ်ဆိုတဲ့စကားကို လက်တွေ့ရင်ဆိုင်လိုက်ရတဲ့ကိုယ်ကတော့ ... အံ့လည်းဩတယ် ... ကြောက်လည်း ကြောက်တယ် ... မယုံကြည်လို့ မရအောင်ဘဲ ဝိုက်ရယ် ... ကိုယ့်မျက်ဝန်းထဲကို ခရမ်းရောင်ဝမ်းဆက်ကလေး

နဲ့ အရိပ်ကလေးတစ်ခု စတင်ဝင်ရောက်လာချိန်က
ကိုယ့်နှလုံးသားတွေ ရပ်တန့်သွားလောက်အောင်ကို
လိုက်ရတဲ့အထိ ... ကိုယ်ဟာ အဲဒီ့အရိပ်ကလေးကို
ထပ်တစ်ကြိမ် ... ပြန်လည်မြင်တွေ့ခွင့်ရဖို့ တိတ်
ကလေး မျှော်လင့်နေမိခဲ့ရတာပါ ... "

ဟုတ်ရဲ့လားရှင် ... ။

ကျွန်မကို နောက်ထပ်မျှော်လင့်နေခဲ့တယ်
တကယ်မှဟုတ်ရဲ့လား။ ရှင်ဟာ သိပ်ကိုဟန်ဆောင်ကောင်း
တဲ့ ယောကျ်ားတစ်ယောက်ဆိုရင်တော့ အဲ့ဒီဟန်ဆောင်မှု
အတွက် ကျွန့်မ ကျေးဇူးတင်ပါတယ်။ ကျွန်မသိပ်ကို စိတ်ချ
ရတဲ့အတွက်ပေါ့။

ပြီးတော့ ...

ရှင်သိပ်ပြီး စိတ်မပူပါနဲ့။

ကျွန်မရှင့်ကို ချစ်ပါတယ်လို့ မဖြစ်မနေ အ
မှာပါ။ ဒါပေမဲ့ သိပ်ပြီးမလေးနက်မှာစိုးလို့ အချိန်နည်းနည်း
လိုက်တာလေ။ ပြီးတော့ ရှင့်ကို ကျွန်မလက်ထပ်မယ်။ အကြီး
ဆုံး အခမ်းနားဆုံးကို လက်ထပ်မှာ ပြီးတော့မှ ... ။

"ဝိုက် ... ဘာတွေတွေးပြီး ငေးနေတာလဲကွာ ...

"ဟုတ်တယ် ... ကျွန်မ အများကြီးတွေးရဦးမယ် ...
ဟာ ... ကျွန်မ မတွေးဘဲနေလို့မရလောက်အောင် စိုး





ပြီလေ ... ကျွန်မရဲ့ ဦးနှောက်တွေကို အကောင်းဆုံးအလုပ်
ပေးတဲ့သူပေါ့ ... "

"ဘယ်သူလဲဟင် ဝိုက် ... အဲဒါဘယ်သူလဲ"

"ရှင်လေ ... ရှင်ပေါ့ ... ဦးကြယ်တံခွန်ဆိုတဲ့လူရဲ့ ... "

"ဟာ ... တကယ် ... ဝိုက်တကယ်ပြောတာနော် ... ကိုယ့်
အကြောင်းတွေးနေတာ ... ဟာ ... ပျော်လိုက်တာကွာ
ကျေးဇူးတင်ပါတယ်ဝိုက်ရယ် ... ကိုယ့်အကြောင်းကို ဆက်
ပြီးတွေး ... ဆက်ပြီးတွေး ဝိုက် ... "

"ဟွန်း ... တော်တော် လူလည်ကျတယ် ... "

နှစ်ဦးသား ပြိုင်တူရယ်လိုက်မိတော့သည်။ အကြည်
...ဆုံး အကျေနပ်ဆုံးသောနေ့ကလေး တစ်နေ့ပါပဲ။



## အ ခ န်း ( ၁၉ )

"ဆရာသမားရယ် ... ကျွန်တော် ယုံတောင်မယုံနိုင်ဘူး
မအဖြူရောင်က ဒီလိုကျတော့လည်း ဘယ်ဆိုးလို့လဲ
ဟိုနေ့က တယ်လီဖုန်းထဲမှာများဗျာ ... လေသံကခပ်တင်း
တင်းကြီးနဲ့ လုံးဝကို မကြည်လင်ဘူး ... ဆရာသမား
လည်း သူ့ဆီလုံးဝမဆက်သွယ်ပါနဲ့လို့ မှာခိုင်းသေးတာ
မောင်သောင်းတောင် ... ဆရာသမားစိတ်ထိခိုက်မှာစိုး
မပြောရက်ဘူး ..."

"ဟား ဟား ... ဝိုက်က အဲ့ဒီလိုပဲကွ ... တကယ့်ကလေး
စိတ်ပဲ ... စိတ်အပြောင်းအလဲကလည်း မြန်သလား မမေး
အခု ရှင်နဲ့မိတ်ဆွေအဖြစ်က ရပ်ကြစို့လို့ပြောပြီး ... ယော





ဟိုနေ့ကကျတော့ ... ကျွန်မ ရှင့်အကြောင်း တွေးနေတာ
တဲ့ ... ဘာပဲဖြစ်ဖြစ် ... ငါကတော့ ဝိုက်ကို အရမ်းချစ်နေ
မိပြီကွ ..."

"ဆရာသမား ..."

မောင်သောင်းမျက်နှာ ပြုံးဖြီးဖြီးနှင့် ကျွန်တော့်ကို
...ပြီး ခေါ်လေလျှင် ဒီကောင့်အမူအရာကို အကဲမခတ်တတ်စွာ

"ဘာလဲကွ ..."

ဟု ထူးမိ၏။

"ဒီတစ်ခါတော့ မဖြစ်မနေ ဝန်ခံလိုက်ပြီပေါ့ ..."

"ဘာကိုလဲ ငါ ဘာဝန်ခံတာလဲ ... မင်းဟာကလည်း အစ
မရှိ အဆုံးမရှိကွာ ..."

"ဟိုတစ်ခါကလေ ... ခေါင်းကြီးငိုက်စိုက်ကျပြီး ဆရာသမား
အဖြူရောင်ကို သတိရနေတုန်းကပေါ့ ... အဲဒီအချိန်ထဲက
ဆရာသမားကို ပြောပါတယ် ... ဆရာသမားအချစ်ကို ရှာ
တွေ့သွားပြီလို့ ... ဒါပေမဲ့ ဆရာသမားက လုံးဝလက်မခံခဲ့
ဘူးနော် ... ကျွန်တော့်ကို စွပ်စွဲရမလားဆိုပြီး ... စိတ်တွေ
တိုနေသေးတယ် ... ပြီးတော့ ငြင်းလည်းငြင်းတယ်လေ
အခုရော ... ဘာငြင်းချင်သေးလဲ ..."

"ဩော် ... မင်းက အခုမှတရားခံကို လက်ပူးလက်ကြပ်ဖမ်း
ပြတာပေါ့လေ ... ဟုတ်လား မောင်သောင်း"

"ဒါပေါ့ဗျာ ... ကျွန်တော်က လူတွေအများကြီးနဲ့ တွေ့ခဲ့ တယ် ... လူတန်းစားအလွှာမျိုးစုံမှာ ကျင်လည်ခဲ့ရ အတွေ့အကြုံတွေ ရင့်ကျက်နေပြီ ... ဒါကြောင့် ... သမားရဲ့စိတ်ကို ရအောင်ဖတ်ပြခဲ့တာပေါ့ ... "

"ငါ့ရဲ့စိတ်ကို ... "

ဒီကောင် ...

မောင်သောင်း မဆိုးဘူး။

သူ ခန့်မှန်းပြီးပြောတာ မှန်နေသည်။ ဟုတ်သ တစ်ချိန်တုန်းက ကျွန်တော့်ရင်ထဲမှာ သူမဟာအခုလို ရောက်ရှိ လိမ့်မယ်လို့ တစ်ခါမှကို တွေးမထားတာ။ ပြီးတော့ ဝိုက်ရဲ့လ တွေအတွက်လည်း စိတ်ထဲမှာ သိပ်မပြေနိုင်သေးသောအ ကျွန်တော် ဇွတ်ပဲငြင်းပယ်ခဲ့ဖူးသည်။

"အေးကွ ... မင်းပြောတာ မှန်ခဲ့တယ် ... မင်းက လူ ယောက်ရဲ့စိတ်ကို အကဲခတ်နိုင်တယ်ဆိုရင် ... ဝိုက်ရဲ့ ကို အကဲခတ်နိုင်ချင်လိုက်တာကွာ ... ဝိုက်ရင်ထဲမှာ တွေ ရှိနေသလဲဆိုတာ ငါ သိပ်သိချင်တာပဲ မောင်သော ရယ် ... "

ဒီတစ်ခါတော့ ...

သက်ပြင်းမောကြီးကို မှုတ်ထုတ်မိသူကတော့ မောင်သောင်းပင် ဖြစ်တော့သည်။ ကျွန်တော်ပြောရင် ယုံမှာ





ဘာ ... ။ ဟိုနေ့ညက အဖြူရောင်ပြောခဲ့တဲ့စကားတွေကို နားထောင်ပြီးကတည်းက ကျွန်တော် အဖြူရောင်ရဲ့ စိတ် ခန့်မှန်းလို့ ရလိုက်ပါပြီ။ အဲ့ဒါဟာ ဘာလဲဆိုတဲ့အဖြေကိုတော့ ဘ်အခုအချိန်မှာ မပြောနိုင်ပေမယ့် တစ်နေ့နေ့ တစ်ချိန်ချိန် တော့ ပြောနိုင်ပါလိမ့်မယ်ဆရာ။ အဲဒီအခါကျရင်တော့ ...

"မောင်သောင်း ... ငါ အရက်မသောက်တော့ဘူးကွာ ... အိမ်မှာရှိတဲ့ ပုလင်းတွေအားလုံး မင်းလုပ်ချင်သလို လုပ် လိုက်တော့ ... တော်ကြာ ... သူအလည်လာလို့ တွေ့သွား မှဖြင့် ဖြေရှင်းရခက်နေဦးမယ် ... ပြီးတော့ ... ရေခဲသေတ္တာ ထဲလည်း လိုအပ်တဲ့အစားအသောက်တွေ အဆင်သင့် ဝယ် ဖြည့်ထားဦးကွ ... တော်ကြာ ဝိုက်လာလို့ရှိရင် စားစရာ တစ်ခုခု လိုအပ်နေရင် သိပ်ပြီးမကောင်းလှဘူး ... "

"စိတ်ချပါ ဆရာသမားရယ် ... အဖြူရောင်ကိုသာ ဒီအိမ်ကို အလည်လာအောင် ခေါ်ပါဦး ... ကျန်တာသာတာဝန်ယူ နိုင်တာနော် ... အဖြူရောင်လာဖို့တော့ မတတ်နိုင်ဘူး"

"အောင်မာ ... မင်းကများ ... ကြီးကျယ်လို့ ... ငါ့ကို အထင် သေးတယ်ပေါ့ ... ဒီလောက်မှမစွမ်းရင် မင်းရဲ့ဆရာဖြစ်နေ မလားကွ ... ကြည့်နေ ငါရအောင်ခေါ်လာပြမယ် ... မင်း စောင့်သာကြည့် ... "

"လောင်းကြေးထပ်တယ် ဆရာသမား ... အဖြူရောင် လုံးဝ

မလိုက်စေရဘူး ... အကြောင်းပြချက်တစ်ခုခုပေးပြီး [illegible]
ကို ငြင်းစေရမယ် ... ”

“အပိုင်တွက်လုချည်လား ... အေး မင်းကပြောတော့ [illegible]
ငါကရအောင်ကို ခေါ်လာပြရသေးတာပေါ့ ... ”

မောင်သောင်းနဲ့လောင်းကြေးလုပ်ပြီးမှ ကျွန်[illegible] စိတ်တွေ တစ်ခုခုချို့ယွင်းသွားမှာ စိုးရိမ်နေမိခဲ့သည်။ ဗိုက်ကစိ[illegible] တာ မဟုတ်။ အခုတစ်မျိုး တော်ကြာတစ်မျိုး။ တကယ့်[illegible] စိတ်။ အခုကောင်းနေပေမယ့် တော်ကြာဆိုးရင် ဆိုးသွားတာ [illegible] နဲ့ကိုယ်ကလည်း အမြဲတမ်း ကပ်သည်မရှိ။ ဒီကောင့်ကိုလည်း [illegible] မခံနိုင်ပါ။

ဗိုက်က ...

ကိုယ့်အိမ်ကို အလည်လာပါ့မလား။ ဘယ်လို[illegible] မျိုးတွေနဲ့မှ ကျွန်တော် သူမ စိတ်ဝင်စားအောင် ဖြားယောင်း[illegible] မလဲ။ ဗိုက်က တခြားမိန်းကလေးတွေလိုတော့ စိတ်မပျော[illegible] သေချာ၏။ အကြောင်းပြချက်ခိုင်လုံမှ ဖြစ်မှာ။ မောင်သော[illegible] အလောင်းအစားလုပ်ထားပါတယ်လို့ အမှန်အတိုင်းဝန်ခံပြီး [illegible] အညီတောင်းရကောင်းမလား။ ဒါလည်း မဖြစ်သေးပါဘူး [illegible] ကိုယ့်သိက္ခာတွေ အကျခံရမှာ။ ဒီကောင် သိသွားရင်လည်း [illegible] [illegible]ည်လည်လှောင်မှာပဲ ... ။

ဗိုက်ရယ် ...





မင်းကိုချစ်ရတာ ခက်ခဲလိုက်တာကွာ။

ဒါကြောင့်လည်း ...

မင်းကို တန်ဖိုးထားမိတာထင်ပါရဲ့။

“ရှင့်ရဲ့လုပ်ရပ်ဟာ ... သိပ်ကိုအန္တရာယ်များလွန်းတယ်လို့ မတွေးမိဘူးလား ယမုံ ... ဦးကြယ်တံခွန်လို ယောကျ်ား တစ်ယောက်ကို မိန်းမပျိုလေးရှိတဲ့အိမ်ကို အလည်ဖိတ် တယ်ဆိုတာ ... ဘယ်လိုမှ မသင့်လျော်တဲ့ကိစ္စပဲ... ကျွန်မ စိတ်ဆိုးတယ် သိလား ... ”

ကျွန်မနှုတ်ခမ်းကလေးတွေ စူတင်းပြီး ခပ်စွာစွာ [illegible]တဲ့အပြောကို ယမုံက ကျေကျေနပ်နပ်ကြီး ခံယူပါသည်။ မနက် [illegible]န်မဆီ ဦးကြယ်တံခွန် ရောက်လာသည့်အကြောင်းကို ပြန် [illegible]တော့ ယမုံက စိတ်ပျက်စရာကောင်းလောက်အောင်ပင် [illegible]မာနေခဲ့သည်။ တကယ်ဆို ကျွန်မကို ယမုံ တိုင်ပင်ထားသင့် [illegible]ပါ။ အခုတော့ ယမုံ့လုပ်ရပ်ကသိပ်ပြီး စွန့်စားလွန်းရာကျသည်။

တော်သေးတာက ...

ဦးကြယ်တံခွန်ဟာ အရင်ကလို ဆိုးသွမ်းမနေတော့ [illegible]န်မစိတ်တွေ ဘယ်လောက်တင်းထားရတယ်ဆိုတာ ယမုံ [illegible]ခံစားမိပုံမရချေ။

“ရှင်တို့ ချစ်သူတွေဖြစ်သွားကြပြီလား ... ”

“ဟင့်အင်း ... ကျွန်မ စဉ်းစားဦးမယ်လို့ ပြောထားတယ်”

"ရှင့်ကို သူဘာလုပ်သေးလဲ အဖြူရောင် ... ”

"အို ... ဘာလုပ်လို့ရမှာလဲ ... အေးအေးဆေးဆေးပဲ စကား ပြောပြီး ပြန်သွားတာပါ ... အဖြူရောင်ပဲဟာ ... သူ... သမျှ ငြိမ်ခံနေမယ့်သူမှ မဟုတ်တာ ... အသက်ချင်းအော... လဲပစ်လိုက်ဦးမယ် ... ”

"ဗုဒ္ဓေါရေ ... ဒါဟာ တကယ်ပဲလား ... ”

"ဘာလဲ ယမုံ ... ရှင်က ကျွန်မကို မယုံကြည်တာလား"

"အို ... မဟုတ်တာ ... ရှင့်ကိုမယုံတာ မဟုတ်ဘူးဗိုက် ... သူ့ကိုမယုံကြည်နိုင်လောက်အောင် ဖြစ်မိတာ... အသား မစားတဲ့ကျား ... ဥပုသ်စောင့်တဲ့ ခြင်္သေ့ကို အခုမှမြင်ဖူး... ပါ ... ”

"ဟွန်း ... စကားပုံကလည်း တခြားစီပဲ ... ”

"အဟဲ ... ပါးစပ်ထဲတွေ့ကရာနဲ့ ခိုင်းနှိုင်းပြတာပါဟာ ... တော့ အံ့သြတာပဲ ... ဒီလောက် လက်သွက်တဲ့လူက ... ရှင်နဲ့ကျမှ ငြိမ်နေရတယ်လို့ ... ပြောလို့သာ ယုံရတာ ... ခက်တော့ ခက်သားပဲ ... ”

"ဟုတ်တယ်နော် ယမုံ ... သိပ်ထူးဆန်းတာပဲ ... ကျွန်မ တစ်ချိန်လုံး စိတ်တွေထင့်နေမိတာ ... သူကလေ အေးအေး ဆေးဆေး ပြန်သွားတော့မှပဲ ... ယုံရခက်ခက်နဲ့ သက်ပြင်း ချနိုင်တော့တယ် ... ”





"ရှင့်ကို သူ တကယ်ချစ်သွားပြီ ထင်တယ် ... ”

"ဘာရယ် ... ”

ရင်ခုန်သံတွေ ဝုန်းခနဲမြည်ဟည်းသွားရသည်။

ယမုံ့စကားသံလေးက ညင်သာသော တေးသွား ...လို ရင်ထဲသို့ စီးဝင်လာသည်။ ကျွန်မ ဘာကြောင့် အခုလို ...ချင်နေရတာလဲ ... ။

"ရှင့်အတွက် ကံကောင်းတာပေါ့ အဖြူရောင် ... ဒီအခြေ အနေမျိုးနဲ့မှ ရှင်ကြိုက်သလို လက်စားချေနိုင်မှာ ... ”

ယမုံရယ် ...

သူ့အသည်းတွေ မခွဲနိုင်ခင် ကျွန်မအသည်းနှလုံးတွေ ...်နေတာကိုရော ရှင်သတိမထားမိဘူးလားဟင်။ ယောက်ျား ... အကင်းရှင်းဆုံးနေလာခဲ့တဲ့ မိန်းမဘဝမှာ ပထမဆုံးပတ်သက် ...ဆိုလို့ ကြယ်တံခွန်ဆိုတဲ့ ယောက်ျားတစ်ယောက်ပဲ ရှိပါ ...

ကျွန်မ ကံကောင်းတာတဲ့လားဟင် ... ။

မမအညိုရောင့်ချစ်သူ ပြီးတော့ ကျွန်မတို့ရဲ့ အမိက ... ဒါတွေဟာ လုံးဝပြောင်းလဲလို့ မရတဲ့ဖြစ်ရပ်တွေပဲ။ အဲ့ဒါတွေ ... သိထားတဲ့ ကျွန်မအတွက်တော့ သိပ်ကိုကံဆိုးတာပါပဲ ယမုံ ... ။ သူ ကျွန်မကို သိပ်ချစ်သွားတယ်ဆိုရင်တောင် ကျွန်မဟာ ...ားပြီး မခံယူဝံ့တော့ပါဘူး။

အနီးကပ်မြင်တွေ့လိုက်ရတော့ ... ။

သူ့ရဲ့ နူးညံ့ချောမွေ့နေတဲ့ မျက်နှာကလေးကို ငေး ကြည့်နေချင်တဲ့စိတ်ဟာ ဘယ်လိုမှကို တားဆီးလို့မရဘူးသော မြင့်မားသော အရပ်အမောင်း အညိုရောင်သမ်းနေတဲ့ မျက်ဝန်းအ စုံ လေးကိုင်းလိုတွန့်ကွေးပြီး ခပ်တွဲတွဲနှုတ်ခမ်းရဲရဲကလေးတွေ ယောက်ျားတစ်ယောက်ကို ကြည့်ကောင်းတာထက် ပိုပြီး ချော စေသည်။

တစ်ချက် ... တစ်ချက် ...

သူ့ရဲ့အကြည့်စူးစူးအောက်မှာ ကျွန်မ ယိုင်နဲ့ခဲ့ရ ဘယ်သူသိမှာလဲဟင်။ ဟန်ဆောင်ထိန်းချုပ်မှုတွေနဲ့ ရင်တစ်ခု ရစရာမရှိအောင် တင်းကျပ်နေရတယ်ဆိုတာ ဘယ်သူ ခံစား နိုင်မှာတဲ့လဲကွယ် ... ။

ယမုံရယ် ...

ရှင် သိမလားဟင်။

ကျွန်မလေ ...

သူ့ကို ချစ်နေမိပြီ ... ။

ဘယ်လိုမှ ရုန်းထွက်မရလောက်အောင် နှစ်သက် တာ။ သူ့နံဘေးမှာထိုင်ပြီး သူ့ဆီကပြောမယ့်ချစ်စကားလေးတွေ ကျွန်မ ရင်ခုန်စွာပဲ နားထောင်ချင်နေမိတယ်။ သူ့ရဲ့ အယုအယလေး တွေကို ချစ်သူကလေးဖြစ်တဲ့ ကျွန်မက ခံယူချင်သေးရဲ့ကွယ်။





ဒါပေမဲ့လေ ...

ကျွန်မ လောဘမကြီးပါဘူး။ ရှင့်ဆီက ဘာတစ်ခုမှ ...င်တောင် ရှင့်နှုတ်ခမ်းသားလေးပေါ်က သိပ်ချစ်ပါတယ်ဆိုတဲ့ ...းလေးတွေကိုပဲ တိတ်တဆိတ်လေး ကျေနပ်နေပါရစေနော်။

ယမုံရယ် ... ။

ရှင် ...

ကျွန်မကို နားလည်ပါနော် ... ။



## အခန်း (၂၀)

ယူ့ခြံထဲ ကားလေးထိုးဝင်လိုက်သည်ဆိုလျှင်ပဲ ... ကျွန်မ မျက်ဝန်းလေးတွေ ပြုံးကျယ်ဝိုင်းစက်သွားရသည်။ ခြံကျယ်ကြီးထဲမှာ ကားတချို့ ရပ်ထားမှာပဲဆိုတဲ့အသိက ယခုတော့ တခြားစီ ဖြစ်လို့နေသည်။

"လာလေ ပိုက် ... ကားပေါ်ကဆင်းလေ ... "

ကျွန်မရဲ့ ကားတံခါးကို အသာဆွဲဖွင့်ရင်း သူက နူးညံ့သောအပြုံးနကလေးနှင့် ကြိုဆိုမှုကို ဘယ်လိုမှ မသာယာနိုင်လောက်အောင် ကျွန်မရဲ့စိတ်တွေ လေးလံထိုင်းမှိုင်းသွားရပြီ။

"မွေးနေ့ပွဲဆို ... "

"ဟုတ်တယ်လေ ... ဒီနေ့ ကိုယ့်မွေးနေ့လေ ... အရင်တုန်း





ကတော့ ... အပေါင်းအသင်းတွေခေါ်ပြီး ... ညစာ ဖိတ်ကျွေးပြီး မွေးနေ့ပွဲကျင်းပလိုက်တာပဲလေ ... အခုတော့ ကိုယ့်စိတ်ထဲမှာ တစ်မျိုးလေးစဉ်းစားမိတယ် ... ဒီ တစ်ခါ မွေးနေ့ကို ပိုက်နဲ့ အေးအေးဆေးဆေးလေး ကျင်းပမယ်လို့လေ ... "

"အို ... ဘယ်ကောင်းမလဲရှင် ... ဒီအိမ်ကြီးထဲမှာ ရှင်နဲ့ ကျွန်မ နှစ်ယောက်တည်းဆိုတဲ့ အသိကြီးဟာ ... လူ့ဘောင်လူ့စည်းကမ်းနဲ့ ဘယ်လိုမှ မကိုက်ညီတဲ့ အဖြစ်ပဲ ... ကျွန်မ ပြန်တော့မယ် ... "

ကားပေါ် ပြန်တက်ဖို့ ကြိုးစားနေသော ကျွန်မကို ...ားတံခါးပေါက်ကို အသာပိတ်ရပ်ပြီး သူ ပျာပျာသလဲ တားဆီး ...သေ၏။

"အစကတည်းကသာသိရင် ... ကျွန်မ လာဖြစ်မှာ မဟုတ်ဘူး ... ရှင်ကြိုပြီး ခွင့်တောင်းဖို့တော့ ကောင်းပါတယ်"

"ဆောရီးပဲ ပိုက်ရယ် ... အခုကိစ္စမှာ ပိုက်ကိုဖွင့်မပြောမိတာ ကိုယ်တောင်းပန်ပါတယ် ... ကိုယ် တကယ့်ကို မရည်ရွယ်ပါဘူး ... ကိုယ့်အိမ်မှာ ပိုက်နဲ့အတူ မွေးနေ့အထိမ်းအမှတ်ကလေးတစ်ခုအဖြစ် အတူတူစားသောက်မယ် ... ပြီးရင် မွေးနေ့ကိတ်ကလေးရှေ့မှာ ဆုတောင်းပြီး ... ဖယောင်းတိုင်ကလေးတွေ အတူမှုတ်မယ် ... ဒီလောက်ပါပဲ ... ပိုက်

ကိုယ် အဲဒီအတွက်ပဲ အခုလို ဖိတ်လိုက်တာပါ ... ပိုက်
ကိုယ့်ကို ယုံပါနော် ... မကျေနပ်ရင် ... ပိုက် ကြိုက်သ
အပြစ်ပေးပါ ... စိတ်တော့ မဆိုးပါနဲ့ ပိုက်ရယ် ... နော်

ကြွယ်တံခွန်လား ...

ဒါဟာ ကြွယ်တံခွန်ဆိုတဲ့ ယောကျ်ားဟုတ်ရဲ့လား

ကျွန်ကို အချိုသတ်ပြီး ထောင်ချောက်ဆင်နေ
မဖြစ်နိုင်ဘူးလားဟင် ... ။

မိန်းမတွေကို ... အထင်သေးစွာ ဆော့ကစား
လောက်ပဲ စိတ်ဝင်စားတတ်တဲ့ အသုံးမလိုရင် ရက်ရက်စက်စက်
လမ်းခွဲဖို့ ဝန်မလေးတတ်တဲ့ ကြွယ်တံခွန်ဆိုတာ ကျွန်မရှေ့မှာ
မထောက်ရုံတမယ် တောင်းပန်နေတဲ့သူတဲ့လားကွယ်။ ဟန်ဆော
ကောင်းလှချည်လား ဦးကြွယ်တံခွန်ရယ် ... ။

အံ့ဩစရာကောင်းလိုက်ပါဘိတော့။

"ထားပါတော့လေ ... ရောက်လာပြီးမှတော့ ဘာတတ်နိုင်
တော့မှာလဲ ... ဒီတစ်ကြိမ်တော့ ကျွန်မ ခွင့်ပြုလိုက်ပါမယ်"

"ကျေးဇူးပါပဲ ပိုက်ရယ် ... လာ ... ပိုက် ... အထဲကိုဝင်"

သူက ရှေ့ကနေဦးဆောင်ပြီး ဝင်သွား၏။ ကျွန်မ
အသာကလေးလိုက်ဝင်မိသည်။ ဒီအိမ်ကို အခုတစ်ကြိမ်နှင့်ဆိုရောက်
ဖူးတာ နှစ်ခါတိတိ။ ပထမတစ်ခါက သူ့ဆီကိုနှင်းဆီပန်း ရောင်
အောင်ခိုးဝင်ပြီး ပို့ခဲ့တာ။ ကြီးမားကျယ်ပြန့်သော ဧည့်ခန်းကြီး





အိစက်နေသော အနက်ရောင်လည်သာ သားရေဆိုဖာထိုင်ခုံကြီး
တွေက အခန့်သား။ မှန်တံခါးဒေါင့်တစ်ဘက်တစ်ချက်စီတွင် ပန်းအိုး
ကြီးကြီးနှင့်ထည့်ကာစိုက်ထားသော ရွက်လှပန်းပင်နှစ်ပင်။

စားပွဲပေါ်တွင် အလှတင်ပန်းအိုးကလေးက ကဗျာ
လွှမ်းလှသည်။ တစ်ခန်းလုံး အေးစိမ့်ပြီး မွှေးပျံ့နေ၏။

ချမ်းသာလိုက်တာ ... ။

နံရံမျက်နှာကျက်ပေါ်တွင် တပ်ဆင်ထားသော
ဆိုင်းလှလှကြီးက ကြွရွနေ၏။ နံရံတွင် ပန်းကနုတ်ဘောင်အကြီး
နှင့် ကွပ်ထားသော ချောမွေ့သော ယောကျ်ားတစ်ယောက်
ကြွယ်တံခွန်ပဲ။

ခတ်ပုံလေးက အသက်ဝင်လွန်းလှသည်။

"ဦးကြွယ်တံခွန် ... "

"ဗျာ ... "

"ခတ်ပုံက တော်တော်လေး အသက်ဝင်တာပဲနော် ...
မျက်ဝန်းတွေက စူးရဲတောက်ပနေတာပဲ ... "

"ဗျာ ... "

"သြော် ... ဟိုနံရံမှာ ချိတ်ထားတဲ့ ခတ်ပုံလေးကို ပြောတာ
ပါ ... "

"ဒါလား ... အဲဒါ ... ကျွန်တော် မဟုတ် ... အဲ ... ဟုတ်

တယ် ... ဟုတ်တယ် ... ခတ်ပုံဆရာကောင်းလွ
လေ ... "

"သြော် ... "

"ခဏလေးနော် ... ဝိုက် ... ကိုယ် စားစရာတွေ ပြင်
ဦးမယ် ... ဝိုက် ဆာနေပြီလားဟင် ... "

"သိပ်တော့ မဆာသေးပါဘူး ဦးကြွယ်တံခွန်ရဲ့ ... အိမ်
ကော်ဖီသောက်လာသေးတယ် ... ယမုံကတောင်
စားမှာ ဒီကနေ အစားတွေ အဝစားမနေနဲ့ဦးလို့
သေးတာလေ ... "

"ဝိုက် ... "

"ရှင် ... "

စူးရဲ့စွာတစ်ချက်ကြည့်ကာ ခပ်တိုးတိုးကလေး
တော့ သူ့ကို အလန့်တကြားပင် မော့ကြည့်မိသည်။ ညို့မျက်
တစ်စုံအောက်ကို အမှတ်မထင် မျောပါသွားမိပြီ။ ရင်ခုန်သံ
အဆက်မပြတ် အချစ်သီချင်းကလေးတစ်ပုဒ်ကို စိတ်ထဲက
သီကျူးနေမိသည်။

"ဝိုက်ကို ကိုယ်ချစ်တယ် ... လက်ထပ်ချင်တယ် ဝိုက်

သူမမျက်နှာကလေးကိုငေးရင်း တစ်ခွန်းချင်း
သည်။ ဒီမိန်းကလေးကို ကျွန်တော် ဘယ်လိုနှစ်သက်မိမှန်း
ဘူး။ အေးချမ်းနေသော နှလုံးသားရေပြင်တစ်ခုကို လှိုင်ကလေး





အောင်လုပ်ခဲ့တဲ့ သူမကို ဘယ်လိုမှ အပြစ်မဆိုရက်ပါ။

အချစ်ကို စတွေ့လိုက်ရချိန်မှာ သူမက ရင်ထဲသို့
ူးနှင့်နှင့်ကြီးကို တိုးဝင်ပြီး စိုးမိုးထားခဲ့ချေပြီတည်း။ ချစ်တယ်ဆို
ဲ့ စကားထက် ပိုပြီးလေးနက်တဲ့စကားမျိုးရှိရင် သူမ ယုံကြည်
အောင် ကျွန်တော် ပြောချင်ပါသည်။ မင်းလည်း ကိုယ့်ကိုချစ်တယ်
ဆိုတာ ကိုယ်ခံစားမိပါတယ်။ မင်းရဲ့မျက်ဝန်းလေးတွေထဲမှာ ကိုယ့်
ို အဖြေပေးနေပြီးပြီလေ။ ဒါကို ဘာကြောင့် ဟန်ဆောင်မှုတွေနဲ့
န်းကွယ်ချင်ရတာလဲကွယ်။

"ကိုယ် မင်းနဲ့မခွဲနိုင်ဘူး ဝိုက်ရယ် ... ကိုယ့်အနားမှာ မင်း
နေပေးပါနော် ... မင်းမရှိရင် ကိုယ့်ဘဝရေစုန်မျောသွားလိမ့်
မယ် ... "

အသံအက်အက်ကလေးက ကျွန်မရဲ့အသိစိတ်တွေ
ို ဝေဝါးသွားစေခဲ့သည်။ တဒင်္ဂလေးမှာပဲ ကျွန်မကိုယ်လေး သူ့
င်ခွင်ထဲရောက်သွားခဲ့ပြီ။ နူးညံ့ညင်သာသော အနမ်းကလေး
ာစ်ပွင့်က ဆံနွယ်နုနုကလေးပေါ်သို့ ကျရောက်လာခဲ့၏။

"အို ... လွှတ်ပါ ... ဦးကြွယ်တံခွန် ... "

အသိစိတ်တို့ ပြန်တိုးဝင်လာချိန်မှာတော့ ကျွန်မ
သည် သူ့ရင်ခွင်ထဲမှ တုန်လှုပ်စွာပင် ရုန်းထွက်ပစ်လိုက်မိသည်။

"ရှင် ... ရှင် ... သက်သက်မဲ့ ကျွန်မကို လှည့်စားတာပဲ ...
ဒီကိုခေါ်တာ ဒီအကြံအစည်နဲ့ကိုး ... ကြည့်စမ်း ကျွန်မရဲ့

ယုံကြည်မှုကို အလွဲသုံးစားလုပ်တယ် ... ရှင် ... ရှင် [illegible]
ကို သိပ်အထင်သေးလွန်းတယ် ... ”

ပြောရင်း ရင်ထဲဆို့တက်လာ၏။

ပါးပြင်ကလေးထက် မျက်ရည်စီးကြောင်းကြီး[illegible] ထင်ရှားစွာပင် စီးဆင်းနေသည်။ အင့်ခနဲ ငိုရှိုက်သံနှင့်အတူ [illegible] ကိုယ်တစ်ခုလုံး အင်အားချည့်နဲ့စွာ ဆိုဖာခုံလေးပေါ်သို့ လျော[illegible] သွား၏။

“ဝိုက် ... ကိုယ် ... ကိုယ် ... ဟာကွာ ... မငိုပါနဲ့ဝိုက်[illegible]
ကိုယ်မှားပါတယ် ... ကိုယ်မှားသွားတာပါ ... တောင်းပ[illegible]
တယ် ... ကိုယ်တောင်းပန်ပါတယ် ဝိုက်ရယ် ... ဟာ[illegible]
တကယ်ဆို ကိုယ့်စိတ်တွေကို ထိန်းချုပ်ထားရမှာ ... [illegible]
ပြီကွာ ... ကိုယ့်ကို ခွင့်မလွှတ်ပါနဲ့ဝိုက်ရယ် ... ”

သူက အရူးတစ်ယောက်လို ... ကျွန်မရှေ့မှာ [illegible] ထောက်ထိုင်ချရင်း တတွတ်တွတ် တောင်းပန်နေခဲ့သည်။ တက[illegible] ဆို သူ့ရဲ့ချစ်စကားအောက်မှာ ကျွန်မအလိုက်သင့် မျောလိုက်ရ[illegible] လေ။ အမိကက သူ့ရဲ့ချစ်သူအဖြစ်နေပြီး သူ့ကို ဒုက္ခပေးရမှာ။

အခုကော့ ...

ဘာကြောင့်များ သူ့အချစ်ကို ငြင်းပယ်နေမိတာလ[illegible] ခံစားနေရသည်။ ဝမ်းနည်းနေမိ၏။ အချစ်တွေက နှလုံးသားတစ်[illegible] လုံးကို တင်းကျပ်အောင် ရစ်နှောင်ထား၏။ တကယ်ဆို ကျွန်မ[illegible]





[illegible]ပျော့ညံ့ညံ့စိတ်တွေကို ထိန်းချုပ်ထားရမှာ။ သူ့ကို မသနားမိ[illegible]အောင် ကြိုးစားရမှာလေ။ ကျွန်မကိုယ်တိုင်လည်း ဘာခံစားချက်မှ [illegible]အောင် နေပြရမှာ ... ။

“ဝိုက် ... ”

“ရှင် ... ”

ကျွန်မစိတ်တွေကို ပြန်ပြီးထိန်းချုပ်ရမယ်။ ကျွန်မ [illegible]ကစပြီး သူနဲ့အနီးဆုံးကိုရောက်အောင် မနည်းကြိုးစားထား[illegible]တာ။ ဒါတွေကို လက်လွှတ်ဆုံးရှုံးခံဖို့ မဖြစ်နိုင်ဘူး။ ရှင် တစ်ခု[illegible]တော့ ပြန်လျှော်ရမယ်။ ရှင် ခံစားစေရမယ်။ ကျွန်မ အလျှော့မပေး[illegible]ဘူး ဦးကြယ်တံခွန်။

မမအတွက် ရှင့်ဆီက အထိုက်တန်ဆုံးလျော်ကြေး [illegible]တော့ ရအောင် တောင်းရမှာပဲလေ။

“စိတ်မဆိုးပါနဲ့ ဝိုက်ရယ် ... ကိုယ် မခံစားနိုင်လို့ပါ ... ကိုယ့်
ကို တစ်ခုခုလုပ်လိုက်ပါ ... အဲ့ဒီလိုကြီး ငြိမ်မနေပါနဲ့ ... ”

“ကောင်းပြီ ... ကျွန်မ ရှင့်ကို အပြစ်ပေးရမှာပေါ့ ... အစက
တော့ ရှင့်မွေးနေ့မှာ ရှင့်အတွက် ဘာမွေးနေ့လက်ဆောင်
ကို အမှတ်တရ ဖြစ်အောင် ပေးရမလဲလို့ စဉ်းစားလာခဲ့
တာ ... အဲဒီပစ္စည်းဟာ ရှင်လိုအပ်နေတဲ့အရာလည်း ဖြစ်ရ
မယ်လို့လေ ... နောက်ဆုံး ကျွန်မ ဆုံးဖြတ်လိုက်တယ်၊
အဲဒါ ရှင်တောင်းထားတဲ့ အဖြေကိုပေးဖို့ပေါ့ ... ”

"ဟာ ... တကယ်"

"နေဦး ... သိပ်ပြီး ဝမ်းသာမနေနဲ့ဦး ... အခုတော့ ရှင် [illegible] ကျွန်မကို တစ်ယောက်တည်း ရွေးဖိတ်ပြီး ... အ [illegible] အထင်သေးတဲ့ အပြုအမူမျိုး လုပ်တယ်ဆိုတော့ ... ရှင် [illegible] ကျွန်မ သိပ်စိတ်ဆိုးတယ် ... အဲဒီတော့ ... ဒီနေ့ယော [illegible] အဖြေကို နောက်တစ်ပတ် စနေနေ့မှာပေးမယ် ... အ [illegible] ကျွန်မ ပြန်မယ် ... လုံးဝမတားရဘူး ... ကားနား [illegible] လည်း လိုက်မပို့ရဘူး ... ဒါ ... ရှင့်ကို ဒဏ်ပေးတာပဲ"

"အောင်မလေးဗျာ ... ရက်စက်လိုက်တာ ... ဝိုက်ရယ် ... ကိုယ် မှားသွားပါတယ် ... အမှားတကာ အမှားထဲမှာ အ [illegible] အမှားက ရင်ကိုအထိဆုံးပဲဗျာ ... "

မျက်နှာကြီးရှုံ့မဲ့ပြီး ...

ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဖြစ်နေ၏။ ကျွန် [illegible] မျက်နှာထား ခပ်တင်းတင်းလေးနှင့်မို့ သူပြောလည်းမပြောရဲ [illegible] ဆီးဖို့ ကြိုးစားချင်ပေမယ့် အပြစ်ထပ်ကြီးမှာစိုး၍ ငြိမ်နေရ၏။

သူမ နေရာကနေ အသာထကာ ထွက်သွားတော [illegible] ငိုင်ပြီး ကျန်နေရစ်ခဲ့သည်။

"ဝိုက် ... "

ခေါ်သံကြောင့် ... ကျွန်မ ခြေအစုံရပ်သွားသည်။ သို့ပေမယ့် လှည့်တော့မကြည့်ဖြစ်ပါ။





"စနေနေ့နော် ... "

သူ့အမေးကြောင့် ရယ်ချင်စိတ်ကို မနည်းထိန်းလိုက် [illegible]သည်။ နှုတ်ခမ်းသားလေးတွေ ပြုံးနေ၏။ ဒါကို ကြယ်တံခွန် မမြင် [illegible] နောက်ကျောခိုင်းထားသဖြင့် သူ့မျက်နှာငိုမဲ့မဲ့ဖြစ်နေမှာကို [illegible] မြင်ယောင်မိသေးပြန်၏။

"ကျွန်မ မမေ့တတ်ဘူး ... "

"ကိုယ် စောင့်နေမယ် ... ဘယ်အချိန်လဲဟင် ... သိခွင့်ရမယ်ဆိုရင် ... သိပ်ကောင်းမှာပဲ ... "

"မသိသေးဘူး ... အဲဒီအချိန်ကျမှ စဉ်းစားမှာ ... ကျွန်မ ရှင့်ကို တစ်နည်းနည်းနဲ့ ဆက်သွယ်ပါ့မယ် ... စိတ်မလောပါနဲ့ ... အေးဆေးပေါ့ ... "

"ကိုယ် ဝမ်းသာရမှာလား ဝိုက်ရယ် ... "

"အဲဒါလည်း မသိဘူး ... "

သွက်လက်သော ခြေလှမ်းကလေးများနှင့် ဆက် [illegible]က်ခဲ့မိတော့သည်။ ရင်တွေကတော့ တထိတ်ထိတ် ခုန်နေဆဲ

ယောက်ျားတစ်ယောက်ရဲ့ နူးညံ့ညင်သာသော ဖြား [illegible]ောင်းမှုကလေးကို မေ့ဖျောက်မရနိုင်လောက်အောင် ဖြစ်နေရ [illegible]သည်။ ထုံအီနေသော ရေမွှေးနံ့သင်းသင်းလေးက ယခုတိုင် ကျွန်မ [illegible]ယ်မှာ စွဲကပ်သင်းပျံ့နေဆဲ ... ။

ကျွန်မ ရှင့်ကိုချစ်တယ် တံခွန် ...

ဒီစကားလေးဟာ ရင်ထဲက အရိုးသားဆုံးနဲ့ အ... ကန်ဆုံး စကားလေးပါ။ ဒါပေမဲ့ ကျွန်မမှာ ပြောပိုင်ခွင့်မရှိဘူး...

အချစ်ကို စတင်တွေ့ရှိချိန်မှာပဲ ...

အဲဒီအချစ်ဆီက ... အဝေးဆုံးကို ခြေလှမ်းရ... လောက် ရင်နာဖို့ကောင်းတာ မရှိတော့ဘူးကွယ်။







အခန်း ( ၂၁ )

ကိုယ်က သိပ်ချစ်မိတဲ့လူတစ်ယောက်ကို 'မင်းကို ...နေပါတယ်'လို့ ဖွင့်ဟဝန်ခံရတာ ဘယ်လောက်စိတ်ချမ်းမြေ့စရာ ...င်းလိုက်သလဲလို့။ သူ့ဘက်ကလည်း လက်ခံစဉ်းစားပေးဖို့ ...ပြတ်ခဲ့ပြီးသားမို့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ပျော်စရာနေ့ရက် ...ပိုမိုများပြားလာတော့မည့်အရေးကို တွေးရတာလောက် ကြည် ...ကောင်းတာ မရှိတော့။

သူမဟာ ...

ဘယ်လိုရည်ရွယ်ချက်၊ ဘယ်လို လှုံ့ဆော်မှုတွေနဲ့ပဲ ...လာခဲ့သည်ဖြစ်စေ ... ကိုယ့်နှလုံးသားကလေးကို တစ်ခဏ ...ငြိမ်စေခဲ့တဲ့အတွက် အရမ်းကိုကျေးဇူးတွေ တင်မိပါရဲ့။

ကျွန်တော့်ရဲ့ ပျင်းရိငြီးငွေ့ဖွယ်ရာ ဘဝကလေး သို့ မထင်မှတ်စွာ တိုးဝင်လာခဲ့သော သူမကြောင့် ... ယခု ပျင်းစရာမကောင်းလောက်အောင် သူမကလေး အနောက် တီတဲတီတ်ကလေး လိုက်ချောင်းရ။ သူမကလေးဆီ နှစ်သက် လက်ဆောင်ပစ္စည်းကလေးတွေ ရှာဖွေပြီး ပို့ပေးရနှင့် တစ်နေ့ သည် ဘယ်လို ဘယ်လို ကုန်ဆုံးသွားမှန်းတောင် မသိတော့

သူမကလေး ပေးထားခဲ့သော တစ်ပတ်တာ ကာလကလေးကို ဘယ်လိုအကုန်မြန်စေချင်မှန်း မသိပါဘူး။ တောင်းရတာတွေလည်း များလွန်းလှသဖြင့် အိမ်က ဘုရား နားငြီးနေလောက်ပြီ။

မောင်သောင်းကတော့ ကျွန်တော် ပျော်ရွှင်နေ တစ်စက်ကလေးမှ ကြည့်မရ။ ဒီကောင်က လောင်းကြေးရှုံး တာကိုး ဘယ်ကြည့်လိမ့်မလဲ။

အချစ်သီချင်းတွေဖွင့် ...

ခံစားချက်ကလေးနဲ့လိုက်ဆို တော်တော် ဟုတ်နေ၏။

တူ ... တူ။

တူ ... ။

ဟမ်းဖုန်းကို ရင်ခုန်စွာ ကောက်ကိုင်လိုက်ပါသည် ဒီနေ့ စနေနေ့လေ။ သူမဘက်က ဆက်သွယ်မှုကို ဘာအလုပ်





ုပ်ဘဲ ငြိမ်ငြိမ်ကလေး စောင့်စားနေခဲ့တာ။ ဒီနေ့ကလေးကို ောက်ဖို့ ကျွန်တော် ဘယ်လောက် စောင့်ခဲ့ရတယ်မှတ်လဲ။

"ဟယ်လို ... "

"ဟာ ... ဆရာသမားလား ... ညိုထွန်းပါ ... အခုအရေးကြီး လို့ ကုမ္ပဏီကို လာနိုင်မလားဟင် ... ဧည့်သည်တွေ ဆရာ သမားနဲ့ တွေ့ဖို့ပြောနေတယ် ... "

"ဟာကွာ ... မင်းကလည်း ... နောက်နေ့ချိန်းတာမဟုတ် ဘူး ... ဒီနေ့ ငါလုံးဝ မအားဘူးကွ ... မနေ့တည်းက မင်းကို ပြောထားပြီးသားပဲ ... ဒီနေ့ လုံးဝအနားယူမယ်လို့ ... "

ဝိုက်ဆီကလားဆိုပြီး ရင်ခုန်စွာ ဖုန်းကိုင်လိုက်မိတာ တော့ ညိုထွန်းဆီက ဖြစ်နေ၏။ မနေ့က ဒီကောင့်ကို ပြော ပြီးသား။ မနက်ဖြန် တစ်ရက်အလုပ်နားမယ်။ ဘာကိစ္စနဲ့မှ မဆက်နဲ့လို့ မှာထားပြီးသား။ ဒါကို ဒင်းက အခုအရေးကြီးလို့ ုံး လှမ်းခေါ်နေပြီ။

"ဆရာသမား ... ဧည့်သည်တွေက မနက်ဖြန် နိုင်ငံခြားကို ပြန်ကြတော့မှာဗျ ... ဒါကြောင့် ဒီနေ့ပဲတွေ့ပါရစေတဲ့ဆရာ သမား ... အခုကိစ္စက ... ကျွန်တော်တို့ ကုမ္ပဏီအတွက် အကျိုးအမြတ် အများကြီးရစေမှာနော် ... ဆရာသမား ... ခဏလေးပဲလာပါဗျာ ... ကျွန်တော် ဆယ်နာရီတိတိချိန်း ထားတယ် ... "

"ဟော့ကောင် ညိုထွန်း … ဧည့်သည်တွေလာရင် … ငါ လာမတွေ့နိုင်ဘူးလို့သာ ပြောလိုက် … အဲ့ဒီအကျိုးအကြောင်း ကို ငါ လုံးဝစိတ်ဝင်စားလို့ မရဘူး … သူတို့က ငါတို့ကုမ္ပဏီ နဲ့ အလုပ်လုပ်ချင်တယ်ဆိုရင် … သူတို့ဖြစ်အောင် စီစဉ် လိမ့်မယ် … ဒါမှမဟုတ်ရင်လည်း ညောင်းပါစေတော့ကွာ"

"ဟာ … ဆရာသမား"

ပြီးပြီ … ။

အပြတ်သားဆုံး ပြောပြီး ဖုန်းကိုပိတ်ပစ်လိုက်သည်။ နှုတ်ကလည်း ခပ်ဖွဖွ ရေရွတ်ပြီး ကျိန်ဆဲလိုက်မိ၏။

"တူ … တူ … တူ"

ဟော …

ဆက်ပြန်ပြီ။

ဟမ်းဖုန်းကိုပိတ်ထားတော့ အိမ်ဖုန်းကို ဆက်ပြန်ပြီ။ ဒီကောင်ကွာ တော်တော်လေး ညံ့တဲ့တပည့်။ အလိုက်ကန်းဆိုး တစ်စက်ကလေးမှ မသိတဲ့တပည့်ပဲ။ ဒေါသတကြီး ဖုန်းခွက်ကို ကောက်ယူကာ နားထောင်ရင်း … ။

"ဟော့ကောင် … မင်းကို ငါပြောထားပြီးပြီနော် … လူလို နားမလည်ဘူးလား … ငါအခုအချိန်မှာ ဘာမှစိတ်မဝင်စား ဘူးလို့ … တောက် … "

"ရှင် … ရှင် … ဘယ်သူ့ကို ပြောတာလဲဟင် … "





"ဟာ … ပိုက် … ပိုက်လား … ဆောရီးကွာ … ကိုယ် ညိုထွန်းဆီက ဖုန်းမှတ်လို့ … ပိုက်ရယ် စောင့်လိုက်ရတာ အခုမှပဲ ဆက်တော့တယ်နော် … "

"အခုမှ လူကိုလာဖြီးမနေပါနဲ့ … စောစောက ကျွန်မမှန်း သိလို့ တမင်ပြောတာ မဟုတ်လား … လူလိုနားမလည်ဘူး၊ လုံးဝ စိတ်မဝင်စားဘူးဆိုတာလေ … "

"ဟာ … လုံးဝ မဟုတ်ရပါဘူးကွာ … ဘုရားစူးပါရဲ့ … ကျိန်ပြောဝံ့ပါတယ်ပိုက်ရယ် … ဟိုကောင် ညိုထွန်းကိုပြော တာပါ … ဒီနေ့ ဘာအလုပ်ကိစ္စမှ လာမပြောနဲ့လို့မှာထား လျက်နဲ့ … ဒီကောင်က နိုင်ငံခြားသားဧည့်သည်တွေကို ဆယ်နာရီ ချိန်းထားသတဲ့လေ … ကိုယ်က ပိုက် ဒီနေ့ ဘယ်လိုနည်းနဲ့ ဆက်သွယ်လာမလဲဆိုပြီး စောင့်မျှော်နေခဲ့ တာ … အခုတော့ ဒီကောင့်ကြောင့် ရှုပ်ကုန်ပြီကွာ … "

"ကဲပါ … ဒီလောက်လည်း စိတ်ညစ်မနေပါနဲ့ … အလကား နောက်တာပါ … ရှင်ကလည်း … "

"ဟာ … ဟာကွာ … ပိုက်ရယ် … မင်းမို့ ရက်ရက်စက်စက် ဒီအချိန်မှာ စရက်တယ် … အခုအချိန်မှာ ကိုယ့်အသည်း လေးက အရမ်းနုနေတာ … လုံးဝ အထိအခိုက်မခံနိုင်ဘူး ပိုက်ရဲ့ … ပိုက် … တော်တော်ဆိုးတယ်ကွာ … "

တစ်ဘက်မှ ပိုက်ရဲ့ ရယ်သံ လွင်လွင်ကလေးကို

ကြားနေရသည်။ ဒါဟာ ပထမဆုံးအကြိမ် သူမရဲ့ ရယ်မောသံ... ကြားရခြင်းပဲ။

"ဝိုက် ... "

"ဟင် ... "

"အဖြေပေးမယ်ဆို ... ကြားချင်လှပြီကွ ... "

"အမလေး ... အကြွေးရှင်ကလည်း အကြွေးတောင်းတာ... မြန်လိုက်တာ ... အချိန်ခဏလေးတောင် မစောင့်နိုင်တော့... ဘူးလား ... "

"ဟာ ... ဒီအကြွေးက တောင်းကောင်းတယ်ဝိုက်ရဲ့ ... အချိန်တွေ သိပ်စောင့်လို့ မကောင်းဘူး ... ပြောလေ... ကိုယ်သိချင်လှပြီ ... ကြားချင်လှပြီ ဝိုက်ရယ် ... မင်း ... တစ်ပါးစိတ်တွေ ဒုက္ခရောက်နေတာ ရက်ရက်စက်စက်... ကြည့်ရက်တယ်ကွာ ... ကိုယ့်နှလုံးသားတွေကို မင်း ... ကြောင့် နှိပ်စက်ချင်ရတာလဲ ... ဝိုက်ရယ် ... "

"အို ... စွပ်စွဲချက်တွေ များလှချည်လား ... "

သူ့ရဲ့ သက်ပြင်းရှိုက်သံကြီးကို ... ဖုန်းခွက်ထဲ... တစ်ဆင့် ကြားနေရသည်။ ကြည့်စမ်း ကိုယ်ချစ်နေတဲ့ ယောက်... တစ်ယောက်ကို ချစ်ပါတယ်လို့ အဖြေပေးရမှာလောက် ကြည်နူး... စရာကောင်းတာ ဘယ်မှာရှိတော့မလဲ။ အဲ့ဒီရင်ခုန်သံကို ကျွန်... တစ်သက်လုံး အမှတ်ရနေတော့မှာပဲ။





"ဝိုက်ရယ် ... အခု ဘယ်ကဆက်နေတာလဲဟင် ... အိမ်က လား ... "

"ဟင့်အင်း ... ကျွန်မ ကားမောင်းနေရင်းနဲ့ဆက်နေတာ"

"ဟာ ... ဒါဆို ... လမ်းဘေးကို ခဏချရပ်လိုက် ဝိုက် ... ခဏချရပ်လိုက် ... "

"ဟင် ... ဘာဖြစ်လို့လဲဟင် ... ဘာဖြစ်လို့လဲ ... ဦးကြယ်တံခွန် ... "

"ကားမောင်းနေရင်းနဲ့ ဖုန်းပြောတာ ... အန္တရာယ်များတယ် ... ကားကို ခဏရပ်လိုက်ပါကွာ ... ကိုယ်စိတ်ပူလို့ပါ ... "

"ဟား ... ဟား ... ဟား"

စိတ်ထဲကနေ ကြိတ်ပြီးရယ်လိုက်မိသည်။ ကျွန်မ ...ခုခုဖြစ်မှာ ရှင်သိပ်ပြီး စိုးရိမ်တာပဲလား ဦးကြယ်တံခွန်။ မမအညို ...င် တစ်ခုခုဖြစ်မှာတုန်းကတော့ ရှင်ဘာကြောင့် နေနိုင်ရက်တာ ...ရှင်။ မမကလေ အခုအချိန်အထိ ရှင့်အလာကို ဝိညာဉ်ဘဝနဲ့ ...ာင် စောင့်နေမလား မသိဘူး။ သူက ရှင့်ကို အဲဒီလောက်တောင် ...ခဲ့တာလေ။

"ဝိုက် ... ကိုယ်ပြောတာ ကြားတယ်မဟုတ်လားဟင် ... ကားကို ခဏလေးရပ်လိုက်ပါ ... ကိုယ်တောင်းပန်ပါတယ် ဝိုက်ရယ် ... "

ရှင် ကျွန်မပြောတာ ယုံတာပဲလား။

အခုကျွန်မက ...

ရှင့်အိမ်ရှေ့ရောက်နေပြီ။ အဲဒီကနေပြီး ဆက်နေ
ရှင့်။ တမင်အထဲဝင်မလာသေးတာ။ ရှင့်ကို စိတ်အနှောင့်အယှ
ပေးချင်လို့လေ။ ရှင့်အသံက တော်တော်လေးစိုးရိမ်နေသ
ကျွန်မ ကျေနပ်တယ် ဦးကြယ်တံခွန်။

"ကဲ ... ကဲ ... ကားကို ရပ်လိုက်ပြီနော် ... ပြီးတော့
ကားပေါ်ကလည်း ဆင်းပြီးပြီ ... ကျေနပ်ပြီလား ...

"အင်း ... ပိုက်က ... ဒီလိုကျတော့လည်း လိမ္မာသ
ဒါကြောင့် ကိုယ်ချစ်တာ ... "

"အောင်မယ် ... ဒါဆို ... ဆိုးရင် မချစ်ဘူးပေါ့ ...

"ဟာကွာ ... မဟုတ်တာ ... ဆိုးလည်းချစ်တာပဲ ...
အပေါ် စိတ်အနှောင့်အယှက်အမျိုးမျိုးပေးလည်း ချစ်
ဘယ်လိုမှကို စိတ်မနာနိုင်တာ ... ပိုက်ရယ် ... အပို
တွေနဲ့ လျှောက်ပြီး အချိန်တွေ မဖြုန်းချင်စမ်းပါနဲ့ကွာ
ကိုယ် အရမ်းသိချင်နေပြီ ... အဖြေပေးတော့ကွာ ...

မအောင့်အည်းနိုင်စွာပင် တောင်းဆိုမိသည်။
ကလေးသက်သက်မဲ့ အဓိပ္ပာယ်မရှိတဲ့ စကားတွေနဲ့အချိန်
တမင်ဖြုန်းတီးနေတာ။ ဟွန်း ... ဘယ်ကနေ ဆက်နေမှန်း
ပေါ့ကွာ။ အနားနားမှာသာ ထိုင်ပြီး အခုလို ဝေ့လည်ကြောင်





ပြောကြည့်စမ်း ... ကောင်းကောင်းကြီးကို ပညာပေးပစ်လိုက်မှာ။

"ကောင်းပြီ ... ကောင်းပြီ ... ကျွန်မ ပြောမယ် ... နား
ထောင် ... ဒီနေ့ည ... ဆယ့်နှစ်နာရီတိတိမှာ မိုးရွာမယ်
ဆိုရင် ... ရှင့်ကို ကျွန်မ ချစ်လို့ပဲလို့ သတ်မှတ်လိုက်တော့
နော် ... "

"ဘာ ... ဘယ်လို ... ပိုက် ... ဘာပြောလိုက်တာလဲ"

"ဒီနေ့ည မိုးရွာရင် ... ရှင့်နဲ့ကျွန်မ ချစ်သူတွေ ဖြစ်ပြီလို့
ပြောတာ ... "

"ဟာ ... ဟာကွာ ... ပိုက် မိုးက သူရွာချင်မှရွာမှာ ...
တကယ်လို့ မရွာရင်ရော ... ဟာ ... မဟုတ်သေးပါဘူး၊
ဒါက သဘာဝတရားနဲ့ ဆိုင်တာလေ ... "

"အို ... သဘာဝတရားဟာ ... ရှင်နဲ့ကျွန်မ ဖူးစာဖက်မှန်ရင်
ရွာကိုရွာပေးမှာပေါ့ ... "

"အဲ ... အဲ့ဒါကတော့ ဟုတ်တယ်လေ ... ဒါပေမဲ့ ... မဟုတ်
သေးဘူး ... ဟာကွာ ... ပိုက် ... မင်း ... မညစ်နဲ့ကွာ ...
ကိုယ် အရမ်းစိတ်ညစ်နေပြီ ... မလုပ်ပါနဲ့ ပိုက်ရယ် ...
ကံကြမ္မာကို မယုံရဲဘူး ... ကိုယ်ကြောက်တယ် ပိုက် ...
မင်းနဲ့ကိုယ် မဝေးရဲဘူး ... ကိုယ်တစ်ယောက်တည်းဆို သေ
လိမ့်မယ်ပိုက်ရဲ့ ... ကိုယ် ခံစားနိုင်မှာ မဟုတ်ဘူး ... "

"အဟင်း ... ဟင်း ... အလကားစတာပါ ... အခု ကျွန်မ

ဘယ်ရောက်နေတယ်ထင်လဲ ... ကျွန်မ အခုဘယ်ကဆ...
နေတယ် ထင်သလဲဟင် ... "

"ဘယ်သိမလဲ ... ဗိုက်ရဲ့"

"ကျွန်မ ... ရှင့်ခြံရှေ့ရောက်နေပြီရှင့် ... ရောက်တာမှ ကြာ...
လှပြီ ... အခု အဲဒီကနေဆက်နေတာ ... တံခါးလာဖွင့်ပေး...
ဦး ... "

"ဟာ ... တကယ် ... တကယ်နော် ဗိုက် ... ဒါဆို ကိုယ်...
အခုပဲ သော့လာဖွင့်ပေးမယ် ... ခဏလေး ... ခဏလေး...
နော် ဗိုက် ... "

ဖုန်းခွက်ကို ခပ်မြန်မြန်ချလိုက်ပြီး ခြံသော့ကို အသ...
ဆွဲယူကာ အိမ်တံခါးကို ဆွဲဖွင့်ကြည့်လိုက်တော့ ဗိုက်ရယ်လေ ခရ...
ပြာရောင်ဝမ်းဆက်ကလေးနှင့် ခြံရှေ့မှာရပ်လို့ ကားထဲမှာဝင်ထိုင်...
နေတာ မဟုတ်ဘဲ ဗိုက်က အပြင်ဘက်ထွက်ပြီး ဖုန်းပြောခဲ့တာကို...

သူမလက်ထဲမှာ ဟမ်းဖုန်းကလေးနှင့် ကျွန်တော့်ကို...
မြင်တော့ သူမက လက်ကလေးထောင်ပြ၏။ ဘယ်လို ဘယ်...
ခြံတံခါးရှေ့ရောက်သွားသည်မသိ။ လက်ကကျင်လည်စွာပင် တံခါး...
သော့ကို ဖွင့်ပေးလိုက်ပြီး တံခါးချပ်များကို ဘေးသို့တွန်းလိုက်တော့...
ဗိုက်ကလည်း သူမကားလေးထဲပြန်ဝင်သွားပြီး ခြံထဲသို့ မောင်းဝင်...
လာတော့သည်။





တံခါးကို ပြန်ပိတ်ပြီး သူမရဲ့ကားဆီသို့ အပြေးလှမ်း...
...တော့ သူမသည် ညင်သာနွဲ့ပျောင်းစွာပင် ကားတံခါးကိုမှီကာ
...နေ၏။ သူမရဲ့ မျက်နှာကလေးတွင် ပထမဦးဆုံးအကြိမ် ဆုံတွေ့...
...ာ အပြုံးမျိုးကလေးနှင့် ...

"ဗိုက် ... "

"ရှင် ... "

"သိပ်လှတာပဲ ... ဗိုက်ရယ် ... ကိုယ့်ရဲ့ချစ်သူလေးသာ
ဖြစ်လိုက်ပါတော့လားကွာ ... "

"တော်ပါ ... ဘာတွေပြောနေတာလဲ ... ကဲ ... ကားထဲမှာ
ပစ္စည်းတွေပါတယ် ... အရင်သယ်ပေးဦး ... "

"ဟင် ... ဘာ ... ဘာတွေလဲဗိုက်ရဲ့ ... "

"ဟင်းချက်စရာတွေလေ ... ဒီနေ့ ရှင့်အိမ်မှာပဲ နေ့လယ်စာ
ကို ချက်ပြုတ်စားကြတာပေ့ါ ... မကောင်းဘူးလား"

"ဟာကွာ ... ကိုယ်က အေးအေးဆေးဆေး စကားတွေ
ပြောမယ် ... ပြီးရင် ... အပြင်ထွက်ပြီးတစ်ခုခုစားမယ် စိတ်
ကူးထားတာ ... ဟင်းချက်ရဦးမယ်ဆိုတော့ ... အိမ်မှာ
ဘယ်သူမှလည်း ချက်ပေးမယ့်သူ ရှိတာမဟုတ်ဘူး ... "

"ကိုယ့်ဘာသာ ချက်မှာပေ့ါရှင် ... ကဲပါ ပစ္စည်းတွေ သယ်ခဲ့
သားငါးတွေ ပုပ်သိုးကုန်ဦးမယ် ... "

ကျွန်မ ရှေ့ကနေ အရင်ဦးဆောင်ကာ အထဲဝင်

လိုက်တော့ သူလည်း ကားပေါ်မှ အထုပ်အပိုးများသယ်ခဲ့
ကျွန်မအနောက်က လိုက်ပါလာခဲ့လေ၏။

"ဗိုက် ... ကိုယ့်ကို အဖြေပေးမယ်ဆို ... "

"အင်းလေ ... ပေးမှာပေါ့ ... ကဲပါ ... အထုပ်ကို
မီးဖိုချောင်ထဲဝင်ရင် ရှင်ပါ ဝိုင်းကူဦးနော် ... "

"ကျွတ် ... မင်း တမင်ညစ်တယ်ကွာ ... "

ကျွန်မ မကြားချင်ဟန်ဆောင်နေမိသည်။
ကနေ ဆောင့်ကြီးအောင့်ကြီးနှင့် မီးဖိုခန်းဘက်သွားနေသော
ကို ကြည့်ပြီး ကြိတ်ပြုံးမိပါရဲ့။ ဒီယောကျ်ားကလေးဟာလေ
တလေ ကလေးဆိုးကလေးတစ်ယောက်လိုပဲ ... နှုတ်ခမ်း
လည်း စူပြီး ပုပ်သိုးလို့ ... ။

ရှင် ... ။

တော်တော်ချစ်ဖို့ကောင်းအောင် လုပ်တဲ့သူပဲ ...

ကျွန်မ ရင်တွေခုန်နေပြီရှင့် ... ။







## အခန်း ( ၂၂ )

အသားတွေကို ဆေးကြောနေချိန်တွင် သူ့ကို အသီး
ရွက်တွေ လှီးပေးဖို့ ဓားတစ်ချောင်းနှင့် အလုပ်ပေးထားခဲ့သည်။
နာကြီးရှုံ့မဲ့ပြီး တစ်ခါမှ မီးဖိုချောင်ဝင်ဖူးခြင်းမရှိသဖြင့် အသီး
တွေကို ဘယ်ကနေစလှီးရမှန်း မသိအောင် ဟိုဟာကိုင်ကြည့်လိုက်
ချထားလိုက် ဓားနှင့်လှီးဖို့လုပ်လိုက်နှင့် တစ်ယောက်တည်း
ရှုပ်ရှုပ်နေ၏။

"အရွက်တွေကို ခပ်ကြီးကြီးလှီးနော် ... ဟော့ပေါ့လုပ်မှာ"

"ဗိုက် ... "

"ဟင် ... "

"လာသင်ပေးဦးကွ ... ကိုယ်မလုပ်တတ်ဘူး ... "

"အမလေး ... တော်တော်အားကိုးရတော့မယ်၊ ဒီမှာ ... ဟော့ဒီ ပြောင်းဖူးကလေး ရေဆေးပြီးသားကို ဟော့ ... ဓားကိုကိုင် ... ပြီးရင် လေးခြမ်းစိတ် ... ပန်းဂေါ်ဖီ ... ဒီလိုကြီးကြီးလှီး ... ရွှေပဲသီးကလေးကို အကျောဒီလို ... နှစ်ပိုင်းလှီး ... မုန်ညင်းဖူးကို ခပ်ကြီးကြီးလှီးထား ... လာဥနီကလေးကို ဟော့ဒီလိုသေးသေးစိပ် ..."

ဓားကိုင်ထားသောလက်ကလေးကို အသာ... တစ်ခုပြီးတစ်ခု စိတ်လိုလက်ရ သင်ပေးနေမိသည်။ ကျွန်မအပြ... ထွက်စားဖို့ထက် သူနဲ့ကျွန်မအတွက် အမှတ်တရလေးဖြစ်အော... အဖြေပေးမဲ့နေ့ကလေးတွင် ကိုယ်တိုင်ဝယ်၊ ကိုယ်တိုင်အတူ... စားဖို့ ဆုံးဖြတ်လိုက်ခြင်းပင် ဖြစ်သည်။

အချိုရည်ပြုတ်အိုးထဲသို့ ဝက်သား၊ ကြက်သား... ဂဏန်းလက်မ၊ ငဖယ်လုံး၊ ကြက်ဥ၊ ငုံးဥလုံးများကိုထည့်ကာ ... ကြီးနားရွက်များ ရေစိမ်ပြီးသား မှိုခြောက်ပွင့်အချို့ကို နူးအော... ထည့်တည်ထားလိုက်၏။

"ဝိုက် ... ဝိုက် ... ဒီမှာ ကိုယ်လှီးပြီးသွားပြီ ... ရရဲ့...

"ဟောတော့ ... အပိုင်းပိုင်းအစစနဲ့ ... နေရာမှာ... အမှိုက်တွေက ရှုပ်ပွလို့နေပါလား ..."

ခပ်ညည်းညည်းကလေးဆိုလေလျှင် ဓားကလေး... ပစ်ချပြီး ငေါ်တူးတူးကလေးနှင့် ...





"အို ... တစ်ခါမှကို လုပ်ဖူးတာမဟုတ်ဘူးဗျ ... ဒါ ပထမဆုံးပဲ ... လက်တစ်ခုလုံးလည်း စားရှရာတွေချည်းပဲ ... ဒီမှာလည်း ကြည့်ဦး ..."

သူ့လက်ဝါးကလေး ဖြန့်ပြတယ်ဆိုလျှင်ပဲ ကျွန်မစိတ်မကောင်းကြီးစွာပင် ဖြစ်သွားရလေသည်။

"ကဲပါ ... လက်သွားဆေးလိုက်တော့ ... ကျွန်မပဲဆက်ပြီးလုပ်လိုက်ပါ့မယ် ..."

"နေပါဦးဝိုက် ... အခုထိကို ဝိုက်လုပ်တာတွေကို နားမလည်နိုင်သေးဘူး ... ဒီနေ့ ကိုယ့်ကို အဖြေပေးဖြစ်ပါဦးမလား၊ ဟင်းချက်နေတာနဲ့တင် အချိန်တွေကုန်တော့မယ် ... ကိုယ့်ကို အဖြေဘယ်တော့ပေးမှာလဲ ..."

"အဖြေ ... အဖြေက ... ပေးပြီးပြီလေ ..."

"ဟင် ... ဘယ်တုန်းကလဲ ... ကိုယ်လည်း မကြားမိပါလား ဝိုက်ရယ် ..."

"ရှင် ... တော်တော်အတာပဲ ... ရှင်ပဲ မွှေးထွေးလိုက်လှဲ့စွာပြုစုမယ့် အိမ်ရှင်မတစ်ယောက် လိုအပ်နေပြီဆို ... ကဲ ... ဘ ... လက်ဆေးပြီးရင် ... ကျွန်မ ဆေးထည့်ပေးမယ်"

ဟာ ...

ဟုတ်သားပဲ ... ။

ကြည့်စမ်း ... ဝိုက်က မှတ်မိသားပဲ။

ကျွန်တော့်ကို သူမအဖြေပေးနေတာကို ဘယ်... မရိပ်မိခဲ့ပါ။ သူမကို အဓိပ္ပာယ်မရှိတာတွေ လျှောက်လုပ်နေတယ်... ဟုပဲ ထင်နေမိခဲ့တာ။

"ဒါ ... ဒါဆို ... ဝိုက် ... ဝိုက်က ... "

ရှက်ပြုံးကလေးနှင့် ခေါင်းကလေးငုံ့ကျသွားသည်...

"ဟော့ ... ဟော့ ... ဒီလိုလုပ်လို့မရဘူးနော် ... ပါးစပ်... ဖွင့်ပြောဦး ... ဒီကနားနဲ့ဆတ်ဆတ်ကြားချင်သေးတာ..."

"အို ... တော်ပါ ... ရှက်စရာကြီး ... ပြောချင်ပါဘူး"

ရှက်သွေးဖြာနေသော သူမမျက်နှာကလေး... အသာဆွဲမော့ပြီး ရီဝေစွာစိုက်ကြည့်လိုက်မိသည်။ သေချာတာ... တော့ ကျွန်တော် သူမကို တကယ်မြတ်နိုးမိခြင်းပဲ။

"ပြောပါ ... ဝိုက်ရယ် ... ကိုယ် အရမ်းကြားချင်နေတဲ့စကား... ကို ပြောပါကွာ ... "

အသံအက်အက်ကလေးနှင့် ဆိုလေလျှင် ကျွန်... သည် စိတ်မဝင်စားနိုင်စွာပင် သူ့ရင်ခွင်ထဲသို့ တိုးဝင်ပြီး ရှိုက်ငိုမိလေ... သည်။

"ဦးကြယ်တံခွန်ရယ် ... ကျွန်မလေ ... ရှင့်ကို ချစ်တယ်... သိလား ... "

ရင်ခုန်သံတွေကို ကြားနေရသည်။ ကျွန်တော် ကြား... ချင်နေသောစကားကို မထင်မှတ်သည့်အချိန်မှာ ကြားခွင့်ရ...

...် ရင်ထဲမှာ အကိုင်းအဆမရှိ ပျော်ရွှင်ကြည်နူးသွားရသည်။ ...ကလေးကတော့ ရင်ခွင်လေးထဲမှာ ငြိမ်သက်လို့။

ချစ်တယ် ဝိုက်ရယ် ... ။

ကိုယ်လေ ဘယ်လောက်ထိ မင်းကိုချစ်သွားမိသလဲ ... စဉ်းတောင်မစဉ်းစားတတ်အောင်ပါပဲကွာ။ ကိုယ့်ရင်ထဲကို ...ယ်လိုတိုးဝင်ခဲ့သလဲဆိုတာ မစဉ်းစားမိခင်မှာဘဲ မင်းက ...လုံးသားရဲ့ အနက်ရှိုင်းဆုံးနေရာအထိ တိုးဝင်သွားခဲ့ပြီလေ။

"ဟောတော့ ... အခုမှ သတိရတယ် ... "

ရင်ခွင်ထဲကနေ ခေါင်းကလေးမော့ပြီး သူမမျက်လုံး ...ဝိုင်းကလေးနှင့်စကားဆိုတော့ ...

"ဘာလဲ ... ဘာလဲဟင် ... ဝိုက် ... "

"ဟို ... ဟိုလေ ... ကျွန်မတို့ ဟင်းချက်တာ မပြီးသေးဘူး အဲဒါ ... "

"ဟာကွာ ... ဘာများလဲလို့ ဝိုက်ရယ် ... ထားလိုက်စမ်း ပါကွာ ... တော်တော်အလန့်တကြားလုပ်တယ် ... လူကို တစ်ချိန်လုံး တထိတ်ထိတ်နဲ့ စိတ်သောကရောက်အောင် လုပ်တဲ့ကောင်မလေး ... အဟွန်း ... ကောင်းကောင်းကြီး ပညာပေးရမယ် ... "

"အို ... "

သွားပြီ။

ခန္ဓာကိုယ်လေးတစ်ခုလုံး သူ့ရင်ခွင်ကျယ်ကြီးထဲသို့
ပြန်ပြီး နစ်မြုပ်သွားရပြီ။ နူးညံ့ညင်သာသော အနမ်းပွင့်ကလေး
သူမဆီသို့ တစ်ပွင့်ပြီးတစ်ပွင့် ကြွေကျလာတော့၏။

ရှင့်ကို ...

ကျွန်မ ချစ်တယ် တံခွန်။

ကျွန်မလေ ရှင့်ကို စတွေ့ကတည်းက ရင်ခုန်ခဲ့ရ
ပါ။ ဝမ်းနည်းစရာကောင်းတာက ရှင်ဟာ မမအညိုရောင့်ချစ်
ဖြစ်နေခြင်းပဲ။ ဘယ်လိုမှ မေ့ပျောက်လို့မရတဲ့ အတိတ်ကဖြစ်
တွေ။

တသိမ့်သိမ့် ငိုရှိုက်နေခဲ့တယ်ဆိုတဲ့ မမအညို
မျက်နှာကလေး ...

အို ...

မမရယ် ...

မမချစ်သူရဲ့ရင်ခွင်ထဲကို ရောက်နေလို့ မမအ
ခံစားနေရမှာပဲနော်။ ကျွန်မလေ မမအတွက် တရားမျှတတဲ့
ကြေးတစ်ခုကို သူ့ဆီကနေ မရရအောင်ပြန်ယူရမယ်။ သူ
အတွက် ပေးဆပ်စေရမယ်သိလား။

"ဦးကြွယ်တံခွန် ..."

"ပြောလေ ... ဝိုက် ..."





"ရှင် ကျွန်မကို ဘယ်လောက်ချစ်သလဲဟင် ..."

"ဟာ ... မေးရက်တယ် ဝိုက်ရယ် ... ကိုယ့်ဘဝတစ်ခုလုံး
မှာ ဝိုက်တစ်ယောက်တည်းကိုပဲ ချစ်ခဲ့တာ ... ကိုယ့်နှလုံး
သားတွေထဲမှာ ဝိုက်က နေရာအပြည့်ပဲ ... ဝိုက်ကို ကိုယ်
လက်ထပ်မယ်... အကြီး ကျယ်ဆုံး အခမ်းနားဆုံး လက်
ထပ်မှာ သိလား ..."

"ဟွန်း ... ပြောလို့သာပဲ ... ယုံရတော့ခက်ခက် ... ကျွန်မ
တစ်ယောက်တည်း ရှင်ဘဝမှာရှိခဲ့တယ်ဆိုတာတော့ မဖြစ်
နိုင်ပါဘူးနော် ..."

"ဟာကွာ ... အဲ့ဒါတော့ ... ကိုယ် ကျိန်ပြဝံ့တယ် ... ကိုယ့်
ဘဝတစ်လျှောက်လုံး ဘာချို့ယွင်းချက် ... ဘာအပြစ်အနာ
အဆာမှ မရှိဘူး ... လုံးဝအဖြူစင်အသန့်ရှင်းဆုံးပဲ ... စီးပွား
ရေးတစ်ခုကလွဲပြီး ... ကျန်တာတွေ လုံးဝစိတ်ဝင်စားတာ
မဟုတ်ဘူး ... မင်းလေးတောင် ကံကောင်းလွန်းလို့ သိရဲ့
လား ..."

သူ ဟန်ဆောင်ပြောနေတာလား ... ။

မျက်စောင်းကလေးထိုးတော့ သူက ချစ်စနိုးက
လေးနှင့် ကျွန်မ နဖူးပြင်ကလေးကို ခပ်ဖွဖွကလေး ထုလေ၏။

"ဒါနဲ့ ... ဝိုက်ကိုမေးရဦးမယ် ..."

"အင်း ... မေးလေ ... ဘာမေးမှာလဲ"

"ဝိုက် ... အကြောင်း"

"ရှင် ... "

ကျွန်မအကြောင်းတဲ့ ...

သူ့မျက်နှာကလေးဆီ အလန့်တကြား မော့ကြည့်လိုက်တော့ သူက စိတ်ဝင်စားစွာ စောင့်ပြီးနားထောင်နေရုံအပြင် ပကတိ ရိုးသားနေ၏။ သူ့မျက်ဝန်းလေးတွေထဲမှာ ဖြူစင်မှုကလေးတွေနှင့် ကြည်စင်လို့။

"ကျွန် ... ကျွန်မကြောင်းက ... သိပ်စိတ်ဝင်စားစရာ မကောင်းပါဘူး ... ဘာဖြစ်လို့လဲဟင် ... ဦးကြွယ်တံခွန် ဘာဖြစ်လို့ သိချင်ရတာလဲ ... "

"ဟင် ... ဝိုက်က စိတ်တွေလှုပ်ရှားနေတယ် ... ကိုယ် ဘာရယ်မဟုတ်ပါဘူး ... သိချင်တာသက်သက်ပါပဲ ... ကိုယ် ချစ်သူရဲ့မိသားစုအကြောင်းလေးတော့ သိထားသင့်တယ် ထင်လို့လေ ... ဝိုက်မှာ ပြောမပြနိုင်လောက်တဲ့အခက်အခဲ တွေ ရှိနေသလားဟင် ... ဒါဆို ... ဆောရီးပဲဝိုက်ရယ် ကိုယ် တောင်းပန်ပါတယ် ... "

သူကပဲ ပျာပျာသလဲ တောင်းပန်နေသေး၏။

ရှင် ...

ဟန်ဆောင်နေတာတော့ မဟုတ်ပါဘူးနော်။ ကျွန်မ ရှင့်ကို ဘယ်လိုနားလည်ရမှန်း မသိအောင်ပါပဲရှင်။





"ဝိုက် ... စိတ်ညစ်သွားလားကွယ် ... ကိုယ်တောင်းပန်ပါ တယ်ကွာ ... ကိုယ့်ကို ခွင့်လွှတ်ပါ ... "

"ရပါတယ် ... ဦးကြွယ်တံခွန်ရယ် ... ကျွန်မအကြောင်းကို စိတ်ဝင်စားသင့်ပါတယ် ... ရှင့်ရဲ့တောင်းဆိုချက်ဟာ ... မှန်ကန်တာပဲလေ ... ကျွန်မ ပြောပြနိုင်ပါတယ် ... ဒါပေမဲ့ ကျွန်မမိသားစုက ရှင် စိတ်ဝင်စားလောက်စရာ အခြေအနေ မျိုးတော့ မရှိတာအမှန်ပဲ ... ကျွန်မမှာ အစ်မတစ်ယောက်ရှိ တယ် ... မေမေနဲ့ဖေဖေကတော့ ... ကျွန်မ ငယ်ငယ်တုန်း ကပဲ ကွဲသွားခဲ့ကြတယ်လေ ... ဖေဖေက နည်းနည်းတော့ ရှုပ်တယ် ... အခုတော့ ဘယ်ဆီကိုရောက်နေမှန်းတောင် မသိတော့ပါဘူး ... မေမေကတော့ ကျွန်မဆယ်တန်းနှစ် လောက်မှာပဲ ဆုံးသွားပြီ ... မေမေနဲ့မမက တစ်လလောက် ပဲ ခြားပါတယ် ... မမနောက်ကို မေမေက ရအောင်လိုက် သွားတာလေ ... မေမေက မမကို သိပ်ချစ်တာ ... မမခံစား ချက်တွေကို ဖြေသိမ့်ပေးဖို့ မေမေလိုက် သွားတာပဲ ဖြစ်မယ် ဦးကြွယ်တံခွန် ... "

"ဟာ ... ကိုယ်မှားသွားပြီကွာ ... သိပ်ကိုမှားသွားပြီ ... စိတ်မကောင်းလိုက်တာ ဝိုက်ရယ် ... ဒီလောက်ကြေကွဲ စရာအဖြစ်မျိုးတွေလည်း ရှိသေးတယ်နော် ... အရမ်းခံစား သွားရလားဟင် ... ကိုယ် တောင်းပန်ပါတယ် ဝိုက်ရယ်"

သိပ်ရှိခဲ့တာပေါ့။

ဦးကြယ်တံခွန် ...

သိပ်ကို ကြေကွဲစရာအဖြစ်တွေဟာ ဘယ်လို[illegible] ပြင်လို့မရတော့လောက်အောင် ဖြစ်ပျက်ခဲ့တာ။ ရှင်ကတော်[illegible]တယ် ဟုတ်လား။ မရတော့ဘူး ဦးကြယ်တံခွန်။ ရှင့်ရဲ့မျက်ဝန်း[illegible] ထဲက သနားကရုဏာရိပ်တွေဟာ ကျွန်မကို အကြီးအကျယ် [illegible] ပြောင်နေသလိုပါပဲ။ ရှင့်ရဲ့ယုတ်မာမှုအောက်မှာ ရှုံးနိမ့်သွား[illegible] မိသားတစ်စုရဲ့ အဖြစ်အပျက်တွေလေ။

ရှင် ဘာနဲ့မှအစားထိုး ဖြည့်ဆည်းလို့ မရ[illegible] လောက်အောင် ကျွန်မတို့ မိသားစုကလေးရဲ့ ဒဏ်ရာတွေ[illegible] သိပ်ကို နက်ရှိုင်းနေခဲ့ပြီလေ။

"ဝိုက် ... "

"ကျွန်မ ... ပြန်ချင်ပြီ ... ကျွန်မ ပြန်တော့မယ်"

"ဟာ ... ဟာကွာ ... ကိုယ့်ကို စိတ်ဆိုးသွားသလား ဝိုက်ရယ် ... ကိုယ် မသိလို့မေးမိတာပါ ... တောင်းပန်[illegible]တယ် ဝိုက်ရယ် ... "

"ဒါလေးမေးတာလောက်နဲ့ စိတ်ဆိုးစရာလားဟင် ... ကျွန်[illegible]က ရှင် အထင်သေးသွားမှာပဲ စိုးရိမ်မိတာပါ ... "

"ဝိုက်ရယ် ... "





ချစ်သူရဲ့လက်ကလေးကို ဖျစ်ညှစ်ဆုပ်ကိုင်ပြီး သူ[illegible]ဘိုးတိုးကလေးသာ ခေါ်လိုက်မိတော့သည်။ မင်းကို အထင်[illegible]သေးတဲ့အပြင် ကိုယ့်မိသားစုအကြောင်းကို မကွယ်မဝှက်ပြောရဲ[illegible]ခင်းကို ပိုပြီးတောင် အထင်ကြီးသွားမိတယ်။

ပြီးတော့ ...

ချစ်လည်း ချစ်တယ် ... ။



## အခန်း ( ၂၃ )

"ကျွန်မကို သူ လက်ထပ်ခွင့်တောင်းနေပြီ ... ယမုံ"

ခန္ဓာကိုယ်တစ်ခုလုံး အင်အားတွေက ချည့်နဲ့နေသည်။ တကယ်တော့ ဒီအခြေအနေထိရောက်လာအောင် ကျွန်မ ကြိုးစားခဲ့တာပဲ မဟုတ်လား။ ကျွန်မ ပျော်ရွှင်နေသင့်တာ ရယ်မော နေသင့်တာလေ။

ဘာကြောင့် ...

ကြေကွဲနေရတာလဲ။ ဝမ်းနည်းမှုတွေနဲ့ ဆို့နင့်နေတာလဲကွယ် ... ။ ယမုံကတော့ ကျွန်မစကားကို ကြားပြီး မျက်နှာကလေး ပြုံးရွှင်လာ၏။ ဝင်းလက်တောက်ပသော မျက်လုံးအစုံနှင့်

"သိပ်ကောင်းတာပေါ့ ဝိုက် ... ရှင် လက်ခံလိုက်လေ ...





ဒါဆို မကြာခင် ပွဲကြီးပွဲကောင်းတစ်ခုကို ကြည့်ရတော့မှာပေါ့ ... ရှင် သူ့ကို သေချာအောင် ဆွေးနွေးသင့်ပြီ ဝိုက်"

"ကျွန်မ သူ့ကို ပြောပြီးသားပါ ယမုံ ... ကျွန်မတို့နှစ်ယောက် တရားသူကြီးရှေ့မှာ လက်ထပ်ကြမယ် ... ဒါကလည်း စီစဉ်ပြီးသားပါ ... ကျွန်မ အသိတစ်ယောက်ကို ခေါ်သွားလိုက်ရုံပဲ ... ဧည့်ခံပွဲကိုတော့ ... ပြင်ဦးလွင်မှာပဲ ကျင်းပမယ်၊ ဧည့်သည်တွေကို ဖိတ်မယ် ... မမအညိုရောင်တုန်းကလို အကြီးကျယ်ဆုံး အခမ်းနားဆုံး ကျင်းပမယ် ယမုံ ... "

"ဟား ... ဟား ... ဟား ... ကောင်းတယ် ... သိပ်ကောင်းတာပဲ ... ကြယ်တံခွန် ... ရှင့်အလှည့်ရောက်လာပြီပေါ့... ပြန်ပေးဆပ်ရမယ် ... အဖြူရောင့်အစ်မ ပေးဆပ်ခဲ့ရမှုနဲ့အညီ ရှင်ပြန်ပေးဆပ်ရမယ် ... ဟား ... ဟား ... ဟား"

အရူးတစ်ယောက်လို ...

ယမုံက တဖွဖွရေရွတ်နေ၏။ မျက်ဝန်းလေးထဲတွင် ...ကြည်းရိပ်တို့က တလိပ်လိပ်တက်နေသည်။ ကျွန်မ ဘာဖြစ်နေ...လဲ ... ။ တကယ်ဆို မမအညိုရောင့်အတွက် ကျေနပ်စရာ...ကောင်းဆုံးအချိန်မို့ ဝမ်းသာနေသင့်တာလေ။

"ယမုံ ... သူ့ဘက်က မင်္ဂလာဖိတ်စာတွေတောင် ရိုက်ပြီးနေပြီ ယမုံ ... "

"ဟုတ်လား ... ဒါဆို သူ ရှင့်ကိုတကယ်ချစ်သွားတာ ထင်

တယ် ... ရှင့်အတွက် ကံကောင်းသွားတာပေါ့ ပို့က်ရယ်... သူ တကယ်မချစ်ဘဲ ... အရင်ကလို အပျော်ထားတာဆိုရင်တော့ ... အခုလို အောင်အောင်မြင်မြင်နဲ့ ဘယ်လိုလုပ် လက်စားချေနိုင်မှာလဲ ... "

အင်း ... ယမုံပြောတာလည်း မှန်နေတာပဲလေ။ သူ ...

ကျွန်မကို အမှန်တကယ်ချစ်မြတ်နိုးနေမှပဲ၊ အခုလို မမအညိုရောင့်အတွက် လက်စားချေနိုင်မှာပေါ့။ အသိစိတ်တွေက နှလုံးသားကို မာကျောအေးစက်နေစေခဲ့သည်။ နူတ်ခမ်းသားတွေ တွန့်ရှုံ့ ပြုံးသွား၏။ နောက်တစ်ပတ်မှာ ကျွန်မတို့နှစ်ယောက် လက်ကို လက်ထပ်စေရမယ်။ လုံးဝအပျက်အစီး မခံနိုင်ဘူး။ ရှင် ရက်ရက်စက်စက် စွန့်ပစ်ခဲ့ဖူးတဲ့ မိန်းမတစ်ယောက်ရဲ့ လူပုံအလယ်မှာ အရှက်တကွဲဖြစ်ပြီး အသက်စွန့်သွားရတဲ့ ခံစားရမှုမျိုးကို ရှင် ခံစားနားလည်စေရမယ်။

ရှင့်လိုလူမျိုးက ကိုယ်ချင်းမှမစာတတ်တာ။

ကျွန်မ အခုလိုလုပ်တာ တန်ရာတန်ကြေးပဲ ရှိပါတယ်။ ဒေါ်လေးဝါကိုတော့ လုံးဝအသိပေးလို့မဖြစ်ပါ။ အခုကိစ္စမှာ ဒါရိုက်တာက ယမုံဖြစ်ပြီး သရုပ်ဆောင်က ကျွန်မ အစောကြီးကတည်းက ပြင်ဆင်ပြီးသား။

"ပို့က်ရေ ... ဖုန်းလာတယ်ဟေ့ ... "





"ဘယ်သူလဲဟင် ... "

"ရှင့်အဆက်ကြီး ... ဦးကြယ်တံခွန်လေ ... "

"ကျွန်မ ခေါင်းကိုက်ပြီး ... အိပ်နေတယ်လို့ ပြောပေးပါ ယမုံ ... "

"ဟုတ်လို့လား ... "

"ရှင်ကလည်း ... "

"သြော် ... သိပြီ ... သိပြီ ... ရှင် ... သူ စိတ်ပူအောင် တမင် ... "

"ရှူး ... ကြားသွားဦးမယ် ... "

"မကြားပါဘူး ပို့က်ရယ် ... ဒီမှာ ဖုန်းခွက်ကို ပိတ်ထားပါတယ် ... "

ပြန်ချထားလိုက်တော့ဟု မေးကလေးဆတ်ပြလိုက်ယမုံကလည်း ခေသူတော့ မဟုတ်ပါ။

"ခေါင်းကိုက်နေလို့တဲ့ ... ဦးကြယ်တံခွန်ရယ် ... သွေးအားနည်းနေတယ်ထင်တယ် ... အစောကြီးကတည်းက အခန်းထဲဝင်ပြီး အိပ်နေတာပဲ ... ကျွန်မ သွားခေါ်ပါသေးတယ်၊ ဘယ်လိုမှ မထနိုင်လို့တဲ့ ... သူ့ကို ခွင့်လွှတ်ပါတဲ့ ... ကျွန်မကိုတောင်းပန်ခိုင်းလိုက်တယ် ... "

" ... ... "

"ဟယ် ... ဖိတ်စာတွေတောင် ရနေပြီဟုတ်လား ... ကြည့်

စမ်း … ဘယ်အချိန်ကတည်းက ကြိတ်ပြီး … စီစဉ်ထားတာ
လဲဟင် … ကျွန်မတောင် ပို့က်ပြောပြလို့ အရမ်းအံ့သြမိ
တာ … ”

“အော် … အဖြူရောင်က … စိတ်အပြောင်းအလဲမြန်မှာမို့
လို့ … အဖြေပေးတဲ့နေ့ကစပြီး စီစဉ်တာပေါ့ … အဖြူရောင်
သာ သိရင် ရှင့်ကိုထုတော့မှာပဲ … ”

“ … … ”

“ဘာဖြစ်လို့လဲဆိုတော့ … သူ့ကို အပြောင်းအလဲမြန်တယ်
ပြောလို့လေ … ”

ယမုံတို့စကားပြောနေတာကို အသာပဲ ငြိမ်ပြီးနား
ထောင်နေလိုက်သည်။ သူကတော့ အနားမှာကျွန်မရှိနေတာ မသိ၊
ယမုံ့ကို ကျွန်မအကြောင်းတွေ ပြောပြနေ၏။ တော်တော်ကလေး
ပြောပြီးတော့မှ ယမုံက တယ်လီဖုန်းခွက်ကို အသာကလေးပြန်ချ
ပြီး ကျွန်မဘက်သို့လှည့်ကာ …

“အခုလာခဲ့မယ်တဲ့ … ရှင့်ကို သူစိတ်အရမ်းပူနေပုံပဲ … ရှင်
အခန်းထဲမှာသွားပြီး အိပ်နေဦးလေ … တော်ကြာ … ဒီမှာ
ထိုင်နေတာတွေ့လို့ သူ့ကိုညာတယ်ထင်နေဦးမယ် … ”

“အမလေး … အချိန်ရပါသေးတယ် … ယမုံရယ် … အသက်
ရှူကျပ်လွန်းလို့ ခဏလောက်နေပါရစေဦး … ”

“ဝို့က် … ”





“ဟင် … ”

“ရှင် ခံစားရမှာပဲနော် … ”

“ဘာကိုလဲ ယမုံ … ”

“သူ … ရှင့်ကိုတော့ တကယ်ချစ်တာ … ”

“ထားလိုက်ပါ ယမုံရယ် … ကျွန်မ ခံစားရလည်းခဏပေါ့
သူလုပ်ခဲ့တဲ့အပြစ်တွေကို ပြန်တွေးမိတိုင်း … ကျွန်မ ဖြေ
သိမ့်နိုင်မှာပါ … ”

“သူ မမအညိုရောင်အကြောင်း လုံးဝမပြောပြဘူးနော် …
တကယ်ဆို … တစ်ချိန်က လက်ထပ်ခဲ့ဖူးတဲ့ မိန်းမတစ်
ယောက်ပဲ … မမအညိုရောင်အကြောင်းကိုတော့ … ပြော
သင့်ပါတယ် … ရှင်ကရော ဘာကြောင့် မေးမကြည့်ရတာ
လဲ ပို့က်ရယ် … ”

“ဟင့်အင်း … သူပြောမှာ မဟုတ်ဘူး … ကျွန်မ … သူ့
အကြောင်းမေးတုန်းကတောင် … သူ့မှာ အညိုရောင်ဆိုတဲ့
ချစ်သူတစ်ယောက် ရှိခဲ့တယ်ဆိုတဲ့စကား လုံးဝ ထည့်မပြော
ခဲ့ဘူး … သိပ်အံ့သြတယ် ယမုံ … သူ့မှာ ခံစားတတ်တဲ့
နှလုံးသားရှိမနေတာ အသေအချာပဲ … မမအညိုရောင်လို
လူတစ်ယောက်အတွက် ပိုတောင်ခံစားရမှာ မဟုတ်ဘူး … ”

“ဟုတ်တယ်နော် … ဦးကြွယ်တံခွန်က တစ်မျိုးပဲ … ဒါပေမဲ့
ရှင့်အပေါ်ကျတော့ အလေးထားပုံပါပဲ … ”

“မရသေးလို့ပါ ယမုံရယ် … မရခင် ဖျာလိုလိပ်ထိပ်ပေါ်တင်တဲ့ … စကားပုံရှိတယ်လေ … ”

“ရှင်တို့ တကယ် လက်ထပ်တော့မှာနော် … ”

ယမုံ့အမေးကြောင့် ရင်တွေထိတ်ခနဲ ခုန်သွားသည်။

“အို … အဲဒါ ဘာဖြစ်လဲ ယမုံရဲ့ … ကျွန်မ သူနဲ့လက်ထပ်တာ သူ့ကိုလက်စားချေဖို့ပဲဟာ … သူ အခုစီစဉ်နေပြီလေ အကြီးအကျယ် မင်္ဂလာဆောင်ဖို့ပေါ့ … အရမ်းကို ခမ်းနားအောင် သူပြင်ဆင်နေတယ် … ပြီးတော့ … ဧည့်သည်တွေ အများကြီး သူ့ဘက်က ဖိတ်ဖို့ ကျွန်မတို့နာမည်စာရင်းတွေ ရေးပြီးပြီ … မလွဲမသွေ လာကြမှာပဲ … အဲဒီအခါကျမှ သူ့ကို လက်စားချေရမယ် … ”

“ဟော … ဟော … ပြောနေရင်းနဲ့ ရောက်လာပြီ ယမုံရေ ပိုက် ပြေးပြီ … ”

ထိုင်နေရာကနေ အပေါ်ထပ်ရှိ ကျွန်မအခန်းသို့ တန်းနေအောင် ပြေးတက်ခဲ့တော့သည်။ ယမုံလည်း ယောင်တောင်တောင်နှင့် အိမ်ရှေ့တံခါးဘက်သို့ ပြေးထွက်သွားတာတွေ့ရ၏။

“ဟ … ဟ … ဘာ … ဘာဖြစ်တာလဲ … မယမုံ … ဘာဖြစ်လို့လဲ … ”

အပြင်ဘက်သို့ ပြေးအထွက် အပြင်မှဝင်လာသော





ဦးကြယ်တံခွန်နှင့် တိုက်မိတော့သည်။ ဘာပြောရမှန်း မသိအောင်ဖြစ်သွားရ၏။ တကယ်တော့ ပိုက် ပြေးနိုင်အောင် တမင်အချိန်ဆွဲဖို့ ...ပ်တာ။ အခုတော့ တဲ့တဲ့တိုးချေပြီ။ တော်သေးတာက ပိုက် လွတ်သွားပြီလေ။

“ဟို … ဟို … ဘာမှမဖြစ်ပါဘူး … ကျွန်မ … တံခါးပိတ်ထားမိတယ်ထင်လို့ အပြေးလာဖွင့်ပေးတာပါ … တံခါးက ဖွင့်ထားပြီးသားကို … ”

“ပိုက်ရော … ”

“အိပ်နေတယ် … ဦးကြယ်တံခွန် … ”

“ကြာပြီလား … အိပ်တာကြာရင် ခေါင်းထဲသွေးရောက်ပြီး ပိုဆိုးနေမှာပေါ့ … နှိုးကြည့်လိုက်ပါဦး မယမုံ … ကျွန်တော် ရောက်နေတယ်လို့ … ဆေးခန်းလေး ဘာလေး သွားပြရအောင် … ”

“ဟုတ် … ဟုတ်ကဲ့ … ခဏလေးထိုင်ဦးနော် … ကျွန်မ သွားခေါ်ကြည့်ဦးမယ် … ”

ယမုံ အသာကလေးလှည့်ထွက်ခဲ့မိသည်။ ဘယ်ဆိုး... ချက်ချင်းရောက်လာသားပဲ။ ဟွန်း … ရှင်တို့ယောကျ်ားတွေ... အဖြစ်သည်းချင် သည်းပြနေပြန်ရော။ အပေါ်ထပ်လှေကား...အတိုင်း အပေါ်ထပ်ရှိ ပိုက်အခန်းတံခါးလေးဆီ လျှောက်ကာ ...ခပ်ကျယ်ကျယ်ကလေးနှင့် ခေါ်ပြလိုက်၏။

အမလေး ... ။

တော်တော် သရုပ်ဆောင်ကောင်းတဲ့မိန်းမ။

တော်တော်နှင့်ထွက်မလာသေး ... ။ သုံးလေး
လောက် တံခါးခေါက်မှ ပိုက်က တံခါးလာဖွင့်ပေး၏။

"ခေါ်လိုက်ရတာဟယ် ... "

"ရှူး ... ကြားပါတယ် ... အချိန်နည်းနည်းဆွဲထားမှပေါ့ ... ချက်ချင်း တံခါးဖွင့်သံကြားရင် တစ်မျိုးထင်နေဦးမယ်"

"ရှင့်အဆက်ကြီးကို သွားတွေ့လိုက်ဦး ... "

"ယမုံနော် ... "

ရယ်ကျဲကျဲနှင့် ယမုံကျန်ခဲ့၏။ ကျွန်မကတော့ မမာတစ်ယောက်လို အင်အားချည့်နဲ့ကလေးလုပ်ကာ အောက်သို့ ဆင်းခဲ့ရတော့သည်။







အခန်း ( ၂၄ )

"ပိုက် ... ပိုက်ရယ် ... ကိုယ် စိတ်ပူလိုက်ရတာကွာ ... နေမကောင်းဘူးဆိုလို့ အလုပ်တွေပစ်ထားခဲ့ပြီး ပိုက်ဆီကို ကိုယ် လိုက်လာခဲ့တာ သိလား ... "

ကြင်နာနွေးထွေးမှုအပြည့်နဲ့ သူ့ရဲ့မျက်ဝန်းလေးတွေ ...ခိမ့်စိတ်တွေ လွှမ်းကဲနေပုံရ၏။ သူ့ဆံပင်ခွေခွေလေးတွေတောင် ...ြင်ကလေးပေါ်မှာ ကပိုကရိုလေးကျလို့။ ကျွန်မအနားကို တိုး ...ာပြီး လက်ကလေးတွေကို ဆုပ်ကိုင်လိုက်မိချိန်မှာတော့ ... ...ရဲ့ ရင်ခုန်သံတွေ တထိတ်ထိတ်အခုန်မြန်လာခဲ့လေရဲ့။

"ဦး ... ဦးကြယ်တံခွန် ... "

"ဟင် ... ပိုက် ... "

"ကျွန်မစိတ်ထဲမှာ တစ်မျိုးကြီးပဲ ... "

"ဟုတ်တယ် ... ဝိုက်ကိုကြည့်ရတာ မျက်နှာလေး ...
သလိုဘဲ ... ဘာဖြစ်နေတာလဲဟင် ... ကိုယ် သိချင်...
တာ"

လိုက်ကာအပြာရောင်လေးတွေ ထပ်ထား...
တင်းပေါက်နားအထိ ကျွန်မလက်ကလေးတွေကို ဆွဲကိုင်...
ခေါ်သွားခဲ့သည်။ ပြီးတော့ ကျွန်မခါးကလေးကို သူ့လက်...
တစ်ဖက်နဲ့ ခပ်တင်းတင်းကလေး ပွေ့ဖက်ထားခဲ့၏။

"ကျွန်မ ရှင့်ကို လက်မထပ်ချင်တော့ဘူး ... ဦးကြွယ်...
ရယ် ... "

"ဘာ ... "

သူ တအံ့တသြ သူမကို ငေးကြည့်၏။

"အဲဒါ ကျွန်မ ရှင့်ကိုချစ်လို့ ... "

"ဟာကွာ ... အဓိပ္ပာယ်မရှိလိုက်တာ ... ကိုယ့်ကို...
လက်ထပ်ရမှာပေါ့ကွ ... "

"ဟင့်အင်း ... "

သူမ ခေါင်းကလေးကို အသာခါယမ်းလိုက်မိ...
ပူနွေးစွာ စီးဆင်းလာတဲ့ ကျွန်မမျက်လုံးအိမ်ထဲက မျက်ရည်...
တွေ အဲဒီမျက်ရည်တွေကို သူရုတ်တရက် တွေ့သွားတော့ ထိတ်...





...လှုပ်စွာ ကျွန်မကိုယ်လေးကို တစ်ပတ်ဆွဲယူလိုက်ပြီး ကျွန်မ
...ဖျားကလေးတွေကို အတင်းဆွဲမော့ယူလိုက်ပြီး မယုံနိုင်သော
...ဝန်းကလေးများနှင့် စိုက်ကြည့်ကာ ...

"ဝိုက် ... ဝိုက် ငိုတယ် ဟုတ်လား ... ကြည့်စမ်း မျက်ရည်
တွေကျလာပြီ ... ဝိုက်ရာ မငိုစမ်းပါနဲ့ကွာ ... ဝိုက်အနားမှာ
ကိုယ်တစ်ယောက်လုံးရှိနေပြီပဲဟာ ... ဝိုက် ... ဝိုက် ကျေ
နပ်ပျော်ရွှင်လာအောင် ကိုယ်ဘာတွေ လိုက်လျောပေးရ
မလဲ ... ဝိုက်ရယ် ... "

သူ ...

ကျွန်မကို တတွတ်တွတ်မေးနေသည်။

အရွှန်းလဲ့ဆုံး မျက်ဝန်းကလေးတွေနဲ့ စိုက်ကြည့်ပြီး
...မပါးပြင်ကလေးပေါ်က မျက်ရည်စလေးတွေကို တယုတယ
...း ဖယ်ပေးဖို့ သူကြိုးစားနေသည်။

"ပြောလေ ဝိုက် ... ကိုယ်မေးနေတာကို ဖြေလေ ... "

"ကျွန်မ မယုံဘူး ဦးကြွယ်တံခွန် ... "

"ဟင် ... "

"ရှင် ... ဟန်ဆောင်နေတာ ... "

"ဟာကွာ ... "

သူ အရမ်းစိတ်ညစ်သွားပုံရသည်။

သူ့နဖူးကို သူ့ဟာသူ လက်ဝါးကလေးနှင့် ဖြန်းခနဲ

ပိတ်ရိုက်ပစ်လိုက်၏။ ပြီးနောက် ရယ်သွမ်းသွေးသောမျက်နှာ
နှင့် သူမကို ခပ်စူးစူးစိုက်ကြည့်ပြီး ...

"ကိုယ် မင်းကို တကယ်ချစ်တယ်ဆိုတာ အခုထိ မယုံ
ဘူးလားဟင် ... ငိုက် ကိုယ့်မှာတော့ စားရင်လည်း ငို
သွားရင်လည်း ငိုက် ... ဘာပဲလုပ်လုပ် ရင်ထဲမှာ ငိုက်
ယောက်တည်းပဲ ရှိနေတော့တဲ့ဥစ္စာကို ... ယုံပါကွာ
ကျိန်ဆိုရင်လည်း ကျိန်ပြပ့ါမယ် ... သစ္စာရေသောက်
လည်း သောက်ပြပ့ါမယ် ... ငိုတော့ မငိုလိုက်ပါနဲ့ကွာ
ကိုယ်မခံစားနိုင်လို့ပါ ... ငိုက်ရယ် ... "

ကျွန်မပခုံးကလေးတွေကို ခပ်တင်းတင်းက
ဆုပ်ကိုင်ဖျစ်ညှစ်ထားရင်း အားမလို အားမရစွာ ပြောနေ
ဦးကြယ်တံခွန်။

သူ့မျက်ဝန်းလေးထဲမှာ စိုးရိမ်ပူပန်မှုကလေးတွေ
သူမ တွေ့နေရသည်။

ကျွန်မ ...

သူ့စိတ်ကို တမင်စမ်းကြည့်လိုက်တာပါ။

လက်ထပ်ဖို့ကိစ္စကိုတော့ ယမုံနဲ့တောင် တိုင်ပင်
နေပြီလေ။ ဒါပေမဲ့ ကျွန်မလိုချင်တဲ့ဆန္ဒကို ဦးကြယ်တံခွန်ဘက်
မလိုက်လျောမှာစိုးလို့၊ တမင်ဟန်ဆောင်လိုက်တာ။

ကျွန်မက ပြင်ဦးလွင်မှာပဲ လက်ထပ်မင်္ဂလာပွဲကြ





ခြိမ့်ခြိမ့်သဲကျင်းပပစ်ချင်တာ။

ရှင် ...

မမကို လဲကျသေဆုံးစေခဲ့တဲ့ နေရာ၊ ကျွန်မတို့
သားစုတွေ တစ်ယောက်ကိုတစ်ယောက် ဖက်ပြီး ရင်နာနာနဲ့ ငို
ကြွေးခဲ့ရတဲ့ နေရာ။ အဲဒီနေရာကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ရှင့်ကိုရောက်
အောင် ကျွန်မပြန်ခေါ်သွားမယ် ဦးကြယ်တံခွန်။

ပြင်ဦးလွင်က ကျွန်မတို့ခြံကြီးကို အလှပဆုံးဖြစ်
အောင် ကျွန်မ ပြန်ပြင်ဆင်မယ်။ မမအညိုရောင်ရဲ့ လက်ထပ်
လာပွဲနဲ့တူတဲ့ မင်္ဂလာပွဲကြီးတစ်ခု ဖြစ်လာတဲ့အထိ ... ကျွန်မ
းစားမယ်။

ရောင်စုံမီးတွေ ...

မင်္ဂလာအိပ်ရာခမ်းနားကြီးတွေက အစ၊ မမအညို
ောင်လက်ထက်ကနဲ့ တစ်ထပ်တည်းတူညီနေအောင်လုပ်ဖို့ ကျွန်မ
ကြံကူးထားပြီးသားလေ။

ဟင်း ... ဟင်း ... ဟင်း ... ။

ရှင် ဘယ်လိုမှ ရှောင်ပြေးလို့ မလွတ်နိုင်တော့ပါဘူး။

"ငိုက် ... " -
"ဟင် ... "
"ဘာတွေစဉ်းစားနေတာလဲကွာ ... "
"ရှင်နဲ့ ကျွန်မ လက်မထပ်ချင်ဘူးဆိုတာကိုလေ ... "

"ဝိုက် ... ဝိုက်ရာ ... တကယ်ပြောနေတာလားကွာ ..."

"ကျွန်မရဲ့ဆန္ဒတွေကို ရှင်မလိုက်လျောနိုင်မှာစိုးလို့ပါ"

"အို ... ဘာလို့ မလိုက်လျောနိုင်ရမှာလဲ ဝိုက်ရယ် ... ပြော ... ဝိုက်က ဘယ်ဟိုတယ်မှာ ဆောင်ချင်တာလဲ ... ဆီဒိုးနားလား ... ထရိတ်ဒါးလား ... ဝိုက်ကြိုက်တဲ့နေရာ... ပြော ... "

သူမခေါင်းကလေးကို သွက်ခနဲ ခါယမ်းလိုက်သည်။

"အဲဒါတွေ တစ်ခုမှမဟုတ်ဘူး ဦးကြယ်တံခွန် ... "

"ဒါဖြင့် ဘာလဲ ... "

ခပ်ပြုံးပြုံးကလေးမေးတော့ သူမသည် တည်ငြိမ်လေးနက်သော မျက်ဝန်းကလေးများနှင့် သူ့ကို စူးခနဲ စိုက်ကြည့်ကာ ...

"ကျွန်မ ပြင်ဦးလွင်မှာပဲ ဆောင်ချင်တာ ... "

"ဘာ ... ဘာရယ် ... မင်း ... မင်း ... ဘာပြောလိုက်တယ် ဝိုက် ... ပြင်ဦးလွင် ဟုတ်လား ... "

မိုးထစ်ချုန်းသံတစ်ခုကို ကြားလိုက်ရသလို ဝင်းခနဲ ပြက်သွားတဲ့ ကောင်းကင်တစ်ခုရဲ့မျက်နှာလို သူ့မျက်နှာတစ်ခုလုံး ညှိုးချုန်းကျလို့သွားတာ ကျွန်မ မကြည့်ရက်ပါ။

ပြင်ဦးလွင်ဆိုတဲ့ နာမည်ကလေး ကြားလိုက်တာနဲ့ အမြဲသွေးပျက်ကာ တုန်လှုပ်နေတတ်တဲ့ သူ့မျက်လုံးတွေ၊ သူ့နှုတ်





...မ်းတွေ၊ သူ့မျက်နှာတွေကို မကြည့်ရက် မမြင်ရက်စွာ ကြည့်နေ...ြင်နေရတာကပဲ ကျွန်မရဲ့ ကံဆိုးမိုးမှောင်ကျမှုတစ်ခုပါပဲ။

ကျွန်မ သူ့ကိုသိပ်ချစ်မိသွားခဲ့တာ။

ဒါပေမဲ့ ...

ကျွန်မ သိပ်ချစ်ခဲ့တဲ့ သူဟာ မရိုးသားခဲ့ဘူး။

တွယ်တာတတ်တဲ့ သူ့မျက်လုံးတွေက ရက်စက်မှု...စ်ခုကို ဖုံးကွယ်ထားတာ ကြေကွဲဝမ်းနည်းစရာအကောင်းဆုံးပဲ။

"တခြား ... တခြားနေရာတစ်ခုခုကို ရွေးကြည့်ပါလား ဝိုက်ရယ် ... ပြင် ... ပြင်ဦးလွင်ဆိုတော့ ဧည့်သည်တွေ လာရသွားရတာ ပင်ပန်းပါတယ် ... ပြီးတော့ ကိုယ့်ရဲ့အသိမိတ်ဆွေတွေကလည်း ရန်ကုန်မှာ အများကြီးပဲ ... "

သွားစမ်းပါ။

ဒါ ...

ရှင် တမင်ရှောင်လဲဖို့ ကြိုးစားလိုက်တဲ့ သွေးရူးသွေး...န်းအကြောင်းပြချက်တစ်ခုပဲ။

"ဟင့်အင်း ... ပြင်ဦးလွင်ကိုပဲ ကျွန်မသဘောကျတယ် ..."

"ကိုယ် ... ဖိတ်စာတွေတောင် ရိုက်ပြီးနေပြီ ဝိုက်ရယ်"

"ပြန်ဖျက်လိုက်ပေါ့ ဦးကြယ်တံခွန်ရယ် ... ဒီကိစ္စက ဘာမှခက်ခဲတဲ့ ကိစ္စမှမဟုတ်တာ ... ဟို ... ဟို ... ဝိုက်ကို တကယ်ချစ်တယ်ဆိုရင်လေ ... "

"ဟူး ... စိတ်ညစ်တယ်ကွာ ... "

သူ သက်ပြင်းမောကြီးကို မှုတ်ထုတ်လိုက်သည်။ ခေါင်းကို ဘယ်ညာခါယမ်းပစ်လိုက်တော့ သူ့နဖူးပြင် တင်းတင်း လေးက ဆံပင်လေးတွေ လွင့်ခနဲ ခါသွားသည်။ သူအကြာကြီးစဉ်း စားနေသလိုရှိသည်။ ပြီးမှ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်နိုင်စွာ ချလိုက်ပုံ ရသည်။ သူမကို ငေးကြည့်ပြီး ...

"ကဲ ... ကဲ ... မင်းကြိုက်သလိုသာ စီစဉ်လိုက်တော့ကွာ ကိုယ် မင်းကို တအားချစ်တဲ့စိတ်နဲ့ အရှုံးပေးလိုက်ပြီ ဒါ လား ... "

သူ့စကားကြောင့် သူမမျက်ဝန်းကလေးတွေ ဝိုင်း စက်သွားရသည်။

"ရှင် ... ရှင် ... တကယ်ပြောတာနော် ... "

"တကယ်ကွာ ... တကယ် ... တကယ် ... "

"ဒါဆို ရှင် ကျွန်မကို တကယ်ချစ်တာပဲ ... "

ရင်ထဲမှာ တစ်ချက်တော့ နင့်ခနဲ စူးအောင့်သွား သည်။ သူ တကယ်ချစ်ခဲ့တာမှန်ရင် ကျွန်မကရော ယမ်ပြောခဲ့သ များ သူ့ကို ... ဟာ အဲဒါ လုံးဝမဖြစ်သင့်ဘူး။ ကျွန်မ သူ့ကို လုံး မချစ်သင့်ဘူး။ မမအညိုရောင်အတွက် သူ့ကိုလက်စားချေဖို့ပဲ ကျွန် ကြိုးစားနေတာ ... သူ ပြင်ဦးလွင်က ခြံကျယ်ကြီးထဲမှာ ကြေကွဲ ရမယ်။ မမအညိုရောင်ရဲ့ ငိုရှိုက်သံတွေနဲ့ ညီမျှတဲ့ သူရဲ့ရှိုက်သံ





...ဦးလွင်က ခြံကျယ်ကြီးထဲမှာပဲ ပွဲတင်ထပ်စေရမယ်။ ပြီးရင် ... ...ဒီ ခြံကျယ်ကြီးထဲမှာပဲ နှလုံးသွေးရပ်ပြီး မမအညိုရောင်လိုပဲ လဲ ...သေဆုံး ... ။

အို ...

ဘုရားရေ ... ။

အဲဒါဆို ကျွန်မ ရှင့်အတွက် ဘယ်လိုများ ခံစားသွား ...လေမလဲ။ စိတ်တွေက ပြန်ပြီး ယိုင်နဲ့ချင်သွားရသည်။

ရုတ်တရက် နားထဲမှာ အသံကလေးတစ်ခုက ဖြတ် ...ောင်လာ၏။ ဒါ ... ဒါ မမအညိုရောင့်အသံ။

ဝိုက် ...

နင် ဘာဖြစ်နေတာလဲ။

ဦးကြယ်တံခွန်ကို လက်စားချေဖို့ကိစ္စမှာ နင်ဘာ ...လို့ ဒီလောက်တောင် သွေးပျက်တုန်လှုပ်ချင်နေရတာလဲ။ မမကို ... ရက်ရက်စက်စက်ထားခဲ့ပြီး ဘာအကြောင်းပြချက်မှမထားခဲ့ ... အပြီးထွက်သွားတာလေ။ သူ့အတွက် ဘာကိုမှထည့်စဉ်းစားစရာ ... ဖလိုတာ ဝိုက်။ တစ်ချိန်က မမတို့ ခံစားခဲ့ရသလို သူပြန်ပြီး ...းသွားရအောင် လုပ်ပေးရမယ့်တာဝန်က ညီမလေးရဲ့တာဝန်ပဲ။

အခု ...

သူ့မှာ မမအညိုရောင့်လိုပဲ နှလုံးရောဂါရှိနေတဲ့ ...ကာတွေ ပြနေပြီလေ။ ကြည့်စမ်း ဒီတစ်ခါ သူ့အလှည့်၊ သူ

ဝင့်လည်တော့မယ်။

သွေးပျက်ချောက်ချားရတဲ့ ညတစ်ညကို သူ မြ
မနေ ဖြတ်သန်းစေရမယ်။ သိပ်ပြီး မတွေဝေစမ်းပါနဲ့ ဝိုက်ရယ်
မင်း ကြိုးစားစမ်းပါ။ ဟင်း ... ဟင်း ... ဟင်း ... ။

ရယ်သံတွေ ...

မမအညိုရောင့်ရယ်သံလေးတွေ။

ဝိုက် ...

ဝိုက်လေ။

မှားသွားပါတယ်။ မမအညိုရောင်ရယ်။

နောက်ဆို ဘယ်တော့မှ မတွေဝေတော့ပါဘူး။ မ
အပေါ် သူ့ရဲ့ရက်စက်စော်ကားမှုကို ဝိုက်အမြဲ အာရုံထဲမှာ သိမ်းထား
ပါ့မယ်။ မမအညိုရောင့်အတွက် သူ့ကို ဝိုက်လက်စားချေပါ့မယ် မ
ရယ်။

"ဝိုက် ... "

"ဟင် ... "

"မင်း ဘာတွေစဉ်းစားနေတာလဲကွာ ... ငြိမ်နေတာ အကြာ
ကြီးပဲ ... "

"ဟို ... ဟိုလေ ... ပြင်ဦးလွင်မှာ မင်္ဂလာအခမ်းအနားပြင်
ဆင်ဖို့ ကိစ္စတွေ စဉ်းစားနေလို့ပါ ... "





"ကိုယ် ... အရမ်းပျော်တယ် ဝိုက်ရာ ... ဝိုက်နဲ့ လက်ထပ်ရ
တော့မယ့် အချိန်ကလေးတွေကို တွေးပြီး ကိုယ်အိပ်လို့
တောင် ပျော်မှာမဟုတ်တော့ဘူး ... သိလား ... "

နဖူးပြင်ကလေးကို လက်ကလေးနှင့် လှမ်းပုတ်ပြီး
...ောနေသော ဦးကြယ်တံခွန်ကို ကျွန်မငေးကြည့်နေမိသည်။

သူကတော့ အရမ်းပျော်နေ၏။

ပြီးတော့ ...

ကျွန်မရဲ့ ကိုယ်လုံးအိအိကလေးကိုလည်း ကျွန်မနဲ့
...နှာချင်းဆိုင်မှာ ရပ်ပြီး ခါးကနေ အတင်းဆွဲဖက်ပြီး ကိုယ်ချင်း
...ပ်ထားသည်။

ကျွန်မ ရင်ခုန်လိုက်ရတာ ...

သူ့ရဲ့အကြင်နာမျက်ဝန်းတွေ၊ သူ့ရဲ့အကြင်နာစကား
...တွေဟာ ကျွန်မအတွက်တော့ မိုးထစ်ချုန်းသံတွေလိုပါပဲ။

"မင်္ဂလာအခမ်းအနားအတွက် ဝိုက်က စိတ်တိုင်းကျစီစဉ်
လေ ... ကုန်ကျစရိတ်တွေအားလုံး ကိုယ် ထုတ်ပေးမယ်
ဝိုက် ဘာမှအားမငယ်နဲ့ ကိုယ်ကတော့ ဝိုက်ကလေး စိတ်
ချမ်းသာမယ်ဆိုရင် ဘာမဆို လိုက်လျောမှာပဲ ... ကိုယ့်
ကြောင့် ဘယ်တော့မှ ဝိုက် စိတ်အားမငယ်စေရဘူး ...
ကိုယ်ပြောတာ ယုံနော် ... ကိုယ် ဝိုက်ကို တကယ်ချစ်ခဲ့တာ

ပါကွာ ... ”

ကျွန်မ မျက်နှာလေးတစ်ပြင်လုံးကို ... နေရာလပ် မကျန်အောင် ဖွဖွရှုရှုကလေးနမ်းနေတဲ့ ဦးကြယ်တံခွန်။ နမ်းဝ အားရတော့မှ ကျွန်မကို နှုတ်ဆက်ပြီး သူ ပြန်သွားသည်။

ကျွန်မ ...

သတိရရခြင်း ဖုန်းဆက်လိုက်မိတာ ပြင်ဦးလွင်မှာ တဲ့ ဒေါ်လေးဝါဆီကိုပါ။

“ဒေါ်လေး ဝါလား ... ”

“ဟင် အဖြူရောင်လား ... ”

“ဟုတ်တယ် ဒေါ်လေးဝါ ... သမီးအဖြူရောင်ပါ ... သမီး ပြင်ဦးလွင်ကို ပြန်လာခဲ့မလို့ ... ”

“ဟဲ့ သင်တန်းတွေ မပြီးသေးဘူးဆို ... ”

“အဲဒါက သိပ်အရေးမကြီးပါဘူး ... ဒေါ်လေးဝါရဲ့ အရေးကြီး တာတစ်ခုကို ပြင်ဦးလွင်မှာလာလုပ်မလို့ ... ”

“ဟင် ဘာလဲ ... ဘာကိစ္စများလဲ အဖြူရောင် ... ”

“အဖြူရောင် လူတစ်ယောက်နဲ့ လက်ထပ်မလို့ ... ”

“ဘာ ... ”

အရမ်းကို တုန်လှုပ်သွားသော ဒေါ်လေးဝါရဲ့အသံကို ဖုန်းခွက်ထဲမှ အဖြူရောင်ကြားလိုက်ရသည်။

“ဘာ ... ဘာရယ် ဘယ်သူ ... ဘယ်သူနဲ့ လက်ထပ်မလို့လဲ”





ဒေါ်လေးဝါ အသည်းအသန်မေးနေပြီ။

“အဲဒီလူကို ဒေါ်လေးဝါ အခု မသိချင်နဲ့ဦး ... ”

“ညည်း ... ညည်း ... ရှုပ်ရှုပ်ယှက်ယှက်တွေတော့ လုပ် မလာနဲ့နော် ... မမအညိုရောင်လို ဖြစ်နေမှာစိုးလို့ ညည်းကို ငါပြောနေတာ ... ”

“ဟာ ဒေါ်လေးဝါကလည်း အဖြူရောင်လက်ထပ်မယ့်သူ က အဖြူရောင့်ချစ်သူပါ ... လက်ထပ်တဲ့နေ့ကျရင် ဒေါ်လေး ဝါ တွေ့ရမှာပေါ့ ... ”

“ညည်းပြောတာ ငါ ရင်တုန်လိုက်တာ ... အဖြူရောင်ရယ် ဘာပဲလုပ်လုပ် တစ်ဖွတ်ထိုးလုပ်တတ်တဲ့ ညည်းအကျင့်ကို အခုထက်ထိမဖျောက်သေးဘူးလားဟင် ... အဖြူရောင်”

“ဒေါ်လေးဝါ ဘာမှစိတ်ပူမနေနဲ့ ... အဖြူရောင်ချစ်သူက သဘောကောင်းတယ် ... ဒေါ်လေးဝါမြင်ရင် အံ့သြသွား မယ်သိလား ... ”

“ကဲ ... ထားပါတော့ ညည်းက ဘယ်တော့ ပြန်လာမှာလဲ”

“အမြန်ဆုံးပြန်လာမှာ ... မမအညိုရောင်တုန်းကလိုပဲ ... အရမ်းလှပပြီး အရမ်းခမ်းနားတဲ့ မင်္ဂလာပွဲကြီးတစ်ခုဖြစ် အောင် အဖြူရောင်စီစဉ်မယ် ... ”

ဒေါ်လေးဝါ ဘာမှပြန်မပြောနိုင်ခင်မှာပင် ဖုန်းခွက် ကျွန်မချပစ်လိုက်ပြီ။

"ဝိုက် ... "

"ဟင် ... "

ကျွန်မနောက်မှာ ယမုံ ...

ရီဝေဝိုင်းစက်နေတဲ့ မျက်လုံးတွေနဲ့ ကျွန်မကို ငေး ကြည့်လို့ ...

"ရှင် ဆုံးဖြတ်လိုက်ပြီပေါ့လေ ... "

"ဟုတ်တယ် ယမုံ ... ကျွန်မ လုပ်သင့်လုပ်ထိုက်တာ တစ် ကိုပဲ ကျွန်မလုပ်တော့မယ် ... ယမုံ ကူညီနော် ... "

"ကူညီရမှာပေါ့ ဝိုက်ရယ် ... သစ္စာမရှိတဲ့ ယောကျ်ားတစ် ယောက်ကို လက်စားချေတဲ့ပွဲမှာ ကိုယ်ချင်းစာပြီး ခံစား ချက်ရှိတဲ့ မိန်းကလေးတိုင်း ရှင့်ဘက်ကနေ လက်ခုပ်တီး အားပေးဖို့ လိုအပ်နေပြီဆိုတာ ယမုံသိပါတယ် ... "

နှုတ်ခမ်းလေးတွေကို တစ်ချက်တွန့်ကွေးလိုက်ပြီး ပြုံးတယ်ဆိုရုံကလေး ပြုံးလိုက်တဲ့ ယမုံ။

ပြီးတော့ ...

ကျွန်မရဲ့လက်တွေကို ခပ်တင်းတင်းလေးဆုပ်ကိုင် ကာ အားပေးလာ၏။

"ပြင်ဦးလွင်ကို အမြန်ဆုံးရောက်အောင်သွားပြီး ... ဦးကြွယ် တံခွန် ထိတ်လန့်တုန်လှုပ်သွားစေမယ့် မင်္ဂလာပွဲကြီးတစ်ခု ဖြစ်အောင် ရှင်နဲ့ ယမုံတို့ သွားပြီးစီစဉ်ကြမယ်လေ ... "





"သိပ်ကောင်းတာပေါ့ ယမုံ ... "

ကျွန်မ ပင့်သက်တစ်ခုကို ရှိုက်လိုက်သည်။

မမအညိုရောင့်အတွက် အကောင်းဆုံးလက်စားချေ ...ခဲ့ပွဲ။

မမအညိုရောင် နှလုံးသွေးရပ်ပြီး လဲကျသေဆုံးခဲ့ရ ...ဒ်ကျယ်ကြီးထဲမှာ ပြန်ကျင်းပရမယ့် မင်္ဂလာပွဲလေး။

ဦးကြွယ်တံခွန်ရယ် ...

ဝိုက်ကို ခွင့်လွှတ်ပါ။

သံသရာအဆက်ဆက်အထိ သည်အကြွေးတွေကို ...မ သယ်မသွားချင်တော့လို့ပါ။



"ဝိုက် ... ဝိုက်လားဟင် ... "
"ဟုတ်ပါတယ် ဦးကြွယ်တံခွန် ... "
"ဝိုက်ရယ် ... ဖုန်းခေါ် လိုက်ရတာ အကြာကြီးပဲကွာ ..."
"ကျွန်မကလည်း ... ဦးကြွယ်တံခွန်ဆီက ဖုန်းကို စောင့်နေတာပါ ... မြင်ဦးလွင်မှာ အစစအရာရာ ကျွန်မပြင်ဆင်ထားပြီးပြီ ... ဦးကြွယ်တံခွန် ... "
"ဟုတ်လား ... ကိုယ် မြင်ချင်လိုက်တာ ... "
"အရမ်းလှတာပဲ ... "
"ကဲ ... ပြောစမ်း ဝိုက်ရယ် ... ဝိုက် ဘယ်လိုပြင်ဆင်ထားသလဲဆိုတာ ... ကိုယ်သိပ်သိချင်တယ် ... "

ဖုန်းကိုကိုင်ထားတဲ့ ကျွန်မရဲ့ လက်ကလေးတွေ တုန်နေတာ ရှင်ဘယ်လိုလုပ်သိနိုင်မှာလဲ ဦးကြွယ်တံခွန်။





မင်္ဂလာအခမ်းအနားအတွက် ပြင်ဆင်ရင်း ကျွန်မ...သဲ မီးတောက်နေခဲ့ရတယ်သိလား။

"ကျွန်မ မိဘပိုင်ခြံကျယ်ကြီးထဲမှာ ထင်းရှူးပင်တွေ ... မိုးမခပင်တွေ ... ချယ်ရီပင်တွေ အများကြီးရှိတယ် ... အဲဒီအပင်ကြီးတွေအားလုံးမှာ ရောင်စုံမီးတွေ ကျွန်မ ထွန်းထားတယ် ... "
"ဟာ အရမ်းလှမှာပဲကွာ ... "
"ကျွန်မတို့နှစ်ယောက်ရဲ့ မင်္ဂလာဦးညအတွက် ခုတင်ကြီးတွေ ... မွေ့ရာကြီးတွေ ... ခန်းဝင်ပစ္စည်းတွေကိုလည်း ကျွန်မစိတ်ကြိုက် ပြင်ဆင်ထားတယ် ... ဦးကြွယ်တံခွန်"
"ဝိုက် ... ဝိုက်ရယ် ... မင်းဆီကို ကိုယ်အခုချက်ချင်းတောင် ပြေးလာချင်နေပြီ ... ကိုယ် စိတ်မထိန်းနိုင်တော့ဘူးကွာ"
"ဟင်း ... ဟင်း ... ဟင်း ... "

ရယ်သံလွင်လွင်ကလေး ထွက်လာ၏။

မရယ်ချင်ဘဲ ရယ်မစ်လိုက်ရတဲ့ ကျွန်မအသံကို သူ...လိုမှ နားလည်သိနိုင်စွမ်းရှိမှာမဟုတ်ပါဘူးလေ။

"ကိုယ်ပျော်တယ်သိလား ဝိုက် ... ကိုယ့်စိတ်ထဲမှာ အိပ်မက်မက်နေတယ်လို့တောင် ထင်နေမိတာ ... ကိုယ်အမြန်ဆုံးလိုက်ခဲ့မယ်နော် ... "

လင်းလက်အိမ်စာပေ

"ရပါတယ် ဦးကြယ်တံခွန် ... မင်္ဂလာပွဲကို ရှင်အမီလိုက်
နိုင်ဖို့ပဲ အရေးကြီးတာ ... "

"ရန်ကုန်က ဧည့်သည်တွေကိုလည်း ကိုယ်အပါခေါ်ခဲ့ရ
သူတို့က ... ကိုယ်နဲ့အတူ လိုက်ချင်နေတာ ... သူတို့
ကိုယ်စောင့်နေရလို့ပေါ့ ... ဟင်း ... သူတို့ကိုသာ မစော
ဘူးဆိုရင် ... ကိုယ် ပြင်ဦးလွင်ကို အခုချက်ချင်း လိုက်ခဲ့
သားပဲ ... "

"စိတ်ထိန်းလေ ... "

"ယမုံကိုလည်း ပြောပေးနော် ... အစစအရာရာ ကူညီ
တဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်လို့ ... "

"စိတ်ချပါ ကျွန်မပြောလိုက်ပါ့မယ် ... "

"တယ်လီဖုန်းထဲကနေပဲ ... ပွိုက်အတွက် အနမ်းလေး
ကိုယ်ပို့ပေးလိုက်တယ်နော် ... "

"ဟွန်း ... အနမ်းတွေက အရေးမကြီးဘူး ... ရှင့်ရင်
အောင့်တာ နှလုံးအထူးကုဆရာဝန်ကြီးတွေနဲ့ ပြထား
အရေးကြီးတယ် ... "

"အဲဒီရောဂါကို မေ့ထားလိုက်စမ်းပါ ပွိုက်ရယ် ...
တလော ကိုယ် ပျော်နေလို့လား မသိဘူး ... ဘာ
တောင် သောက်စရာမလိုဘဲ ကိုယ်သက်သာနေတယ်"

"ဒါဆိုလည်း ရှင့်သဘောပဲလေ ... ကျွန်မက မင်္ဂလာ





ပွဲကြီး ကျင်းပနေတဲ့အချိန်ရောက်မှ ရှင်တစ်ခုခုဖြစ်နေမှာစိုး
လို့ သတိပေးတာ ... "

"ပွိုက်ရယ် ... မင်း ကိုယ့်ကို အဲသလောက်ထိချစ်ရသလား
ကွာ ... "

မုန်းတယ် ဦးကြယ်တံခွန်။

မမအညိုရောင်ရဲ့မျက်နှာလေးကို ပြန်မြင်ယောင်
ရတိုင်း ရှင့်ကို ကျွန်မအရမ်းမုန်းတာပဲ။

ရှင့်ကြောင့် ...

အမြဲတမ်းပျော်ရွှင်နေခဲ့ရတဲ့ ကျွန်မတို့မိသားစုရဲ့ဘဝ
လေး ရစရာမရှိအောင် ပြိုကွဲပျက်စီးခဲ့ရတာလေ။ အဲဒါတွေကို
မိတိုင်း ကျွန်မ ရှင့်ကိုမုန်းတယ် ... နာကြည်းတယ် ... စိတ်နာ
ယ် သိလား ... ။

ရှင့်လုပ်ရပ်တွေကို လွယ်လွယ်နဲ့ မေ့ပစ်လိုက်လို့
ဖြစ်ပါ့မလဲ ဦးကြယ်တံခွန်။

"ပွိုက် ... "

"ဟင် ... "

"ဖုန်းထဲမှာ ပွိုက်အသံ ငြိမ်သွားတယ် ... "

"ဟုတ်တယ် ... တစ်ခုခုကို ကျွန်မစဉ်းစားလိုက်မိလို့"

"ပွိုက်အသံက တစ်မျိုးပဲ ... "

"ရှင် အခုအရမ်းပျော်နေသလားဟင် ... "

"ပျော်တာပေါ့ ဗိုက်ရာ … ဘယ်လိုမေးလိုက်တာလဲ …"

"ဟင်း … ဟင်း … "

"မနောက်နဲ့နော် ဗိုက် … ဗိုက် ရယ်လိုက်တဲ့အသံက ထို
ကို လှောင်နေသလိုပဲ … "

"ရှင် မနက်ဖြန်အရောက်လာရမှာနော် … ညနေဆို မင်္ဂလာ
အခမ်းအနားစမှာ နောက်ကျလို့ မဖြစ်ဘူး … "

"ကိုယ်သိပါတယ် ဗိုက်ရာ … ကိုယ်က အခုတောင် ပြေး
ချင်တာပါ … မလွဲသာလို့ … "

"မင်္ဂလာဝတ်စုံအတွက်လည်း ကျွန်မ စီစဉ်ထားပြီးပြီ
ကျွန်မစီစဉ်ထားတဲ့ ဝတ်စုံလေးက ရှင်နဲ့ဆို အရမ်းလိုက်
မှာပဲ … အဲဒီဝတ်စုံလေးကိုတွေ့ရင် ရှင်အရမ်းသဘော
မှာ … "

"ဘာမှ လိုလေသေး မရှိအောင်ပါပဲလား ချစ်ရာ …
တကယ် တော်တယ်ကွာ … "

"ရွှတ် … "

"ရွှတ် … "

"ဘာ … ဘာသံလဲဟင် … "

"ဖုန်းထဲက ဗိုက်ကို နမ်းလိုက်တာလေ … "

"ဟွန်း ဗိုပြီ … "

တစ်ဘက်ကနေ သူ့ရယ်သံကို ကြားလိုက်ရသည်။





ပျော်နေတဲ့ ဦးကြယ်တံခွန်။

ကလေးတစ်ယောက်လိုဖြစ်နေရ၏။ သူမနှုတ်ခမ်း
လေးတွေမှာတော့ မဲ့ပြုံးကလေးတစ်ခု ဖြတ်ပြေးသွားရသည်။

ပျော်လေ …

ပျော်ထားစမ်း ဦးကြယ်တံခွန်။

ပြီးရင်တော့ ရှင် အားရအောင် ငိုစေရမယ်။

"အဖြူရောင် … "

"ဟင် … ဒေါ်လေးငါ … "

ဖုန်းပြောပြီး ပြန်ထွက်လာတော့ အခန်းဝမှာ ဒေါ်
လေးဝါ။

သူလည်း မင်္ဂလာအခမ်းအနားအတွက် ဖတ်ဖတ်
မောရပြီလေ။

"သတို့သား ဘယ်တော့လာမှာလဲ … "

"မနက်ဖြန် … "

"ဟယ် … နောက်မကျလွန်းဘူးလား အဖြူရောင်ရယ် …
ညည်းအစား ဒေါ်လေးဝါ စိတ်ပူလိုက်တာ … "

"အဖြူရောင် ကွက်တိစီစဉ်ထားလို့ပါ … "

"ဘာမှမပူနဲ့ ဒေါ်လေးဝါ … ယမုံတို့စီစဉ်ထားတာ သူ့ဟာနဲ့
သူ စနစ်တကျဖြစ်လာမှာပါ … "

ယမုံကပါ ဝင်ပြောလိုက်တော့ ဒေါ်လေးဝါ အသံ
တိတ်သွားသည်။

"လာ ယမုံ ... "

ယမုံ့ကိုခေါ်ပြီး ခြံထဲကို ထွက်လာခဲ့ကြသည်။

"ဦးကြယ်တံခွန် ပျော်နေပြီလား ... "

"ပျော်နေပြီ ... "

"ရှင်ကရော ... "

"ဒီလိုပါပဲ ... "

"ရှင်မညာနဲ့ ရှင်ဗိုထားတာ ယမုံသိတယ် ... "

"ဘာ ... "

"စောစောက ဖုန်းပြောရင်း ရှင် မျက်ရည်ကြိတ်သုတ်လိုက်တာလေ ... မမြင်ဘူး မှတ်နေလို့လား ... "

"ယမုံ မသိပါဘူး ... "

"ဟောကြည့် ... ပြောရင်း ဆိုရင်း ရှင့်မျက်နှာလေး ညှိုးသွားပြန်ပြီ ... "

ယမုံ ...

ကျွန်မရဲ့မျက်နှာလေးကို တစိမ့်စိမ့်စိုက်ကြည့်ရင်း ပြောနေသည်။ ကျွန်မရင်ထဲအထိ ထွင်းဖောက်ကြည့်နိုင်လောက်အောင်လည်း သူမ ကြိုးစားနေပုံရ၏။





ပြီးတော့ သူမက ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။

"ရှင် ... ဘာတွေဖြစ်နေတယ်ဆိုတာ ယမုံသိတယ်နော် ... ဦးကြယ်တံခွန်ကို လက်စားချေချင်ပေမယ့် တကယ်ချစ်နေမိတော့ ရှင်ခက်နေပြီလေ ... ရှင် ဘယ်လောက်အထိ ကြေကွဲနေရတယ်ဆိုတာ ယမုံ ကိုယ်ချင်းစာပါတယ် ... ရှင်ကြိုက်သလို ဆုံးဖြတ်ပါ ... မနက်ဖြန်ဆိုရင်ပဲ ဦးကြယ်တံခွန်က သူ့မိတ်ဆွေသင်္ဂဟတွေနဲ့အတူ ပြင်ဦးလွင်ကို ရောက်လာကြတော့မှာ ရှင်ဘာလုပ်မလဲ ... ယမုံ ရှင့်ကို အနီးကပ်စောင့်ကြည့်နေမှာပါ ... "

မင်္ဂလာပွဲကြီး ကျင်းပရတော့မယ့် မနက်ဖြန်။

မမအညိုရောင်တုန်းကလိုပဲ ...

တစ်ထပ်တည်းကျအောင် ပြင်ဆင်ထားသည်။

ဘာတစ်ခုမှ မလွဲစေရ။

ခန်းစည်းတွေ၊ လိုက်ကာတွေကအစ အသုံးအဆောင်အားလုံး တစ်ထပ်တည်း၊ တထေရာတည်း၊ တစ်ပုံစံတည်း။

ကျွန်မကလည်း ဒေါ်လေးဝါကို သည်အတိုင်းဖြစ်အောင် သေသေချာချာကို စီစဉ်ခိုင်းထားခဲ့တာပဲလေ။

ဒေါ်လေးဝါကတော့ ...

ထုံးစံအတိုင်း တဖျစ်တောက်တောက်နဲ့ ဆူနေသေ ရဲ့။

သတို့သားကို မတွေ့ရသေး။

ကျွန်မကလည်း တွေ့ရင် ခင်သွားမှာပါဆိုတဲ့ စကား တစ်လုံးနဲ့ပဲ ဒေါ်လေးဝါကို လှို့ဝှက်ထားခဲ့သည်။

"ဒေါ်လေးဝါ ..."

"ဟင် ..."

"မမအညိုရောင် လဲကျသွားတဲ့နေရာက ဘယ်နေရာ ဟင် ..."

"မင်္ဂလာအိပ်ရာအခမ်းအနားတွေ ပြင်ဆင်ထားတဲ့ အခန်း ထဲမှာလေ ..."

"အဖြူရောင် မတွေ့လိုက်ရတာ အသည်းနာဖို့ ကောင်းတာ ပဲ ..."

"မေ့ထားလိုက်စမ်း အဖြူရောင် ... မင်္ဂလာယူရမယ့်အချိန် မှာ အ,မင်္ဂလာစကားမပြောစမ်းနဲ့ ..."

ဒေါ်လေးဝါ နားမလည်နိုင်။

အဖြူရောင်လုပ်နေသမျှ ပဟေဠိတစ်ပုဒ်လိုဖြစ်နေ တာကိုတော့ ဒေါ်လေးဝါ သိနေသည်။ မနက်ဖြန်ညနေဆိုရင် မင်္ဂလာပွဲက စတော့မှာ။

အခုထိ ...





ပြင်ဦးလွင်ကို သတို့သားက ရောက်မလာသေး ...တော့ ဒေါ်လေးဝါ စိတ်ပူရပြီပေါ့။

သည်လိုနဲ့ပဲ ...

မင်္ဂလာအခမ်းအနားကျင်းပမယ့်ရက်ကို ရောက်လာ ...လပြီ။



နောက်ဆုံးပေါ်ကားတွေ ...

တစ်စီးပြီး တစ်စီး၊ ခြံကျယ်ကြီးထဲကို မောင်းဝင်လာနေသည်။

လှပအိစက်လွန်းတဲ့ ဆလွန်းကားတစ်စီးပေါ်မှာတော့ ရင်ခုန်ရလွန်းတဲ့ အပြုံးတွေနဲ့ ဝေနေတဲ့ ဦးကြယ်တံခွန်။

သူ ...

ကားပေါ်က ဆင်းလာသည်။

အဖြူရောင်လည်ကတုံးရှပ်အင်္ကျီလက်ရှည်ကလေးနဲ့။

အပြာရောင် ချည်ပုဆိုးကွက်စိတ်ကလေးကို သပ်သပ်ရပ်ရပ်ဝတ်ရင်း ကတ္တီပါ နီညိုရောင်ဖိနပ်ကလေးကို စီးထားသည်။





"မင်္ဂလာပါ ဦးကြယ်တံခွန် ... "

"ရန်ကုန်ကနေ ဒါရိုက်မောင်းပြီး ပြင်ဦးလွင်ကို တပျော်တပါးတက်လာကြတာလေ ... "

"မောလာတဲ့ ဦးကြယ်တံခွန်ကို ပြင်ဦးလွင်က ခင်မင်လှိုက်လှဲစွာ ကြိုဆိုပါတယ် ... "

"ပိုက်ရာ ... ပိုက်မျက်နှာလေးကို တွေ့လိုက်ရတာ ကိုယ့်အမောပြေသွားတာပဲ တကယ် ... "

"ခြံထဲမှာ ပြင်ဆင်ထားတာတွေကိုလည်း ကြည့်ဦးလေ"

"ဟာ ... လှတယ်ကွာ ... ပိုက် တကယ်တော်တယ်သိလား"

ရောင်စုံမီးလေးတွေက အများကြီး ... ဖဲကြိုးပြားကြီးတွေပေါ်မှာ အတန်းလိုက်ချိတ်ဆွဲထားလိုက်တော့ ရောင်စုံပူဘောလုံးကြီးက ဖဲပွင့်ကြီးတွေနဲ့အတူ လေထဲမှာ တဖျပ်ဖျပ်လွင့်နေတာကို မြင်လေလျှင် သူ့အရမ်းကို ကျေနပ်သဘောကျသွားရလေသည်။

ဦးကြယ်တံခွန်ရယ် ...

သည်ခြံကြီးကိုတော့ ရှင် ကျိန်းသေမှတ်မိမှာပါ။

ရှင်မသိချင်ဟန်ဆောင်ပြီး ပြုံးနေနိုင်တာကိုပဲ ကျွန်မ [illegible]အံ့သြမိပါရဲ့။

ဒါ ...

မမအညိုရောင် မင်္ဂလာဧည့်ခံပွဲကျင်းပခဲ့တဲ့ ခြံ

လေ။

မင်္ဂလာဦးညမှာ သတို့သမီးကို အကြောင်းမဲ့ ရှ
စွန့်ခွာ ထွက်ပြေးသွားခဲ့တဲ့ နေရာလေ ဦးကြယ်တံခွန်ရဲ့ ...

"သိပ်လှတာပဲ ဝိုက်ရာ ... ဝိုက် ပြင်ဆင်ထားတာလေး
အရမ်းကို ကဗျာဆန်ပြီး အရမ်းချစ်ဖို့ကောင်းတာပဲ ..."

"ရှင့် ... ရှင့်စိတ်ထဲမှာ ဘယ်လိုခံစားရလဲဟင် ဦးကြ
တံခွန် ..."

"ဘာကိုလဲ ..."

"ကျွန်မ ပြင်ဆင်ထားတာကိုကြည့်ပြီးတော့လေ ..."

"ကိုယ်အမှန်အတိုင်း ဖြေရမလား ..."

"ဖြေ ..."

"ရင်ခုန်တယ် ..."

"ရှင် ..."

"ကိုယ် ဝိုက်နဲ့ အတူဟူနေရတော့မယ်ဆိုတဲ့ အချက်
ခေါင်းလောင်းသံလေးတွေ ကိုယ့်ရင်ထဲမှာ အဆက်မပြ
မြည်လာသလိုပဲလေ ..."

"ရှင့်မှာ ... ရှင့်မှာ အဲဒီခံစားချက်ကလွဲပြီး တခြားခံစားချ
တွေ ဘာမှမရှိတော့ဘူးဆိုတဲ့ သဘောလားဟင် ... ရှင့်
စိတ်အနှောင့်အယှက်ဖြစ်သွားစရာ အကြောင်းတွေ ..."





"အို ... ဘာမှမရှိဘူး ဝိုက် ..."

ဟင် ...

သူဟာ ... ဘာမှနားမလည်နိုင်တဲ့ ဟန်ကလေးနဲ့
ခေါင်းခါနေသည်။

ဘာမှအပြစ်မရှိသလိုပါဘဲ။

တစ်ခြံလုံးကို လှည့်ပတ်ကြည့်ရင်း သူအရမ်းပျော်နေ
သည်။ ယမန့်ကိုတွေ့တော့လည်း ကျေးဇူးတင်တဲ့အကြောင်းတွေ
ပြောနေခဲ့၏။

မင်္ဂလာအိပ်ရာခန်းကြီးထဲကိုရောက်တော့ ...

"ဟာ ..."

မင်သက်မိသလိုဖြစ်သွားရတဲ့ ဦးကြယ်တံခွန်။

ရုတ်တရက် သူ ဘာစကားမှမပြောနိုင်လောက်
အောင် ဆွံ့အလို့သွားသည်။

"ဝိုက် ... ဒါ ... ဒါ ..."

"ဟင်း ... ဟင်း ... ဝိုက်ပြင်ထားတာလေ ဦးကြယ်တံခွန်
မလှဘူးလားဟင် ... မင်္ဂလာအိပ်ရာကြီးက အရမ်းလည်း
အဖိုးတန်တယ် သိလား ... အားလုံး အပြာရောင်တွေချည်း
ပဲ ..."

ဦးကြယ်တံခွန်။

မျက်နှာပျက်နေပြီ။

အယောင်ယောင်အမှားမှားတွေ ဖြစ်နေပြီလေ

"ဗိုက်ရေ ... အချိန်မရှိတော့ဘူး မိတ်ကပ်ပြင်မယ့်အဖွဲ့ ရောက်နေပြီ ... နောက်တစ်နာရီအတွင်း အပြီးလုပ်ရတော့မှာ ..."

ယမုံ့အသံက ကြားဖြတ်ဝင်လာသည်။

"ကျေနပ်တယ်နော် ဦးကြွယ်တံခွန် ..."

"မင်း ... မင်း ... ဒီပစ္စည်းတွေကို ..."

"ဟား ... ဟား ..."

ဗိုက် တအားကို ရယ်ချလိုက်သည်။

တွန့်ဆုတ်ဖြူဖျော့သွားတဲ့ သူ့ရဲ့နှုတ်ခမ်းတွေ၊ မျက်လုံးတွေကိုကြည့်ပြီး မရယ်ဘဲမနေနိုင်လောက်အောင် သွေးပျက်သွားခဲ့ရတဲ့ ကျွန်မ။

"မမေးနဲ့ ဦးကြွယ်တံခွန် ... ဒီပစ္စည်းတွေ ဘယ်ကရသလဲလို့ ကျွန်မကို ရှင်မမေးပါနဲ့ ..."

"ဗိုက်ရေ မင်္ဂလာအချိန်အရမ်းနီးနေပြီကွ ... ခြံထဲမှာ ဧည့်သည်တွေတောင်ရောက်လာပြီ ... ပြင်လိုက်တော့ပြင်လိုက်တော့ ..."

ကျွန်မကို အလှပြင်မယ့်အခန်းဆီကို အတင်းဆွဲခေါ်လာတဲ့ ယမုံ။ ဦးကြွယ်တံခွန်ပါ အနောက်က လိုက်ပါလာသည်။





"နေဦး ယမုံ ... ကျွန်မ သူဝတ်ရမယ့် မင်္ဂလာသတို့သား ဝတ်စုံကို ထုတ်ပေးရဦးမယ် ..."

မမအညိုရောင်ရဲ့ မင်္ဂလာဧည့်ခံပွဲမှာ သုံးသွားခဲ့တဲ့ ...တ်စုံတွေလေ။ မမအညိုရောင်ဝတ်ခဲ့တဲ့ သတို့သမီးဝတ်စုံနဲ့ ရှင် ...ယ်တိုင်ဝတ်သွားခဲ့တဲ့ သတို့သားဝတ်စုံတွေပဲပေါ့။

ကျွန်မ ဗီရိုထဲမှာ သိမ်းထားခဲ့ရတာ ကြာလို့ ပရုတ် ...နံ့လေးတွေတောင် စွဲလို့ ... ။

"ရော့ ဦးကြွယ်တံခွန် ... ဒီဝတ်စုံဟာ ရှင်ဝတ်ရမယ့် သတို့သားဝတ်စုံပဲ ... ဝတ်လိုက်ပေါ့ ..."

"ဟာ ဗိုက် ... ကိုယ့်မှာ ဝတ်စုံရှိပါတယ် ... ဒါ ကိုယ်မဝတ်ချင်ဘူး ..."

"ဘာ ..."

"ဗိုက်ရယ် ... မင်း ဘာတွေလျှောက်လုပ်နေတာလဲကွာ မင်းအတွက်ရော ကိုယ့်အတွက်ပါ ... ဟောင်ကောင်ကလာတဲ့ မင်္ဂလာဝတ်စုံတွေ ကိုယ် ဝယ်လာတယ်လေကွာ ... အဖြူရောင်လေး ... မင်းနဲ့ဆို သိပ်ကိုလိုက်မယ့်ဝတ်စုံလေး"

"ရတယ် ဦးကြွယ်တံခွန် ... ဒီနေ့ပွဲမှာ အဖြူရောင်ဝတ်စုံလေးကိုပဲ ကျွန်မဝတ်မယ် ... ဝတ်စုံလေး နှစ်ခုလုံးမှာပါတဲ့ ပန်းသွေးရောင် နှင်းဆီပွင့်လေးကို ... ကျွန်မသဘောကျလို့ ..."

“မင်း ... ”

ရုတ်တရက် ချွေးသီးတွေ စို့တက်လာတဲ့ သူ့မျက်နှာကို လှောင်ပြောင်တဲ့ မျက်လုံးတွေနဲ့ ကျွန်မ မကြည့်ရက်ပါ... ဦးကြယ်တံခွန်ရယ်။

သည်အချိန်မှာ ...

ကျွန်မခံစားနေရတဲ့ လွင့်မျောကြေကွဲခြင်းတွေ... အတိုင်းအဆကို ကျွန်မပဲသိတယ်။

ဝမ်းနည်းပါတယ်။

ကျွန်မ စိတ်မကောင်းပါဘူး။

“ကျွန်မကို ... ရှင် တကယ်ချစ်တယ်ဆိုရင် ဒီပွဲနဲ့ အလို... ဖက်ဆုံး ... ဒီပွဲနဲ့ အသင့်တော်ဆုံး ... ကျွန်မကိုယ်တိုင် အကောင်းဆုံး ရွေးချယ်ထားတဲ့ ဝတ်စုံကိုပဲ ရှင်ဝတ်ရမယ်”

“ဝတ်လိုက်ပါ ဦးကြယ်တံခွန်ရာ ... ဒါမှ ပွဲက်ပျော်သွား... ဝတ်လိုက်နော် ... ”

ယမုံ ...

ဘေးကနေ တိုက်တွန်းနေသည်။

မမအညိုရောင်ရဲ့ မင်္ဂလာဧည့်ခံပွဲတုန်းက ဝတ်ခဲ့... ဝတ်စုံတွေ။

ဒီဝတ်စုံတွေကို မြင်လိုက်ရကတည်းက ရှင် တုန်လှု... သွားခဲ့တာ ကျွန်မနဲ့ ယမုံနှစ်ယောက်စလုံး တွေ့လိုက်ရပြီလေ





ရှင်ဆက်ပြီး ဟန်မဆောင်ပါနဲ့တော့ရှင်။

ရှင်ယောကျ်ားပဲဟာ။

ရှင့်လုပ်ရပ်တွေ မှားယွင်းခဲ့တယ်ဆိုရင်လည်း အမှန်...အတိုင်းသာ ဝန်ခံလိုက်ပါ။ ကျွန်မ ကျေနပ်ပါတယ်။

“ကဲပါ ပိုက်လေးကျေနပ်အောင် ကိုယ်ဝတ်လိုက်ပါ့မယ် ... ကဲ ... ပေး ... ပေး ... ”

ဟင် ...

ကြည့်စမ်း။

နှုတ်ခမ်းလေးကို တစ်ချက်တွန့်ကွေးပစ်လိုက်ပြီးမှ ...ဝတ်စုံလေးကို လှမ်းယူလိုက်တဲ့ ဦးကြယ်တံခွန်။

“ရှင့်မျက်နှာပေါ်မှာ ချွေးတွေနဲ့ ... ကျွန်မ ရှင့်ကို သုတ်ပေးမယ်နော် ... ”

“ဟင်း ... ဟင်း ... ”

သူ ဟန်ဆောင်ပြီး ရယ်လိုက်သလိုပဲ။

ချွေးစက်ကလေးတွေကို လက်ကိုင်ပဝါလေးနဲ့ ဖွဖွ...လေး သုတ်ပေးနေသော ကျွန်မလက်တွေ တဆတ်ဆတ်တုန်နေ...တာ ရှင်သတိမထားပါစေနဲ့ ဦးကြယ်တံခွန်ရယ်။

လောကကြီးမှာ သူ့အလှည့် ကိုယ့်အလှည့်ဆိုတာရှိ...တယ်။

ကိုယ်ရခဲ့တုန်းက ပြုံးခဲ့တာတွေအားလုံး ကိုယ်ပြန်

ပေးရတဲ့ အချိန်ကိုရောက်တော့မှ မျက်နှာတစ်ချက်ပျက်မသွားဖို့
လိုတယ်။

"မြန်မြန်ပြင်ကြတော့ဟေ့ ... ဧည့်သည်တွေ ရောက်နေပြီ"

တေးသံငြိမ့်ငြိမ့်လေးတွေက ခြံကြီးထဲကနေ ထွက်
ပေါ်လာပြီ။ အလှပြင်ရင်းနဲ့ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာ
ခဲ့ရတဲ့ ကျွန်မ၊ မိတ်ကပ်ကို မနည်းလိမ်းလိုက်ရသည်။

"ဝိုက် ... "

"ဟင် ... "

"ရှင် မငိုနဲ့ ... "

ယမုံရယ်။

ကျွန်မဘေးမှာ တစ်ချိန်လုံးရှိနေသည်။

"ရှင် နိုင်နေပြီ ဝိုက် ... "

"ဦးကြွယ်တံခွန် အရမ်းကို သွေးပျက်နေပြီ ... "

"ကျွန်မလေ ... "

"ရှင် မပြောနဲ့ ... အဲဒါ ယမုံသိတယ် ... ရှင်ပြောချင်နေတဲ့
စကားအားလုံး ယမုံ ကြားနေရတယ် ... "

"ကျွန်မ မနိုင်ချင်ပါဘူး ... "

ရှိုက်သံတစ်ဝက်နဲ့ရောနှောသော ကျွန်မရဲ့အသံ

"အခမ်းအနားစတော့မယ် ... ရှင့်မျက်ရည်တွေကို သုတ်
လိုက်တော့ ... ခြံထဲမှာ ဧည့်သည်တွေ စုံနေပြီ ဝိုက် ... "





ဦးကြွယ်တံခွန် ရောက်လာသည်။

"ဝိုက် ... "

"ဟင် ... "

"ဝိုက် စိတ်ချမ်းသာနော် ... ဝိုက်ဝတ်စေချင်တဲ့ဝတ်စုံကို
ကိုယ်ဝတ်ထားပါတယ် ... "

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ဦးကြွယ်တံခွန် ... "

"ကိုယ့်လက်ကို တွဲပါနော် ... "

သူ ...

ကျွန်မကို လက်တွဲပြီး လူပုံအလယ်ကို ထွက်ဖို့ ကြိုး
းနေသည်။

"တွဲလိုက်လေ ဝိုက် ... "

ယမုံက ကျွန်မကို သတိပေး၏။

"ဟေး ... "

"ဟေး ... "

"သတို့သားနဲ့ သတို့သမီး ထွက်လာပြီကွ ... "

အသင့်စောင့်နေတဲ့ ဓာတ်ပုံဆရာတွေ၊ ဓာတ်ပုံတွေ
တဖျပ်ဖျပ်ရိုက်နေကြ၏။ ဧည့်ပရိသတ်တွေဆီက ချီးကျူးထော
ပြောနေတဲ့ အသံတွေကိုလည်း ကြားနေရသည်။

"ချောလိုက်တာ ... "

"အတော်လိုက်ဖက်တဲ့ စုံတွဲပဲ ... "

အသံတွေက ကျွန်မနားထဲမှာ မကြားချင်မှ အဆုံး
ပါပဲ။

ခြံကြီးတစ်ခုလုံးကို ရောင်စုံမီးတွေနဲ့ ထွန်းလိုက်၏

"အို ..."

လှလိုက်တဲ့ မင်္ဂလာဧည့်ခံပွဲကြီး။

ကြည့်စမ်း။

ကြီးကျယ်ခမ်းနားပါဘိတော့။

ရွှေရောင် စိန်ရောင်တွေနဲ့ ဖြိုးဖြိုးလက် တောက်
နေတဲ့ ကျွန်မတို့ရဲ့ မင်္ဂလာဧည့်ခံပွဲကြီး။

"ဟင် ..."

ကျွန်မ ...

တွဲချိတ်ထားတဲ့ သူ့လက်တွေကို မသိမသာဖြုတ်ပစ်
လိုက်သည်။ သူ တအံ့တဩနှင့် ကျွန်မကို ဆတ်ခနဲ လှည့်ကြည့်သေး
၏။ ကျွန်မ သူ့ဘက်ကို တစ်စက်ကလေးမှ စောင်းငဲ့မကြည့်ဖြစ်ပါ

"ဝိုက် ဘာဖြစ်တာလဲ ..."

"ဟင့်အင်း ..."

"လူတွေ ကြားထဲမှာကွာ ..."

"ကျွန်မ ခေါင်းမူးလာလို့ ..."





"ခေါင်းမူးရင် ကိုယ့်ကို မသိမသာကလေး တွဲထားလေ"

"ကျွန်မ မတွဲချင်ဘူး ..."

"ဟင် ..."

"ရှင် ကျွန်မကို သေသေချာချာကြည့်စမ်းပါ ... ဒီအဖြူရောင် ဝတ်စုံလေးနဲ့ ကျွန်မ မလှဘူးလားဟင် ..."

"လှ ... လှပါတယ် ..."

"ကျွန်မ ဘယ်သူနဲ့ တူလဲ ..."

"ဘယ်သူနဲ့ တူရမှာလဲ ဝိုက်ရယ် ... အဖြူရောင်ဟာ အဖြူရောင်နဲ့ပဲ တူရတော့မှာပေါ့ ..."

"ရှင် သိပ်ဟန်ဆောင်ကောင်းတာပဲ ..."

"ဟင် ..."

"ရပါတယ် ဦးကြယ်တံခွန် ကိစ္စမရှိပါဘူး ... လာ ဟိုဘက်ဝိုင်းတွေကို သွားမယ် ..."

ချာခနဲ လှည့်ထွက်သွားတဲ့ ကျွန်မနောက်ကို ခပ်
...သွက်လေး ပြေးလိုက်လာတဲ့သူ့ကို လှည့်မကြည့်ဘဲ ကျွန်မ
...ရစ်ထားခဲ့လိုက်သည်။

သူက ...

လူတွေရှေ့မှာမို့ ကျွန်မလက်ကို မသိမသာလိုက်တွဲ
...၏။

ကျွန်မကလည်း သူတွဲလာတဲ့လက်တွေကို အကြိမ်ကြိမ်အခါခါ ဖယ်ချရင်း ရှောင်ထွက်သွားဖို့ပဲ ကြိုးစားနေမိသည်။ အကြီးအကျယ်မျက်နှာပျက်နေတဲ့ ဦးကြယ်တံခွန်။ လူတွေကြားမှာမို့ ပြဿနာလည်း မဖြစ်ရဲချေ။

သွေးရောင်မဲ့နေတဲ့ နှုတ်ခမ်းတွေပေါ်က ... ဟန်ဆောင်အပြုံးကလေးတွေနဲ့ လူတွေကိုလိုက်ဧည့်ခံနေရှာတဲ့ ဦးကြယ်တံခွန်။

"အခုလို လာရောက်အားပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ် ခင်ဗျာ ... "

"သတို့သားနဲ့ သတို့သမီးစုံတွဲက အရမ်းလိုက်တာပဲ ... "

"ဟင်း ... ဟင်း ... "

"ပြင်ဦးလွင်မှာ အလိုက်ဖက်ဆုံးစုံတွဲပဲ ... "

"ဝမ်းသာပါတယ် ခင်ဗျာ ... အစားအသောက်တွေကိုလည်း တပျော်တပါး သုံးဆောင်ကြပါ ... လိုအပ်တာရှိရင်လည်း ပြောပါ ... "

သူ့အသံတွေက တစ်မျိုးဖြစ်နေသည်။

ကြေကွဲဆို့နင့်စွာ လှိုက်တုန်နေခဲ့တဲ့ အသံမျိုး။ ရင်ထဲမှာ တင်းကျပ်မွန်းသိပ်လို့ နေသည်။

တဖြည်းဖြည်းနဲ့ ညနက်လာ၏။





ဧည့်သည်တွေလည်း ပြန်ကုန်ကြလေပြီ။

မင်္ဂလာဧည့်ခံပွဲကြီး ပြီးဆုံးခဲ့တဲ့အချိန်။

ဒယီးဒယိုင်ခြေလှမ်းတွေနဲ့ မင်္ဂလာအခန်းကြီးထဲကို ပြေးဝင်ခဲ့မိတဲ့ ကျွန်မ ... ။ ကိုယ်လုံးပေါ်မှန်ချပ်ကြီးရှေ့မှာ ခြေစုံရပ်သွားခဲ့သည်။ စူးနက်နေတဲ့မျက်ဝန်းအစုံနှင့် မှန်ထဲမှာ ကျွန်မကိုယ်ကျွန်မ ပြန်ကြည့်လိုက်သည်။

အို ...

ဘုရားရေ ... ။

ကြည့်စမ်းပါဦး။

မှန်ထဲမှာ ကျွန်မမြင်နေရတာ မမအညိုရောင်ရဲ့ဝမ်းနည်းကြေကွဲဆို့နင့်နေတဲ့ မျက်နှာကလေး။ ကျွန်မ တုန်လှုပ်သွားရသည်။

"အဖြူရောင် ... "

"ဟင် ... "

ကျွန်မ ခေါင်းကလေး ထောင်မတ်သွားရသည်။ ဒါဟာ အဝေးကလာတဲ့ မမအညိုရောင်ရဲ့ခေါ်သံကလေးပဲ။ ကျွန်မကို တမ်းတမ်းတတကလေး ခေါ်လိုက်တဲ့ အသံလေး။

"ကြယ်တံခွန်ဆိုတဲ့ ... မမချစ်သူကို မင်းတကယ်လက်ထပ်လိုက်ပြီလား ... ဟင် အဖြူရောင် ... "

"ရှင် ... "

"မင်း ... မင်းပြောတော့ မမအတွက် လက်စားချေမှာ[illegible]

"အို ... ကျွန်မ ... ကျွန်မ ... "

"မင်း ဘယ်လိုလက်စားချေမှာလဲ ပိုက် ... မမကို ပြော[illegible] ပါဦး ... "

"ဟို ... ဟိုလေ မမ ... "

ဘုရားရေ ...

မမအညိုရောင်က မှန်ထဲကနေ ကျွန်မကိုစိုက်ကြည့်[illegible]ပြီး မေးနေပြီ။ ကျွန်မ ဘယ်လိုဖြေရမလဲ။ မမနားလည်သွားအောင် ကျွန်မ ဘယ်လိုရှင်းပြရမလဲဟင်။

"ပြောလေကွာ အဖြူရောင် ... မင်း ဘာတွေစဉ်းစားချေ[illegible] ဝေနေတာလဲ ... ကြယ်တံခွန်ဆိုတဲ့ မမ သိပ်ချစ်ခဲ့မိတဲ့ ယောကျ်ားတစ်ယောက်ကို မင်းတကယ်ပဲ ချစ်သွားခဲ့[illegible] လား ... မင်းအသည်း တယ်နုတာပဲ အဖြူရောင် ... [illegible] မမအရမ်းအံ့သြတာပဲ ... သူ ၊ မမကို မင်္ဂလာဆောင်ခဲ့ပြီ[illegible] ဆုံးသွားတဲ့ ဟောဒီ မင်္ဂလာဦး ဥမှာ ရက်စက်စွာ ထားရစ်[illegible] တာလေ ... မင်း ဘာတွေတွေဝေနေဦးမှာလဲ ... မင်းလည်း သူ့ကို အဲဒီ့အတိုင်းပဲ လက်စားချေလိုက်ပေါ့ ... "

"ရှင် ... "





"သိပ်စဉ်းစားမနေပါနဲ့ အဖြူရောင်ရယ် ... လူတစ်ယောက်ကို လက်စားချေတယ်ဆိုတာ တုတ်နဲ့ရိုက်မှ ဓားနဲ့ခုတ်မှ လက်စားချေတာ မဟုတ်ပါဘူး ... အဲဒီ့လူရဲ့အသည်းနှလုံးထဲမှာ ဘယ်လိုမှ ငြိမ်းသတ်လို့မရတဲ့ မီးတောက်တွေ တငွေ့ငွေ့ တမြည့်မြည့် လောင်မြိုက်နေခြင်းဟာလည်း ... လက်စားချေခြင်းတစ်မျိုးပဲ ... "

"ပိုက် ... "

"ဟင် ... "

ကျွန်မနောက်မှာ ဦးကြယ်တံခွန်ရောက်နေချေပြီ။

"ပိုက်ရယ် ... ဘာတွေဖြစ်နေတာလဲကွာ ... "

ကျွန်မ ပခုံးလေးနှစ်ဖက်ကို သူ့လက်တွေနဲ့ဆုပ်ကိုင်[illegible]ကြိုးစားလိုက်တဲ့အချိန်မှာပဲ ကျွန်မရှောင်ထွက်ပစ်လိုက်ပြီး အခန်း[illegible]ခါးကို ဝုန်းခနဲ ဆောင့်ပိတ်ပစ်လိုက်သည်။

ပြီးတော့ ...

ကိုယ်လုံးပေါ်မှန်ချပ်ကြီးရှေ့ကိုကျွန်မရောက်အောင်[illegible]ပြီး အရူးတစ်ယောက်လို တဟားဟား ကျွန်မအော်ရယ်ပစ်[illegible]တော့၏။

"ဟား ... ဟား ... ဟား ... "

"ပိုက် ... "

သူ ဘာမှ နားမလည်နိုင်တော့သလို ကျွန်မကို ကြောင်ကြည့်နေဆဲပင်။

"ပိုက် … ပိုက်ရယ် … မင်း ဘာဖြစ်သွားတာလဲဟင် … အရာအားလုံး မင်းစိတ်တိုင်းကျဖြစ်အောင် စီစဉ်ထားခဲ့တာ မဂ်လာပွဲလေ … မင်း ကိုယ့်ကိုဘာဖြစ်လို့ မကျေမနပ်ဖြစ်နေရတာလဲ … "

အရမ်းကို တုန်လှုပ်နေတဲ့ သူ့ကိုကြည့်ပြီး ကျွန်မ ရယ်ချင်သွားရသည်။ ထိန်းချုပ်ထားတဲ့ ကျွန်မစိတ်တွေကို လွှတ်ပေးလိုက်မိသည်။ ပြောမိပြောရာ ကျွန်မပြောချပစ်လိုက်၏။

"ဒီမှာ ဦးကြယ်တံခွန် … "

"ဟင် … "

"ကျွန်မအနားကို ရှင်မလာပါနဲ့ … "

ငေးကြောင်သွားတဲ့မျက်လုံးတွေနဲ့ ကျွန်မကို လှမ်းကြည့်နေဆဲပင်။ အခုထိ သူ့အခြေအနေအားလုံးကို မရိပ်မိသေးတာတော့ ကျွန်မတောင် အံ့ဩနေမိသည်။ ရှင် သိပ်ဟန်ဆောင်ကောင်းတယ် ဦးကြယ်တံခွန်။

"ဘယ်လိုလဲကွာ … ပိုက် ဘာတွေဖြစ်နေတာလဲ … "

စိတ်ရှုပ်ထွေးစွာ မျက်မှောင်ကလေးကုတ်နေသော သူ့ဆီသို့ နာကြည်းနေတဲ့ မျက်ဝန်းအကြည့်လေးတွေက စူးခနဲ ကျရောက်သွားသည်။





"ရှင်သိပ်ပြီး ဟန်ဆောင်ကောင်းတဲ့သူပဲ … "

"ဟာကွာ … "

သူ …

ကျွန်မရှေ့ကို ရုတ်တရက်တိုးကပ်လာ၏။ ကျွန်မကို သူ့အတင်းနမ်းချော့ဖို့ ကြိုးစားနေသည်။ ဒါကို ပါးနပ်စွာ ကျွန်မ ရှောင်ထွက်ပစ်လိုက်သည်။

"ပိုက်ရယ် … ကိုယ့်ကို အဲဒီလိုကြီးတော့ မပြောပါနဲ့ကွာ ကိုယ်သိပ်ချစ်ခဲ့ရတဲ့ ပိုက်ကလေးနဲ့ လက်ထပ်ခဲ့ရလို့ … ကိုယ်သိပ်ပျော်ရွှင်နေတဲ့အချိန်မှာ စိတ်ထိခိုက်ရမယ့်အဖြစ်တွေ ကိုယ့်ဆီကို သယ်မလာပါနဲ့ ပိုက်ရယ် … ကိုယ်တောင်းပန်ပါတယ် … "

တောင်းပန်တိုးလျှိုးနေတဲ့ မျက်ဝန်းလေးတွေနဲ့ သူ ကြည့်ခဲ့သည်။ ဟွန်း ရှင့်ကို ကျွန်မလုံးဝမသနားဘူး ဦးကြယ်တံခွန်။ လုံးဝ လာမတောင်းပန်နဲ့။

"ကျွန်မရဲ့လုပ်ရပ်တွေကို ရှင်အခုထိ သဘောမပေါက်သေးဘူးလားဟင် ဦးကြယ်တံခွန် … "

"ဘာလဲကွာ … ကိုယ်က ဘာကိုသဘောပေါက်ရမှာလဲ"

"ကျွန်မ ရှင့်ကို တကယ်မချစ်ဘဲနဲ့ လက်ထပ်လိုက်တာကို လေ … "

"ဘာ ... "

သူ့အသံကြီးက ဟိန်းတက်သွား၏။

"ဟား ... ဟား ... ဟား ... "

"မင်း ... မင်း ... "

"သိပ်ရယ်ရတာပဲ ဦးကြွယ်တံခွန်ရယ် ... သွေးပျက်တုန်လှုပ်နေတဲ့ ရှင့်မျက်နှာကိုကြည့်ရတာ အရသာသိပ်ရှိတာပဲ ... ရှင်သိလားဟင် ... ကျွန်မ ရှင့်ကို တစ်နေ့တစ်ပွင့်ပေးခဲ့တဲ့ နှင်းဆီလေးတွေရဲ့အကြောင်းလေ ... အဲဒါတွေက ရှင့်ကို တစ္ဆေတစ်ကောင်လို ခြောက်လှန့်နေတဲ့ နှင်းဆီတွေဆိုတာ ရှင်အခုထိ မမှတ်မိသေးဘူးလားဟင် ဦးကြွယ်တံခွန် ... အဲဒါ ကောင်မလေးတစ်ယောက်က စိတ်ရှုးပေါက်ပြီး ပေးခဲ့တဲ့ နှင်းဆီတွေမဟုတ်ဘူးရှင့် ... တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အကြွေးတစ်ခုကို ရှင်ပြန်ပေးဆပ်ရမယ့် အဓိပ္ပာယ်ပါတဲ့ နှင်းဆီတွေ ... "

"မင်း ဘာတွေပြောနေတာလဲ ... ကိုယ်နားမလည်ဘူး ပိုက် အဲဒါတွေ ကိုယ်ဘာမှမသိဘူး ... ကိုယ်သိတာ ကိုယ့်ရင်ဘတ်မှာ ထိုးစိုက်ခဲ့တဲ့ နှင်းဆီတစ်ပွင့်ကြောင့် ကိုယ်ရူးသွပ်သွားခဲ့ရတယ် ... အဲဒီနှင်းဆီတွေက ကိုယ့်ရင်ထဲက အချစ်တွေကို ပေါက်ဖွားရှင်သန်စေခဲ့တဲ့ နှင်းဆီ ... လှပတဲ့ အိပ်မက်တွေ





အများကြီးမက်ခွင့်ရစေဖို့ ကိုယ့်ကိုအိပ်မွေ့ချခဲ့တဲ့ နှင်းဆီ လွင့်မျောနေတဲ့ တိမ်တိုက်တစ်ခုဆီကိုရောက်အောင် ကိုယ့်ကို လမ်းပြခေါ်ဆောင်သွားခဲ့တဲ့နှင်းဆီ ... ကိုယ်ကျေနပ်ပါတယ် ... အဲဒီနှင်းဆီပွင့်လေးကိုလည်း ကိုယ်တန်ဖိုးထားတယ် ... အဲဒီနှင်းဆီပွင့်ကလေးခြောက်သွားတာတောင် ကိုယ်မလွှင့်ပစ်ရက်ဘူး ... ကိုယ်သွားလေရာမှာ ကိုယ်နဲ့ အတူတူ အမြဲရှိနေခဲ့တယ်ဆိုတာလေ ... မင်းသေသေချာ ချာကြည့်စမ်း ပိုက် ... "

"ဟင် ... "

သူ့လက်ထဲမှာ ပလတ်စတစ်အိတ်ပါးကလေးနဲ့ သေသေချာချာ ထည့်ထားခဲ့တဲ့ နှင်းဆီပွင့်ခြောက်ကလေး။ ယခုထိ သူ့ဆီမှာ ရှိနေမြဲပင်။

ကျွန်မ နုတ်ခမ်းသားလေးတွေကို တွန့်ကွေးသွားသည်အထိ ပြုံးရင်း ...

"ဒီမှာ ဦးကြွယ်တံခွန် ... "

"ပြောလေကွာ ... "

"အဲဒီနှင်းဆီပွင့်လေးတွေကို ရှင့်ရင်ဘတ်မှာ မထိုးစိုက်ခင် ကျွန်မကိုယ်တိုင် နှင်းဆီပွင့်ဖတ်ကလေးတစ်ခုကို ခြေပစ်လိုက်တာ ရှင် သတိမထားမိခဲ့ဘူးလားဟင် ... "

"ဟင် ... မင်းခြွေပစ်လိုက်တာ ဟုတ်လား ပို့က် ... ခြွေပြီး သားနှင်းဆီပွင့်ကို မင်းဘာဖြစ်လို့ ကိုယ့်ကို ပေးခဲ့ရတာလဲ ဟင် ပို့က် ... "

"ဟား ... ဟား ... ဘာလဲ ဦးကြယ်တံခွန်က အဲဒီနှင်းဆီ တစ်ပွင့်တည်းကိုပဲ ကျွန်မခြွေခဲ့တယ်လို့ ထင်လို့လား ... ကျွန်မပေးခဲ့တဲ့ နှင်းဆီခုနစ်ပွင့်လုံးကို ပွင့်ဖတ်တစ်ဖတ်စီ ခြွေပြီးမှ ရှင့်ကိုပေးခဲ့တာ ... နည်းနည်းလေးမှ ရှင်မရိပ်မိဘူး လားဟင် ... အဲဒါ ဘာကြောင့်လဲ သိလား ... လတ်ဆတ် ပြီး အပြစ်ကင်းမဲ့တဲ့ နှင်းဆီပွင့်လေးတွေဟာ ရှင့်လိုလူမျိုးနဲ့ လုံးဝမထိုက်တန်လို့ဘဲ ... "

"ဘာ ... "

"ရှင့်ကို လက်စားချေဖို့ မာန်နတ်မင်းရဲ့တမန်တော်တွေ အဖြစ် ... ရှင့်ဆီကို မရောက်ရောက်အောင် နှင်းဆီပွင့်တွေ ကို ကျွန်မပို့ပေးခဲ့တာ ... "

သူ့ရုတ်တရက် ခေါင်းငိုက်စိုက်ကျသွားသည်။ အကြီး အကျယ် ကျရှုံးနေသော သူ့ပုံစံကိုကြည့်ပြီး ရင်ထဲမှာ ကျေနပ်သွား၏။

"ကျွန်မ သိပ်ပျော်တယ် ဒီညဟာ ကျွန်မဘဝမှာအပျော်ဆုံး ညပဲ ... ဟား ... ဟား ... ဟား ... "





"မင်း ... မင်း ... "

သူ ဘာမှမပြောနိုင်။

"ရှင့်ကို ကျွန်မလုံးဝမချစ်ဘူး ဦးကြယ်တံခွန် ... မချစ်ဘဲနဲ့ လက်စားချေချင်လို့ တမင်သက်သက် လက်ထပ်ပစ်လိုက်တာ ... "

"မ ... မနောက်ပါနဲ့ ... မနောက်ပါနဲ့ ပို့က်ရယ် ... ကိုယ် တောင်းပန်ပါတယ် ... ပို့က်လုပ်တာနဲ့ ကိုယ့်ရင်ဘတ်ထဲမှာ အရမ်းအောင့်လာပြီကွာ ... "

ဟင် ...

သူ ...

မမအညိုရောင်လိုပဲ သူ့မှာလည်း နှလုံးရောဂါနဲ့။

ဘုရားရေ ...

သူ လဲကျတော့မယ်ထင်တယ်။

မင်္ဂလာခန်းဝင် ခုတင်ဟိုင်ကြီးကို သူ မှီလိုက်တာ၊ မြင်မတွေ့လိုက်ရသည်။ သူ့လက်ကလေးတစ်ဖက်က ရင်ဘတ် လေးကို ဖိရင်း မောဟိုက်နှမ်းခွေနေတာ တွေ့လိုက်ရသည်။

"ကိုယ် ... ကိုယ် မင်းကို ရှင်းပြချင်တယ် ပို့က်ရယ် ... ကိုယ့်ကို ရှင်းပြခွင့်လေးတော့ ပေးပါကွာ ... "

သူ ...

အသနားခံကာ တောင်းဆိုနေပြီ။ သူ့မျက်ဝန်းလေးတွေကတော့ ညှိုးဖျော့ရီဝေနေလေရဲ့။ မျက်တောင်ကလေးတွေ ဖျတ်ခနဲ မှေးစင်းသွားသည်။ နှုတ်ခမ်းသားလေးတွေက သွေးဆုတ်ဖြူဖျော့သွားသည်။

"ကိုယ့်ကို တကယ်မချစ်ဘဲနဲ့ လက်ထပ်လိုက်ရတယ်လို့ မပြောပါနဲ့ ပိုက်ရယ် ... ကိုယ် တကယ်မခံစားနိုင်လို့ပါ ... ပိုက် ကိုယ့်ကို ဘာကြောင့် လက်စားချေချင်နေရသလဲဆိုတာကိုလည်း ကိုယ်အခုမှ သိပါပြီ ... အဲဒါ ကိုယ် ... ကိုယ် ရှင်းပြ ... "

"ရှင် ... ရှင် သိတယ် ဟုတ်လား ဦးကြွယ်တံခွန် ... ကျွန်မ ဘာ့ကြောင့် လက်စားချေရသလဲဆိုတာ ရှင်သိနေတယ်"

မထင်မှတ်စွာဘဲ ...

မျက်ရည်လေးတွေ ပိုးပိုးပေါက်ပေါက်ကျလာခဲ့ရချေပြီ။

သူ သိပါပြီတဲ့။

ဒါဆို ... ရှင် တကယ်ဟန်ဆောင်ကောင်းခဲ့တာပဲ ဦးကြွယ်တံခွန်ရယ်။

ရှင် ... ရှင် ... ။

အခုမှ အမှန်အတိုင်းဝန်ခံဖို့ အပြေးအလွှားကြိုးစား





နေတာလားဟင်၊ တောင်းပန်ပါတယ်။ ကျွန်မတောင်းပန်ပါတယ်၊ ကျွန်မကို ဘာမှထပ်မပြောပါနဲ့တော့၊ ရှင့်ရဲ့စကားတွေကို ကျွန်မ ပြီး မကြားရဲလို့ပါ။

ကျွန်မလေ ...

ကျွန်မ ...

ရှင့်ကို သိပ်ချစ်တယ် ဦးကြွယ်တံခွန်ရယ်။

နွေးနွေးလှပတဲ့ ရှင့်မျက်ဝန်းလေးတွေထဲမှာ ကျွန်မ ဖြားယောင်းသွေးဆောင်ခဲ့တဲ့ ပန်းချီကားတစ်ချပ်ရှိနေခဲ့တယ်။ ပန်းချီကားလေးတစ်ချပ်ဟာ သိပ်ကိုလှပဆန်းကြယ်တဲ့ ပန်းချီ ချပ်လေး၊ အပြာရောင်တောက်ပတဲ့ မိုးကောင်းကင်ကြီးပေါ်မှာ ဖွေးအိစက်နေတဲ့ တိမ်တိုက်တွေက မျောလွင့်လို့ ... အဲဒီတိမ် တွေပေါ်မှာတော့ ချစ်သူကို ရှာဖွေတွေ့ရှိခဲ့ရလို့ ပျော်ရွှင်နေ ကျွန်မရဲ့ ပန်းသွေးရောင်နှင်းဆီလေး။။

သူ့ကို ငိုကြွေးရတဲ့အဖြစ်အထိ ကျွန်မ မရောက်စေ ဘူး။

"သိပါတယ် ပိုက်ရယ် ... မင်းထုတ်ပေးလိုက်တဲ့ သတို့သားဝတ်စုံကလေးကို မြင်လိုက်ရကတည်းက အခြေအနေကို ကိုယ် သိနေပါပြီ ... "

"တစ်ဆိတ်လောက် ကျေးဇူးပြုပြီးတော့ ရှင့်ပါးစပ်တွေကို

ပိတ်ထားပေးစမ်းပါ ဦးကြွယ်တံခွန် ... ကျွန်မကြားချင်တာ ဝန်ခံလာမယ့် ရှင့်ရဲ့စကားတွေ မဟုတ်ဘူး ... အဲဒီစကား တွေကိုလည်း ကျွန်မ မကြားရဲဘူး ... ကျွန်မရှေ့က အငွေ့တစ်ခုလို တဖြည်းဖြည်းလွင့်ပါးပျောက်ကွယ်မသွား ခင်အထိ ရှင့်ကို ကျွန်မ ငေးကြည့်ချင်သေးတယ် ... ”

“ကိုယ် ပန်ခံနေတာ မဟုတ်ဘူး ပိုက် ... ပိုက် မှားနေပြီ အဲဒီတုန်းက ကိုယ်ဟာ ... ”

“ဟင့်အင်း ကျွန်မကို ရှင်ဘာမှရှင်းမပြပါနဲ့တော့ ... ”

“ညီမလေး အဖြူရောင် ... ”

“ဟင် ... ”

ကျွန်မနားထဲမှာ မမအညိုရောင်ရဲ့အသံကို ကြား လိုက်ရသည်။

“မင်းစိတ်တွေကို တင်းထားစမ်း ... မင်းမျက်ရည်တွေကို သုတ်ပစ်လိုက်စမ်း ... အရှုံးမပေးနဲ့ ... မင်း သူ့ကို လက်စား ချေရမယ် ... မမအညိုရောင် လဲကျသေဆုံးခဲ့ရတဲ့ ဟောဒီ မင်္ဂလာအိပ်ခန်းကြီးထဲမှာပဲ သူလဲကျသေဆုံးအောင် မင်း လုပ်ပစ်ရမယ် ... မင်းမကြားဘူးလားဟင် ... ဒီအခန်းထဲမှာ ပွဲတင်ထပ်ပြီး လွင့်ပျံ့နေတဲ့ မမအညိုရောင်ရဲ့ငိုရှိုက်သံတွေ ကိုလေ ... မင်းမေ့မပြစ်နဲ့ အဖြူရောင် ... ဒါအိပ်မက်တစ်ခု





မဟုတ်ဘူးဆိုတာ မင်းသတိရစမ်းပါ ... မမအညိုရောင်တို့ ရဲ့ အေးချမ်းနေတဲ့ မိသားစုဘဝကလေးထဲကို မိုးသက်မုန် တိုင်းကြီးတွေ ဆွဲခေါ်လာခဲ့တဲ့ ကြွယ်တံခွန်ဆိုတဲ့လူကို မင်း လက်စားချေပစ်ရမယ် ... အဲဒီလူကို မင်းလုံးဝမချစ်မိစေနဲ့ မချစ်နဲ့ အဖြူရောင် ... ”

ဟုတ်တယ်။

မမပြောတာ မှန်တယ်။

“မချစ်ဘူး ... ကျွန်မ မချစ်ဘူး ... ရှင့်ကို လုံးဝမချစ်ဘူး ဦးကြွယ်တံခွန်ကို ကျွန်မမချစ်ဘူး ... ”

မျက်လုံးတွေကို စုံမှိတ်ပြီး သူမအကျယ်ကြီး အော် ဟစ်လိုက်မိသည်။

“ပိုက် ... ပိုက် ... ”

ထိတ်လန့်တကြားအော်လိုက်တဲ့ သူ့ရဲ့အသံ။

“မင်း သတိထားစမ်း ... ”

“ဟင် ... ”

“မင်း ဘာဖြစ်သွားတာလဲ ပိုက် ... ”

သူ ကျွန်မအနားကို စိုးရိမ်တကြီးတိုးကပ်လာသည်။

“ရှင် မလာနဲ့နော် ... ”

“ပိုက်ရယ် ... ကိုယ်စိုးရိမ်လို့ပါ ... စောစောက အသံ

အကျယ်ကြီးနဲ့ ဝိုက် အော်လိုက်တယ်လေ ... ဝိုက်တစ်ခု
ကို ထိတ်လန့်နေသလားဟင် ... ကိုယ့်ကို ကြောက်နေတာ
လား ပြော ... ပြောစမ်းပါ ဝိုက်ရယ် ... "

"ကျွန်မ ရှင့်ကို မချစ်ဘူး ... "

"အိုကွာ ... "

"မုန်းတယ် ... ကျွန်မ ရှင့်ကို သိပ်မုန်းတယ် ... "

"ကဲ ... "

"ရှင် ... ရှင် ... ကျွန်မအသားကို မထိနဲ့နော် ... "

အရေးထဲ မျက်ရည်တွေက ထပ်ကျလာပြန်သည်။ ကျွန်မနောက်ကို တစ်လှမ်းဆုတ်ပြီး ပိတ်ထားတဲ့ တံခါးချပ်ကြီးနား ကျောမှီကပ်ရပ်လိုက်သည်။ ကျွန်မကို ပွေ့ဖက်ပြီး ချော့ဖို့ ကြိုးစား နေတဲ့ သူလှုပ်ရှားမှုတွေ ငေးကြောင်စွာ ငြိမ်သက်သွားခဲ့သည်။

သူ ...

လက်ချောင်းလေးတွေ တဆတ်ဆတ်တုန်နေသည်။

သူနှုတ်ခမ်းသားလေးတွေ တဖျပ်ဖျပ်ခုန်နေရပြီ။

သတို့သားဝတ်စုံလေးရဲ့ ဘယ်ဘက်အခြမ်းမှာ ပလတ်စတစ်နှင်းဆီလေးတစ်ပွင့် ကျွန်မမျက်လုံးအကြည့်တွေက ထိုနှင်းဆီလေးနေရာသို့ စူးခနဲ ရပ်တန့်သွားခဲ့သည်။

"အို ... "





ကျွန်မဆတ်ခနဲ ဆွဲဖြုတ်ယူလိုက်တော့ နှင်းဆီပွင့်လေးက ကျွန်မလက်လေးထဲမှာ ပါလာခဲ့၏။

မြန်မာပြည်မှာ နှစ်ပွင့်မရှိနိုင်တဲ့ ရှားပါးလှတဲ့ နှင်းဆီပွင့်ကလေး၊ လှလိုက်တဲ့ နှင်းဆီ၊ အပြစ်ကင်းလိုက်တဲ့ နှင်းဆီ။

"မင်း ... မင်း ဘာလုပ်မလို့လဲ ဝိုက် ... "

"အဲဒီနှင်းဆီလေးက ရှင်နဲ့မတန်ဘူး ... ရှင်မရထိုက်ဘူး"

"ဝိုက်ရယ် ... "

"သူ့ကိုပါ ခြေပစ်ရမယ် ... "

"ဝိုက် မလုပ်နဲ့လေ ... "

နှင်းဆီပွင့်လေးကို ကျွန်မခြေပစ်လိုက်ပြီ။ အပိုင်းပိုင်းအစစဖြစ်နေသော နှင်းဆီပွင့်ခြောက်အတုကလေး။

"ရော့ တစ်စစီ ခြေပစ်ထားတဲ့ နှင်းဆီကမှ ရှင်နဲ့ အထိုက်တန်ဆုံး ... ရှင့်ကို ကျွန်မအရမ်းမုန်းခဲ့တယ်ဆိုတဲ့ အမှတ်တရအဖြစ်နဲ့ နောင်ဘဝအထိ ရှင်သယ်သွားဖို့ ကျွန်မပေးခဲ့တာ ယူပါ ဦးကြယ်တံခွန် ... ရှင် သတ္တိရှိရှိ လက်ခံယူလိုက်စမ်း ပါ ... "

"ကိုယ် ... ကိုယ် ... "

လှမ်းယူနေတဲ့ လက်ကလေးတွေက တုန်လို့ ... ။

"ကျွန်မ ကျေနပ်တယ် ... ဦးကြယ်တံခွန် ... ဒီနှင်းဆီပွင့်

ဟာ ... ဟောဒီမြေ ... ဟောဒီခြံ ... ဟောဒီမင်္ဂလာဆောင်ပွဲကြီးကို ရောက်မှ ရှင့်ကိုနောက်ဆုံးပေးဖို့ လပေါင်းများစွာ ကျွန်မရည်စူးလာခဲ့တဲ့ နောက်ဆုံးနှင်းဆီပွင့်ပဲ ... ရှင့်ကို အောင် လက်ထပ်မယ် ... လက်ထပ်ပွဲကြီး ပြီးဆုံးသွားတဲ့ ညမှာပဲ ရှင်နဲ့ လမ်းခွဲလိုက်ဖို့ ... ရှင်နဲ့ အဝေးဆုံးတစ်နေရာကို ကျွန်မ ထွက်သွားဖို့ ဆုံးဖြတ်ထားပြီးသားပါ ... ကျွန်မက ရှင့်ကို တကယ်မချစ်ခဲ့တာ ... ရှင့်ကို လက်စားချေဖို့ တစ်ခု တည်းအတွက် ကျွန်မ အပင်ပန်းခံခဲ့တာ ... ဒီလောက်ဆို ရှင်သဘောပေါက်ပါပြီနော် ... "

"မင်း ... မင်း ... မှားနေပြီ ဝိုက် ... "

"ဝမ်းနည်းစွာပဲ ကျွန်မနှုတ်ဆက်ပါတယ် ... ရှင် ဒီအခန်းထဲ မှာပဲ မမအညိုရောင်နဲ့အတူတူနေခဲ့ပါတော့ ... ရှင့်ကို မမ အညိုရောင်စောင့်နေတယ် ... သူ့အိပ်စက်ခွင့်မရတဲ့ မင်္ဂလာ ခုတင်ကြီးပေါ်မှာ ရှင်နဲ့အတူ အိပ်စက်ခွင့်ရဖို့ မမအညိုရောင် က မျှော်လင့်နေတယ် ဦးကြွယ်တံခွန် ... "

"မဟုတ်ဘူး ... မဟုတ်ဘူး ဝိုက်ရယ် ... ကိုယ်ရှင်းပြ ... အား ... ကိုယ် ... ကိုယ် အသက်ရှူလို့ မဝတော့ဘူး ... အား ... အောင့်တယ် ... ကိုယ့်ရင်ထဲမှာ တအားစူး စူးပြီး အောင့် ... "





"ဟင်း ... ဟင်း ... ဟင်း ... "

သဘောအကျကြီးကျနေတဲ့ ကျွန်မ။ ကြည့်စမ်း ... သူလဲကျသွားတော့မယ်လေ၊ သူ့ဒူးတွေ ကွေးညွတ်နေပြီ။

"ကိုယ့်ကို မရက်စက်ပါနဲ့ ဝိုက်ရယ် ... ဝိုက် ကိုယ် ဝိုက်ကို တကယ်ချစ်ခဲ့တာပါ ... "

"အဲဒီအတွက် ကျေးဇူးပဲ ဦးကြွယ်တံခွန် ... ကဲ ... ကျွန်မ သွားပြီ ... "

"ဝိုက် ... ဝိုက် ... "

ကျွန်မကို တမ်းတမ်းတတကလေး လှမ်းခေါ်နေတဲ့ အသံလေးတွေ တဖြည်းဖြည်း တိုးဖျော့သွားလေသလား၊ ကျွန်မ သိချင်တော့ပါ။ ကျွန်မ သူ့ကိုတစ်စက်ကလေးမှ လှည့်မကြည့် ဘဲ ခြံကျယ်ကြီးထဲကို ပြေးဆင်းလာခဲ့မိတော့သည်။

တိတ်ဆိတ်ခြောက်ကပ်နေတဲ့ မင်္ဂလာဆောင်ခံပွဲကြီး။

လူတွေ တစ်ယောက်မှ မရှိကြတော့။

စားလက်စဇွန်းတွေ၊ ပန်းကန်တွေ၊ စားပွဲတွေပေါ် ပြန့်ကျဲနေသည်။

ပြေးထွက်လာခဲ့တဲ့ ကျွန်မ။

"ခွမ်း ... "

"ချလွမ်း ... "

"အို ... "

စားပွဲပေါ်တင်ထားတဲ့ မင်္ဂလာပန်းအိုးလေးထဲက နှင်းဆီပွင့်လေးတစ်ပွင့် အောက်သို့ ပြုတ်ကျလာ၏။ တိုက်ဆိုင်စွာ ကျွန်မခြေထောက်နှင့် ဖိနင်းမိသွားသည်။

ဘုရား ... ဘုရား ... ။

အရှိန်လွန်သွားပြီးမှ ... တစ်စုံတစ်ခုကို ... ကျွန်မ သတိရပြီး ... နှင်းဆီပွင့်ကလေးကို ပြန်လှည့်ကြည့်လိုက်သည်။

ရုတ်တရက် ...

နှင်းဆီပွင့်ကလေးအနားမှာ ... ကျွန်မ ထိုင်ချလိုက်ပြီ။

"နှင်း ... နှင်းဆီပွင့်ကလေးရယ် ... ကျွန်မကို ခွင့်လွှတ်ပါနော် ... ကျွန်မကို မမုန်းပါနဲ့ ... ကျွန်မတောင်းပန်ပါတယ် ကျွန်မ တမင်နင်းလိုက်တာ မဟုတ်ပါဘူး ... ကျွန်မကြောင့် ကျွန်မကြောင့် ... "

အို ...

ကျွန်မခေါင်းတွေ မူးလိုက်တာ။

နှင်းဆီပွင့်ကြွေလေးကို တယုတယလှမ်းကောက်ယူတော့မည့် ကျွန်မလက်တွေ ထုံကျဉ်အေးစက်လို့သွားသည်။





ပူနွေးတဲ့ ကျွန်မရဲ့မျက်ရည်တွေ၊ နှင်းဆီပွင့်လေးပေါ်ကို တစ်ပေါက်ချင်း၊ တစ်စက်ခြင်း ပြုတ်ကျသွားခဲ့လေသလား။

"ပိုက်ရေ ... "

"ပိုက် ... "

"အဖြူရောင် ... "

"ညီမလေး ... "

ဘာကိုမှ မသိတော့ပါ။

ဘယ်အသံကိုမှလည်း ကျွန်မ မကြားနိုင်တော့ပါ။

ကျွန်မ သိလိုက်တာ ...

ကျွန်မရဲ့နှလုံးသား ...

ကျွန်မရဲ့မျက်ရည် ...

ပြီးတော့ ကျွန်မရဲ့ ...

နှလုံးသားမျက်ရည်ထဲက နှင်းဆီ ... ။

"ဟင်း ... ဟင်း ... "

"ကျွန်မကို မမုန်းပါနဲ့နော် ... "

"ကျွန်မ တောင်းပန်ပါတယ် ... "

"ကျွန်မ ရှင့်ကို မတော်တဆနင်းလိုက်မိတာပါ ... နှင်းဆီလေးရယ် ... "

"နှင်းဆီလေးကို ကျွန်မ ချစ်ပါတယ် ... "

"နှင်းဆီလေးကို ကျွန်မသိပ်ချစ်ပါတယ် ... "

"ရေ ... "

"ရေသောက်ချင်လိုက်တာ ... "

"အဖြူရောင် ... "

"ဝိုက် ... "

"သတိရလာပြီလား ... "





"ဒေါ်လေးနဲ့ ယမုံ အနားမှာရှိတယ်လေ ... "

ဒေါ်လေးဝါ ...

ယမုံတဲ့ ... ။

ကျွန်မ ဘယ်လိုဖြစ်သွားတာလဲ။

ကျွန်မ ဘယ်နေရာကို ရောက်နေပြီလဲ။

ကျွန်မ ထွက်ပြေးလာတာလေ။

ဦးကြယ်တံခွန် ကျွန်မကို ရှာမတွေ့နိုင်တဲ့နေရာတစ်ခုကို ကျွန်မပြေးတော့မှဖြစ်မယ်၊ ဟုတ်တယ် ကျွန်မအဝေးဆုံးကို သွားမှဖြစ်မယ်။

"သတိရပြီလား အဖြူရောင် ... မင်းအနားမှာ ဒေါ်လေးဝါရော ယမုံပါ ရှိတယ်လေ ... မင်းမျက်လုံးတွေကို ဖွင့်ကြည့်လိုက်စမ်းပါ ... "

"ဝိုက် ... "

ယမုံအသံ ... ။

"ဟင် ... "

ကျွန်မအားယူပြီး ဖွင့်ကြည့်လိုက်တော့ စိုးရိမ်တကြီး ကြည့်နေကြတဲ့ ဒေါ်လေးဝါနဲ့ ယမုံတို့ရဲ့ မျက်နှာတွေကို မြင်လိုက်ရသည်။

"ယမုံ ... "

"ဒေါ်လေးဝါ ... "

ကျွန်မ လူးလဲထလိုက်သည်။

"ဟူး ... တော်ပါသေးရဲ့ ဝိုက်ရယ် ... ရှင်ဘာမှမဖြစ်လို့ ယမုံရော ဒေါ်လေးဝါပါ ရှင့်အတွက် စိတ်ပူလိုက်ရတာ ..."

"ဦး ... ဦးကြွယ်တံခွန် ဘယ်မှာလဲဟင် ... သူ ... သူ ကျွန်မကို လိုက်ရှာနေပြီလား ... သူ အပေါ်ထပ်အခန်းထဲမှာ ကျန်ခဲ့တယ် ... သူနဲ့ ဝေးတဲ့နေရာကို ကျွန်မအမြန်ဆုံး ထွက်ပြေးသွားမှဖြစ်မယ် ယမုံ ..."

"ရှင် ... ရှင်စိတ်ကို အေးအေးဆေးဆေးထားစမ်း ဝိုက် ... ရှင့်ကို ဒေါ်လေးဝါ ရှင်းပြလိမ့်မယ် ... အရေးကြီးတာက ရှင့်စိတ်တွေ တည်ငြိမ်နေဖို့ ... ရော့ ရှင် ရေတစ်ခွက်သောက်လိုက် ပြီးရင် ရှင်ဆေးသောက်ရမယ် ... ရှင် သိပ်ဖျားနေတယ် ဝိုက် ..."

"ဘုရားရေ ..."

ကျွန်မ သိပ်ဖျားနေတယ်တဲ့။

ဟုတ်မယ်ထင်တယ်။

ကျွန်မနှုတ်ခမ်းလေးတွေ ... တအားခြောက်ကပ်နေတယ်။

ရင်တွေကလည်း ပူလိုက်တာ မပြောပါနဲ့တော့။

"အဖြူရောင် ..."

"ရှင် ဒေါ်လေးဝါ ..."





"ဒေါ်လေးဝါကို ဘာမှမတိုင်ပင်ဘဲ မင်း လျှောက်လုပ်တာ အခုတော့ အရမ်းမှားသွားပြီး သမီးရယ် ..."

"ဟင် ... အဖြူရောင် ဘာအမှားလုပ်မိလို့လဲ ဒေါ်လေးဝါ မမအညိုရောင့်အတွက်လေ ..."

"တိတ်စမ်း ..."

"ရှင် ..."

နှုတ်ခမ်းလေးတွေကို တင်းတင်းစေ့ပြီး ဖိကိုက်ထားကာ ဒေါ်လေးဝါက လူတွေကိုဒုက္ခပေးရန်ကောဆိုတဲ့ အကြည့်ကလေးနဲ့ ကျွန်မကို စိုက်ကြည့်လို့။

"ယမုံကိုယ်တိုင် ဒေါ်လေးဝါကို ပြောပြီးပြီ ... သူပြောလို့ ညည်းလုပ်ခဲ့တာတွေ အားလုံး ငါသိလိုက်တာ ... ညည်း သိပ်မှားတယ် အဖြူရောင် ..."

"အို ... ဟင့်အင်း ... ဟင့်အင်း ကျွန်မ မမှားဘူး ..."

ဒေါ်လေးဝါ ဘာသိလို့လဲ။

ကျွန်မရင်ထဲမှာ ခဏဝင်ကြည့်စမ်းပါဦး။ ကျွန်မရဲ့ ခံစားချက်ကိုပြောဖို့ ကျွန်မဘက်က အဆင်သင့်ပဲ။

"ညည်း ဘာလို့မမှားရမှာလဲ အဖြူရောင် ... ညည်း မမအညိုရောင်လက်ထပ်ခဲ့တဲ့ ဦးကြွယ်တံခွန်က နိုင်ငံခြားမှာ ဆုံးသွားခဲ့ပြီ ... အခု ရောက်နေတဲ့ မောင်ကြွယ်တံခွန်က သူ့ရဲ့ အမွှာညီအစ်ကို ..."

"ဘာ ... "

"ငါမသိဘဲ နေပါ့မလားအေ ... အရင်ကြွယ်တံခွန်က လည်ပင်းမှာ အမှတ်ညိုလေးတစ်ခုပါတယ် ... အခုကြွယ်တံခွန်က ရှင်းလို့ ဘာအမှတ်မှ မပါဘူး ... မမအညိုရောင်နဲ့ သူ့အစ်ကိုကြီး ကြွယ်တံခွန်လက်ထပ်တုန်းက မင်္ဂလာအိပ်ရာခမ်းနားတွေရော ... သတို့သမီး သတို့သားဝတ်စုံကိုပါ ညီငယ်ကြွယ်တံခွန်က နိုင်ငံခြားကနေ တကူးတက လှမ်းပို့ထားတာလေ ... "

"ဘုရားရေ ... "

ကျွန်မ မျက်နှာကလေး ပိုင်စင်းကျသွားရသည်။

"သူတို့နှစ်ယောက်ရဲ့နာမည်အပြည့်အစုံက မိုးကြွယ်တံခွန်ဆိုလား နေကြွယ်တံခွန်ဆိုလား ... နာမည်တွေကတော့ ဒေါ်လေးဝါ သေချာမမှတ်မိတော့ဘူး ... "

"ဟုတ်ပါတယ် ဝိုက် ... ဒေါ်လေးဝါပြောတာ မှန်ပါတယ်"

"ဟင် ကိုမောင်သောင်း ... "

ဒေါ်လေးဝါတို့နှစ်ယောက်နောက်မှာ ဦးကြွယ်တံခွန်ရဲ့ အနီးကပ်လူယုံတပည့်ကျော်ကြီး ကိုမောင်သောင်း ရပ်လို့နေ၏။

"အမြွှာညီအစ်ကိုနှစ်ယောက်ရှိတဲ့အထဲမှာ ကျွန်တော့်ဆရာက ညီအငယ်ပါ ... သူ့နာမည်အပြည့်အစုံက ဦးနေကြွယ်





တံခွန်ပါ ... တစ်ရုံးလုံးကတော့ အရင်ဆရာကို ခေါ်ကြသလိုပဲ ဦးကြွယ်တံခွန်လို့ပဲ နှုတ်ကျိုးနေလို့ ဒီအတိုင်းပဲ ဆက်ခေါ်နေကြတာလေ ... အရင်ဆရာ ဦးမိုးကြွယ်တံခွန်က အပျော်အပါးမက်တယ် ... ပြင်ဦးလွင်က အညိုရောင်ဆိုတဲ့ ကောင်မလေးနဲ့ ချစ်သူတွေမဖြစ်ခင်မှာ ရည်းစားမရှိသေးတဲ့ ... လူပျိုလူလွတ် ကုမ္ပဏီပိုင်ရှင်တစ်ယောက်အနေနဲ့ မထင်မှတ်ဘဲ အပျော်အပါးလိုက်စားခဲ့ရာက ရခဲ့တဲ့ ဝေဒနာ ရောဂါဆိုးကြီးကို လက်ထပ်တဲ့ညမှာပဲ သိလိုက်လို့ ... ရှက်တဲ့စိတ် ... ယူကြုံးမရတဲ့စိတ်နဲ့ ဘယ်သူ့ကိုမှ ဖွင့်မပြောတော့ဘဲ နိုင်ငံခြားကို အပြီးအပိုင်ထွက်ခဲ့တာပါ ... သူ့ကြောင့် ... သူသိပ်ချစ်ခဲ့တဲ့ အညိုရောင်ဆိုတဲ့ ကောင်မလေးကို ရောဂါမကူးစက်စေချင်လို့တဲ့ ... "

"ကိုမောင်သောင်း ... "

"ဗျာ ... "

"ရှင် ... ရှင် တကယ်ပြောနေတာလားဟင် ... "

ကျွန်မ အသက်မရှူနိုင်တော့။

တဆတ်ဆတ်ခုန်နေတဲ့ နှလုံးသွေးတွေတောင် ရပ်တန့်ချင်နေပြီ။ မယုံနိုင်လောက်တဲ့ အကြောင်းအရာတွေပဲ။

"တကယ်ပါ ဝိုက်ရာ ... ပြင်ဦးလွင်ကို လာခါနီးမှာ တစ်ရုံးလုံး ဘယ်သူမှ မသိခဲ့တဲ့အဖြစ်အပျက်အမှန်ကို ကျွန်တော့်

ဆရာပြောပြလို့ ကျွန်တော်သိလိုက်ရတာပါ ... ဆရာက တောင် ပြောပါသေးတယ် ... ဝိုက်ဆိုတာ အဖြူရောင်တဲ့ သူ့အစ်ကို မိုးကြယ်တံခွန်လက်ထပ်ခဲ့တဲ့ အညိုရောင်ရဲ့ညီမ လေးဖြစ်နိုင်တယ်တဲ့ ... သူ့ကို လက်စားချေချင် ချေနေမှာ တဲ့ ... အဲဒီတုန်းက ဆရာက နိုင်ငံခြားမှာလေ ... ရောဂါဆိုး နဲ့လာတဲ့ သူ့အစ်ကိုကြောင့် လူချင်းလဲပြီး မြန်မာနိုင်ငံကို သူ ရောက်လာခဲ့ရတာ ... "

"ဟင် ... ဒါ ... ဒါဆို ... ကျွန်မလက်စားချေမှာ သူသိနေ တယ်ပေါ့ ... "

"သိတာပေါ့ ... ကျွန်တော့်ဆရာ ပြင်ဦးလွင်ကို တက်မလာ ခင်မှာ တယ်လီဖုန်းထဲကနေ ဝိုက် ပြောနေတဲ့စကားတွေကို နားထောင်ပြီး သံသယဖြစ်သွားတာ ... ဒါပေမဲ့ သူ ဝိုက်ကို ဟကယ်ချစ်တယ်ဗျာ ... လက်စားချေချင်လည်း ချေပါစေ ဆိုပြီး သူ့မှာဖြစ်စပြုနေတဲ့ နှလုံးရောဂါကိုလည်း ဆေးခန်းမှာ သွားမပြတော့ဘူးတဲ့ ... ဝိုက် အနိုင်လိုချင်တာအားလုံး အရှုံးနဲ့ ပြန်ပေးဆပ်ဖို့ ပြင်ဦးလွင်ကို မရောက်ရောက်အောင် လာခဲ့တာပါ ...

"ဝိုက်က သူ့ကို ဘယ်လိုပဲဟန်ဆောင်ပြီး ချစ်ခဲ့ ချစ်ခဲ့ ... သူ့ အစ်မအတွက် သူ့ကို ဘယ်လောက်ပဲ လက်စားချေချေ သူ့နှလုံးသွေးတွေ မရပ်သ၍ ဝိုက်ကို ချစ်သွားမယ်တဲ့ဗျာ"





အို ...

ကြားလိုက်ရတဲ့ စကားတွေက သူမနှလုံးသားတစ်ခု လုံးကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည့်နှယ်။

"သူ ... သူ အခုဘယ်မှာလဲဟင် ကိုမောင်သောင်း ... သူ့ဆီ ကို ကျွန်မသွားချင်တယ် ... သူ့ကို ကျွန်မတွေ့ချင်တယ် ကျွန်မ ... ကျွန်မ ... "

"အို ဝိုက် ... မထန့်လေ ... စောစောက ရှင့်စိတ်ကို ငြိမ် ငြိမ်ထားရမယ်လို့ ယမုံပြောထားတယ်လေ ... ကိုမောင် သောင်းရဲ့စကားတွေကို ရှင်ဆုံးအောင် ဆက်နားထောင် လိုက်ပါဦး ... ရှင် အရမ်းစိတ်လှုပ်ရှားနေရင် ဆက်မပြောဘဲ နေလိုက်မှာ ... "

"ပြောပါ ... သူဘယ်မှာလဲဟင် ... ကျွန်မကို မလိမ်ပါနဲ့ ... သူ ဘာဖြစ်သွားလဲဆိုတာ ကျွန်မသိချင်လို့ပါ ... ကျွန်မ ကျွန်မ သူ့ကို အခန်းထဲမှာ တစ်ယောက်တည်း ထားပစ်ခဲ့ တာ ... "

ပါးပြင်လေးပေါ်သို့ လိမ့်ဆင်းကျလာသောမျက်ရည် ႇ:ကြောင်းလေးများ၊ ရင်ထဲမှာ ဆို့နင့်သည်းမှုက အတိုင်းအဆမဲ့စွာ ႇ:ဝင်နေခဲ့သည်။ ကျွန်မစကားတွေ ဆက်ပြောလို့ မရတော့။

ကျွန်မ နှစ်ထပ်တိုက်ပေါ်က ပြေးဆင်းလာတဲ့အချိန် ႇ မထင်မှတ်ဘဲ ခြေထောက်တွေနဲ့ နင်းမိခဲ့တဲ့ နှင်းဆီပွင့်လေး။

သူ့ကို ကျွန်မ မကောက်ယူနိုင်ခဲ့ပါ။

သူ ... သူ ... ။

ကျွန်မကြောင့် ကြွေမွနေလောက်ပြီလေ။

"ကျွန်တော် ပြောလိုက်ရမလားဟင် ယမုံ ... "

"ရှင် အေးအေးဆေးဆေး နားထောင်မှာလားဟင် ဝိုက်"

"နား ... နားထောင်မှာပေ့ါ ... "

"ပြောလိုက်ပါ ကိုမောင်သောင်း ... "

"သူ ... အခု ဒီပြင်ဦးလွင်ဆေးရုံကြီးရဲ့ အရေးပေါ်အခန်း ထဲမှာ နှလုံးရပ်သွားလို့ ဆရာဝန်ကြီးတွေ သူ့အသက်ကို ပြန်ရအောင် လုနေပါတယ် ဝိုက် ... "

"ဘုရားသခင် ... "

ကျွန်မတစ်ကိုယ်လုံး ပေ့ါပါးစွာ လွင့်ခနဲ မြောက် တက်သွားသလို ခံစားလိုက်ရသည်။

"နှလုံးမှာဖြစ်တာဆိုတော့ ... သူ့ကိုပြန်ရဖို့ သိပ်တော့မလွယ် လှဘူးဗျာ ... နှလုံးဆိုတာကလည်း လူတစ်ယောက်ရဲ့ခန္ဓာ ကိုယ်မှာ အဓိကနေရာက ထိန်းကျောင်းမောင်းနှင်ပေးနေ တဲ့ စက်ခလုတ်တစ်ခုပဲ မဟုတ်လား ... ရုတ်တရက် ဟတ် အတက်ရပြီး ပျက်သွားပြီ ဆိုတော့ အင်းလေ ... ဝိုက်ရဲ့ အစ်မအညို့ရောင်နဲ့ ထပ်တူထပ်မျှဖြစ်ရတာမို့ ဝိုက်ကျေနပ်





လိမ့်မယ်လို့ ကျွန်တော်ယုံကြည်တယ်ဗျာ ... ကျေလည်း ကျေနပ်သင့်ပါပြီ ဝိုက်ရယ် ... "

"ကျွန်မ ... ကျွန်မ ... "

ပေ့ါပါးစွာ မြောက်တက်သွားတဲ့ ကျွန်မကိုယ်လေး လေဟာနယ်ထဲမှာလား၊ လွင့်မျောနေတဲ့ တိမ်တိုက်ကြီးတစ်ခုရဲ့ အဖျားစွန်းထိပ်အစပ်မှာလား၊ အဲဒါ ကျွန်မ မသိတော့။

သတိရလို့ ကြည့်လိုက်တော့ ...

ပြင်ဦးလွင်ဆေးရုံကြီးရဲ့ အရေးပေါ်ခွဲစိတ်ခန်းတံခါး ဝမှာ ကျွန်မရောက်နေခဲ့ချေပြီ။



"ဝိုက် ... "

"ဟင် ... "

"ရှင့်စိတ်ကို ငြိမ်အောင်ထားပြီး ဘုရားရှင်ဆီမှာ ဆုတောင်းနော် ... ခဏနေရင် အရေးပေါ်အခန်းထဲက ဆရာဝန်တွေ ထွက်လာကြတော့မယ်ထင်တယ် ... မငိုနဲ့ ... ရှင့်ကိုယ်ရှင် နိုင်အောင်ထိန်း ... "

"ဟင့်အင်း ... ကျွန်မ ဘယ်လိုမှ ဆက်ပြီးမထိန်းနိုင်တော့ဘူး ယမုံ ... ကျွန်မ မျက်လုံးထဲမှာလည်း ဘာမှကို သဲသဲကွဲကွဲမမြင်ရတော့ဘူး ... အဖြူရောင်တွေ အပြာရောင်တွေနဲ့ ရောပြီး တအားလင်းနေသလိုပဲ ... သူ ... သူ ကျွန်မနောက်ကို ပြေးလိုက်လာတာလား မသိဘူး ... "

"ဟော ... နာ့(စ်)မလေးတစ်ယောက်ထွက်လာပြီ ... "





"ဟင် ... "

ကျွန်မ မျက်လုံးတွေကို ကြိုးစားဖွင့်လိုက်သည်။

"ဦးကြယ်တံခွန်ရဲ့ မိသားစုတွေလား ... "

"ဟုတ် ... ဟုတ်ပါတယ်ရှင် ... "

"လူနာကို ပြန်ရပြီ ... "

"ရှင် ... "

"လူနာ အရမ်းကံကောင်းတယ် ... "

"အို ... "

ကျောက်ရုပ်တစ်ရုပ်လို တောင့်တောင့်ကြီးရပ်နေတဲ့ ကျွန်မကို တအားပြေးဖက်လိုက်တာက ယမုံပင်ဖြစ်သည်။ ဝမ်းသာလွန်းလို့ ကျွန်မ ဘာစကားမှမထွက်နိုင်။ မျက်ဝန်းလေးတွေထဲက မျက်ရည်များကတော့ တလိမ့်လိမ့်ကျဆင်းလို့။

"ရှင် ... ရှင် ... ကြားတယ်နော် ဝိုက် ... လူနာအရမ်းကံကောင်းတယ်တဲ့ ... လူနာကို ပြန်ရပြီတဲ့လေ ... အမယ်လေး ဝမ်းသာလိုက်တာ ဝိုက်ရယ် ... "

"ကြား ... ကြားပါတယ် ယမုံရယ် ... "

"ဝမ်းသာလိုက်တာ ဝိုက်ရယ် ... "

ဒီတစ်ခါတော့ ယမုံပါးပြင်လေးပေါ်မှာပါ မျက်ရည်စီးကြောင်းကလေးတွေနှင့် ... ဒါ အရမ်းကိုဝမ်းသာလို့ကျတဲ့ မျက်ရည်တွေပါ။

ကိုမောင်သောင်းကတော့ ပျော်ပြီး ကော်ရစ်ဒါမှာ ခုန်ပေါက်နေသည်။

ယမုံကတော့ ကျွန်မကို ဖက်ထားဆဲ။

“ဝိုက် ... ”

“ရှင် ... ”

“ဆရာသမားက ဝိုက်ကို တွေ့ချင်နေလောက်ပြီ ... ”

“အို ... တွေ့ရမှာပေါ့ ... ကျွန်မ သွားတွေ့မှာပေါ့ ... ”

“အရမ်းဝမ်းသာပြီးလည်း ပြေးဝင်မသွားနဲ့ဦး ... ကြွေပြား တွေပေါ်မှာ ဖျန်းထားတဲ့ဆေးတွေနင်းပြီး ချော်လဲနေပါဦး မယ် ... ဒါမှ လူနာကလည်း မထနိုင် ... ဒီကလည်း မထ နိုင် ဖြစ်နေဦးမယ် ... ”

အခုမှပဲ ကိုမောင်သောင်းရဲ့ ရွှတ်နောက်နောက် စကားကို ရယ်မောနိုင်ကြတော့သည်။ ကျွန်မ သူရှိနေတဲ့ အခန်း လေးထဲသို့ နူးညံ့ညင်သာဖြည်းညင်းသော ခြေလှမ်းကလေးများနှင့် ဝင်သွားခဲ့မိသည်။

လူနာခုတင်လေးပေါ်မှာတော့ ဦးကြယ်တံခွန်။

တစ်နည်းအားဖြင့် ...

ကျွန်မနှလုံးသားထဲက ထာဝရချစ်သူ။

“တံခွန် ... ”





ညင်သာသော ခေါ်သံကလေး ... ။

“ဝိုက် ... ဝိုက်လားဟင် ... ကိုယ့်ကို ဝိုက်ခေါ်လိုက်တာ လား ... ”

သူ့ရဲ့အမေးကို အပြုံးကလေးနှင့် နွေးထွေးစွာပင် ...

“ကျွန်မပါ တံခွန်ရယ် ... တံခွန့်ကို စိုးရိမ်ပြီး ကျွန်မတို့ အခန်းအပြင်မှာ စောင့်နေကြတာ ... ”

အလိုက်သိတဲ့ ကိုမောင်သောင်းနှင့် ယမုံတို့က ခြေသံဖွဖွနင်းပြီး အခန်းအပြင်သို့ ပြန်ထွက်သွားကြ၏။

“ကိုယ့်ကို ဝိုက် စိတ်ပူနေတယ် ... ”

“ဟုတ်တယ်လေ တံခွန်ရဲ့ ... ”

“ဝမ်းသာလိုက်တာ ဝိုက်ရယ် ... ”

ကျွန်မ သူ့ကို စိုလက်သော မျက်ဝန်းကလေးများ ဖြင့် စိုက်ကြည့်တော့ သူက ရတ်တရက် အပြောင်းအလဲမြန်နေ သော ကျွန်မကို နားမလည်နိုင်သလို ငေးကြည့်နေဆဲ ... ။

“ဝိုက် ... ”

“ပြောလေ ... ”

“ကျေပါတော့ ဝိုက်ရယ် ... ကိုယ်တောင်းပန်ပါတယ်”

“အို တံခွန်ရယ် ... ”

ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရသည်။ ရတ်ခြည်းဝေ ့ လာသော မျက်ရည်ကြည်ကလေးများကို မနည်းပုတ်ခတ်ကာ

ထိန်းလိုက်ရင်း တံခွန့်လက်ဖဝါးလေးကို ကျွန်မလက်တွေနဲ့ ဆုပ်ကိုင်ထားလိုက်မိသည်။

ဟင့်အင်း ... ။

ရှင် မတောင်းပန်ပါနဲ့ တံခွန်ရယ်။

ရှင်က မှားမှ မမှားတာ။

တောင်းပန်ရမှာ ကျွန်မပါ တံခွန်ရယ်။

ဖြူစင်စွာချစ်ခဲ့တဲ့ ချစ်သူမှာ ဘာအပြစ်မှမရှိခဲ့တာကို ကျွန်မ သိလိုက်ရပါပြီ။

"ဝိုက် ... ကိုယ့်ကို ခွင့်မလွှတ်နိုင်သေးဘူးလားဟင် ..."

"အို ... ဟင့်အင်း ရှင့်ကို ခွင့်မလွှတ်စရာ ဘာအကြောင်းမှ မရှိပါဘူး တံခွန်ရယ် ... တကယ်ဆို ရှင့်မှာ ဘာအပြစ်မှ မရှိပါဘူး ... တကယ်တမ်း အမှားတွေကို ကျူးလွန်ခဲ့တာက ကျွန်မပါ ... ကျွန်မကသာ ရှင့်ကို တောင်းပန်ရမှာပါ တံခွန်ရယ် ..."

"ဝိုက် ... ဝိုက်ရယ် တကယ်ပြောနေတာလားကွာ ..."

"အဟင်း ... ဘာလဲ ရှင်က ကျွန်မစကားတွေကို အယုံအကြည်မရှိတော့ဘူးဆိုတဲ့ သဘောလား ..."

"မဟုတ်ပါဘူးကွာ ... ဟန်ဆောင်သိပ်ကောင်းလွန်းတဲ့ ချစ်သူလေးစကားကို အကြိမ်ပေါင်းများစွာ ယုံကြည်နေတဲ့သူ





ဟာ ကမ္ဘာလောကကြီးထဲမှာ ကိုယ်တစ်ယောက်တည်း ရှိတယ်ဆိုတာ ... မင်းယုံကြည်ထားလိုက်စမ်းပါ ဝိုက်ရယ်"

တံခွန်ရယ် ...

ချစ်သူရဲ့ အချိုသာဆုံးစကားသံလေးက ရင်ထဲသို့ ...မ်းချောင်းကလေးတစ်ခုလို အေးငြိမ့်စွာ စီးဆင်းသွားသလိုပင်။

"တံခွန် ..."

"ဟင် ..."

"ကျွန်မ ရှင့်ကို သိပ်ချစ်တယ် ..."

"အင်း ..."

"ရှင် ယုံလားဟင် ..."

"အင်း ..."

"ရှင်မယုံရင် ကျွန်မ သက်သေလေးတစ်ခုထုတ်ပြမယ်လေ ... စိတ်ချလက်ချယုံကြည်သွားအောင်ပေါ့ ..."

"သက်သေ ဟုတ်လား ..."

"အင်း ..."

သူ နားမလည်သလိုရှိစဉ် နွေးထွေးညင်သာနူးညံ့...သော အနမ်းပွင့်ဖွဖွကလေးက သူ့နဖူးပြင်ကလေးထက်သို့ ဖြတ်ခနဲ ...ကြွေကျလာခဲ့သည်။

"ဝိုက် ... ဝိုက်ရယ် ... ကိုယ် မင်းကို ဘဝအဆက်ဆက် ယုံကြည်နေမယ်ဆိုတာ ယုံတော့နော် ..."

တံခွန်ရယ် ...

ချစ်သူနှစ်ဦးရဲ့ နှုတ်ခမ်းလေးတွေပေါ်မှာ လှပတဲ့ အပြုံးကလေးတွေက ခိုတွယ်လို့၊ မျက်ဝန်းအကြည့်လေးတွေထဲက အဓိပ္ပာယ်ကိုတော့ ချစ်သူနှစ်ဦးကသာ ဖော်ကျူးနိုင်လိမ့်မည်ဖြစ် တော့သည်။

ရင်ခုန်သံမရပ်သရွေ့

အမြဲချစ်တတ်နေမယ့် ...

**ရှင်မြတ်နိုး**